ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

## ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း

### ပုစ္ဆာ + အဖြေစုံ (စနစ်ဟောင်း)

(၁၉၆၂-ခုနှစ် မှ ၁၉၈၀-ခုနှစ်အထိ)

စာပေအမှတ်စဉ် - ၂၀

အရှင်တိလောကာဘိဝံသ (အင်းစိန်)

သာသနာ- ၂၅၄၂ စတုတ္ထအကြိမ် ကောဇာ- ၁၃၆၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်

ပါဠိပထမပြန်စာမေးပွဲ

# ပထမလတ်တန်း

ပုစ္ဆာ + အဖြေစုံ

(၁၉၆၂-ခုနှစ် မှ ၁၉၈၀-ခုနှစ်အထိ)

အဂ္ဂတိလောကာဘိဝံသ (အင်းစိန်)

သာသနာ- ၂၅၄၂ စတုတ္ထအကြိမ် ကောဇာ- ၁၃၆၀

## ပထမလက်တန်း ပုဏ္ဏာ + အပြေစုံ

စာမူခွင့်ပြုချက် - ၄၆/၉၈ (၉)
မျက်နှာဖုံးခွင့်ပြုချက် - ၄၃/၉၈ (၉)

၂၅၀၀၄

## စတုတ္ထအကြိမ်

၁၉၉၈ - စက်တင်ဘာလ
အုပ်ရေ - ၂၀၀၀
တန်ဖိုး - ၂၅၀-ကျပ်


**ပုံနှိပ်သူ** - ဦးဝင်းလွင် (၀၅၃၆၆)
**အဖုံးရိုက်** - ရွှေဟသာ်အော့ဖ်ဆက်

**ထုတ်ဝေသူ** - ဦးမြသန်း (၀၁၀၅၂) အသိုင်းအဝိုင်းစာပေ
၃၅၊ ဇွဲစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** - စာပေထိန်းသိမ်းရေးအဖွဲ့
ရှာမပရိယတ္တိစာသင်တိုက်
သံမဏိစက်ရုံလမ်း၊ ရှာမ
အင်းစိန်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | ပထမလတ်တန်း ပြဋ္ဌာန်းချက်များ | ခ – စ |
| ၃။ | ၁၉၆၂–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁ – ၂၀ |
| ၄။ | ၁၉၆၃–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၁ – ၃၉ |
| ၅။ | ၁၉၆၄–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၄၀ – ၅၆ |
| ၆။ | ၁၉၆၅–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၅၇ – ၇၁ |
| ၇။ | ၁၉၆၆–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၇၁ – ၈၈ |
| ၈။ | ၁၉၆၇–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၈၈ – ၁၀၈ |
| ၉။ | ၁၉၆၈–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁၀၉ – ၁၂၉ |
| ၁၀။ | ၁၉၆၉–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁၂၉ – ၁၄၉ |
| ၁၁။ | ၁၉၇၀–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁၅၀ – ၁၆၉ |
| ၁၂။ | ၁၉၇၁–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁၇၀ – ၁၈၉ |
| ၁၃။ | ၁၉၇၂–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၁၈၉ – ၂၀၉ |
| ၁၄။ | ၁၉၇၃–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၀၉ – ၂၂၈ |
| ၁၅။ | ၁၉၇၄–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၂၈ – ၂၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ၁၉၇၅–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၄၅ – ၂၆၄ |
| ၁၇။ | ၁၉၇၆–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၆၅ – ၂၈၅ |
| ၁၈။ | ၁၉၇၇–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၂၈၆ – ၃၀၆ |
| ၁၉။ | ၁၉၇၈–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၃၀၆ – ၃၂၇ |
| ၂၀။ | ၁၉၇၉–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၃၂၈ – ၃၄၉ |
| ၂၁။ | ၁၉၈၀–ခုနှစ် ဘာသာစုံ ပုစ္ဆာ + အဖြေ | ၃၅၀ – ၃၆၉ |

# နိဒါန်းအမှာ

နိုင်ငံတော် သံဃနာယကအဖွဲ့မှ ပထမပြန်စာမေးပွဲဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရွေးယခင်မူဟောင်းအတိုင်း ၁၃၆၀–ပြည့် (၁၉၉၈) ခုနှစ်၌ ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

ယင်းပြင်ဆင်သတ်မှတ်ချက်အရ စနစ်ဟောင်းနှင့် အဆက်ပြတ်နေသူများ သင်ယူ , ပို့ချရာ၌ အခက်အခဲ တွေ့နေကြပါသည်၊ ရွေးစနစ်ဟောင်း မေးပုံမေးနည်းများ သိလိုကြသဖြင့် စာရေးသူအား ကိုယ်တိုင်သော်လည်းကောင်း, စာဖြင့် ဆက်သွယ်၍သော်လည်းကောင်း အကူအညီ တောင်းကြပါသည်၊ စနစ်ဟောင်း အဖြေစုံစာအုပ်များ ပြန်လည် ရိုက်နှိပ်ရန်လည်း အမျိုးမျိုး တိုက်တွန်းကြပါသည်။

ထိုသို့ တိုက်တွန်းကြသော်လည်း စနစ်ဟောင်း ပုစ္ဆာ + အဖြေစုံ စာအုပ်များ ရှာမရ လောက်အောင် ပြတ်လပ်နေသဖြင့် ခက်ခက်ခဲခဲ ရှာဖွေ၍ ကွန်ပျူတာစာလုံးများဖြင့် ပြန်လည် ရိုက်နှိပ်ရပါသည်၊ သို့သော်လည်း မိမိမှာ အချိန်မရသဖြင့် အမှားအယွင်းကင်းအောင် ပြည့်ပြည့်စုံစုံ မပြင်ဆင်နိုင်ခဲ့သည်ကို ခွင့်လွှတ်စေချင်ပါသည်၊ အချိန်မရသည့်ကြားမှ အတတ်နိုင်ဆုံး ကြိုးစား၍ လိုအပ်သူများ အကျိုးအတွက် ရွေးရှု၍ စာချ, စာသင်များ အလွယ်တကူ နည်းယူလေ့လာနိုင်ရန် စနစ်ဟောင်း ပုစ္ဆာ + အဖြေစုံများကို ပြန်လည် ရိုက်နှိပ် ထုတ်ဝေလိုက်ပါသည်။

**အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု? (အင်းစိန်)**

**ဓမ္မာစရိယတက္ကသိုလ်စာသင်တိုက်**

**အင်းစိန်၊**

# ပထမလက်တန်းပြဋ္ဌာန်းကျမ်းစာ

## ၁။ ဝိနယ (ဒွေမာတိကာ)

(က) ဒွေမာတိကာ— ပါဠိ၊ အနက်၊ အဓိပ္ပါယ်၊

(ခ) ကင်္ခါအဋ္ဌကထာ (ကျမ်းအစမှ နိဿဂ္ဂိယအဆုံးအထိ) အဓိပ္ပါယ်၊

## လူနှင့် သီလရှင်များအတွက်

(က) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်၊

(ခ) ဓမ္မပဒအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်နှင့် သက်ဆိုင်ရာဝတ္ထုများ၊

## ၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး (ကျမ်းအစမှ ကိတ်အဆုံးအထိ ၇–စောင်) ပါဠိ၊ အနက်၊ ရုပ်တွက်၊ အဓိပ္ပါယ်၊

(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ) ရုပ်၊ အဓိပ္ပါယ်၊

(ဂ) ပုဒ်စစ် (ကျမ်းအစမှ သမာသ်အဆုံးအထိ)

## ၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်၊

(ခ) ဋီကာကျော်ကျမ်းအစမှ ရုပ်ပိုင်းအဆုံးထိ အဓိပ္ပါယ်၊

## ၄။ မာတိကာနှင့် ဓာတုကထာ

(က) သုတ္တန္တိကမာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်၊

(ခ) ဓာတုကထာ (အစမှ စုဒ္ဒသမနယအဆုံး အထိ) ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်၊

## ၅။ ယမိုက်အရကောက်ကျမ်း

ယမိုက်အရကောက်ကျမ်း (အောက် ၅-ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

## ၆။ ဘာသာပြန်
## ကေကနိပါတ်ဇာတ်အဋ္ဌကထာ

အပါယိမှ ဝဂ်မှ ကကဏ္ဍကဝဂ်အဆုံးအထိ ဇာတ်ပေါင်း- ၇၀ ဆဌမူ စာမျက်နှာ- ၁၅၇။

- ပါဠိကို မြန်မာဘာသာပြန်ဆိုစေခြင်း ၂-ပုစ္ဆာ
- ပါဠိဝေါဟာရများကို ထုတ်ပြ၍ ဝါကျတည်ဆောက်စေခြင်း ၁-ပုစ္ဆာ
- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ် ရေးသားစေခြင်း ၁-ပုစ္ဆာ
- ဇာတ်ဝတ္ထုများမှ ရယူအပ်သော သိန်းစာများကို ရေးသားစေခြင်း ၁-ပုစ္ဆာ

# ပထမလတ်တန်း ပုစ္ဆာထုတ်စည်းမျဉ်း


၁။ ဝိနယ (ဒွေမာတိကာ) မေးခွန်းလွှာ –၁

(က) ဒွေမာတိကာ

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက်ပေး ၁–ပုစ္ဆာ

– ဒွေမာတိကာ ကျမ်းရင်းလာအဓိပ္ပါယ် ၄–ပုစ္ဆာ

(ခ) ကင်္ခါအဋ္ဌကထာ (အစမှ နိဿဂ္ဂိယအဆုံးအထိ)

– အဓိပ္ပါယ် ၂–ပုစ္ဆာ

လူနှင့်သီလရှင်များအတွက်

(က) ဓမ္မပဒပါဠိတော် (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)

– ပါဠိ ၁–ပုစ္ဆာ

– အနက် ၁–ပုစ္ဆာ

– ဓမ္မပဒပါဠိတော်လာ အဓိပ္ပါယ် ၃–ပုစ္ဆာ

– ဓမ္မပဒအဋ္ဌကထာလာ အဓိပ္ပါယ် ၃–ပုစ္ဆာ

၂။ ကစ္စည်းသဒ္ဒါကြီး (မေးခွန်းလွှာ– ၂)

(က) ကစ္စည်းသဒ္ဒါကြီး

သန္ဓိမှ ကိတ်အဆုံးအထိ ၇–စောင်

– ပါဠိအာဂုံ ၁–ပုစ္ဆာ

– အနက် ၁–ပုစ္ဆာ

| | | |
|---|---|---|
| – | ရုပ်တွက် | ၂–ပုဒ် |

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ လိင် ဝုတ်၊ ကာရန်၊ ဂိုဏ်း၊ ဝိဘတ်၊ ပုဒ်ပစ္စည်း၊ ဓာတ်ပစ္စည်း၊ ဝိဘတ် ခွဲခြင်းနှင့် ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

| | | |
|---|---|---|
| – | ကစ္စည်းကျမ်းလာ အဓိပ္ပါယ် | ၁–ပုဒ် |
| (ခ) | **ရူပသိဒ္ဓိ (ကျမ်းအစမှ တဒ္ဓိတ်အဆုံးအထိ)** | |
| – | အဓိပ္ပါယ် | ၂–ပုဒ် |
| (ဂ) | **ပုဒ်စစ်** | |
| – | ကျမ်းအစမှ သမာသ်အဆုံးအထိ | ၁–ပုဒ် |

၃။ **အဘိဓမ္မတ္ထသင်္ဂဟ (မေးခွန်းလွှာ – ၃)**

| | | |
|---|---|---|
| (က) | **အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း** | |
| – | ပါဠိအာဂုံ | ၁–ပုဒ် |
| – | အနက် | ၁–ပုဒ် |
| – | သရုပ် | ၂–ပုဒ် |
| – | သင်္ဂဟကျမ်းလာအဓိပ္ပါယ် | ၂–ပုဒ် |
| (ခ) | **ဋီကာကျော်အောက် ၆–ပိုင်း** | |
| – | အဓိပ္ပါယ် | ၂–ပုဒ် |

၄။ **သုတ္တန္တိကမာတိကာနှင့် ဓာတုကထာ (မေးခွန်းလွှာ– ၄)**

| | | |
|---|---|---|
| – | သုတ္တန္တိက မာတိကာ | ၁–ပုဒ် |
| – | ဓာတုကထာ ဥဒ္ဒေသ | ၂–ပုဒ် |
| – | ဓာတုကထာအစမှ စုဒ္ဒသမနယအဆုံးအထိ | ၅–ပုဒ် |

(ပါဠိ၊ အနက်၊ အရကောက်၊ အဓိပ္ပါယ်များကို သင့်လျော်သလို မေးနိုင်သည်၊ ပါဠိ၊ အနက်ကို မေးရာ၌ တစ်ပုဒ်စီထက် မပိုစေရ)

၅။ **ယမက (အောက်၅–ကျမ်း) မေးခွန်းလွှာ– ၅**

| | | |
|---|---|---|
| – | မူလယမိုက်မှ | ၂–ပုစ္ဆာ |
| – | ခန္ဓယမိုက်မှ | ၂–ပုစ္ဆာ |
| – | အာယတနယမိုက် + ဓာတုယမိုက်မှ | ၂–ပုစ္ဆာ |
| – | သစ္စယမိုက်မှ | ၂–ပုစ္ဆာ |

**မှတ်ချက်**

| | |
|---|---|
| ပါဠိဝိဘင်းထုတ်စေခြင်း | ၂–ပုစ္ဆာ |
| အရကောက်၊ အဓိပ္ပါယ် | ၄–ပုစ္ဆာ |
| အနက် | ၁–ပုစ္ဆာ |
| ဂဏ္ဌိမှ | ၁–ပုစ္ဆာ မေးရမည်။ |

၆။ **ဘာသာပြန် (ဇာတ်အဋ္ဌကထာ) (မေးခွန်းလွှာ – ၆)**

ကေကနိပါတ် ဇာတ်အဋ္ဌကထာ အပါယိမှ ဝဂ်မှ ကကဏ္ဋကဝဂ် အဆုံးအထိ ဇာတ်ပေါင်း (၇၀) ဆဋ္ဌမူ စာမျက်နှာ– ၁၅၇

| | | |
|---|---|---|
| – | ပါဠိကို မြန်မာပြန်ဆိုစေခြင်း | ၃–ပုစ္ဆာ |
| – | မြန်မာကို ပါဠိပြန်ဆိုစေခြင်း | ၂–ပုစ္ဆာ |
| – | ပါဠိဝေါဟာရများကို ထုတ်ပြ၍ ဝါကျတည်ဆောက်စေခြင်း | ၁–ပုစ္ဆာ |
| – | ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့်ရေးသားစေခြင်း | ၁–ပုစ္ဆာ |
| – | ဇာတ်ဝတ္ထုမှ ရယူအပ်သောသင်ခန်းစာများကို ရေးသားစေခြင်း | ၁–ပုစ္ဆာ |

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ဥပုသ်ပြုရာ၌ အခါအားလျော်စွာမပြုလုပ်ပဲ နေနိုင်ခွင့်ရှိသော ပုဗ္ဗကရဏကို အခါနှင့်တကွ အကြောင်းပြဖြေဆို၍ လူ၏အသက်ကို သတ်သဖြင့် ပါရာဇိကကျသော ရဟန်း, သတ်မိသော်လည်း ပါရာဇိကမကျသောရဟန်းများကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။

၂။ သံဃာဒိသေသ်အာပတ်မှ ထမြောက်လိုသော ရဟန်းအတွက် အဘယ်အခါ၌ အဘယ်အကျိုးငှာ အဘယ်မျှသော သံဃာကို အလိုရှိအပ်ကြောင်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

၃။ ကုဋိကာရသိက္ခာပုဒ်၌ ကုဋီရာကို ညွှန်ကြားရန် အဘယ်မျှလောက်သော ရဟန်းတို့ကို ပင့်ဆောင်ရမည် ဖြစ်ကြောင်း စုံလင်စွာဖော်ပြ၍ ထိုကုဋီရာကို ညွှန်ကြားသော ဉတ္တိဒုတိယကံကို အဘယ်နေရာ၌ ပြုလုပ်ရမည်ကိုလည်း ပြဆိုခဲ့ပါ။

၄။ တိစီဝရိတ် အဓိဋ္ဌာန်တင်နိုင်သော အကြီးဆုံးသင်္ကန်း အငယ်ဆုံး သင်္ကန်းတို့၏ ပမာဏများကို စုံလင်အောင် ညွှန်ကြားခဲ့ပါ။

၅။ ဘိက္ခုသုဒ္ဓပါစိတ် ရတနဝဂ် ဒုတိယသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၆။ ဘိက္ခုနီတို့၏ သံဃာဒိသေသ်အာပတ် ကုစားပုံ အစီအရင်ကို စုံလင်စွာဖော်ပြ၍ စိမ်းစိုသော ကောက်ပဲသီးနှံရှိရာအရပ်၌ ဘိက္ခုနီတို့ မစွန့်ပစ်သင့်သော အရာဝတ္ထုများကိုလည်း ညွှန်ကြားခဲ့ပါ။

၇။ ကပ္ပဗိန္ဒုထိုးအပ်ပြီးသော ရဟန်းတို့၏ သင်္ကန်းကို မပေးကောင်းသော ပုဂ္ဂိုလ်များကို ပြဆို၍ ရဟန်းယောကျ်ားတို့ထံမှ တစ်လနှစ်ကြိမ်ကျ ရဟန်းမတို့က တောင့်တရမည့် တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ဂုဏ်ဗိနိဝဂ် သတ္တမသိက္ခာပုဒ်, ကုမာရိဘူတဝဂ် ဆဋ္ဌသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ နေ့အခါ၌ နေတည်းဟူသော အရောင်အလင်းရှိသောကြောင့် ဆိမ်းညှိထွန်းခြင်းဟူသော ပုဗ္ဗကရဏကို မပြုလုပ်ပဲ နေနိုင်ခွင့်ရှိသည်။

လူဇာတ်ရှိသော သတ္တဝါဖြစ်ခြင်း, သတ္တဝါဟု အမှတ်ရှိခြင်း, သေစေလိုသော စိတ်ရှိခြင်း, လုံ့လပြုခြင်း, ထိုလုံ့လဖြင့် သေခြင်းဟူသော အင်္ဂါငါးချက်နှင့် ညီညွတ်စွာ လူ၏အသက်ကို သတ်လျှင် ပါရာဇိကကျသည်။

စေတနာမပါဘဲ သတ်မိသော ရဟန်း, မသိသောရဟန်း, မသေစေလိုသော ရဟန်း, ဥမ္မတ္တကရဟန်း, ခိတ္တစိတ္တရဟန်း, ဝေဒနဋ္ဋရဟန်း, အာဒိကမ္မိကရဟန်းတို့အား သတ်မိသော်လည်း ပါရာဇိက မကျပါ။

အသဉ္စိစ္စ မာရေန္တဿ အဇာနန္တဿ န မရဏာဓိပ္ပါယဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

(က၁၇)

၂။ သံဃာဒိသေသ် အာပတ်မှ ထမြောက်လိုသော ရဟန်းအတွက် ပရိဝါသ်ပေးသောအခါ၌ လေးပါးသော သံဃာကိုလည်းကောင်း၊ မာနတ်ပေးရာ၌ ရဟန်းတို့၏ မြတ်နိုးခြင်းအကျိုးငှာ လေးပါးသော သံဃာကိုလည်းကောင်း၊ အဗ္ဘာန်သွင်းသောအခါ အနည်းဆုံး နှစ်ကျိပ်သော သံဃာကို လည်းကောင်း အလိုရှိအပ်၏။

၃။ ကုဋီရာကို ညွှန်ကြားရန် သံဃာအားလုံးကိုသော်လည်းကောင်း၊ သံဃာက သမုတ်အပ်သော သံဃာ၌ အကျုံးဝင်သည့် နှစ်ပါးသုံးပါးသော ရဟန်းတို့ကိုလည်းကောင်း ပင့်ဆောင်ရမည်။

ထိုကုဋီရာကို ညွှန်ကြားသော ဥတ္တိဒုတိယကံကို သံဃာကုန်လိုက်ကြည့်၍ သံဃာ

လောက်လျှင် ထိုလိုက်ကြည့်သော နေရာ၌ ပြုလုပ်ရမည်။

သံဃာကုန် လိုက်မကြည့်ဘဲ နှစ်ပါး သုံးပါးသာ လိုက်ကြည့်၍ သံဃာမလောက်လျှင် သံဃာထံသို့ သွား၍ ပြုလုပ်ရမည်။

၄။ တိစီဝရိတ် အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်းသည် အကြီးဆုံးအားဖြင့် မြတ်စွာဘုရား သင်္ကန်းတော်အောက် ယုတ်သော သင်္ကန်းဖြစ်သည်။

အငယ်ဆုံးအားဖြင့် သင်္ကန်းကြီးနှင့် ဧကသီတို့၌ ငါးတောင် တောင်ဆုပ်ပမာဏ ရှိရမည်၊ အနံသုံးတောင် တောင်ဆုပ်ရှိရမည်။

သင်းပိုင်၌ အလျားငါးတောင် တောင်ဆုပ်ရှိရမည်၊ အနံ နှစ်တောင်ရှိရမည်။

တိစီဝရံ အဓိဋ္ဌဟန္တေန ရဇိတ္တာ ကပ္ပဗိန္ဒုံ ဒတွာ ပမာဏယုတ္တမေဝ အဓိဋ္ဌာတဗ္ဗံ၊ တဿ ပမာဏံ ဥက္ကဋ္ဌပရိစ္ဆေဒေန သုဂတစီဝရတော ဦနကံ ဝဋ္ဋတိ၊ လာမကပရိစ္ဆေဒေန သံဃာဋိယာ တာဝ ဥတ္တရာသင်္ဃဿ စ ဒီဃတော မုဋ္ဌိပဉ္စကံ၊ တိရိယံ မုဋ္ဌိတ္တိကံ၊ အန္တရဝါသကော ဒီဃတော မုဋ္ဌိပဉ္စကော၊ တိရိယံ ဒွိဟတ္ထောပိ ဝဋ္ဋတိ။ (ကခ်ါ- ၁၄၃)

၅။ အနက်ထင်ရှားပြီ။

၆။ သံဃာဒိသေသ်အာပတ်သင့်သော ဘိက္ခုနီသည်-

၁။ ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရမည်။

၂။ အနည်းဆုံး နှစ်ကျိပ် အရေအတွက်ရှိသော ဘိက္ခုနီသံဃာဖြင့် သိမ်အတွင်း၌ အဗ္ဘာန်သွင်းရမည်။ (ဘိက္ခုနီပါတိမောက်)

**စိမ်းစိုသော ကောက်ပဲသီးနှံရှိရာအရပ်၌-**

၁။ ဥစ္စာရ- ကျင်ကြီး၊ ၂။ ပဿာဝ- ကျင်ငယ်၊

၃။ သက်ကရ– အမှိုက်၊ ၄။ ဝိဃာသ– စားကြွင်း၊

၅။ ခေဠ– တံတွေး တို့ကို ဘိက္ခုနီတို့ မစွန့်ပစ်သင့်ပါ။

ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ ဟရိတေ ဆဍ္ဍေယျ ဝါ ဆဍ္ဍာပေယျ ဝါ ပါစိတ္တိယံ။

န ဟရိတေ အဂိလာနာ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇။ **ကပ္ပဝိန္ဒုထိုးပြီးသော ရဟန်းတို့၏ သင်္ကန်းကို–**

၁။ အာဂါရိက– အိမ်နေသူလူ၊

၂။ ပရိဗ္ဗာဇက– ပရိဗိုဇ်ယောကျ်ား၊

၃။ ပရိဗ္ဗာဇိကာ– ပရိဗိုဇ်မတို့အား မပေးကောင်းပါ။

**တောင့်တရမည့်တရား**

၁။ ဥပုသ်နေ့ကို မေးခြင်း၊

၂။ ဩဝါဒခံယူဖို့ရန် ချဉ်းကပ်ခွင့်။

၈။ ပါဠိထင်ရှားပြီ။

* * * * *

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ ကိမတ္ထံကို ပုဒ်ဖြတ်၍ လိုရင်းသုတ်ဖြင့်သာ ပုဒ်စပ်ပြီးလျှင် ပုကေ်ာကိလော–ပုဒ်ကို နာမ်ရုပ်ကျဉ်း တွက်ခဲ့ပါ။

၂။ အသ္မာ၊ အသ္မိ ပြယုဂ်တို့၌ အဘယ့်ကြောင့် သ္မာဟိသ္မိ နံ မှာဘိမှိ ဝါ သုတ်ဖြင့် မှာ, မှိ မပြုရပါသနည်း။

၃။ အလုံးစုံသော ကာရကတို့၏လည်း ကြိယာကို ပြီးစေတတ်သည်၏အဖြစ်ရှိပါလျက် အဘယ်အကျိုးငှာ ကရဏ ကာရကကိုသာ ယေန ဝါ ကရိယတေ ပုဒ်ဖြင့် အထူးပြု၍ ဆိုပါသနည်း။

၄။ သခေ–ပုဒ်၌ သ္မာသ္မိ နံ ဝါ သုတ်ဖြင့် သ္မိ ဝိဘတ်ကို ဧ–ပြု၍ သခေ–ဟု ပြီးနိုင်ပါလျက် အဘယ်အကျိုးငှာ သ္မိမေသုတ်ကို ထပ်၍ဆိုပြန်ပါသနည်း။

၅။ ဧကေန္တ ဓာတ်, နာမဓာတ် နှစ်မျိုးတို့တွင် "နာမဓာတ်" နောင် သက်နိုင်သော အာချာတ်ပစ္စည်းများကို ပြည့်စုံအောင် ဖော်ပြပါ။

၆။ ဒိဂုသေကတ္တံ သုတ်ကို ဝုတ္တိ, ဥဒါဟရဏ် ကုန်အောင် ပါဠိသက်သက်မျှသာ ရေးခဲ့ပါ။

၇။ အောက်ပါပုဒ်များကို ဝါကျနက်မပေးဘဲ ဝေါဟာရနက် ပေးခဲ့ပါ။

(က) ဒေါဝါရိကော၊ (ခ) နာဝကမ္မိကော၊

(ဂ) ဘဏ္ဍာဂါရိကော၊ (ဃ) ဝါတိကော၊ (င) သေမှိကော။

၈။ အောက်ပါ ပေယျာလကို ထုတ်ဖော်ရေးခဲ့ပါ။

ကတ္တုကာရကသည် ဝုတ္တကတ္တား။ လ ။ တတိယာဝိဘတ်နှင့်ယှဉ်သောကြောင့် အဝုတ္တကတ္တားမည်၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ ကိ – အတ္ထံ။

မဒါသရေဖြင့် နိဂ္ဂဟိတ်ကို မ–ပြု၍ ကိမတ္ထံ ဟု ပုဒ်စပ်ရမည်။

ပုမကောကိလောဟု တည်၊ ပုမသ လိင်္ဂါဒီသု သမာသေသု သုတ်ဖြင့် မ–၏အဆုံး အ–ကိုချေ၊ ပ–အစိတ် ဥ–ကို လ အမည်မှည့်၊ အံမော နိဂ္ဂဟိတံ ဈလပေဟိဖြင့် မ–ကို နိဂ္ဂဟိတ်ပြု၊ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေဖြင့် နိဂ္ဂဟိတ်ကို က ဝဂ္ဂန္တ–င်–ပြု၊ ပုင်္ကောကိလော ပြီး၏။

၂။ န တိမေဟိ ကတာကာရေဟိ ဖြင့် တားမြစ်ထားသောကြောင့် အသ္မာ, အသ္မိံ တို့၌ မှာ မှိ မပြုရပါ။

၃။ ကတ္တား၏ အဆောက်အဦဖြစ်သော ကာရကတို့တွင် ကြိယာသာဓကတမသတ္တိရှိသော (ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော) ကာရကကိုသာ ယူခြင်းငှာ ယေန ဝါ ကရိယတေ ပုဒ်ဖြင့် အထူးပြု၍ ဆိုပါသည်။

သတိပိ သဗ္ဗကာရကာနံ ကြိယာသာဓကတ္တေ "ယေန ဝါ ကရီယတေ" တိ ဝိသေသေတွာ ဝစနံ ကတ္တုပကရဏ ဘူတေသု ကာရကေသု သာဓက တမသေဿဝ ဂဟဏတ္ထံ။ (ရူ)

၄။ နိစ္စဝိဓိ အကျိုးငှာ သ္မိံမေ သုတ်ကို ထပ်၍ဆိုသည်။

နိစ္စတ္ထောယ မာရမ္ဘော။ (ရူ)

၅။ **နာမဓာတ်နောင် သက်နိုင်သော အာချာတ်ပစ္စည်းများ**

အာယ, ဣယ, ဏယ, အာရ, အာလ။

မှတ်ချက်။ ။ အာယ နာမတော ကတ္တုပမာနာ ဒါတာရေ၊ ဣယူပမာနာ စ၊ နာမမှာ ကိဋ္ဌတွေ၊ ဓာတုရူပေ နာမသ္မာ ဏယော စ တို့ဖြင့် နာမ်ပုဒ်နောင် သက်သော ပစ္စည်းများသည် နာမဓာတ်နောင်သက်သော အာချာတ်ပစ္စည်းများ ဖြစ်သည်။

ဆောင်။ ။ **နာမ်ပုဒ်နောက်တွင်၊ ပစ္စည်းဝင်၊ နာမ်ပင်မလွဲ၊ ဓာတ်ဖြစ်မြဲ။**

၆။ ပါဠိထင်ရှားပြီ။

၇။ (က) တံခါးစောင့်၊ (ဒုရဝမ်)

(ခ) ဘဏ္ဍာစိုး၊ (ဘဏ္ဍာထိန်း)

(ဂ) အလုပ်သစ်လုပ်သူ၊ (အလုပ်သမား)

(ဃ) လေနာသည်၊ (လေနာရောဂါရှိသူ)

(င) သလိပ်ရောဂါရှိသူ၊

၈။ ပယောဂလ ထင်ရှားပြီ။

* * * * *

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဝေဒနာ ဉာဏ သင်္ခါရ ဘေဒေနဥ္စ ဝေဒနာဘေဒ, ဉာဏဘေဒ, သင်္ခါရဘေဒ ဖြစ်ပုံတို့ကို ဖော်ပြ၍၊ လောကီစိတ် လောကုတ္တရာစိတ်တို့၌ ဝိရတီစေတသိက်တို့ ယှဉ်ပုံချင်း ထူးခြားချက်ကိုလည်း ပြဆိုခဲ့ပါ။

၂။ ဒွိဟိတ်စိတ်တို့တွင် အဘယ်စိတ်တို့၌ အဘယ်ဟိတ်များ ရှိကြောင်းပြ၍၊ ဓမ္မာရုံဖြစ်ထိုက်သော တရားများကိုလည်း ကုန်စင်အောင် ညွှန်ကြားခဲ့ပါ။

၃။ အပ္ပနာဇောဝါရ၌ ဉာဏသမ္ပယုတ် ကာမာဝစရဇောတို့၏ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ရခြင်း၏ အကြောင်းတို့ကို ဖော်ပြခဲ့ပါ။

၄။ ဇနကကံနှင့် ဥပဃာတကကံတို့၏ အထူးကို ပြဆို၍ အကုသိုလ် ဂရုကံ, ကုသိုလ် ဂရုကံတို့ကိုလည်း အကြောင်းနှင့်တကွ ညွှန်ပြခဲ့ပါ။

၅။ ရယ်ရွှင်ခြင်းကို ဖြစ်စေနိုင်သောစိတ်တို့၏ သရုပ်ကို ထုတ်ပြ၍ ပဋိသန္ဓေအခါ၌ သံသေဒဇပုဂ္ဂိုလ်, ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ချို့တဲ့ကောင်းသော ဒသကကလာပ်ရုပ်တို့ကိုလည်း အသီးအသီး ဖော်ပြခဲ့ပါ။

၆။ သမုစ္စည်းပိုင်း မိဿကသင်္ဂဟ၌ ဣန္ဒြေတရားတို့၏ တရားကိုယ်များကို ပြဆိုရာ ပါဠိတို့ကို အနက်ပေးခဲ့ပါ။

၇။ နာမ်သည် နာမ်အား ခြောက်ပါး အပြားအားဖြင့် ကျေးဇူးပြုပုံ၊ နာမ်သည် နာမ်ရုပ်တို့အား ငါးပါး အပြားအားဖြင့် ကျေးဇူးပြုပုံတို့ကို ပြဆိုသော သင်္ဂဟပါဠိများကို ပါဠိသက်သက်ရေးခဲ့ပါ။

၈။ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီအား စျာန်တရားကို ရ, မရ အတိအကျဆုံးဖြတ်ချက်ချ၍ အဘယ်ပုဂ္ဂိုလ်၏ အဘယ်အာရုံသည် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်မည်ကြောင်း

အသီးသီး ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ ကုသိုလ်, ဝိပါက်, ကြိယာ သုံးပါး၌ သောမနဿ, ဥပေက္ခာ ဝေဒနာ နှစ်ပါးစီ ပြားသောကြောင့် ခြောက်ပါး ဖြစ်ရသည်။

ထိုခြောက်ပါး၌ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ၂–ပါးစီ ပြားသောကြောင့် ၁၂–ပါး ဖြစ်ရသည်။

### ဝိရတီယှဉ်ပုံ ထူးခြားချက်

ဝိရတီတို့သည် လောကီစိတ်တို့၌ ရံခါ အသီးသီး ယှဉ်သည်၊ လောကုတ္တရာစိတ်တို့၌ ခပ်သိမ်းသောအားဖြင့် အမြဲ တစ်ပြိုင်နက် ယှဉ်သည်။ (သင်္ဂဟ)

၂။ လောဘမူဒွိဟိတ်စိတ်၌ လောဘ, မောဟ
ဒေါသမူဒွိဟိတ်စိတ်၌ ဒေါသ, မောဟ
ဉာဏဝိပ္ပယုတ် ၁၂–ပါး၌ အလောဘ, အဒေါသ ဟူသော ဟိတ်တို့ ရှိကြသည်။

**ဓမ္မာရုံ–** ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်အားဖြင့် ၆–ပါး။

* *ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှု နိဗ္ဗာန်၊ ပညတ္တာ၊ ခြောက်တန် ဓမ္မာရုံ။*

၃။ အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံ။

အပ္ပနာ၏ အနီး၌ ဖြစ်တတ်သောကြောင့် ဥပစာ။

ရှေ့အဖို့၌ ပရိကံအားလည်းကောင်း, အထက်အဖို့၌ အပ္ပနာအားလည်းကောင်း လျော်သောကြောင့် အနုလုံ။

ကာမအနွယ်, ပုထုဇဉ်အနွယ်တို့ကို လွှမ်းမိုးနှိပ်စက်တတ်သောကြောင့် လည်းကောင်း, မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ်တို့ကို ဖြစ်ပွားစေတတ်သောကြောင့် လည်းကောင်း ဂေါတြဘူ။

ပထမ စိတ္တဉှိ အပ္ပနာယ ပရိကမ္မတ္တာ ပဋိသင်္ခါရကဘူတတ္တာ ပရိကမ္မံ။

ဒုတိယံ သမီပစာရိတ္တာ ဥပစာရံ။

တတိယံ ပုဗ္ဗဘာဂေ ပရိကမ္မာနံ, ဥပရိ အပ္ပနာယ စ အနုကူလတ္တာ အနုလောမံ။

စတုတ္ထံ ပရိတ္တဂေါတ္တဿ,လောကုတ္တရဂေါတ္တဿ အဘိဘဝနတော, မဟဂ္ဂတဂေါတ္တဿ, ပုထုဇ္ဇနဂေါတ္တဿ စ ဘာဝနတော ဝဍ္ဎနတော ဂေါတြဘူ။

၄။ ဇနကကံသည် ကံတစ်ပါး၏အကျိုးကို မဖြတ်မူ၍သာလျှင် အကျိုးကို ဖြစ်စေ၏။

ဥပဃာတကကံသည် ကံတစ်ပါး၏အကျိုးကို ဖြတ်၍ မိမိအကျိုးကို ဖြစ်စေ၏၊ ဤသို့ ထူးပါသည်။

ဇနကံ ကမ္မန္တရဿ ဝိပါကံ အနုပစ္ဆိန္ဒိတ္တွာဝ ဝိပါကံ ဇနေတိ၊ ဥပဃာတကံ ဥပစ္ဆေဒန ပုဗ္ဗကံ။ (ဋီ)

## အကုသိုလ် ဂရုကံ

ပဉ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံကိုသည် စုတိ၏အခြား မဲ့၌ အကျိုးပေးသောအားဖြင့် ကြီးလေးသောကြောင့် အကုသိုလ် ဂရုကံမည်ကုန်၏။

## ကုသိုလ် ဂရုကံ

မဟဂ္ဂုတ်ကုသိုလ်ကံသည် စုတိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် ကြီးလေးသော ကြောင့် ကုသိုလ် ဂရုကံမည်၏။

ယံ ဂရုကံ အကုသလပက္ခေ မာတုဃာတကာဒိကမ္မံ၊ ကုသလပက္ခေ မဟဂ္ဂတကမ္မံ ဝါ။
(ဋီ)

## ၅။ ရယ်၍ဝစေတတ်သောစိတ်

| | |
|---|---|
| လောဘမူ သောမနဿစိတ် | ၄–ပါး၊ |
| ဟသိတုပ္ပါဒ်စိတ် | ၁–ပါး၊ |
| မဟာကုသိုလ် သောမနဿစိတ် | ၄–ပါး၊ |
| မဟာကြိယာ သောမနဿစိတ် | ၄–ပါး၊ |
| ပေါင်း | ၁၃–ပါး။ |

သောမနဿ ဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္ပိ ဇနေန္တိ။ (သင်္ဂဟ)

**သံသေဒဇပုဂ္ဂိုလ်တို့အား ချို့တဲ့ကောင်းသော ဒသက–** စက္ခု, သောတ, ဃာန, ဘာဝ ဒသက ကလာပ်အားဖြင့် ၄–ပါး။

**ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ချို့ကောင်းသော ဒသက–** ဘာဝဒသက ကလာပ်။
(သင်္ဂဟ)

၆။ ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂညာဏံ အနညာတညဿာမီတိန္ဒြိယံ။
အရဟတ္တဖလညာဏံ အညာတာဝိန္ဒြိယံ၊ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။
ဇီဝိတိန္ဒြိယဥ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

တထာ ဝိစိကိစ္ဆာစိတ္တေ ကေဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလ…ဘာပ် နှ ဂစ္ဆတိ–ဟူသော ပါဠိတို့၏ အနက်ကို ရေးပါ။

၇။ ပါဠိထင်ရှားပြီ။

၈။ "ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာ ဝ ဝတ္ထာနေသုစာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရ ဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ" ကို ထောက်၍ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီအား ဈာန်တရား မရပါ။

## ပရိကမ္မနိမိတ်

ပထဝီကသိုဏ်းဝန်း စသည်တို့၌ အာရုံနိမိတ်ကိုယူသော အာဒိကမ္မိကပုဂ္ဂိုလ်၏ ထိုပထဝီကသိုဏ်းဝန်း အစရှိသောအာရုံသည် ပရိကမ္မနိမိတ်မည်၏။

## ဥဂ္ဂဟနိမိတ်

ထိုပထဝီကသိုဏ်းဝန်း အစရှိသော အာရုံနိမိတ်ကို စိတ်ဖြင့်ကောင်းစွာယူသော ယောဂီပုဂ္ဂိုလ်၏ ပကတိမျက်စိဖြင့် မြင်နေရသလို မနောဒွါရအား ထင်ခြင်းသို့ ရောက်လာသော ထိုပထဝီကသိုဏ်းဝန်း အစရှိသော အာရုံနိမိတ်သည် ဥဂ္ဂဟနိမိတ်မည်၏။ (သင်္ဂဟ)

* * * * *

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ မူလယမိုက်၌ ဟောတော်မူအပ်သော (မူလဝါရ) စသော ဝါရဆယ်ပါးတို့၏ အမည်များကို ထုတ်ပြ၍၊ အကုသလပဒ၌ အောက်ပါတရားများကိုလည်း ကောက်ပြပါ။

(က) အကုသလမူလ၊ (ခ) ဧကမူလ၊ (ဂ) အညမညမူလ။

၂။ ယေ ဝါ ပန နာမမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာ ။ ။ ဤပုစ္ဆာကို ဝိဘင်းမျှထုတ်ပြ၍ သဟေတုကံ နာမံ နာမမူလေန ဧကမူလံ အရ သဟိတ်နာမ်တရားများကိုလည်း ကောက်ပြပါ။

၃။ ခန္ဓ–ပဝတ္တိဝါရ၌ ဥပ္ပါဒ စသော ဝါရ သုံးပါး၊ ပစ္စုပ္ပန္န စသော ဝါရခြောက်ပါးတို့ကို အပြည့်အစုံ ဖော်ပြ၍၊ ပဉ္စဝေါကာရာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ၊ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ။ ဤဝိဘင်းအရတွင် မပါဝင်ထိုက်သော (ပဉ္စဝေါကာရ) ပုဂ္ဂိုလ်မျိုး ရှိကောင်းပါက (သာမန်မျှ) ညွှန်ပြပါ။

၄။ မည်သည့် ပဉ္စဝေါကာရဘုံက မည်သို့သော ပုဂ္ဂိုလ်များသာ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ပြုနိုင်ခွင့် ရှိကြပါသနည်း။

အဝသေသာ ပုဂ္ဂလာ ရူပက္ခန္ဓဉ္စ န ပရိဇာနန္တိ၊ ဝေဒနာက္ခန္ဓဉ္စ န ပရိဇာနိတ္ထ။ ဤဝိဘင်း၌ သေသအပဒါန် ဖြစ်ထိုက်သော ပုဂ္ဂိုလ်များကိုလည်း ပြဆိုပါ။

၅။ ကာယာယတနံ ဌပေတွာ အဝသေသော ကာယော န ကာယာယတနံ။ ဤ၌ အဝသေသော ကာယော–အရ ကာယ ၃–မျိုး (အမည်မျှ) ကိုထုတ်ပြ၍ စက္ခာယတနဖြစ်ဆဲပုဂ္ဂိုလ်တိုင်းအား မုချဖြစ်ဆဲရကောင်းသော အာယတနများကိုလည်း ထုတ်ပြပါ။

၆။ ယဿ ယတ္ထ မနာယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဓမ္မာယတနံ ဥပ္ပဇ္ဇိဿတိ။ ဤပုစ္ဆာကို ဝိဘင်းမျှ ထုတ်ပြ၍ ဓာတုယမက ပဝတ္တိဝါရ၌ မဟောအပ်သော ဓာတ်တို့ကိုလည်း ထုတ်ပြပါ။

၇။ နဒုက္ခံ၊ နဒုက္ခသစ္စံ။ ဤပုစ္ဆာအရ (က) ဣန္ဒြိယဗဒ္ဓရုပ် ၂၈–ခု၊ (ခ) မဂ်စိတ္တုပ္ပါဒ် ၂၉–ခု တို့ကို တစ်ဘက်ရ နှစ်ဘက်ရ ဖြစ်သင့်ရာ ညွှန်ပြ၍ မည်သည့်ဘုံ၌ မည်သည့်သစ္စာများ ဖြစ်ဆဲရသည်ကိုလည်း ပြဆိုပါ။

၈။ စိတ္တသမင်္ဂီနှင့် အသညသတ်တို့မှတစ်ပါး သမုဒယ, မဂ္ဂဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်များ ရှိသေးပါက ထုတ်ပြ၍ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ။ ဤဝိဘင်းပါဠိကို အနက်ပေးကာ ၄င်းဝိဘင်းအရ ပုဂ္ဂိုလ်အား ဖြစ်လတ္တံ့ သစ္စာများကိုလည်း ပြဆိုပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ **ဝါရ ၁၀–ပါး**

မူလဝါရ၊ ဟေတုဝါရ၊ နိဒ္ဒေသဝါရ၊ သမ္ဘဝဝါရ၊ ပဘဝဝါရ၊ သမုဋ္ဌာနဝါရ၊ အာဟာရဝါရ၊ အာရမ္မဏဝါရ၊ ပစ္စယဝါရ၊ သမုဒယဝါရ အားဖြင့် ၁၀–ပါး။

(က) အကုသလမူ ၃–ခု၊

(ခ) အကုသိုလ်စိတ်– ၁၂၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်– ၂၇၊

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကု– ၁၂၊ စေတသိက် သတ္တဝိသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသ။

(ဂ) မောဟမူဒွေ၌ မောဟကြဉ်သော အကုသလမူ ၃–ခု။

၂။ အာမန္တာ။

## သဟိတ်နာမ်

သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေ့ဒ္ဒ မောဟကြဉ်သော စေတသိက် ဒွေပညာသ။

၃။ **ဝါရ ၃–ပါး–** ဥပ္ပါဒဝါရ၊ နိရောဓဝါရ၊ ဥပ္ပါဒနိရောဓဝါရ အားဖြင့် ၃–ပါး။
**ဝါရ ၆–ပါး–** ပစ္စုပ္ပန္နဝါရ၊ အတီတဝါရ၊ အနာဂတဝါရ၊ ပစ္စုပ္ပန္နာတီတဝါရ၊ ပစ္စုပ္ပန္နာနာဂတဝါရ၊ အတီတာနာဂတဝါရ အားဖြင့် ၆–ပါး။

## မပါဝင်သော ပဥ္စဝေါကာရပုဂ္ဂိုလ်

သုဒ္ဓါဝါသ (ဥပပဇ္ဇန္တ၊ စဝန္တဖြစ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်)ပုဂ္ဂိုလ်မျိုး။

၄။ ကာမသုဂတိ ၇–ဘုံ, သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉–ဘုံမှ အောက်မင်ကိုရ၍ အရူပဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဥ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်, ဥပပဇ္ဇန္တ, စဝန္တဖြစ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့သည်သာ အရူပဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန်ပြုခွင့်ရှိသည်။

**သေသအပါဒါန်–** အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။

၅။ **ကာယသုံးမျိုး**

၁။ နာမကာယ၊

၂။ ရူပကာယ၊

၃။ ပညတ္တိကာယ။

စက္ခာယတနဖြစ်ဆဲပုဂ္ဂိုလ်တိုင်းအား မုချဖြစ်ဆဲ ရကောင်းသော အာယတနများကား ရူပ, မန, ဓမ္မ အာယတနများဖြစ်သည်။

၆။ အာမန္တာ။

**ဓာတုပဝတ္တိ၌ မဟောသောဓာတ်**

သဒ္ဒဓာတ်၊ မနောဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ် ပေါင်း ၇–ပါးကို မဟော။ (ပဋိသန္ဓေ စုတိအခါ၌ မဖြစ်သောကြောင့်)

၇။ (က) ဣန္ဒြိယဗဒ္ဓရုပ် ၂၈–ခုသည် တစ်ဘက်ရ။
(ခ) မဂ်စိတ္တုပ္ပါဒ် ၂၉–ခုသည် နှစ်ဘက်ရ။

**ဘုံနှင့်သစ္စာ**

အပါယ်လေးဘုံ၌ ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂–ပါး၊
အသညသတ်ဘုံ၌ ဒုက္ခသစ္စာ ၁–ပါး၊
စတုဝေါကာရ ၄–ဘုံ, အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂–ဘုံ၌ ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာ ၃–ပါး။

၈။ နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်။

**အနက်**

ယဿ စိတ္တဿ– အကြင် ဝေါဒါန်စိတ်၏ (မုချ)၊ ဝါ– အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်တိုင်အောင်သော စိတ်၏ (မုက္ချောပစာ)၊ အနန္တရာ– အခြားမဲ့၌၊ အဂ္ဂမဂ္ဂံ – အရဟတ္တမဂ်ကို၊ ပဋိလဘိဿန္တိ– ရကုန်လတ္တံ့၊ တေန– ထိုဝေါဒါန်စိတ်နှင့်၊ သမင်္ဂီနံ– ပြည့်စုံကုန်သော၊ တေသံ– ထိုပုဂ္ဂိုလ်တို့အား။

**ဖြစ်လတ္တံ့သစ္စာ**– ဒုက္ခသစ္စာ, မဂ္ဂသစ္စာ ၂–ပါး။

* * * * *

## ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ မဂ်လေးပါး ပယ်အပ်သော တရားများကို ထင်ရှားစွာပြပြီးလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

၂။ ပရိတ္တာရမ္မဏာ ဓမ္မာ၌ ပရိတ္တနှင့် ပရိတ္တာရမ္မဏ ဓမ္မသရုပ်တို့ကို ကုန်စင်အောင် ထုတ်ပြပြီးလျှင်၊ (ပညတ်တရားကို အာရုံပြု)ဟု ဆိုရာ၌ ပညတ္တိ ဓမ္မဟူသမျှကိုလည်း အကျဉ်းချုပ်ကာ သိသာအောင် ထုတ်ပြခဲ့ပါ။

၃။ သညောဇနဝိပ္ပယုတ္တ သညောဇနိယ ဒုက် ပထမပုဒ်အရကို ထုတ်ပြပြီးလျှင်၊ ၄င်းဒုက်၏ ဒုက်မုတ်ကိုလည်း ထုတ်ပြခဲ့ပါ။

၄။ အောက်ပါဓမ္မများကို ကျမ်းလာအရ ထင်စွာကောက်ပြခဲ့ပါ။

(က) သာရမ္မဏာ ဓမ္မာ၊ (ခ) သရဏာ ဓမ္မာ

၅။ ခန္ဓီ စ၊ သောရစ္စဥ္စ ၄င်းပုဒ်တို့အရ တရားကိုယ် ဓမ္မတို့ကို ထုတ်ပြခဲ့ပါ။

၆။ ပဋိစ္စသမုပ္ပါဒ်သည် ၁၈–ပါးပြားပါလျက် အင်္ဂါရေတွက်ရာ၌ ၁၂–ပါး အဘယ့်ကြောင့် ဖြစ်သွားပါသနည်း၊ ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

၇။ ဓာတုကထာ ဥဒ္ဒေသလာ သမာဓိန္ဒြေ, ပညိန္ဒြေ, မေတ္တာ, ဥပေက္ခာ ၄င်းတို့၏သရုပ်တရားကိုယ်တို့ကို ထုတ်ဆိုဖော်ပြခဲ့ပါ။

၈။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။

ဝေဒနာက္ခန္ဓေန ယေဓမ္မာ သမ္ပယုတ္တာ၊ တေဟိဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ။ပ။ ဧကေနာယတနေန၊ ဧကာယ ဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၃ (၁၉၆၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ **သောတာပတ္တိမဂ်သည် –**

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခု၊ ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၄–ခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ၂၂–ခုတို့ကို အကြွင်းမရှိသောအားဖြင့် ပယ်သည်။

အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု၊ ဒေါသမူ ၂၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စတ္တိံသ တို့ကို တနုကရအားဖြင့် ပယ်သည်။

**သကဒါဂါမိမဂ်သည်–**

ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူ ၂၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ်သော စေ– ၂၅ တို့ကို တနုကရအားဖြင့် ပယ်သည်။

**အနာဂါမိမဂ်သည်–**

ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု, ဒေါသမူ ၂, ဒိဋ္ဌိ, ဝိစိကိစ္ဆာကြဉ် သော စေ– ၂၅ တို့ကို အကြွင်းမရှိသောအားဖြင့် ပယ်သည်။

**အရဟတ္တမဂ်သည်–**

ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု၊ ဥဒ္ဓစ္စသဟဂုတ် ၁–ခု၊ ဒိဋ္ဌိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၁၄ ကောဝီသတို့ကို အကြွင်းမရှိသောအားဖြင့် ပယ်သည်။

**မှတ်ချက်။** ။ အရကောက်လာသည့်အတိုင်းလည်း ရေးနိုင်သည်။

## နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း

မဂ်စိတ် ၄–ခု၊ စေ ဆတ္တိံသ။ (အပစယဂါမိနော ဓမ္မာ)

၂။ **ပရိတ္တ–** ကာမစိတ် ၅၄–ခု၊ စေ ၅၂–ခု၊ ရုပ် ၂၈–ခု။

**ပရိတ္တာရမ္မဏာ–** ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ်– ၁၀၊ မနောဓာတ် ၃–ခု၊ သန္တီရဏ ၃–ခု၊ မဟာဝိပါက်စိတ် ၈–ခု၊ ဟသိတုပ္ပါဒ်စိတ် ၁–ခု၊ စေတသိက် တေတ္တိံ သ။

ပရိတ္တတရားကို အာရုံပြုခိုက် အကုသိုလ်– ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု– ၈၊ မဟာကြိ– ၈၊ အဘိညာဏ်ဒွေး၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသ ရ၏။

## ပညတ္တိဓမ္မ

| | |
|---|---|
| ကသိုဏ်းပညတ် | ၁၀–ပါး၊ |
| အသုဘပညတ် | ၁၀–ပါး၊ |
| ကောဋ္ဌာသပညတ် | ၁–ပါး၊ |
| ထွက်သက်, ဝင်သက် | ၁–ပါး၊ |
| အပ္ပမညာ၄–ပါး၏အာရုံဖြစ်သော သတ္တဝါပညတ် | ၁–ပါး၊ |

| | |
|---|---|
| ကောင်းကင်ပညတ် | ၁–ပါး၊ |
| နတ္ထိဘောပညတ် | ၁–ပါး၊ |
| ပေါင်း | ၂၅–ပါး။ |

၃။ ၄။ ၅။ (ထင်ရှားပြီ။)

၆။ ဇရာနှင့် မရဏကို ပေါင်း၍ အင်္ဂါတစ်ပါးတည်းယူထားသောကြောင့်လည်းကောင်း၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို သီးခြားအင်္ဂါအဖြစ် မယူသောကြောင့်လည်းကောင်း အင်္ဂါရေတွက်ရာ၌ ၁၂–ပါး ဖြစ်သွားရသည်။

မှန်၏၊ ဇာတိ၏ အကျိုးအဖြစ်ဖြင့် တူသောကြောင့် ဇရာနှင့် မရဏကို ပေါင်း၍ အင်္ဂါတစ်ပါးတည်း ယူသည်၊ သောက စသည်တို့ကား ဇရာ, မရဏနှင့် အနိဋ္ဌလက္ခဏာအားဖြင့် တူသောကြောင့် လည်းကောင်း၊ ဇာတိ၏ အကျိုးဆက်ဖြစ်သောကြောင့်လည်းကောင်း ဇရာ, မရဏ၌ အကျုံးဝင်ကြ၏၊ ထို့ကြောင့် သောက စသည်ကို သီးခြားအင်္ဂါအဖြစ်မယူ။

၇။ ၈။ (ထင်ရှားပြီ။)

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ သံဃဥပုသ်ပြုရာ၌ ပါတိမောက်ပြထိုက်သော ပုဂ္ဂိုလ်ကို ပြဆို၍၊ သံဃာနှစ်ကျိပ်သည် ကံအားလုံးကို ပြုနိုင်၍ ဝီသတိဝဂ္ဂသံဃာကိုဆိုက ကိစ္စပြီးပါလျက် အတိရေက ဝီသတိဝဂ္ဂသံဃာကို ဆိုရခြင်း၏ အကြောင်းရင်းကိုလည်း ရှင်းပြခဲ့ပါ။

၂။ တိတ္ထိယပက္ကန္တကမည်သော ပုဂ္ဂိုလ်များကို ပြည့်စုံစွာဖော်ပြ၍၊ အဘယ်အမိမျိုးကိုသတ်သော အဘယ်သားမျိုးသည်သာ မာတုဃာတကမည်ကြောင်း အတိအကျ ဖော်ပြခဲ့ပါ။

၃။ ကာယသံသဂ္ဂသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်တို့၌ ယူထိုက်သော မာတုဂါမများကို ခွဲခြားပြ၍၊ တိစီဝရိတ်သက်န်းတို့တွင် အဘယ်သက်န်း၏ အဘယ်နေရာ၌ အဘယ်မျှလောက် အဘယ်သို့ပေါက်လျှင် အဓိဋ္ဌာန်ပျက်ကြောင်း ဖော်ပြခဲ့ပါ။

၄။ မိုးရေခံသက်န်းကို ဝတ်နိုင်သော အစဦးဆုံးရက်, မိုးရေခံသက်န်း၏ အလျား, အနံပမာဏတို့ကို ဖော်ပြ၍၊ ရွှေ, ငွေ ရတနာများကို ကိုင်ကောင်းသောအရပ်, မကိုင်ကောင်းသောအရပ်များကိုလည်း ခွဲခြားပြခဲ့ပါ။

၅။ ဘိက္ခု ပါဠိဒေသနီယ တတိယသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၆။ အဝဿုတပုရိသ၏ ကိုင်တွယ်သုံးသပ်မှုကို သာယာသဖြင့် ပါရာဇိကမသင့်နိုင်သော ဘိက္ခုနီ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပြဆို၍ ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီက ပြုရမည့် တာဝန်များကိုလည်း ညွှန်ကြားခဲ့ပါ။

၇။ ဘိက္ခုနီတို့ ယောကျ်ားများနှင့် တစ်ယောက်ချင်း မနေသင့်သောအရပ်ဌာနများကို ပြည့်စုံစွာ ပြ၍၊ ဘိက္ခုနီတို့ ပြုလုပ်သင့်သော ရေသနုပ်သက်န်း၏ ပမာဏကိုလည်း ပြဆိုခဲ့ပါ။

၈။ ကုမာရိဘူတဝဂ် သတ္တမသိက္ခာပုဒ်, အဋ္ဌမသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

၂၇၀၀၄

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ မထေရ်ကြီးစွမ်းနိုင်က မထေရ်ကြီးကိုယ်တိုင် ပါတိမောက်ပြထိုက်ပါသည်၊ မထေရ်ကြီး ခွင့်ပြုချက်အရ ဗျတ္တပဋိဗလ ဖြစ်သော သီတင်းငယ်လည်း ပြထိုက်ပါသည်။

သံဃထေရော ဝါ ပါတိမောက္ခံ ဥဒ္ဒိသေယျ နဝကထေရောဝါ။ (ကခ်ီ)

## အတိရေကစီဝသတိဝဂ္ဂသံဃာ ဆိုရကျိုး

စတုဝဂ္ဂစသော သံဃာသည် ပြုအပ်သောကံသည် သတ်မှတ်ချက်သံဃာအောက် ယုတ်လျော့လျှင် မအပ်၊ ပိုလွန်ပါမူကား အပ်၏ဟု ပြရခြင်းအကျိုးငှာ အတိရေက ဝီသတိဝဂ္ဂသံဃာကို မိန့်ဆိုသည်။

သောပန (အတိရေကဝီသတိဝဂ္ဂ သံဃော) စတုဝဂ္ဂါဒိနာ သံဃေန ကတ္တဗ္ဗံ ကမ္မံ ဦနကတရေန ကာတုံ န ဝဋ္ဋတိ၊ အတိရေကေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော။ (ကခ်ီ)

## ၂။ တိတ္ထိယပက္ကန္တက

ရဟန်းဖြစ်လျက် တိတ္ထိ၏အဖြစ်ကို တောင့်တ၍ ကိုယ်တိုင် သမန်းမြက်သင်္ကန်းစသော တိတ္ထိအသွင်ကို ယူသောသူသည်လည်းကောင်း, တိတ္ထိတို့၏အထံ၌ ရှင်ရဟန်းပြုသော သူသည်လည်း ကောင်း တိတ္ထိယပက္ကန္တက မည်၏။

ယော ပန ဥပသမ္ပန္နော တိတ္ထိယဘာဝံ ပတ္ထယမာနော၊ သယံ ဝါ ကုသစီရာဒိကံ တိတ္ထိယလိင်္ဂံ အာဒိယတိ၊ တေသံ ဝါ သန္တိကေ ပဗ္ဗဇတိ၊ နဂ္ဂေါ ဝါ ဟုတွာ အာဇီဝကာနံ သန္တိကံ ဂန္တွာ တေသံ ဝတာနိ အာဒိယတိ၊ အယံ တိတ္ထိယပက္ကန္တကော နာမ။ (ကခ်ီ)

## မာတုဃာတက

လူဇာတ်ဖြစ်သော အမိကိုသတ်သော ကိုယ်တိုင်ကလည်း လူဇာတ်ဖြစ်သော သားသည်သာ မာတုဃာတက မည်၏။

ယေန မနုဿဇာတိကာ ဇနေတ္တိ သယမ္ပိ မနုဿဘူတေန သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတာ၊ အယံ မာတုဃာတကော နာမ။ (ကခ်ါ)

၃။ ကာယသံသဂ္ဂ သိက္ခာပုဒ်၌ မာတုဂါမအရ မွေးဖွားသည်မှစ၍ အသက်ရှင်ဆဲဖြစ်သော လူမိန်းမကို ယူရမည်။

မာတုဂါမေန သဒ္ဓိန္တိ တဒဟုဇာတာယပိ ဇီဝမာနကမနုဿိတ္ထိယာ သဒ္ဓိံ။ (ကခ်ါ)

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ မာတုဂါမအရ ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လ စကားကို နားလည်သော လူမိန်းမကို ယူရမည်။

မာတုဂါမန္တိ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လ သလ္လက္ခဏာ သမတ္ထံ မနုဿိတ္ထိံ။ (ကခ်ါ)

## တိစီဝရိတ် အဓိဋ္ဌာန်ပျက်ပုံ

တိစီဝရိတ်သုံးထည်လုံးအတွက် အလျားစွန်းမှ တစ်ထွာအတွင်း၊ အနံစွန်းမှ သက်န်းကြီးနှင့် ဧကသီအတွက် လက်ရှစ်သစ်အတွင်း၊ သင်းပိုင်အတွက် လက်လေးသစ်အတွင်း လက်သန်း၏ လက်သည်းခွံ ပမာဏ ထုတ်ချင်းပေါက်လျှင် အဓိဋ္ဌာန်ပျက်၏။

တိစီဝရံ ပန ကနိဋ္ဌင်္ဂုလိ နခပိဋ္ဌိ ပ္ပမာဏေန ဆိဒ္ဒေနာပိ ဝိဇဟတိ၊ တတ္ထ ခေါ ဝိနိစ္ဆယေနေဝ၊ တထာ သံဃာဋိယာ စ ဥတ္တရာ သင်္ဃသ စ ဒီဃန္တတော ဝိဒတ္ထိ ပမာဏဿ၊ တိရိယန္တတော အဋ္ဌင်္ဂုလပမာဏဿ ပဒေသဿ ဩရတော ဆိဒ္ဒံ အဓိဋ္ဌာနံ ဘိန္ဒတိ။

အန္တရဝါသကောပိ ဒီဃန္တတော တေဒေဝပမာဏံ၊ တိရိယန္တေန ပန စတုရင်္ဂုလတာ ဝေဒိတဗ္ဗာ။ (ကခ်ါ)

၄။ မိုးရေခံသက်န်းကို ဝါဆိုလဆန်း ၁–ရက်နေ့မှစ၍ ဝတ်ရုံနိုင်ပါသည်။
အမှုမာသော သေသော ဂိမှာနန္တိ ကတွာ နိဝါသေတဗ္ဗံ။ (ပါတိမောက်)

**ပမာဏ**

မြတ်စွာဘုရား၏ လက်သန်း အထွာတော်အားဖြင့် အလျား ၆–ထွာ၊ အနံ ၂–ထွာခွဲ။
တတြိဒံ ပမာဏံ ဒီဃသော ဆဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ အမ္မတေယျာ။
(ပါတိမောက်)

အရုံအတွင်း တည်းခိုရာဇရပ်အတွင်း၌ ရွှေ, ငွေ ရတနာများကို ကိုင်ကောင်းသည်၊ အခြားသောအရပ်၌ မကိုင်ကောင်းပါ။ (ရတနသိက္ခာပုဒ်)

၅။ အနက်ထင်ရှားပြီ။

၆။ ညှပ်ရိုးနှစ်ဘက်၏ အထက်၊ ပုဆစ်ဒူးဝန်း နှစ်ဘက်၏ အောက်အရပ်၌ ကိုင်တွယ်သုံးသပ်လျှင် ပါရာဇိက မသင့်။

**တာဝန်**

ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီသည် မင်းကိုလည်းကောင်း, ဘိက္ခုနီသံဃာကိုလည်းကောင်း, မလ္လဂဏ ဘဋိပုတ္တဂဏ စသော ဂိုဏ်းကိုလည်းကောင်း, ကောင်းမှုပြုသော အသင်းကိုလည်းကောင်း, နံ့သာကုန်သည် အထည်ကုန်သည် စသည်တို့ကိုလည်းကောင်း ပန်ကြားရမည်။

၇။ **အရပ်ဌာန**

၁။ အလင်းရောင် မရှိသော ညဥ့်အမှောင်မိုက်အရပ်၊

၂။ ပဋိစ္စသမုပ္ပါဒ်အရုပ်၊
၃။ အဗ္ဘောကာသ– လွင်တီးခေါင်အရုပ်၊
၄။ ရထားသွားလောက် ထုတ်ချင်းပေါက်သော လမ်းအရုပ်၊
၅။ ထုတ်ချင်း မပေါက်သော လမ်းအရုပ်၊
၆။ လမ်းဆုံလမ်းခွအရုပ်၊

**ရေသနုပ်ပမာဏ**

မြတ်စွာဘုရား၏ လက်သန်းအထွာတော်ဖြင့် အလျား ၄–ထွာ၊ အနံ ၂–ထွာ။

၈။ ပါဠိထင်ရှားပြီ။

* * * * *

## ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ ဗျာကရဏ်ကို ပုဒ်ဖြတ်၍ သက်ဆိုင်ရာသုတ်တို့ဖြင့် ပုဒ်စပ်ပြီးလျှင်၊ ဒဏ္ဍီသဒ္ဒါနောင် ယော ဝိဘတ်သက်၍ ဒဏ္ဍိနောကို ပြီးအောင် ရုပ်တွက်ပြခဲ့ပါ။ (ခွင်း, ချေ, ကပ်, သုတ် မလို)

၂။ ဒီဃံ သုတ်ဖြင့် ရှေ့သရ ကျေရာဝယ် အဘယ်သရများကို အဘယ်ဒီဃ ပြုရမည်နည်း၊ အကြောင်းပြ ဖြေဆိုခဲ့ပါ။

၃။ အယောရသာ မေကာဝစနယောသွပိ စ သုတ်၌ အဘယ်အကျိုးငှာ စ သဒ္ဒါကို ထည့်၍ တည်ထားပါသနည်း။

၄။ နမော ယောဂါဒီသွပိ စ သုတ်၏ ဝုတ္တိ, ဥဒါဟရဏ်ကို ပြည့်စုံအောင် ပါဠိမျှ ရေးခဲ့ပါ။

၅။ အောက်ပါပုဒ်များကို အနက်မှန်မှန် သမ္ဗန်ပါ။

(က) သခေါ် စ ပဏဝေါ စ သခ်ပဏဝံ၊ (ခ) ဒဒ္ဒရိဋ္ဌိကွာမိံ၊

(ဂ) ဖာလပါစနံ၊ (ဃ) အသိစမ္မံ

(င) ကိငသရိသပံ၊

၆။ ပုရိသော စသောပုဒ်များကို ကာရက–ဟု ဆိုသကဲ့သို့ ဘိက္ခဝေ စသော အာလုပ်ပုဒ်များကို အဘယ်ကြောင့် ကာရကဟု မဆိုပါသနည်း။

၇။ အာချာတ်ကျမ်းလာ ဓာတုနိဒ္ဒေသ အမည်ရသော ပစ္စည်းများကို အကျဉ်းချုပ်အားဖြင့် ပြဆိုခဲ့ပါ။

၈။ အောက်ပါ ပေယျာလကို ထုတ်ဖော်ရေးသားခဲ့ပါ။

ထို အမနော့ဂိုဏ်းသည်လည်း ပုရိသာဒိဂိုဏ်း ။ လ ။ တစ်ဆယ့်တစ်ပါး အပြားရှိ၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
အဖြေလွှာ

၁။ ဝိ အာကရဏံ။

က္လဝဏ္ဏော ယံ နဝါ ဖြင့် က္လ–ကို ယ–ပြု၊ ဒေါ မဿ စ ဌ် စ–ဖြင့် ဝ–ကို ဗ–ပြု။

ဒက္ကိုတည်၊ ယောသက်၊ ဈမှည့် အယောရဿ မေကာဝစနယောသွပိစ ဖြင့် ရဿ–ပြု၊ ယော နံနော ဖြင့် နော–ပြု၊ ဒက္ကိနော ပြီး၏။

၂။ ဌာန်ချင်းနီးသည်၏ အစွမ်းကြောင့် အ–ကို အာဒီဃ, က္လ–ကို ဤဒီဃ, ဥ–ကို ဦ–ဒီဃ ဟူသော သဝဏ္ဏဒီဃ ပြုရမည်။

ဌာနာသန္နဝသေန ရဿသရာနံ သဝဏ္ဏဒီဃော။ (ရူ)

၃။ နဒီ, နဒိယော, နဒိယာ စသော ပြယုဂ်တို့၌ ရဿအပြုခိုင်မြဲစေခြင်းအကျိုးငှာ စ သဒ္ဒါကို ထည့်၍ တည်ထားပါသည်။

**(တစ်နည်း)** က္လတ္တိလိင်, ပုလ္လိင် အရာဝယ် သိဝိဘတ်မှတစ်ပါး နပုံလိင် သိ ဝိဘတ်နှင့်တကွ ဧကဝုစ်ဝိဘတ် ယော ဝိဘတ်တို့ကြောင့် ဃ–မဟုတ်သော ဒီဃ ကို အမြဲ ရဿ–ပြုရမည်ဟု သိစေခြင်းအကျိုးငှာ စ သဒ္ဒါကို ထည့်၍ ဆိုထားသည်။

၄။ ပါဠိထင်ရှားပြီ။

၅။ (က) သခေါ်စ– ခရုသင်းလည်း၊ ပဏဝေါ စ– ထက်စည်လည်း၊ သခ်ပဏဝံ– ခရုသင်း ထက်စည်။

(ခ) ဒဒ္ဒရိဒိဏ္ဍိမံ– စည်ပုတ် ပတ်သာ၊ (ဖားစည် စည်တို)

(ဂ) ဖာလပါစနံ– ထွန်သွား နှင်တံ၊

(ဃ) အသိစမ္မံ– သန်လျက် မြား ကာ၊

(င) ကီဠသရီသပံ– ပေါက်ဖတ် ကင်း သန်း။

၆။ ခေါ် ဝေါ် ဆဲအုခါ၌ ကြိယာနှင့် မစပ်သည်ဖြစ်၍ ကြိယာ၏အကြောင်းမျှ မဖြစ်သော ကြောင့် ကာရကဟု မဆိုရပါ။ (ပုဒ်စစ်)

အာမန္တနသမယေ ကြိယာယောဂါဘာဝတော ဣဒံ ကာရက ဝေါဟာရံ န လဘတိ။

၇။ ခ–ဆ–သ–အာ–ဤယ–ဏေ–ဏယ–ဏာပေ–ဏာပယ–အလ–အာရ–အာလ ပေါင်း ဓာတုနိဒ္ဒိဋ္ဌ ၁၁–ပစ္စည်း။

မှတ်ချက်။ ။ နာမမှာ တိစ္ဆတ္တေ၊ ဓာတုရူပေ နာမသ္မာ ဏယော စ ကို၌ လာသော ဤယ– ဏယ–တို့ကို အဂ္ဂဟိတဂ္ဂဟဏ နည်းအားဖြင့် ချန်ထားသည်။

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဝိညာဏဉ္စာယတနကုသိုလ်၏ (က) လွန်အပ်သော အာရုံ၊ (ခ) ပြုအပ်သော အာရုံတို့ကို ခွဲခြား ရေးခဲ့ပါ။

၂။ အနိယတယောဂီ ဖြစ်ပါလျက် နိယတယောဂီဖြစ်နိုင်ခွင့်ရှိသော စေတသိက်တို့ကို သင်္ဂဟကျမ်းနှင့်အညီ ထုတ်ပြပါ။

၃။ တစ်ဒွါရ၌ ဖြစ်သော စိတ်သရုပ်ကို ဆိုင်ရာဒွါရနှင့်တကွ ထုတ်ပြပါ။

၄။ အတိပရိတ္တာရုံဝီထိ၌ စိတ္တက္ခဏ ၇-ချက်မျှ အာရုံအသက်အကြွင်း ရှိပါသေးလျက် အဘယ့်ကြောင့် ဝီထိစိတ်မဖြစ်ပါသနည်း။

၅။ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ၏ ပဋိသန္ဓေ ပဝတ္တိအကျိုး ဝိပါက်စိတ်တို့ကို ကေစိဝါဒအရ ကုန်စင်အောင် ပြခဲ့ပါ။

၆။ ရူပ ပဝတ္တိက္ကမ အဆုံး ၂-ဂါထာတို့ကို ပါဠိရေးပြပါ။

၇။ သမုစ္စည်းပိုင်းအစ ဂါထာကို အနက်ရေးခဲ့ပါ။

၈။ သောက, ပရိဒေဝ အစရှိသည်တို့ကိုလည်း ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါအဖြစ် ထည့်သွင်းထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မထည့်သွင်းပါသနည်း။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ (က) ကောင်းကင်ပညတ်အာရုံ၊
(ခ) ပထမာရုပ္ပဝိညာဉ်အာရုံ၊

၂။ ဝိရတီစေတသိက် ၃–ပါး၊

**မှတ်ချက်॥** ॥ ဝိရတီတို့သည် လောကီမဟာကုသိုလ်၌ အနိယတယောဂီဖြစ်ပါလျက် လောကုတ္တရာစိတ်၌ နိယတယောဂီဖြစ်သည်။

ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတော လဗ္ဘန္တိ။

လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ။

၃။ စက္ခုဝိညာဉ်ဓွေ — စက္ခုဒွါရ
သောတဝိညာဉ်ဓွေ — သောတဒွါရ
ဃာနဝိညာဉ်ဓွေ — ဃာနဒွါရ
ဇိဝှါဝိညာဉ်ဓွေ — ဇိဝှါဒွါရ
ကာယဝိညာဉ်ဓွေ — ကာယဒွါရ
အပ္ပနာဇဝေ ဆဗ္ဗီသ — မနောဒွါရ

၄။ ဝုဋ္ဌော ၂–ကြိမ်ဖြစ်သည့်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသောကြောင့် အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ် မဖြစ်။

သတ္တ စိတ္တက္ခဏာယုကဿာပိ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနုပ္ပတ္တိယာ အပ္ပဟောနကာဘာဝတော ဝီထိစိတ္တာနံ ဥပ္ပါဒေါ နတ္ထိ။ (ဋီ)

၅။ ဒွိဟိတ်ဉက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ၌ အဟိတ် ကုသလဝိပါက် ၈–ပါး, မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂–ပါး ပေါင်း ၁၀–ပါးကို ဖြစ်စေ၏။

ဒွိဟိတ်ဉက္ကဋ္ဌ သသင်္ခါရိက ကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက် ၈–ပါး, မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂–ပါး ပေါင်း ၁၀–ပါးကို ဖြစ်စေ၏။

၆။ ထင်ရှားပြီ။

၇။ ထင်ရှားပြီ။

၈။ သောကစသည်တို့သည် ဇာတိ၏မုချအကျိုးမဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ် မထည့်သွင်းပါ။

သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။ (သင်္ဂဟ)

* * * * *

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပဌမပြန်စာမေးပွဲ
# ပဌမလတ်တန်း။ ။ ယမကဘာသာ
## မေးခွန်းလွှာ

၁။ ကုသလတိက် မူလဝါရ၌ ရထိုက်သော (ပဒ–နယ–ယမက–ပုစ္ဆာ–အတ္ထ)တို့၏ အရေအတွက်ကို ပြဆိုကာ၊ အောက်ပါပေယျာလများကိုလည်း ဖော်လိုက်ပါ။

(က) ထိုယမိုက်ကျမ်းသည်လည်း (ပေ) ၁၀–ပါးအပြားရှိ၏။

(ခ) ထိုကုသလတိက်သည်လည်း (ပေ) ၁၀–ပါး အပြားရှိ၏။

၂။ အောက်ပါပုဒ်တို့တွင် အဘယ်ပုဒ်ကို သန္နိဋ္ဌာန်၊ အဘယ်ပုဒ်ကို သံသယ အဖြစ်ထားလျှင် (အာမန္တာ) ဝိဘင်းထွက်ပါမည်နည်း။

(က) အကုသလ၊

(ခ) အကုသလမူလ၊

(ဂ) အကုသလမူလေန ဧကမူလ၊

(ဃ) အကုသလမူလေန အညမညမူလ။

၃။ န ရူပံ၊ န ခန္ဓော။ ဤပုစ္ဆာကို နှစ်ဘက်ရဝိဘင်းထုတ် အရကောက်၍၊ ပဉ္စဝေါကာရာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ၊ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ–ဟူသော ဝိဘင်းတွင် မပါဝင်သော "ပဉ္စဝေါကာရ" ပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်လတ္တံ့ ရ, မရကို အကြောင်းပြ၍ ဖြေဆိုပါ။

၄။ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတိ၊ တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ။ ဤပုစ္ဆာကို ဝိဘင်းထုတ်၍၊ ၎င်းကို ပဋိလောမပြန်လျက် တစ်ဘက်ရ ပုဂ္ဂိုလ်များကိုလည်း (ပါဠိဝိဘင်းမျှ) ဖော်ပြပါ။

၅။ ဓမ္မပုဒ်၏ အရသာဖြစ်၍ ဓမ္မာယတနပုဒ်၏အရ မဖြစ်သော တရားများကို ပြဆို၍၊ စက္ခုမူမနမူလီ အနုလုံ၌ နှစ်ဘက်ရ ဝိဘင်းကို "သစက္ခုကာနံ သစိတ္တကာနံ ဥပပဇ္ဇန္တာနံ တေသံ မနာယ

တနဋ္ဌ ဥပ္ပဇ္ဇတိ၊ စက္ခာယတနဋ္ဌ ဥပ္ပဇ္ဇတိ” ဟု ထုတ်ပါက မလိုအပ်သော ပဒ ပါ, မပါ အကြောင်းပြ ဖြေဆိုပါ။

၆။ ယဿ ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ မနာယတနံ ဥပ္ပဇ္ဇိဿတိ။ ဤပုစ္ဆာ၏ ဝိဘင်းကို ထုတ်ပြ၍ ဓာတုယမက ပဏ္ဏတ္တိဝါရ၌ ရထိုက်သော ပုစ္ဆာသင်္ချာမျှကိုလည်း ပြဆိုပါ။

၇။ သမုဒယဋ္ဌ သမုဒယသစ္စဋ္ဌ ဌပေတွာ အဝသေသာ န စေဝ သမုဒယသစ္စံ န စ သမုဒယော ဤဝိဘင်းအရ တရားများကို ကောက်ပြ၍ မဂ်စိတ်သည် ဒုက္ခသစ္စာ မဟုတ်ပါဘဲလျက် “ပဋ္ဌဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဋ္ဌ ဥပ္ပဇ္ဇတိ၊ မဂ္ဂသစ္စဋ္ဌ ဥပ္ပဇ္ဇတိ” ဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

၈။ (က) မိမိဖြစ်ခိုက်ဘုံ၌ ဒုက္ခသာဖြစ်ဖူး သမုဒယမဖြစ်ဖူး၊ (ခ) နှစ်ပါးစုံ ဖြစ်ဖူး၊ (ဂ) နှစ်ပါးစုံ မဖြစ်ဖူးသော (သုဒ္ဓါဝါသ) ပုဂ္ဂိုလ်များကို စိတ္တုပ္ပါဒ်ဖြင့် ပိုင်းဖြတ် ကောက်ပြ၍၊ သမုဒယ မဂ္ဂ နှစ်ပါးစုံ ဖြစ်လတ္တံ့ဖြစ်သော တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့ ပုဂ္ဂိုလ်ကို ဆိုရိုးကျ သေချာစွာ ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ ပဒ – ၄
နယ – ၁၆
ယမက – ၄၈
ပုစ္ဆာ – ၉၆
အတ္ထ – ၁၉၂
(ပေယျာလ ထင်ရှားပြီ။)

၂။ (ခ) ကို သန္နိဋ္ဌာန်၊ (က) ကို သံသယ အဖြစ်ဖြင့်လည်းကောင်း၊
(ဃ) ကို သန္နိဋ္ဌာန်၊ (ဂ) ကို သံသယအဖြစ်ဖြင့်လည်းကောင်း ထားလျှင် (အာမန္တာ) ဝိဘင်းထွက်မည်။

၃။ **ဝိဘင်း** – ရူပဋ္ဌ ခန္ဓေ စ ဌပေတွာ အဝသေသာ န စေဝ ရူပံ၊ န စ ခန္ဓာ။
**အရကောက်** နိဗ္ဗာန်, ပညတ်ရ၏။
**မရကြောင်း** သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် မိမိဖြစ်ခိုက်ဘုံ၌ ထပ်၍မဖြစ်သောကြောင့် မိမိဖြစ်ခိုက်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်လတ္တံ့ မရ။

၄။ အာမန္တာ။
ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ၊ ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။
(ပဋိ–တစ်ဘက်ရ)

၅။ ဓမ္မာယတနမှတစ်ပါး စိတ်တစ်ခုယုတ် ကိုးဆယ်၊ သြဠာရိကရုပ် ဒွါဒသ ဟုဆိုအပ်သော ပရမတ္ထဓမ္မ၊ အပေါင်းဖြစ်သော ပညတ္တိဓမ္မ။

စက္ခုဖြစ်ဆဲဖြစ်က မနဖြစ်ဆဲ ကေန်ဖြစ်သောကြောင့်။

မလိုအပ်သော ပဒကား သစိတ္တကာနံ ဖြစ်ပါသည်။

၆။ အသညသတ္တာနံ တေသံ တတ္ထ (တစ်ဘက်ရ)

ပဉ္စဝေါကာရာနံ တေသံ တတ္ထ (နှစ်ဘက်ရ)

ပုစ္ဆာ – ၂၅၈၂ (နှစ်ထောင့်ငါးရာ ကိုးဆယ့်နှစ်ပါး)

၇။ သမုဒယသာမည သမုဒယသစ္စာမှ တစ်ပါး သစ္စာ ၃–ပါး။

သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် ၂၉–ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခု၊ အနိန္ဒြိယဗဒ္ဓရုပ်ဖြစ်သော ဥတုဇကလာပ် ၂–ခု၊ ပညတ် ရ၏။

မဂ်စိတ်သည် ဒုက္ခသစ္စာဖြစ်ဆဲမဟုတ်သော်လည်း ပဉ္စဝေါကာရဘုံ၌ မဂ်စိတ်ဖြစ်က စိတ္တဇရုပ်လည်း အတူတကွဖြစ်၍ မဂ်စိတ်ပြုအပ်သော စိတ္တဇရုပ်သည် ဒုက္ခသစ္စာဖြစ်သောကြောင့် "ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ၊ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ"ဟု ဟောတော်မူသည်။

၈။ (က) သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ဘဝင် ၁၅–ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပထမဇော ဤ ၁၈–ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်။

(ခ) ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏

ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

(ဂ) ရူပါဝစရပဋိသန္ဓေမျှသာ ပဋိသန္ဓေ ၁–ခု၊ စေတသိက် တိ သ တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်။

* * * * *

## ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

### မေးခွန်းလွှာ

၁။ ဒေဝါနံ သမ္ပဝတ္တယိ ဟူသော မာတိကာနိဒါန်း အဋ္ဌကထာကျမ်းအရ ရှင်တော်မြတ်ဘုရားသည် အဘိဓမ္မာဒေသနာတော်ကို လူပြည်၌ မဟောခြင်းနှင့် တာဝတိံသာနတ်ပြည်၌ နတ်, ဗြဟ္မာတို့အား ဟောတော်မူခြင်းအကြောင်းတို့ကို စုံလင်စွာ ပြပြီးလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကိုလည်း သာဓကနှင့်တကွ ဖော်ပြခဲ့ပါ။

၂။ အတီတာရမ္မဏာ ဓမ္မာဟူသော ပုဒ်၌ အတီတနှင့် အတီတာရမ္မဏတို့အရ ကေန္တ ဓမ္မတို့ကို ဖော်ပြပြီးလျှင် အနုပ္ပန္နဓမ္မ သရုပ်တို့ကိုလည်း ဖော်ထုတ်ခဲ့ပါ။

၃။ ဂန္ထလည်းမည်, ဂန္ထနှင့်လည်း ယှဉ်သော တရားနှင့် ဂန္ထနှင့်မယှဉ်သော တရားတို့ကို ဖော်ထုတ်ခဲ့ပါ။

၄။ စိတ္တသံသဋ္ဌ သမုဋ္ဌာနာ နုပရိဝတ္တိနော ဓမ္မာပုဒ်အရနှင့် စိတ္တာနုပရိဝတ္တိဒုက် ပထမပဒ အရ တရားကိုယ်တို့ကို ထုတ်ပြပြီးလျှင်၊ ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက်၏ ဒုက်မုတ်ကိုလည်း ထုတ်ဖော်

ခဲ့ပါ။

၅။ အောက်ပါပုဒ်တို့၏ တရားကိုယ်ဓမ္မများကို ထုတ်ပြခဲ့ပါ။

(က) ခန္ဓီ စ၊ (ခ) ဘောဇနေ မတ္တညုတာ စ။

၆။ ဓာတုကထာ ဥဒ္ဒေသလာ အောက်ပါဓမ္မတို့၏ တရားကိုယ်တို့ကို ကျမ်းလာအရ ထင်ရှားအောင် ဖော်ပြခဲ့ပါ။

(က) ကမ္မဘဝ၊ (ခ) သမ္မပ္ပဓာန၊ (ဂ) အဓိမောက္ခ။

၇။ ဝေဒနာက္ခန္ဓာနှင့်ယှဉ်သော တရားနှင့် မယှဉ်သောတရားတို့ကို ကျမ်းလာအရ ပြဆိုပြီးလျှင် ယှဉ်သောတရားတို့ကို အဘယ်ခန္ဓာ စသည်တို့ဖြင့် ရေတွက်အပ်ပါသနည်း၊ ထင်ရှားစွာ ဖော်ပြခဲ့ပါ။

၈။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။

သမုဒယသစ္စေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဓမ္မာ ။ပ။ ဧကေန ခန္ဓေန ဧကေ နာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၄ (၁၉၆၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ နက်နဲပြီး ကျယ်ဝန်းသော အဘိဓမ္မာဒေသနာတော်ကို လူပုဂ္ဂိုလ်တို့သည် တစ်ခုတည်းသော ဣရိယာပုထ်ဖြင့် ပြီးပြည့်စုံအောင် နာယူခြင်းငှာ မစွမ်းနိုင်၊ နတ်ဗြဟ္မာတို့သာ စွမ်းနိုင်သည်၊ ထိုကြောင့် လူပြည်၌ မဟောဘဲ တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာတို့အား ဟောတော်မူသည်။

**နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း** မဂ်စိတ် ၄–ခု၊ စေတသိက် ဆတ္တိံ သ။
**သာဓက** အပစယဂါမိနော ဓမ္မာ။

၂။ **အတီတကေန္ဒဓမ္မ** အာကာသာနဉ္စာယတနစိတ် ၃–ခု၊ အာကိဉ္စညာယတနစိတ် ၃–ခု။
**အတီတာရမ္မဏကေန္ဒဓမ္မ** ဝိညာဏဉ္စာယတနစိတ် ၃–ခု၊ နေဝသညာနာသညာယတနစိတ် ၃–ခု၊ စေတသိက် တိံ သ။
**အနုပ္ပန္နဓမ္မ** အနာဂတ်ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသ။

၃။ ၄။ ၅။ ၆။ (ထင်ရှားပြီ။)

၇။ **ဝေဒနာက္ခန္ဓာနှင့် ယှဉ်သောတရားနှင့် မယှဉ်သောတရားကား–** ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။
"ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ" ဟူသော သတ္တမ နယကို ရည်ရွယ်သည်။
**တစ်နည်း** ဝေဒနာက္ခန္ဓာနှင့်ယှဉ်သောတရားကား– စိတ်တစ်ခုယုတ် ကိုးဆယ်၊ ဝေဒနာကြဉ်သော စေတသိက် ဧကပညာသ။
**ဝေဒနာက္ခန္ဓာနှင့် မယှဉ်သောတရားကား–** ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။
ခန္ဓာ စသည်– သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။
အာယတန– မနာယတန, ဓမ္မာယတန။
ဓာတ်– သတ္တဝိညာဏဓာတ်, ဓမ္မဓာတ်။

မှတ်ချက်။ ။ ဤ ၇–နံပါတ်ပုစ္ဆာ ပထမပိုင်းသည် အဓိပ္ပါယ်နှစ်မျိုးသက်ရောက်နေ၏၊

သက်ရောက်ပုံကား-

(က) "ဝေဒနာက္ခန္ဓာနှင့် ယှဉ်သောတရားနှင့် မယှဉ်သောတရားတို့ကို ပြဆိုပါ" ဟူ၍လည်းကောင်း၊ (ခ) "ဝေဒနာက္ခန္ဓာနှင့် ယှဉ်သောတရား ဝေဒနာက္ခန္ဓာနှင့် မယှဉ်သောတရားတို့ကို ပြဆိုပါ" ဟူ၍လည်းကောင်း။

ဤသို့ အဓိပ္ပါယ် ၂-မျိုးသက်ရောက်နေ၏၊ (ပဌမနည်းအရဆိုလျှင်) ဝိပ္ပယုတ္တကို မေးလိုရင်း ဖြစ်၏၊ ဝေဒနာက္ခန္ဓ သမ္ပယုတ္တဓမ္မ၏ ဝိပ္ပယုတ္တဓမ္မကိုသာ ဖြေရမည်။

(ဒုတိယနည်းကား) ဝေဒနာက္ခန္ဓ သမ္ပယုတ္တဓမ္မ တစ်ချက်၊ ဝေဒနာက္ခန္ဓ ဝိပ္ပယုတ္တဓမ္မ တစ်ချက် ဖြေဆိုရမည်၊ အဖြေကို ပြန်ကြည့်ပါ။

၈။ ထင်ရှားပြီ။

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စဟူသော အမည် ၂–မျိုးလုံးကို ရသော အမှုကိစ္စများကို ညွှန်ကြား၍ ပါရာဇိကကျသော ရဟန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံကို ဥပမာဖြင့် ထင်ရှားအောင် ဖော်ပြခဲ့ပါ။

၂။ အာပတ်သင့်ခြင်း၏ အကြောင်း ခြောက်ပါးတို့ကို ပြဆို၍၊ သိက္ခာသာဇီဝ သမာပန္နော–၌ သိက္ခာအရ သာဇီဝအရတို့ကိုလည်း ကောက်ပြပါ။

၃။ ကာယသံသဂ္ဂသိက္ခာပုဒ်, သဥ္စရိတ္တသိက္ခာပုဒ်တို့၏ အင်္ဂါများကို အသီးသီးဖော်ပြခဲ့ပါ။

၄။ ဝိကပ္ပနာပြုနိုင်သော အငယ်ဆုံးသင်္ကန်းပမာဏကို မြတ်စွာဘုရားအတိုင်းအတာဖြင့် ဖော်ပြ၍၊ ပုရာဏစီဝရသိက္ခာပုဒ် အညာတိကာယ ဘိက္ခုနီယာ၌ အဘယ်သို့ ပဥ္စင်းဖြစ်သော ဘိက္ခုနီကို ယူရမည်ဟု ဆုံးဖြတ်ခဲ့ပါ။

၅။ ဝိကပ္ပနာပြုနိုင်ရာ ပုဂ္ဂိုလ်များကို ညွှန်ကြား၍ ရတနာများကို မကိုင်ကောင်းသောအရပ်, အကြောင်းအားလျော်စွာ ကိုင်ကောင်းသောအရပ်တို့ကို ပြဆိုခဲ့ပါ။

၆။ ဘိက္ခုနီများသည် သီတင်းဝါလကျွတ်လျှင် အဘယ်မျှ ခရီးသွားရမည်ကို ပြဆို၍၊ ခက်မ၌ ပေါက်သော အနာကို ယောကျ်ားဆရာဖြင့် ခွဲလိုပါက ပြုရမည့်အစီအရင်ကိုလည်း ဖော်ပြခဲ့ပါ။

၇။ ကုမာရိဘူတဝဂ် ပဥ္စမသိက္ခာပုဒ်၊ ဒသမသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။

၈။ အဓိကရဏသမထတို့တွင် နောက်ငါးပါးကိုသာ အနက်ပေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ
### အဖြေလွှာ

၁။ ၁။ သမ္မဇ္ဇနီ– တံမြက်လှည်းခြင်း။

၂။ ပဒီပေါ– ဆီမီးညှိထွန်းခြင်း။

၃။ ဥဒကံ– သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း။

၄။ အာသန– နေရာခင်းခြင်း။

**ဆုံးရှုံးရပုံ**

ရဟန်း မဖြစ်မီ ရှေး လူ, သာမဏေဖြစ်စဉ် အခါ၌ ရဟန်းကောင်းတို့နှင့် အတူတကွ ဧကေ့ဒွေသ ဧကကမ္မ သမသိက္ခာတာဟူသော သံဝါသကိုမရနိုင်သလို ပါရာဇိကကျပြီးရာ နောက် အခါ၌လည်း ရဟန်းကောင်းတို့နှင့် အတူတကွ ပြုရသော ဆိုခဲ့ပြီးသော သံဝါသကို မရတော့ပဲ ဆုံးရှုံး ရသည်။

န လဘတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ၊ ယထာ ပုရေ တထာပစ္ဆာ ပါရာဇိကော ဟောတိ အသံဝါသော။

၂။ **အာပတ်သင့်ခြင်းအကြောင်း**

၁။ အလဇ္ဇိတာ– အရှက်မရှိခြင်း။

၂။ အညာဏတာ– မသိမလိမ္မာခြင်း။

၃။ ကုက္ကုစ္စပကတာ– ကုက္ကုစ္စနှိပ်စက်ခြင်း။

၄။ အကပ္ပိယေ ကပ္ပိယသညိတာ– မအပ်သောအရာ၌ အပ်၏ဟုထင်ခြင်း။

၅။ ကပ္ပိယေ ဒ. ကပ္ပိယသညိတာ– အပ်သောအရာ၌ မအပ်ဟုမှတ်ထင်ခြင်း။

၆။ သတိသမ္မောသာ– သတိကင်းခြင်း ( ဝါ ) သတိမေ့လျော့ခြင်း။

ဆောင် *အလဇ်,အညာ၊ ကုက္ကုစ္စာနှင့် အကပ္ပါထည့်၊ နောက်ကပ္ပိတည်း၊ သတိမောသတ်၊ ဤခြောက်ရပ်၊ အာပတ်သင့်ကြောင်းတည်း။*

**သိက္ခာ**– ပါတိမောက္ခသံဝရသီလတည်းဟူသော အဓိသီလ သိက္ခာသည် သိက္ခာမည်၏။

**သာဇီဝ**– ပညတ်တော်မူအပ်သော သိက္ခာပုဒ်သည် သာဇီဝမည်၏။

၃။ **ကာယသံသဂ္ဂ အင်္ဂါ**

၁။ လူမိန်းမဖြစ်ခြင်း။

၂။ မိန်းမဟုအမှတ်ရှိခြင်း။

၃။ ကာယသံသဂ္ဂရာဂရှိခြင်း။

၄။ လုံ့လပြုခြင်း။

၅။ ကိုင်မိ ထိမိခြင်း။

ဣတ္ထိသညီ မနုဿိတ္ထိ၊ ကာယသံသဂ္ဂရာဂ ဝါ၊

သမ္ဗန္ဓေ ဥပက္ကမ္မ၊ သမဏော ဂရုကံ ဖုသေ။ (ခုဒ္ဒသိက္ခာ )

**သဉ္စရိတ္တအင်္ဂါ**

၁။ အောင်သွယ်အပ်သူ မိန်းမ ယောကျ်ားတို့ လူသား စင်စစ်ဖြစ်ခြင်း။

၂။ အောင်သွယ်ထိုက်ခြင်း။

၃။ ဝန်ခံခြင်း။

၄။ စုံစမ်းခြင်း။

၅။ ပြန်ပြောခြင်း။

မနုဿတ္တံ တထာ တဿာ၊ နာနာလံ ဝစနီယတာ။

ပဋိဂ္ဂဏှာတာဒီနံ၊ ဝသာ ပဉ္စင်္ဂိကံ မတံ။ (ဝိနယ ဝိနိစ္ဆယ)

၄။ မြတ်စွာဘုရား လက်သန်းအထွာတော်အားဖြင့် အလျား ၈–သစ်၊ အနံ ၄–သစ်ရှိသော သင်္ကန်းသည် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်၏။

*ဆောင်။ ။ အလျားရှစ်သစ်၊ နံလေးသစ်၊ ရှင်ချစ်လက်တော်သာ။*

အနုဇာနာမိဘိက္ခဝေ အာယာမတော အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန၊ စတုရင်္ဂုလ ဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ။ (မဟာဝါ)

## ဘိက္ခုနီ

သုဒ္ဓဘိက္ခုသံဃာ၌လည်းကောင်း, ဥဘတောသံဃာ၌လည်းကောင်း ပဉ္စင်းဖြစ်လာသော ဘိက္ခုနီကို ယူရမည်။

ဘိက္ခုနိယာတိ သာကိယာနိယော ဝိယ သုဒ္ဓဘိက္ခုသံဃေ ဝါ ဥဘတော သံဃေ ဝါ ဥပသမ္ပန္နာယ။

၅။ ၁။ ဘိက္ခု၊ ၂။ ဘိက္ခုနီ၊
၃။ သိက္ခမာန်၊ ၄။ သာမဏေယျော်။
၅။ သာမဏေမ။

## ရတနာကိုင်ကောင်းသောအရပ်

၁။ အဇ္ဈာရာမ၊ ၂။ အဇ္ဈာဝသထအရပ်တို့၌ ဒါယကာ, ဒါယိကာမတို့ မေ့ကျန်နေသော ရတနာများကို ပိုင်ရှင်လာယူသောအခါ ရနိုင်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားသောအနေဖြင့် ကိုင်ကောင်းသည်။

**မကိုင်ကောင်းသောအရပ်**–အဇ္ဈာရာမ, အဇ္ဈာဝသထမှ တစ်ပါးသောအရပ်၌ ရတနာများကို မကိုင်ကောင်းပါ။

၆။ အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ ခရီးသွားရမည်။
**ပြုရမည့်အစီအစဉ်–** သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း ပန်ကြားရမည်။

၇။ ပါဠိထင်ရှားပြီ။

၈။ အနက်ထင်ရှားပြီ။

* * * * *

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ ပဂေဝ–ကို ပုဒ်ဖြတ်၍ သက်ဆိုင်ရာသုတ်များဖြင့် ပုဒ်စပ်ပြီးလျှင်၊ ဗာရာဏသိ အဟုရာဇာ၌ ဗာရာဏသိ ပုဒ်ကို နာမ်ရုပ်အကျဉ်း တွက်ခဲ့ပါ။

၂။ တ, တေ, ဣမ, အမု, ကိံ ဟူသော ပုဒ်တို့၏ အနက်ကို အသီးသီး ဖော်ထုတ်ရေးသားပါ။

၃။ ဘော ပုရိသ, ဘောတိ ကညေ–အစရှိသော ပုဒ်တို့၌ အဘယ်အကျိုးငှာ ဘဝန္တသဒ္ဒါကို ထည့်၍ ဆိုပါသနည်း။

၄။ အောက်ပါဥဒါဟရဏ်များဝယ် အဘယ်သုတ်ဖြင့် အဘယ်အနက်၌ သ–ဝိဘတ် သက်ပါသနည်း၊ ခွဲခြားရေးသားပါ။

ကတံ မေ ပါပံ။ ။ကုသလာ နစ္စဂီတဿ။

၅။ နမော ယောဂါဒီသွပိ စ သုတ်၌ အာဒိ–သဒ္ဒါ၏ အာဒိဝန် အရ ယူရမည့်သဒ္ဒါများကို ရေးခဲ့ပါ။

၆။ အောက်ပါ ပေယျာလများကို ဖော်ခဲ့ပါ။

ဘူမိ ဂတော ။ လ ။ သလ္လဝိဒ္ဓေါ။

၇။ မာ–သဒ္ဒါနှင့်ယှဉ်ရာ၌ မည်သည့် အာချာတ်ဝိဘတ်များသည် မည်သည့်ကာလများ၌ သက်နိုင်ပါသနည်း။

၈။ အောက်ပါပေယျာလကို ဖော်ရေးပါ။

ပတ်လုံးဟူ၍လည်းကောင်း။ လ ။ နှစ်ပါးအပြားရှိ၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ ပါ–ဓဝ

ပါဿ စန္တော ရဿော–သုတ်ဖြင့် ပါ–သဒ္ဒါနောင် ဂ–လံာ၍ အာ–ကိုလည်း အ–ရဿပြု၊ နယေ ပရံ ယုတ္တေဖြင့် ကပ်၊ ပဂေဝ– ပြီး၏။

ဗာရာဏသီ–တည်၊ သ္မိံ –သက်၊ ပ–အမည်မှည့်၊ အဃော ရဿ မေက ဝစနယောသွပိ စ ဖြင့် ရဿ–ပြု၊ အာဒိတော ဩ စ–သုတ်၌ စ–သဒ္ဒါဖြင့် သ္မိံ ကို အံ–ပြု၊ အံမော နိဂ္ဂဟိတံ ဈလပေဟိ–ဖြင့် နိဂ္ဂဟိတ်ပြု၊ ဗာရာဏသိံ ပြီး၏။

| | | | |
|---|---|---|---|
| ၂။ | တ သဒ္ဒါ | ပရမ္မုခ | (မျက်ကွယ်အနက်) |
| | ဧတ သဒ္ဒါ | သမီပ | (အနီး အနက်) |
| | ဣမ သဒ္ဒါ | အစ္စန္တသမီပ | (အလွန် အနီး အနက်) |
| | အမုသဒ္ဒါ | ဒူရ | (အဝေး အနက်) |
| | ကိံ သဒ္ဒါ | ပုစ္ဆာ | (အမေး အနက်) |

တ, ဧတ, ဣမ, အမု, ကိံ ဣစ္စေတေ ပရမ္မုခ, သမီပ, အစ္စန္တသမီပ, ဒူရ, ပုစ္ဆနတ္ထ ဝစနာ။ (ရူ)

၃။ အာလုပ်အနက် ထင်ရှားခြင်းအကျိုးငှာ ဘဝန္တ သဒ္ဒါကို ထည့်၍ ဆိုပါသည်။
အာလပနာဘိဗျတ္တိယာ ဘဝန္တသဒ္ဒံ ဝါ ဟေသဒ္ဒံ ဝါ ပယုဥ္ဇန္တေ။ (ရူ)

၄။ **ကတံ မေ ပါပံ**

ဆဋ္ဌီ စ–သုတ်ဖြင့် တတိယာဝိဘတ်၏ ကတ္တားအနက်၌ ဆဋ္ဌီ သ–ဝိဘတ် သက်ထားသည်။

**ကုသလာ နစ္စဂီတဿ**

ဆဋ္ဌီ စ–သုတ်ဖြင့် သတ္တမီအနက်၌ ဆဋ္ဌီ သ–ဝိဘတ်သက်ထားသည်။

၅။ အာဒိဝန်အရ သောတ္ထိ, သွာဂတ စသောသဒ္ဒါများကို ယူရပါမည်။

၆။ ထင်ရှားပြီ။

၇။ မာ သဒ္ဒါနှင့်ယှဉ်ရာ အလုံးစုံသောကာလ၌ ဟိယျတ္တနီ, အဇ္ဇတ္တနီ, ပဉ္စမီဝိဘတ်များ သက်သည်။ (မာယောဂေ သဗ္ဗကာလေ စ သုတ်ရင်းနှင့် စ သဒ္ဒါ)

၈။ ထင်ရှားပြီ။

* * * * *

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ သုခသဟဂုတ်စိတ် ၆၃–ခုကို ဆိုင်ရာကိစ္စနှင့် ဖြစ်နိုင်သမျှ ယှဉ်တွဲ၍ သရုပ်ခွဲပြပါ။

၂။ သောတဝိညာဉ်သည် အနိဋ္ဌာရုံ၌ ဒေါမနဿဖြစ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဥပေက္ခာသာ ဖြစ်ပါသနည်း၊ ရှင်းပြပါ။

၃။ ရုပ် ၂၈–ပါးကို အောက်ပါလေးချက်ဖြင့် သရုပ်ခွဲပြပါ။

(က) ဝတ္ထုရုပ်သာမည်၍ ဒွါရရုပ် မမည်၊

(ခ) ဒွါရရုပ်သာမည်၍ ဝတ္ထုရုပ် မမည်၊

(ဂ) နှစ်ပါးစုံမည်၊

(ဃ) နှစ်ပါးစုံ မမည်၊

၄။ ဣတ္ထိန္ဒြိယရုပ်နှင့် ဇီဝိတိန္ဒြိယတို့သည် အဘယ်တို့၌ အစိုးရကုန်သနည်း ဖော်ပြ၍၊ ယင်းနှစ်ပါးတို့၏ အစိုးရပုံအထူးကိုလည်း ခြားနားဖော်ပြပါ။

၅။ ရူပကလာပ၏ အင်္ဂါများကို ထုတ်ပြ၍၊ အာကာသနှင့် လက္ခဏာရုပ်တို့၏ ကလာပအင်္ဂါ၌ မထည့်ရခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

၆။ စိတ်က ရုပ်ကို ဖြစ်စေပုံပြသော ပါဠိစုကို မှန်အောင်ရေးပါ။

၇။ နာမ်ရုပ်သည် နာမ်ရုပ်အား အာဟာရ၊ ဣန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပုံပြသော ပါဠိကို အနက်

မှန်မှန်ပေးခဲ့ပါ။

၈။ ဝိကွိတ္တ ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးပြီးလျှင်၊ ယင်းကမ္မဋ္ဌာန်းသည် အဘယ်စရိုက် ပြောသောပုဂ္ဂိုလ်အား မည်သို့သော ပဋိပတ္တိအရသာတိုင်အောင် ခံစားစေနိုင်ကြောင်း ရှင်းပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ သုခသဟဂုတ် ကာယဝိညာဉ်စိတ်သည် ဖုသနကိစ္စ။
သောမနဿသန္တီရဏသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စအားဖြင့် ၂–ကိစ္စ။
မဟာဝိပါက် သောမနဿ ၄–ခုသည် ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံအားဖြင့် ၄–ကိစ္စ။
မဟဂ္ဂုတ်ဝိပါက် သောမနဿ ၄–ခုသည် ပဋိသန္ဓေ, ဘဝင်, စုတိအားဖြင့် ၃–ကိစ္စ။
ကြွင်းသော သုခသဟဂုတ်စိတ် ၅၃–ပါးသည် ဇောကိစ္စ။

၂။ ဝတ္ထု, အာရုံတို့၏ ထိခိုက်မှု အားနည်းသည်၏ အဖြစ်ကြောင့် သောတဝိညာဉ်သည် ဥပေက္ခာသာ ဖြစ်ရသည်။

စက္ခုဝိညာဏာဒီနိ ပန စတ္တာရိ ဥဘယဝိပါကာနိပိ ဝတ္ထာရမ္မဏာ ဃဋ္ဋနာယ ဒုဗ္ဗလဘာဝတော အနိဋ္ဌေ ဣဋ္ဌေပိ အာရမ္မဏေ ဥပေက္ခာသဟဂတာနေဝ။ (ဋီ)

၃။ (က) ဟာဒယရုပ် ၁-ပါး၊
(ခ) ဝိညတ်ရုပ် ၂-ပါး၊
(ဂ) ပသာဒရုပ် ၅-ပါး၊
(ဃ) ကြွင်းသောရုပ် ၂၀-ပါး၊

၄။ ဣန္ဒြိယသည် ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့၌ အစိုးရ၏။
ဇီဝိတိန္ဒြိယသည် မိမိနှင့်ဖြစ်ဘက် ကမ္မဇရုပ်များကို အစိုးရ၏။

**အစိုးရပုံအထူး**

ဣတ္ထိလိင် စသည်တို့၌ (မိမိတို့၏ ကံစသော အကြောင်းကြောင့် ဖြစ်ရသော်လည်း) များသောအားဖြင့် ဘာဝရုပ်ရှိသူသန္တာန်၌သာလျှင် လက်, ခြေ ပုံသဏ္ဌာန်ကြီးခြင်း, ငယ်ခြင်းစသော အခြင်းအရာအားဖြင့် ဖြစ်ရသည်။

ဣတ္ထိဘာဝရုပ်ရှိသူသန္တာန်မှာ ဣတ္ထိဘာဝရုပ်၏ အမိန့်အာဏာအတိုင်း ဣတ္ထိလိင် စသည်တို့ ဖြစ်ရသည်ဟူလို။

ဤသို့ ဣတ္ထိန္ဒြိယသည် ဣတ္ထိလိင် စသည်၌ အစိုးရသည်၊ ဇီဝိတရုပ်က စောင့်ရှောက်ထောက်ပံ့မှုကြောင့်သာ ကမ္မဇရုပ်များ ခဏငယ် ၅၀-ချက်ခန့် အသက်ရှည်နိုင်ကြသည်၊ ဤသို့ ဇီဝိတိန္ဒြိယသည် ကမ္မဇရုပ်များကို စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရသည်။ (ဋီကာ- ဣန္ဒြိယအဖွင့်)

၅။ **ရူပကလာပင်**

၁။ ဧကုပ္ပါဒ၊ ၂။ ဧကနိရောဓ၊ ၃။ ဧကနိဿယ၊

**မှတ်ချက်။** ။ သဟဝုတ္တိနော ကိုလည်း အင်္ဂါဟု ဆိုကြသေး၏။

ကလာပ်တို့ကို ပိုင်းခြားကြောင်း, မှတ်ကြောင်း၏ အဖြစ်ကြောင့် အာကာသနှင့် လက္ခဏာရုပ် ၄-ခုတို့ကို ကလာပအင်္ဂါ၌ မထည့်ရပါ။ (သင်္ဂဟ)

၆။ အရူပဝိပါက ဒွိပဉ္စဝိညာဏ ဝဇ္ဇေတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပထမဘဝင် မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။

တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။

**ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိသမုဋ္ဌာပေန္တိ။**

သောမနဿဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္ပိ ဇနေန္တိ။

၇။ (ကဗဠီကာရော အာဟာရော စသောပါဌ်နှင့် ပဉ္စပသာဒါ ပဉ္စန္နံ စသောပါဌ် ၂-ပုဒ်တို့၏ အနက်ကို ရေးပါ။)

၈။ **ဝိကပ္ပိတ္တက**

ခွေး, မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာအားဖြင့် အပိုင်းအပိုင်းဖြတ် လျက် ထိုထိုသို့သော အရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိကပ္ပိတ္တက မည်၏။

**သင့်လျော်သော ပုဂ္ဂိုလ်နှင့် ပဋိပတ်အရသာ**

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်အား ပထမစျာန် ပဋိပတ္တိအရသာတိုင်အောင် ခံစားစေနိုင် ပါသည်။

ဒသအသုဘာ ကာယဂတာသတိသခ်ါတာ ကောဋ္ဌာသ ဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

ဒသ အသုဘာ ကာယဂတာသတိ စ ပထမဇ္ဈာနိကာ။ (သင်္ဂဟ)

* * * * *

# ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ မူလယမိုက် တိကမာတိကာ ဥဒ္ဒေသ၌ ရထိုက်သော ဝါရ, ပဒ, နယ, ယမက, ပုစ္ဆာ, အတ္ထ တို့၏ အရေအတွက်သချာမှုကို ပြဆို၍၊ ပဋိသန္ဓေ ကမ္မဇရုပ်ဟူသော "အဗျာကတ"တရားများကို အဟိတ်, သဟိတ် နှစ်စားဖြင့် ပိုင်းခြားလိုက်ပါ။

၂။ န သညာက္ခန္ဓော၊ န သညာတိ။ ၄င်းကို ဝိဘင်းထုတ် နှစ်ဘက်ရ ကောက်လိုက်ပါ။

၃။ မိမိဖြစ်ခိုက်ဘုံ၌ ခန္ဓာငါးပါးလုံး မဖြစ်ဖူးသော ပုဂ္ဂိုလ်များကို ဝိဘင်းထုတ်ပြပါ။

၄။ မိမိဖြစ်ခိုက်ဘုံ၌ ရူပက္ခန္ဓာလည်း ချုပ်ဆဲ, ဝေဒနာက္ခန္ဓာလည်း ချုပ်ဖူးသော ပုဂ္ဂိုလ်များကို (သိသာရုံမျှ) ပြဆို၍၊ ပရိညာဝါရ၌ ဝေဒနာက္ခန္ဓာကိုသာ ပိုင်းခြားသိဆဲဖြစ်၍ ရူပက္ခန္ဓာကို ပိုင်းခြား မသိဖူးသေးသော ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြပါ။

၅။ န ဓမ္မော န ဓမ္မာယတနန္တိ။ ၄င်းကို ဝိဘင်းထုတ် အရကောက်ပါ။

၆။ သစကျွက အသောတက ဥပပဇ္ဇန္တပုဂ္ဂိုလ်များကို ဆိုရိုးကျ ကောက်ပြ၍၊ ဓာတုယမိုက် ပဏ္ဏတ္တိဝါရ၌ ရထိုက်သော ပုစ္ဆာသချာကိုလည်း ညွှန်ပြပါ။

၇။ သမုဒယသစ္စံ ဋ္ဌပေတွာ အဝသေသော သမုဒယော-၌ "အဝသေသ သမုဒယ"အရကို ကောက်ပြ၍၊ ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဥ္စ ဥပ္ပဇ္ဇတိ။ ဤ၌ "ဒုက္ခသစ္စာ" သရုပ်ကို ထုတ်ပြပါ။

၈။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ။ ဤ၌ တစ်ဘက်ရမျှ ထုတ်ပြီး၊ ၄င်း အရ အရိယာပုဂ္ဂိုလ်မျှကို ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း॥ ॥ ယမကဘာသာ

အဖြေလွှာ

၁॥ ဝါရ – ၂၂၀၊

ပဒ – ၈၈၀၊

နယ – ၃၅၂၀၊

ယမက – ၁၀၅၆၀၊

ပုစ္ဆာ – ၂၁၁၂၀၊

အတ္ထ – ၄၂၂၄၀၊

**အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်**

အဟိတ် ပဋိသန္ဓေ ၂–ခုနှင့် ယထာရဟအတူဥပါဒ်သော အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် သည် အဟိတ်ပဋိသန္ဓေကမ္မဇရုပ် မည်၏။

**သဟိတ်ပဋိသန္ဓေကမ္မဇရုပ်**

သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေကမ္မဇရုပ်သည် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် မည်၏။

၂॥ ထင်ရှားပြီ။

၃॥ သုဒ္ဓါဝါသာနံ တေသံ တတ္ထ။

*သုဒ္ဓါဝါသ ပုဂ္ဂလ၊ မရ ဘူးနှစ်ဖြာ။*

၄။ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ် ၄–ယောက်၊ ဖလဋ္ဌာန် ၄–ယောက်။

အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။

၅။ ၆။ ထင်ရှားပြီ။

၇။ **အဝသေသ သမုဒယ**

တဏှာမှတစ်ပါး ကိလေသာ ၉–ပါး၊ ထိုကိလေသာ ၉–ပါးနှင့်တကွဖြစ်သော အကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ်၊ ထိုအကုသိုလ် ဒွါဒသ စိတ္တုပ္ပါဒ်၏ အာရုံဖြစ်သော လောကီကုသိုလ် စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော သမုဒယသာမည။

**ဒုက္ခသစ္စာ သရုပ်**

ပဉ္စဝေါကာရဘုံ၌ မင်္ဂစိတ်ပြုအပ်သော စိတ္တဇရုပ်။

၈။ အနဘိသမေတာဝီနံ တေသံ။

သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။

* * * * *

# ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အကုသလဓမ္မပုဒ်အရကို ထုတ်ပြဟောကြားတော်မူအပ်ပြီးလျက် သရုပ်တရားကိုယ် အရကောက် တူညီသော ဟီနာ ဓမ္မာ စသည်တို့ကို အဘယ်ကြောင့် ရှင်တော်ဘုရား ထပ်မံ၍ ဟောကြားပါသနည်း၊ သိသာရုံ အဖြေပြပြီးလျှင်၊ လောကုတ္တရာဓမ္မတို့ကိုသာ အရကောက်သော တိကပဒတို့ကိုလည်း အမည်မျှသာ ထုတ်ပြခဲ့ပါ။

၂။ အတီတာရမ္မဏတိက် တတိယပဒ အရကို ကောက်ပြပြီးလျှင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားပေါင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

၃။ လောကုတ္တရာဓမ္မသည် သိအပ်သော တရားနှင့် မသိအပ်သောတရားတို့ကို ကေနစိ ဝိညေယျဒုက်အရ ထုတ်ပြပြီးလျှင်၊ အနာရမ္မဏနှင့် အရဏဓမ္မတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ အဇ္ဈတ္တိကပုဒ်အရ ထုတ်ပြပြီးလျှင်၊ အဇ္ဈတ္တဓမ္မ ပုဒ်အရနှင့် အဘယ်ကြောင့် မတူလေသနည်း၊ အကြောင်းပြကာ ဖြေဆိုခဲ့ပါ။

၅။ သီလဝိပတ္တိနှင့် သီလသမ္ပဒါအရ ဓမ္မတို့ကို ဖော်ပြပြီးလျှင်၊ သံဝေဇနိယဋ္ဌာန သရုပ်တို့ကိုလည်း ဖော်ထုတ်ခဲ့ပါ။

၆။ ဓာတုကထာ ဥဒ္ဒေသလာ အောက်ပါဓမ္မတို့၏ တရားကိုယ်တို့ကို ကျမ်းလာအရ ဖော်ပြခဲ့ပါ။

(က) ရူပဘဝ၊ (ခ) ဥပါယာသ၊ (ဂ) ဥပေက္ခာ။

၇။ သမုဒယသစ္စာသည် အဘယ်ခန္ဓာတို့နှင့်ယှဉ်၍ အဘယ်ခန္ဓာတို့နှင့် မယှဉ်ပါသနည်း၊ ကေဟိစိ အရနှင့်တကွ ဖြေဆိုခဲ့ပါ။

၈။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။

ရူပက္ခန္ဓေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ အာယတနသင်္ဂဟေန အသင်္ဂဟိတာ

ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ။ ပ ။ ဓာတူဟိ သမ္ပယုတ္တာ၊ တေ ဓမ္မာ တီဟိ ခန္ဓေဟိ သမ္ပယုတ္တာ၊ ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာတိ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၅ (၁၉၆၄) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ ဝေနေယျာဇ္ဈာသယ, ဒေသနာဝိလာသ အစွမ်းကြောင့် ထပ်မံ၍ ဟောကြားပါသည်။

အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာ။ အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ။ အပစယဂါမိနော ဓမ္မာ။ သေက္ခာ ဓမ္မာ။ အသေက္ခာ ဓမ္မာ။ အပ္ပမာဏာ ဓမ္မာ။ ပဏီတာ ဓမ္မာ။ သမ္မတ္တ နိယတာ ဓမ္မာ။ မဂ္ဂ ဟေတုကာ ဓမ္မာ။

၂။ ထင်ရှားပြီ။

၃။ **လောကုတ္တရာဓမ္မသည်**
**သိအပ်သောတရား–** နိဗ္ဗာန်။
**မသိအပ်သောတရား–** စိတ်– ၈၉၊ စေ– ၅၂၊ ရုပ်– ၂၈။
(အနာရမ္မဏ– အရဏ တို့အရ ထင်ရှားပြီ။)

၄။ **အဇ္ဈတ္တိက–** စိတ်– ၈၉၊ ပသာဒရုပ်– ၅၊

## မတူခြင်းအကြောင်း

အဇ္ဈတ္တဓမ္မပုဒ်၌ နိယကဇ္ဈတ္တဖြစ်သော တရားကိုရည်ရွယ်၍ ဟောသည်။
အဇ္ဈတ္တိကဓမ္မပုဒ်၌ အဇ္ဈတ္တဇ္ဈတ္တဖြစ်သော တရားကို ရည်ရွယ်၍ ဟောသည်။
ထို့ကြောင့် မတူပါ။

၅။ ၆။ ထင်ရှားပြီ။

၇။ **ယှဉ်** – သမုဒယသစ္စာသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့နှင့် ယှဉ်၏၊ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော စေတသိက် ဧကဝီသဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာ အချို့တို့နှင့် ယှဉ်၏။

**မယှဉ်** – ရူပက္ခန္ဓာနှင့် မယှဉ်၊ ဓမ္မာယတန, ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ် သောဠသဟု ဆိုအပ်သော အချို့တို့နှင့် မယှဉ်။

၈။ ထင်ရှားပြီ။

# ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ဥပေါသထအပြားကို စုံလင်အောင် ဖြေဆိုပါ။

၂။ ကုဋိကာရသိက္ခာပုဒ်၌ သင့်နိုင်ကောင်းသော အာပတ်တို့ကို ကုန်စင်အောင် ဖော်ပြပါ။

၃။ သံဃာဒိသေသ်အာပတ်သင့်ရာ၌ ကုစားပုံ အစီအရင်ပြပါဠိကို မှန်ကန်စွာ ရေးသား၍ အနက်ယောဇနာခဲ့ပါ။

၄။ ရာဇသိက္ခာပုဒ်၌ သက်န်းရအောင် အားထုတ်ရာ နှစ်ကြိမ်တောင်းလျက် မရသော ရဟန်းအား ဘယ်နှစ်ကြိမ် ရပ်နိုင်ပါသနည်း။

၅။ မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားသော ရဟန်းအား အပြစ်ရှိမရှိ သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ယင်းသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၆။ နိသီဒိုင်သက်န်း၊ အမာလွှမ်း သက်န်း၊ မိုးရေခံသက်န်းတို့၏ ပမာဏကို မြတ်စွာဘုရား၏ လက်သန်း အထွာတော်ဖြင့် ဖော်ပြပါ။

၇။ တိရစ္ဆာနဝိဇ္ဇာကို သင်ယူသော ဘိက္ခုနီ, ပို့ချသော ဘိက္ခုနီတို့အား အဘယ်အာပတ်သင့်သည်ကို သိက္ခာပုဒ်ညွှန်ပြ ဖြေဆိုပါ။

၈။ နဂ္ဂဝဂ် ဒုတိယမြောက် ဥဒကသာဋိကသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ စာတုဒ္ဒသိ, ပန္နရသိ, သာမဂ္ဂီ ဥပုသ်ဟူသော နေ့၏အစွမ်းအားဖြင့် ၃–ပါး။
သံဃ, ဂဏ, ပုဂ္ဂလဥပုသ်ဟူသော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃–ပါး။
သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိ, အဓိဋ္ဌာန်ဥပုသ်ဟူသော ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၃–ပါး။
ပေါင်း ၉–ပါး။

၂။ ဒုက္ကဋ်၊ ထုလ္လစ္စဉ်း၊ သံဃာဒိသေသ်။

၃။ ထင်ရှားပြီ။

၄။ ရှစ်ကြိမ် ရပ်နိုင်ပါသည်။

၅။ ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ အန္တမသော ဂါမန္တရမ္ပိ၊ ပါစိတ္တိယံ–ဟူသော သိက္ခာပုဒ်အရ ပါစိတ်အာပတ်။
(အနက်ထင်ရှားပြီ။)

၆။ **နိဿီဒိုင်–** အလျား ၂–ထွာ၊ အနံ– ၁–ထွာခွဲ။
**အမာလွှမ်းသင်္ကန်း–** အလျား ၄–ထွာ၊ အနံ ၂–ထွာ။
**မိုးရေခံသင်္ကန်း–** အလျား ၆–ထွာ၊ အနံ– ၂–ထွာခွဲ။

၇။ ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ ပါစိတ္တိယံ။
ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ–ဟူသော သိက္ခာပုဒ်တို့အရ ပါစိတ် အာပတ်။

၈။ ထင်ရှားပြီ။

* * * * *

## ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

### မေးခွန်းလွှာ

၁။ (က) ပုပ္ဖံသာကို ပုဒ်ဖြတ်၍ ဆိုင်ရာသုတ်များဖြင့် ပုဒ်စပ်ပြီးလျှင် (ခ) ရတ္တောကို နာမ် ရုပ်အကျဉ်း စီရင်ပါ။
၂။ အံ–ဝိဘတ်ဖြင့် မေ–ဟုလည်းကောင်း, သ္မိံ–ဝိဘတ်ဖြင့် ကောယ–ဟုလည်းကောင်း အဘယ့်ကြောင့် မရှိပါသနည်း။
၃။ အဝံမှို စ–သုတ်လာ စ–သဒ္ဒါဖြင့် စီရင်နိုင်သော ရုပ်များကို ပြပါ။
၄။ သမဏဿ ရောစတေ သစ္စံ–၌ သမဏ–ကို အဘယ်သုတ်ဖြင့် အဘယ်ကာရက အမည် မှည့်ရသနည်း၊ သစ္စာသည် သမဏ၏ သစ္စာပါလော။
၅။ (က) အဘယ်သို့သော သမာသ်ကို အဗျယီဘော–ဟု ခေါ်ပါသနည်း။
(ခ) ထိုသမာသ်သည် အဘယ်လိင်ရှိပါသနည်း။

၆။ (က) ကာသာဝံ–ပုဒ်သည် မည်သည့် တဒ္ဓိတ်ပါနည်း။

(ခ) ဝိဂြိုဟ်ပြု၍ အနက်ပေးပါ။

၇။ အောက်ပါ အာချာတ်ပုဒ်များကို ဓာတ်, ဝိဘတ်, ကိတ်ပုဒ်များကို ဓာတ်, ပစ္စည်းခွဲပြပါ။

(က) ဟောန္တိ။ (ခ) ဝစ္ဆာမိ။ (ဂ) နိဿယော။ (ဃ) ရောဂေါ။

၈။ အောက်ပါ မြှုပ်ထားအပ်သော စကားများကို ဖော်ပြပါ။

ထိုသုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် က အစ, မ အဆုံး ။လ။ အဝဂ် မည်ကုန်၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) ပုပ္ဖံ– အဿာ။

ပရော ဝါ သရော သုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက် အ–သရကို ချေ၊ ဗျဉ္ဇနော စ ဝိသညောဂေါ ဖြင့် ဝိသညောဂဗျည်းပြု၊ ပုပ္ဖံသာ– ပြီး၏။

(ခ) ရတ္တိံ သ္မိံ။

အာဒိတော ဩ စ–၌ စ–သဒ္ဒါဖြင့် သ္မိံ ကို ဩ–ပြု၊ ချေ, ကပ်၊ ရတ္တော ပြီး။

၂။ န အံမှိ သုတ်ဖြင့် တားမြစ်သောကြောင့် အံ ဝိဘတ်ဖြင့် မေ– ဟု မရှိပါ။

နေတာဟိ သ္မိံ မာယယာ သုတ်ဖြင့် တားမြစ်သောကြောင့် သ္မိံ ဝိဘတ်ဖြင့် ဧကာယ ဟု မရှိပါ။

၃။ ဂဝဿ, ဂဝေါ, ဂဝေန, ဂဝါ, ဂဝေ, ဂဝေသု။

၄။ ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ သမ္ပဒါနံ–သုတ်ဖြင့် သမ္ပဒါနကာရက အမည်မှည့်ရသည်။

သမဏာ၏ သစ္စာမဟုတ်ပါ။

၅။ (က) ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေ့ရှိ ပြဋ္ဌာန်းသော သမာသ်သည် အဗျယီဘော သမာသ်မည်၏။

(ဥပသဂ္ဂ, နိပါတ ပုဗ္ဗကော အဗျယီဘာဝေါ)

(ခ) နပုံလိင် (သော နပုံသက လိင်္ဂေါ)

၆။ (က) ရတ္တ တဒ္ဓိတ်။

(ခ) ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ။

ကသာဝေန– ဖန်ရည်ဖြင့်၊ ရတ္တံ– ဆိုးအပ်သော၊ ဝတ္ထံ– အဝတ်တည်း၊ ကာသာဝံ– ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်။

၇။ (က) ဟူ ဓာတ် ဿန္တိ ဝိဘတ်။

(ခ) ဝသ ဓာတ် ဿာမိ ဝိဘတ်။

(ဂ) နိပုဗ္ဗ သိ ဓာတ် အ ပစ္စည်း။

(ဃ) ရုဓ ဓာတ် အ ပစ္စည်း။

၈။ ထင်ရှားပြီ။

# ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဇာတိဘေဒ စိတ်တို့၏ သင်္ဂဟဂါထာကို အနက်ပေးပါ။

၂။ (က) အနိယတယောဂီစေတသိက်များကို သရုပ်ထုတ်ပြ၍၊

(ခ) ဣဿာ၏ အမြဲမယှဉ်ပုံကို သိသာရုံပြပါ။

၃။ (က) ဒေါမနဿဝေဒနာနှင့်ယှဉ်သော စိတ်, စေတသိက်တို့ကို ပြ၍၊ (ခ) ထိုစိတ်၏ မည်သည့် ကိစ္စတပ်ကြောင်းကို ပြပါ။

၄။ ဝီထိစိတ္တာနိ သတ္တေဝ–စသော ဂါထာ၌ သတ္တ, စတုဒ္ဒသ တို့၏ သရုပ်ကို ထုတ်ပြပါ။

၅။ အောက်ပါ ကံများ၏ အဓိပ္ပါယ်ကို အကျဉ်းမျှ ပြပါ။

(က) ဥပတ္ထမ္ဘကကံ၊ (ခ) အာစိဏ္ဏကံ၊

(ဂ) အပရာပရိယဝေဒနီယကံ၊ (ဃ) အဟောသိကံ။

၆။ ရုပ်သာ ပဋိသန္ဓေရှိသော သတ္တဝါ၊ နာမ်သာ ပဋိသန္ဓေရှိသောသတ္တဝါ၊ ရုပ်, နာမ် ၂–မျိုးစုံ ပဋိသန္ဓေရှိသော သတ္တဝါများကို ခွဲခြားပြပါ။

၇။ (က) ဇာယမာနာဒိရူပါနံ–စသော ဂါထာကို နိဿယအနက်ပေး၍၊ (ခ) လက္ခဏာအမည်ရခြင်း၏ အကြောင်းကိုလည်း ပြပါ။

၈။ သုတ္တန်နည်းလာ သံယောဇဉ် ၁၀–ပါး၏ တရားကိုယ်ကို ကောက်ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
အဖြေလွှာ

၁။ ထင်ရှားပြီ။

၂။ (က) ထင်ရှားပြီ။

(ခ) သူတစ်ပါးစည်းစိမ်ကို ပြုဖူးသောအခါ ဣဿာယှဉ်၏။ မပြုစူသောအခါ ဣဿာမယှဉ်။

၃။ (က) စိတ်– ဒေါသမူဒွေ။

| | | |
|---|---|---|
| စေတသိက် | ဝေဒနာ ပီတိကြဉ် အညသမာန်းစေ– | ၁၁–ပါး၊ |
| | အကုသလသာဓာရဏ | ၄–ပါး၊ |
| | ဒေါစတုက် | ၄–ပါး၊ |
| | ထိန မိဒ္ဓ | ၂–ပါး၊ |
| | ပေါင်း | ၂၁–ပါး။ |

(ခ) ဇောကိစ္စ။

၄။ **သတ္တ**

ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ပေါင်း – ၇။

**စုဒ္ဒသ**

| | |
|---|---|
| ပဋ္ဌဒွါရာဝဇ္ဇန်း | ၁–ကြိမ်၊ |
| ပဋ္ဌဝိညာဉ် | ၁–ကြိမ်၊ |
| သမ္ပဋိစ္ဆိုင်း | ၁–ကြိမ်၊ |
| သန္တီရဏ | ၁–ကြိမ်၊ |
| ဝုဋ္ဌော | ၁–ကြိမ်၊ |
| ဇော | ၇–ကြိမ်၊ |
| တဒါရုံ | ၂–ကြိမ်၊ |
| ပေါင်း | ၁၄–ကြိမ်။ |

၅။ (က) ထောက်ပံ့ခိုင်စေတတ်သောကံ။

(ခ) မပြတ်လေ့ကျက်အပ်သောကံ။

(ဂ) မျက်မှောက်သော ကိုယ်၏ အဖြစ်မှလည်း တစ်ပါး, အခြားမဲ့သော ကိုယ်၏ အဖြစ်မှလည်း တစ်ပါးသော အမှတ်မရှိသော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိသောကံ။

(ဃ) အကျိုးပေးပြီးသည်လည်း မဟုတ်၊ ပေးလတ္တံ့သည်လည်း မဟုတ်၊ ဖြစ်ပြီးသည် သာလျှင် ကံမည်သောကံ။

၆။ (က) အသညသတ် ဗြဟ္မာ။

(ခ) အရူပ ဗြဟ္မာ။

(ဂ) ကြွင်းသော သတ္တဝါ (ပဥ္စဝေါကာရ သတ္တဝါ) (သင်္ဂဟ)

၇။ (က) အနက်ထင်ရှားပြီ။

(ခ) တရားတို့ကို ထိုထိုအခိုက်အတန့်၏ အစွမ်းဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏမည်၏။

လက္ခဏရုပ် နာမ ဓမ္မာန် တံတံ အဝတ္ထာဝသေန လက္ခဏ ဟောတုတ္တာ။ (ဋီ)

၈။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, မောဟ။

* * * * *

# ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ မူလယမိုက် ကုသလတိက် မူလဝါရ၌ ရထိုက်သော (က) ပဒ (ခ) နယ တို့၏ အမည်များကို ဖော်ပြ၍၊ ကုသလပဒ မူလ နယ ဧကမူလယမက၌ ပဋိလောမ ပုစ္ဆာပါဠိမျှကို ထုတ်ပြပါ။

၂။ အကုသလဓမ္မသာမည်၍ အကုသလမူလေန ဧကမူလ မမည်သော တရားကို ညွှန်ပြ၍၊ ယေ ဝါ ပန နာမမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ၊ ၄င်းကို ဝိဘင်းမျှ ထုတ်ပြပါ။

၃။ (က) ရူပံ ဌပေတွာ အဝသေသာ ခန္ဓာ န ရူပံ ခန္ဓာ။

(ခ) ရူပဥ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ န စေဝ ရူပံ န စ ခန္ဓာ၊ ဤပါဠိတော်နှစ်ရပ်ကို ကောက်ပြပါ။

၄။ ပစ္ဆိမဘဝိကာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ နုပ္ပဇ္ဇိဿတိ၊ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇိဿတိ၊ ဤ၌ (အတု)ဖြစ်သော ပုဂ္ဂိုလ်မျိုးကို သိသာရုံမျှ (ဆိုရိုးကျမဟုတ်) ကောက်ပြ၍၊ ရူပက္ခန္ဓာကို ပိုင်း

ခြား၍ သိလတ္တံ့ပုဂ္ဂိုလ်များကိုလည်း ဆိုရိုးကျ ကောက်ပြပါ။

၅။ (က) အာယတနသာမည်၍ စက္ခုမမည်သော တရား၊

(ခ) စက္ခုလည်း မမည် အာယတနလည်း မမည်သောတရားများကို ကောက်ပြ၍၊ သရူပက သစက္ခုက ဥပပဇ္ဇန္တပုဂ္ဂိုလ်များကို ဆိုရိုးကျ ကောက်ပြပါ။

၆။ ယသ္သ ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ မနာယတနံ ဥပ္ပဇ္ဇိဿတီတိ၊ ၄င်းကို ဝိဘင်းမှ ထုတ်၍၊ မိမိဖြစ်ခိုက်ဘုံ၌ မနသာဖြစ်လတ္တံ့ စက္ခုမဖြစ်လတ္တံ့ ပုဂ္ဂိုလ်များကို သိသာရုံမျှ (ဆိုရိုးကျ မဟုတ်) ပြဆိုပါ။

၇။ မဂ္ဂသစ္စံ ဌပေတွာ အဝသေသော မဂ္ဂေါ န မဂ္ဂသစ္စံ၊ ဤ၌ (အဝသေသမဂ္ဂ) အရ မဂ္ဂင်းမျိုးကို အမည်မျှ ညွှန်ပြ၍၊ အလုံးစုံသော ဥပပဇ္ဇန္တ ပုဂ္ဂိုလ်များအား ဖြစ်ဆဲသစ္စာများကိုလည်း ညွှန်ပြပါ။

၈။ မိမိဖြစ်ခိုက်သောဘုံ၌ ဒုက္ခသစ္စာသာ ဖြစ်ဖူးဖြစ်၍၊ သမုဒယ မဖြစ်ဖူးသော (သုဒ္ဓါဝါသဘုံမှ တစ်ပါး) ပုဂ္ဂိုလ်များကို ပြဆို၍၊ ဒုက္ခသစ္စာသာ ဖြစ်လတ္တံ့ သမုဒယ မဖြစ်လတ္တံ့သော ရဟန္တာပုဂ္ဂိုလ်ကိုလည်း ၂(ဆိုရိုးကျ) ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ (က) ကုသလပဒ, အကုသလပဒ, အဗျာကတပဒ, နာမပဒ။

(ခ) မူလနယ, မူလမူလနယ, မူလကနယ, မူလမူလကနယ။

**ပဋ္ဌာပါဠိ**

ယေ ဝါ ပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။

၂။ မောဟမူဒ္ဒေသ္ဒ မောဟာ။

အာမန္တာ။

၃။ (က) လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ၃၆-ခု။

(ခ) နိဗ္ဗာန်, ပညတ်။

၄။ မိမိဖြစ်ခိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စတုဝေါကာရပုဂ္ဂိုလ်, အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရပုဂ္ဂိုလ်, အသညသတ်ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော အသညသတ်ပုဂ္ဂိုလ်။

**ပိုင်းခြား၍ သိလွယ်သောပုဂ္ဂိုလ်**

ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်။

၅။ (က) စက္ခု ၃–ပါး၊ မှတစ်ပါး အာယတန ၁၁–ပါး။

(ခ) ပညတ်။

**သရူပက (သစက္ခုက)**

စက္ခာယတနဖြစ်ကောင်းသော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိ သ၊ ကမ္မဇကလာပ် ၃–စည်း, ၇–စည်း, ၄–စည်း‌တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်။

၆။ အာမန္တာ။

အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်။

၇။ ပဉ္စင်္ဂိကမဂ်၊ အဋ္ဌင်္ဂိကမဂ်၊ မိစ္ဆာမဂ်၊ ဇာ်မဂ်၊ သကဒုမဂ်အားဖြင့် ၅–မျိုး။

အလုံးစုံသော ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ ဖြစ်ဆဲရသည်။

၈။ အသညသတ် ဥပပဇ္ဇန္တ, စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်။

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

* * * * *

# ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ပရိတ္တာရမ္မနှင့် ပရိတ္တာရမ္မဏတို့ကို ကောက်ပြ၍၊ ပရိတ္တာရမ္မဏတိက်၏ တိက်မုက်ကိုလည်း ထုတ်ပြခဲ့ပါ။

၂။ မိစ္ဆတ္တတိက် ပထမပဒကို အရကောက်ပြ၍၊ ဤ၌ သတ္တမဓောကိုသာ အရကောက်ရခြင်း၏ အကြောင်းနှင့် နိယတမိစ္ဆာဒိဋ္ဌိ ၃-မျိုးကိုလည်း ထုတ်ပြခဲ့ပါ။

၃။ အောက်ပါတရားတို့ကို ကောက်ပြခဲ့ပါ။

(က) ဥပါဒါန်လည်း မည်, ဥပါဒါန်နှင့်လည်း ယှဉ်သော တရား။

(ခ) ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်သော တရား။

၄။ အောက်ပါတရားတို့ကို ပြဆိုခဲ့ပါ။

(က) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား။

(ခ) မိမိထက် လွန်မြတ်သောတရား မရှိသောတရား။

၅။ အောက်ပါ ပါဠိတော်တို့ကို အရကောက်ပြပါ။

(က) ပဂ္ဂါဟော စ၊ (ခ) အဝိက္ခေပေါ စ။

၆။ ဓာတုကထာ ဥဒ္ဒေသလာ အောက်ပါဓမ္မတို့၏ တရားကိုယ်ကို ဆိုရိုးကျ ရေးပြပါ။

(က) သညာဘဝ၊ (ခ) ပရိဒေဝ၊ (ဂ) မေတ္တာ။

၇။ အောက်ပါတရားတို့ကို ပြဆိုခဲ့ပါ။

(က) သမုဒယသစ္စာနှင့် ခန်ကွဲ၊ အာ, ဓာတ်တူ တရား။

(ခ) သမုဒယသစ္စာနှင့် ခန်, အာ, ဓာတ်တူတရား။

၈။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။
ဥပေက္ခိန္ဒြိယေန ယေ ဓမ္မာ သမ္ပယုတ္တာ။
တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၆ (၁၉၆၅) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### အဖြေလွှာ

၁။ ထင်ရှားပြီ။

၂။ အရကောက် ထင်ရှားပြီ။

သတ္တမဇော စေတနာသာလျှင် အနန္တရဘဝ၌ အကျိုးပေးခြင်း လက္ခဏာရှိသောကြောင့် သတ္တမဇောကိုသာ အရကောက်ရသည်။

**နိယတမိစ္ဆာဒိဋ္ဌိ–** အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ။

၃။ ၄။ ၅။ ၆။ (ထင်ရှားပြီ။)

၇။ (က) ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

(ခ) သမုဒယသစ္စာကြဉ် သင်္ခါရက္ခန္ဓာ ၄၉–ခု။

*ဒွာ ခန်တူ၊ ခန် ဘာ တူနှင့်၊ တမူ ခန်ကွဲ သုံးကွဲ ပဉ္စ၊ သုံး၀ ဘတူ၊ စ တူမျ၊ မှတ်ယူလက္ခဏာ အချုပ်ပြ။*

၈။ ထင်ရှားပြီ။

## ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ **အန္တရာယိကော ဓမ္မော ဝုတ္တော ဘဂဝတာ–ဟူသောပါဠိ၌** အန္တရာယိကော ဟူသောပုဒ်၏ အရကို ဖော်ပြ၍၊ အာပတ်ကို ထင်စွာပြုခြင်းကြောင့် ရနိုင်သော အကျိုးကိုလည်း ရေးသားခဲ့ပါ။

၂။ အညတြ အဓိမာနာ–ဟူသော ပါဠိတော်၌ အဓိမာနအရ ရှင်းပြပြီးလျှင်၊ တုစ္ဆာနှင့် မုသာတို့၏ အထူးကိုလည်း ဖော်ပြခဲ့ပါ။

၃။ တတိယပါရာဇိကသိက္ခာပုဒ်၌ သံဝဏ္ဏနာကာရပြ ပါဠိမျှကိုသာ ရေးသား၍၊ စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ သမုဒါစရဏာကာရပြ ပါဠိကိုလည်း ရေးသားခဲ့ပါ။

၄။ အစ္စေကစီဝရသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

၅။ သမောဓာနပရိဝါသ်၏ သရုပ်ကို ထုတ်ပြပြီးလျှင်၊ အဘယ်သို့ သဘောရှိကုန်သော ရဟန်းမျိုးကို ပကတတ်ရဟန်းဟု ခေါ် ဆိုပါသနည်း။ ဆုံးဖြတ်ခဲ့ပါ။

၆။ အကာလသကၤန်းကို ကာလသကၤန်းဟု ဆောက်တည်၍ ဝေဖန်သော ရဟန်းမိန်းမနှင့် တရားသဖြင့် သကၤန်းဝေဖန်မှုကို ကန့်ကွက်သော ရဟန်းမိန်းမတို့အား သင့်သောအာပတ်အသီးသီးကို ဖော်ပြပါ။

၇။ ဘိက္ခုနီမများအား ခွင့်ပြုတော်မူသော သကၤန်းငါးထည်၏ သရုပ်ကို ထုတ်ပြပြီးလျှင်၊ အမျက်မာန်ပွား တရားတွေ့သော ဘိက္ခုနီမအား သင့်သောအာပတ်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ အတူနေ တပည့်မအား ပြုရမည့် ဆရာ့ကျင့်ဝတ်နှင့် ဝါကျွတ်သောအခါ ပြုရမည့် ဘိက္ခုနီမ ကျင့်ဝတ်များကို စုံလင်စွာ ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ **အန္တရာယိကောအရ–** ပထမစျာန် စသည်တို့ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်သော သမ္မဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်။

**အကျိုး –** ပထမစျာန် စသည်တို့ကို ရခြင်း၌ ချမ်းသာ လွယ်ကူသောအကျိုး။

၂။ **အဓိမာန**

လက္ခဏာယာဉ် ၃–ပါးသို့တင်၍ သင်္ခါရတို့ကို သုံးသပ်သော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အားဖြစ်သော မရ မရောက်သေးသည်၌ ရပြီး ရောက်ပြီးဟု မှတ်ထင်ခြင်းသည် အဓိမာန မည်၏။

အညတြ အဓိမာနာတိ ယွာယံ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တဿ အာရဒ္ဓဝိပဿကဿ အပတ္တေ ပတ္တသညိတာသင်္ခါတော အဓိမာနော ဥပ္ပဇ္ဇတိ။ (ကင်္ခါ)

စကားအနက်မှ ကင်းခြင်းသည် တုစ္ဆာ။

လှည့်ပတ်လို၍ လိမ်လည်ပြောကြားခြင်းသည် မုသာ။

ဝစနတ္ထ ဝိဟရတော တုစ္ဆံ၊ ဝဉ္စနာဓိပ္ပါယတော မုသာ။ (ကင်္ခါ)

၃။ **သံဝဏ္ဏနာကာရပြ**

အမ္ဗော ပုရိသ ကိံ တုယှိမိနာ ပါပကေန ဒုစ္စိဝိတေန မတံ တေ ဇီဝိတာ သေယျော။

**သမုဒ္ဒါစရဏာကာရ–** ဣတိ ဇာနာမိ ဣတိ ပဿာမိ။

၄။ ထင်ရှားပြီ။

၅။ (၁) ဩဝါဒ သမောဓာန။

(၂) အဂ္ဃသမောဓာန။

(၃) မိဿက သမောဓာန။

**ပကတတ်ရဟန်း**

ဥက္ခိတ္တက မဟုတ်သော တူသော သံဝါသရှိသော ရဟန်းသည် ပကတတ်ရဟန်းမည်၏။

ပကတတ္တောတိ အနုက္ခိတ္တော သမာနသံဝါသကော။ (ကခ်ီ)

၆။ နိဿဂ္ဂိပါစိတ် အကာလစီဝရ ဘာဇန သိက္ခာပုဒ်။

သုဒ္ဓပါစိတ် ပဋိဗာဟန သိက္ခာပုဒ်။

၇။ **သက်န်းငါးထည်**

တိစီဝရိတ် ၃–ထည်၊ ရေသနုပ် ၁–ထည်၊ ရင်စည်းတဘက် ၁–ထည်၊ ပေါင်း ၅–ထည်။

တိစီဝရံ ဥဒကသာဋိကာ သံကစ္ဆိကာတိ ဣမေသံ ပဉ္စန္နံ စီဝရာနံ။

အမျက်မာန်ပွား တရားတွေ့သော ဘိက္ခုနီမအား သံဃာဒိသေသ်အာပတ်သင့်သည်။

(ဥဿယဝါဒိကာ သိက္ခာပုဒ်)

၈။ **ဆရာကျင့်ဝတ်**

ဂိလာနဖြစ်သော အတူနေတပည့်မကို ကိုယ်တိုင်လည်း ပြုစုရမည်၊ သူတစ်ပါးကိုလည်း ပြုစုစေရမည်။ **(နဉပဋ္ဌာပန သိက္ခာပုဒ်)**

ရဟန်းခံပေးပြီး ၂–နှစ်ပတ်လုံး ကိုယ်တိုင်လည်း ချီးမြှောက်ရမည်၊ သူတစ်ပါးကိုလည်း ချီးမြှောက်စေရမည်။ **(ပထမသဟာဇီဝိနီ သိက္ခာပုဒ်)**

ရဟန်းခံပေးပြီး အယုတ်ဆုံး ငါးယူဇနာ, ခြောက်ယူဇနာခရီးသို့ ကိုယ်တိုင်လည်း ခေါ်သွားရမည်၊ သူတစ်ပါးကိုလည်း ခေါ်သွားစေရမည်။ **(ဒုတိယသဟာဇီဝိနီ သိက္ခာပုဒ်)**

**ဝါကျွတ်ကျင့်ဝတ်**

ဥဘတောသံဃာ၌ ပဝါရဏာပြုရမည်။ **(အပဝါရဏာ သိက္ခာပုဒ်)**

အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ ခရီးထွက်ရမည်။ **(စာရိကံ န ပက္ကမနသိက္ခာပုဒ်)**

* * * * *

# ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) ဒုက္ကဋံ– ကို ပုဒ်ဖြတ်ပြီးလျှင်၊ (ခ) နိပ္ပတ္တိ–နှင့် (ဂ) နိက္ခမတိ–တို့ကို ကစ္စည်းကျမ်းလာ အစီအရင်အတိုင်း ပုဒ်စပ်ပြ၍၊ (ဃ) ဂစ္ဆတိ–ကို နာမ်ရုပ်အကျဉ်း တွက်ပြခဲ့ပါ။

၂။ ဩ သရေ စ–သုတ်လာ စ–သဒ္ဒါ၏ အကျိုးကို အကိုးနှင့်တကွ ဖော်ပြခဲ့ပါ။

၃။ ပုရိသ–သဒ္ဒါမှ ထူးသော မန–သဒ္ဒါ၏ ရုပ်များကို ထုတ်ပြပြီးလျှင်၊ သရလောပေါ မာဒေသ ပစ္စယာဒိမှိ သရလောပေ တု ပကတိ–သုတ်၌ တု–သဒ္ဒါ၏အကျိုးကိုလည်း အကိုးအကားနှင့်တကွ ရေးသားခဲ့ပါ။

၄။ အဘယ်သို့သော သဘောရှိသော ကာရကကို ဩကာသကာရက–ဟု ခေါ် ဆိုရပါသနည်း၊ ထင်ရှားစွာ ဖော်ပြပြီးလျှင်၊ ယော ဓာရော တ မောကာသံ–သုတ်လာ အာဓာရလေးမျိုးကိုလည်း ဥဒါဟရုဏ်နှင့်တကွ ထုတ်ပြခဲ့ပါ။

၅။ ပကတိ စဿ သရန္တဿ–သုတ်ဖြင့် ပကတိပြုရခြင်းအကျိုးကို ဖော်ပြပြီးလျှင်၊ အမိတဃနသရိရော–ဟူသော ဝါကျကို ကစ္စည်းကျမ်းလာအတိုင်း သမာသ်ဝါကျများ အသီးသီး ခင်းပြပါ။

၆။ ဝေဒလ္လံ– ဟူသောပုဒ်ကို အဘယ်တဒ္ဓိတ်, အဘယ်ပစ္စည်းဖြင့် ပြီးကြောင်းကို ဖော်ပြပြီးလျှင်၊ သတိမာ–ဟူသောပုဒ်ကိုလည်း ဝိဂြိုဟ်ပြု၍ အနက်ယောဇနာပြခဲ့ပါ။

၇။ အာချာတ်အင်္ဂါ ခြောက်ပါးတို့ကို ထုတ်ပြပြီးလျှင်၊ (က) အာဒိ (ခ) ဓိတာ (ဂ) တိဏ္ဏော (ဃ) ဒိန္နော (င) ဘဂ္ဂေါ တို့ကိုလည်း ဓာတ်, ပစ္စည်း ခွဲပြခဲ့ပါ။

၈။ ပုဒ်စစ်ကျမ်းလာ ဥပသာရ သုံးမျိုးတို့ကို ဥဒါဟရုဏ်နှင့်တကွ ထုတ်ပြပြီးလျှင်၊ အကျဉ်းချုပ် အဓိပ္ပါယ်ကိုလည်း ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ
အဖြေလွှာ

၁။ (က) ဒု–ကတံ။

(ခ) ဖော ပဿ ဟူသော သုတ္တဝိဘာဂဖြင့် ပ–ကို ဖ–ပြု၍ နိပ္ဖတ္တိ–ဟု စပ်ရမည်။

(ဂ) ခေါ ကဿ ဟူသော သုတ္တဝိဘာဂဖြင့် က–ကို ခ–ပြု၍ နိက္ခမတိ–ဟု စပ်ရမည်။

(ဃ) ဂစ္ဆန္တ–တည်၊ သို့ံ သက်၊ သေသေသု န္တု ဝ–ဖြင့် န္တ–ကို –န္တု– ကို ကဲ့သို့ငဲ့၊ တောတိတာ သ သ္မိံ နာ သု–ဖြင့် ဝိဘတ်နှင့်တကွ န္တု–ကို တိ–ပြု၊ ဂစ္ဆတိ ပြီး၏။

၂။ ထင်ရှားပြီ။

၃။ နာ– ဝိဘတ်ဖြင့် မနသာ၊ သ–ဝိဘတ်ဖြင့် မနသော၊ သ္မိံ –ဝိဘတ်ဖြင့် မနသိ၊ (အံ–ဝိဘတ်ဖြင့် မနော)

မနောဂဏာဒိဿ တု နာ သ သ္မိံ သု ဝိသေသော၊ အညတ္ထ ပုရိသသမံ။ (ရူ)

## တုသဒ္ဒါအကျိုး

ဘိက္ခုနီ ဂဟပတာနီ စသည်တို့၌ ရှေ့သရချေခြင်း၊ နောက် သရ–ကို ပကတိပြုခြင်းကို တားမြစ်ခြင်း အကျိုးရှိ၏။

**အကိုး–** တုဂ္ဂဟဏ မဝဓာရဏတ္ထံ၊ ဘိက္ခုနီ၊ ဂဟပတာနီ။

၄။ ကြိယာ၏မှီရာ, ကတ္တား ကံ၏ တည်ရာဖြစ်သော ကာရကသည် ဩကာသ ကာရက မည်၏။ (ယောဓာရော တမောကာသံ) ကတ္တု ကမ္မသမဝေတာနံ နိသဇ္ဇန ပစနာဒိ ကြိယာနံ ပတိဋ္ဌာန ဋ္ဌေန ယော အာဓာရော၊ တံ ကာရကံ ဩကာသသညံ ဟောတိ။ (ရူ)

**အာဓာရ ၄–မျိုး**

| | | |
|---|---|---|
| ၁။ | ဗျာပိကာဓာရ | ဇလေသု ခီရံ တိဋ္ဌတိ။ |
| ၂။ | ဩပသိလေသိကာဓာရ | ပရိယင်္ကေ ရာဇာ သေတိ။ |
| ၃။ | ဝေသယိကာဓာရ | ဘူမီသု မနုဿာ စရန္တိ။ |
| ၄။ | သာမီပိကာဓာရ | ဝနေ ဟတ္ထိနော စရန္တိ။ |

၅။ **ပကတိပြုရကျိုး**

ကျေပျောက်နေသော သရများ, ဗျည်းများ ပြန်ပေါ် ရခြင်းအကျိုးရှိ၏။

နိမိတ္တာဘာဝေ နေမိတ္တိကာဘာဝဿ အနိစ္ဆိတတ္တာ အယမတိဒေသော။ (ရူ)

န မိတံ အမိတံ။ (ကမ္မဓာရည်း)

ဃနံ ဇဝ သရီရံ ဃနသရီရံ။ ( ။ )

အမိတံ ဃနသရီရံ ယဿ တထာဂတဿ သောယံ အမိတဃနသရီရော။

(တုလျာဓိကရဏဗဟုဗ္ဗီဟိ)

၆။ နိဿိတတဒ္ဓိတ်၊ ဌာနတဒ္ဓိတ်၊ လ ပစ္စည်းဖြင့် ပြီးသည်။

သတိ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ သတိမာ။

ယဿ– အကြင်ပုဂ္ဂိုလ်အား (၏)၊ သတိ–သည်၊ အတ္ထိ– ရှိ၏။ (ဝါ) တစ်နည်းကား တသ္မိံ – ထိုပုဂ္ဂိုလ်၌၊ သတိ–သည်၊ ဝိဇ္ဇတိ–ရှိ၏။ ဣတိ–တသ္မာ– ထို့ကြောင့်၊ သော– ထိုပုဂ္ဂိုလ်သည်၊ သတိမာ– သတိမာ မည်၏။

၇။ **အာချာတ်အင်္ဂါ ၆–ပါး**

၁။ ကာလသုံးပါးရှိခြင်း၊

၂။ ပုရိသ်သုံးပါးရှိခြင်း၊

၃။ ကြိယာကို ဟောခြင်း၊

၄။ ကာရကသုံးပါးရှိခြင်း၊

၅။ လိင်သုံးပါးမရှိခြင်း၊

၆။ ဝုစ် နှစ်ပါးရှိခြင်း၊

ယံ တိကာလံ တိပုရိသံ၊ ကြိယာဝါစိ တိကာရကံ။

အတိလိင်္ဂ ဒွိဝစနံ၊ တဒါချာတန္တိ ဝုစ္စတိ။ (ရူ)

(က) အာပုဗ္ဗ ဒါ ဓာတ် ဣ ပစ္စည်း။

(ခ) ဓာ ဓာတ် ရိတု ပစ္စည်း။

(ဂ) တရ ဓာတ် တ ပစ္စည်း။

(ဃ) ဒါ ဓာတ် တ ပစ္စည်း။

(င) ဘန္ဇ ဓာတ် ဏ ပစ္စည်း။

၈။ (၁) ဓာတွတ္ထဝိသေသက ဥပသာရ ဥဂ္ဂစ္ဆတိ။

(၂) ဓာတွတ္ထဗာဓက ဥပသာရ ပရာဇေန္တိ။

(၃) ဓာတွတ္ထာနုဝတ္တက ဥပသာရ ပတိဋ္ဌာတိ။

## အဓိပ္ပါယ်အကျဉ်း

၁။ ဓာတ်၏အနက်ကို အထူးပြုတတ်သော ဥပသာရသည် ဓာတွတ္ထဝိသေသက ဥပသာရ မည်၏။

၂။ မာတ်၏အနက်ကို တားမြစ်တတ်သော ဥပသာရသည် မာတွတ္တမာကေ ဥပသာရ မည်၏။

၃။ မာတ်၏အနက်သို့ အစဉ်လိုက်တတ်သော ဥပသာရသည် မာတွတ္တာနုဝတ္တက ဥပသာရ မည်၏။

* * * * *

## ၁၃၂၇. (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ စတုတ္ထ အရူပဈာန်၏ နေဝသညာ နာသညာယတန မည်ခြင်း၏ အကြောင်းကို ဖော်ပြပါ။

၂။ ကာမာဝစရရှိသောဘနစိတ်၌ သင်္ဂဟနည်း တစ်ဆယ့်နှစ်နည်းတို့၏ စေတသိက် အရေအတွက်ကို အစဉ်အတိုင်း သချာမျှ ဖော်ပြပါ။

၃။ နိဗ္ဗာန်, ပညတ်တို့၏ ကာလဝိမုတ်ဖြစ်ခြင်းအကြောင်းကို ရှင်းလင်းစွာ ဖော်ပြပါ။

၄။ ဒွတ္တိံသ သုခပုညမှာ–ဂါထာ၌ (က) ဒွတ္တိံသ၊ (ခ) ဒွါဒသ၊ (ဂ) အဋ္ဌ၊ (ဃ) ဆ–တို့၏ အရကို အသီးသီး ရေတွက်ပြပါ။

၅။ အရူပါဝစရ ကုသိုလ်စိတ်၏ အာရုံဖြစ်သော မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံများကို ထိုက်သည်အားလျော်စွာ ခွဲခြားဖော်ပြပါ။

၆။ ရူပဝိဘာဂ၏ ရှေးဦးပလ္လင်ခံ အချီးစကားပြ ပါဠိကို ပေါ် လွင်အောင် အနက်ပေးပါ။

၇။ ဗောဓိပက္ခိယတရားဝဲ့၏ တရားကိုယ်အမည် အပြား သင်္ဂဟအပြားကို ပြသော ဂါထာများ

ကို ရေးခဲ့ပါ။

၈။ မည်သည့်အရာများကို စွဲ၍ မြေ, အိမ်, ယောက်ျား, အရပ်မျက်နှာ, တွင်း, ကသိုဏ်း နိမိတ်တို့ကို ပညတ်ဟု ခေါ် ဆိုအပ်ပါသနည်း၊ အသီးအသီး ယှဉ်တွဲ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

## အဖြေလွှာ

၁။ ရုန့်ရင်းသောသညာကား မရှိ၊ သိမ်မွေ့သောသညာ မရှိသည် မဟုတ်သော မနာယတန ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် နေဝသညာ နာသညာယတန မည်၏။

| | | | | | |
|---|---|---|---|---|---|
| ၂။ (၁) | အဇ္ဈတ္တိ သ | (၂) | သတ္တတိ သ | (၃) | သတ္တတိ သ |
| (၄) | ဆတ္တိံ သ | အားဖြင့် ကုသိုလ်၌ ၄–နည်း။ | | | |
| (၁) | ပဥ္စတိ သ | (၂) | စတုတ္တိ သ | (၃) | စတုတ္တိ သ |
| (၄) | တေတ္တိ သ | အားဖြင့် ကြိယာ၌ ၄–နည်း။ | | | |
| (၁) | တေတ္တိ သ | (၂) | ဗာတ္တိ သ | (၃) | ဗာတ္တိ သ |
| (၄) | တိံ သ | အားဖြင့် ဝိပါက်၌ ၄–နည်း။ | | | |
| | | ပေါင်း ၁၂–နည်း။ | | | |

၃။ ပျက်စီးခြင်းသဘော မရှိသည့်အတွက် အတိတ် အစရှိသော ကာလ၏အစွမ်းဖြင့် မဆိုထိုက်သောကြောင့် နိဗ္ဗာန်, ပညတ်တို့သည် ကာလဝိမုတ်များ ဖြစ်ရသည်။

ဝိနာသာဘာဝတော အတီတာဒိကာလဝသေန န ဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိ စ ကာလဝိမုတ္တံ နာမ။

(၄)

| | | | |
|---|---|---|---|
| ၄။ | (က) | မဟဂ္ဂုတ်ကုသိုလ် သောမနဿ | ၄-ပါး၊ |
| | | မဂ်သောမနဿ | ၁၆-ပါး၊ |
| | | အောက်ဖိုလ်သောမနဿ | ၁၂-ပါး၊ |
| | | ပေါင်း | ၃၂-ပါး။ |
| | (ခ) | မဟဂ္ဂုတ် ဥပေက္ခာ | ၅-ပါး၊ |
| | | မဂ် ဥပေက္ခာ | ၄-ပါး၊ |
| | | အောက်ဖိုလ် ဥပေက္ခာ | ၃-ပါး၊ |
| | | ပေါင်း | ၁၂-ပါး။ |
| | (ဂ) | မဟဂ္ဂုတ် ကြိယာ သောမနဿ | ၄-ပါး၊ |
| | | အရဟတ္တဖိုလ် သောမနဿ | ၄-ပါး၊ |
| | | ပေါင်း | ၈-ပါး။ |
| | (ဃ) | မဟဂ္ဂုတ် ကြိယာ ဥပေက္ခာ | ၅-ပါး၊ |
| | | အရဟတ္တဖိုလ် ဥပေက္ခာ | ၁-ပါး၊ |
| | | ပေါင်း | ၆-ပါး။ |

၅။ (၁) အာကာသာနဉ္စာယတန ကုသိုလ်စိတ်သည် ကောင်းကင်ပညတ်ကို အာရုံပြုသည်။

(၂) ဝိညာဏဉ္စာယတနကုသိုလ်စိတ်သည် ပဌမာရုပ္ပဝိညာဉ်မဟဂ္ဂုတ်ကို အာရုံပြုသည်။

(၃) အာကိဉ္စညာယတနကုသိုလ်စိတ်သည် နတ္ထိဘောပညတ်ကို အာရုံပြုသည်။

(၄) နေဝသညာနာသညာယတနကုသိုလ်စိတ်သည် တတိယာရုပ္ပဝိညာဉ် မဟဂ္ဂုတ်ကို အာရုံပြုသည်။

၆။ သဗ္ဗည္ဈ ပနေတံ ရူပံ–စသော ပါဠိကို နိဿယအနက်အတိုင်းပေးပါ။

၇။ ထင်ရှားပြီ။

၈။ (၁) ထိုထို မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကို စွဲ၍ မြေကို ပညတ်ဟု ခေါ်သည်။

(၂) သစ်, မြေစိုင် အစရှိသော အဆောက်အဦတို့၏ စုဝေးသောအခြင်းအရာကို စွဲ၍ အိမ်ကို ပညတ်ဟု ခေါ်သည်။

(၃) ခန္ဓာ ငါးပါး အပေါင်းအစုကိုစွဲ၍ ယောက်ျားကို ပညတ်ဟု ခေါ်သည်။

(၄) လ, နေ, နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကို စွဲ၍ အရပ်မျက်နှာကို ပညတ်ဟု ခေါ်သည်။

(၅) ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်း အစရှိသော အခြင်းအရာကို စွဲ၍ တွင်းကို ပညတ်ဟု ခေါ်သည်။

(၆) ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသော နိမိတ်ကိုလည်းကောင်း, ပရိကမ္မစသည်ဖြင့် ပွားသော ဘာဝနာ၏ အစဉ်ဟူသောအထူးကို လည်းကောင်း စွဲ၍ ကသိုဏ်းနိမိတ် စသည်ကို ပညတ်ဟု ခေါ်သည်။

# ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ ပါဠိ၌ သန္နိဋ္ဌာန်ပုဒ် အရကိုသာ တိကျပြည့်စုံစွာ ကောက်ပြပါ။

"ယေ ဝါ ပန အကုသလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ အကုသလာတိ"

၂။ အဗျာကတ ဓမ္မာသာမည်၍၊ အဗျာကတမူလေန ဧကမူလ မမည်သော တရားတို့ကို ပြည့်စုံစွာ ရေးသားဖော်ပြပါ။

၃။ အောက်ပါပုစ္ဆာပါဠိ၏ အဖြေကို ထုတ်၍၊ အမေးလေးပါးတို့တွင် မည်သည့်အမေး, အဖြေငါးပါးတို့အနက် မည်သည့်အဖြေ၊ အဘယ့်ကြောင့် ထိုသို့ မေးဖြေရသည်ကို ပြည့်စုံစွာ ရှင်းပြပါ။

ယော ရူပက္ခန္ဓံ ပရိဇာနာတိ၊ သော ဝေဒနာက္ခန္ဓံ ပရိဇာနိတ္တာတိ။

၄။ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲ သညာက္ခန္ဓာ ဖြစ်ဖူးသော ပုဂ္ဂိုလ်နှင့် ဘုံအရကို ဖော်ပြပါ။

၅။ ရူပါယတနသာ ဖြစ်ဆဲ မနာယတနမဖြစ်လတ္တံ့သော ပုဂ္ဂိုလ်နှင့် ဘုံကိုပြသည့် ပါဠိကိုသာ ရေးခဲ့ပါ။

၆။ အောက်ပါ ပါဠိ၌ နှစ်ဘက်ရ ဝိဘင်းထုတ်၍၊ ဝိဘင်းပါဠိ၏အနက်ကိုပါ ရေးသားဖော်ပြပါ။

ယဿ ဝါ ပန ယတ္ထ ရူပဓာတု ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ စက္ခုဓာတု ဥပ္ပဇ္ဇိတ္ထာတိ။

၇။ သမုဒယသာမည်၍ သမုဒယသစ္စာ မမည်သောတရား၊ နှစ်ပါးစုံ မမည်သောတရားတို့ကို ရှင်းလင်းခွဲဝေပြပါ။

၈။ ဒုက္ခသစ္စာ မဂ္ဂသစ္စာ နှစ်မျိုးလုံး ဖြစ်ဆဲဖြစ်သောပုဂ္ဂိုလ်တို့၏ ဝိဘင်းပါဠိကို ပြည့်စုံစွာ ရေး၍ တိကျစွာ ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ ထင်ရှားပြီ။ (နှာ- ၃၂)

၂။ ထင်ရှားပြီ။ (နှာ- ၃၄)

၃။ နော။
(ကောဋ္ဌာသတင်ပုံအတိုင်း အပြည့်အစုံ ရေးပါ။) (နှာ- ၁၀၃)

၄။ ထင်ရှားပြီ။ (နှာ- ၇၄)

၅။ ပဋ္ဌိမဘဝိကာနံ ပဉ္စဝေါကာရာနံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။
(နှာ- ၁၆၀)

၆။ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ (နှာ- ၁၃၃)
ပဉ္စဝေါကာရာနံ- သုဒ္ဓါဝါသကြဉ် ပဉ္စဝေါကာရဥပပဇ္ဇန္တ, စဝန္တဖြစ်ကုန်သော ပုထုဇဉ် ပုဂ္ဂိုလ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား၊ တေသံ- ထိုပုဂ္ဂိုလ်တို့အား၊ တတ္ထ- ထိုသုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ ၂၁-ဘုံ၌။

၇။ ထင်ရှားပြီ။ (နှာ- ၂၀၉)

၈။ ထင်ရှားပြီ။ (နှာ- ၂၇၁)

* * * * *

## ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ သံကိလေသ သံကိလိဋ္ဌ သံကိလေသိက အရတို့ကို အသီးသီး ကောက်ပြပြီးလျှင်၊ ဝိတက္ကတိက် ဒုတိယပုဒ်အရကို သစ္စာဖွဲ့ပြပါ။

၂။ မဇ္ဈရိယသည် ဗဟိဒ္ဓကို အာရုံပြု, မပြု တိကမာတိကာကို ကိုးကားဖြေဆို၍၊ အနိဒဿန အပ္ပဋိဃာ ဓမ္မာဟူသော ပုဒ်အရကို ကောက်ပြခဲ့ပါ။

၃။ ဟေတုဒုက်၌ ဟေတု ၄-မျိုးကို ရေတွက်၍၊ ဤ၌ ယူအပ်သော ဟေတုကို ဖော်ပြပြီးလျှင်၊ အဇ္ဈတ္တတိက်နှင့် အဇ္ဈတ္တဒုက် အထူးကိုလည်း ရေးသားခဲ့ပါ။

၄။ ကိလေသသံကိလိဋ္ဌဒုက်၏ ဒုက်မှတ်ကို ရေး၍၊ နိယျာနိက အရ မဂ်လေးပါးကိုသာ ကောက်ပြီး၊ ဖိုလ်လေးပါးကို အဘယ့်ကြောင့် မကောက်ရကြောင်း ဖော်ပြခဲ့ပါ။

၅။ အောက်ပါပုဒ်တို့၏ တရားကိုယ်ဓမ္မများကို ထုတ်ပြပါ။

(က) ပဋိသန္ဓာနေရာ စ။ (ခ) ဘာဝနာဗလဉ္စ။

၆။ သင်္ဂဟော အရ သင်္ဂဟ ၄-မျိုးနှင့် ဝိပ္ပယောဂေါ အရ ဝိပ္ပယုတ် ၄-မျိုးတို့ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

၇။ အောက်ပါတရားတို့ကို ပြဆိုခဲ့ပါ။

(က) ဣတ္ထိန္ဒြေနှင့် ခန်ကွဲ၊ အာ, ဓာတ်တူ တရား။

(ခ) အရူပဘာဝနှင့် ခန်, အာ, ဓာတ်ကွဲသော တရား။

၈။ အောက်ပါပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။

အဓိမောက္ခန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ဧကေန ခန္ဓေန ဒသဟာယတနေဟိ ပန္နရသဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာယတနေန ဧကာယ ဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၂၇ (၁၉၆၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ **သံကိလေသ-** ကိလေသာတရားကိုယ် ၁၀-ပါး။

**သံကိလိဋ္ဌ -** အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ။

**သံကိလေသိက-** လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ။

(သစ္စာဖွဲ့ပုံ ထင်ရှားပြီ။)

၂။ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာဒ္ဓိ ဗဟိဒ္ဓါရမ္မဏာ ဓမ္မာအရ မဇ္ဈတ္တရိယကို မကောက်ခြင်းကြောင့် မဇ္ဈတ္တရိယသည် ဗဟိဒ္ဓကို အာရုံမပြုပါ။

(အရကောက် ထင်ရှားပြီ။)

၃။ **ဟေတု ၄–မျိုး**

| | | | |
|---|---|---|---|
| ၁။ | ဟေတု ဟေတု၊ | ၂။ | ဥတ္တမ ဟေတု၊ |
| ၃။ | ပစ္စယ ဟေတု၊ | ၄။ | သာဓာရဏ ဟေတု။ |

ဤ၌ ဟေတု ဟေတုကို လိုအပ်သည်။

**အထူး** – အဗျာကတတိက်၌ နိယကဗျာကတကို ယူရမည်။

အဗျာကတ်ိကဒုက်၌ အဗျာကတဗျာကတကို ယူရမည်၊ ဤသို့ထူးပါသည်။

၄။ (ဒုက်မှတ် ထင်ရှားပြီ။)

ဖိုလ်လေးပါးသည် အကျိုးတရားဖြစ်၍ ဝဋ်မှ ထွက်မြောက်ကြောင်းမဟုတ်သောကြောင့် နိယျာနိက အရ ဖိုလ်လေးပါးကို မကောက်။

၅။ ထင်ရှားပြီ။

၆။ **သင်္ဂဟ ၄–မျိုး**

| | | | |
|---|---|---|---|
| ၁။ | ဇာတိသင်္ဂဟ | ၂။ | သဉ္ဇာတိသင်္ဂဟ |
| ၃။ | ကြိယာသင်္ဂဟ | ၄။ | ဂဏသင်္ဂဟ |

**ဝိပ္ပယုတ် ၄–မျိုး**

| | | | |
|---|---|---|---|
| ၁။ | ဘူမိဝိပ္ပယုတ် | ၂။ | ကာလဝိပ္ပယုတ် |
| ၃။ | ဇာတိဝိပ္ပယုတ် | ၄။ | သန္တာနဝိပ္ပယုတ် |

*ဘုံ, ကာ, ဇာတ်, သန်၊ ဤလေးတန်၊ မှတ်ရန် အချုပ် ဝိပ္ပယုတ်။*

၇။ (က) ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်။

(ခ) ဩဠာရိကရုပ် ဒွါဒသ။

၈။ ထင်ရှားပြီ။

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ကိံ သံဃဿ ပုဗ္ဗကိစ္စံ ၌ ပုဗ္ဗကိစ္စသရုပ်ကို ထုတ်ပြပြီးလျှင်၊ မထေရ်ကြီးက စေခိုင်းပါလျက် ပုဗ္ဗကိစ္စကို မပြုလုပ်သောရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း ဖော်ပြပါ။

၂။ ကာယသံသဂ္ဂ သိက္ခာပုဒ်လာ ဟတ္ထ, ဝေဏိ, အင်္ဂတို့၏ အရကို ပြပြီးလျှင်၊ ထိုသိက္ခာပုဒ်လာ မာတုဂါမနှင့် ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ မာတုဂါမတို့၏ အထူးကိုလည်း ဖော်ပြပါ။

၃။ အပ္ပဋိစ္ဆန္န မာနတ်နှင့် ပဋိစ္ဆန္န မာနတ်တို့၏ အဓိပ္ပါယ်ကို ဖော်ပြပြီးလျှင်၊ ဘိက္ခုမာနတ္တာယ၌ ယူရမည့် မာနတ်ကိုလည်း ဖော်ပြပါ။

၄။ နိဿဂ္ဂိယပါစိတ် စီဝရဝဂ်၌ ပရမသဒ္ဒါ ပါသောသိက္ခာပုဒ်တို့၏ အရေအတွက်ကို သချာမှုပြ၍၊ တတိယသိက္ခာပုဒ်၏ ပါဠိကိုလည်း ရေးပါ။

၅။ သဟဓမ္မိကဝဂ် ဥပဿုတိ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၆။ ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီမ၏ ပြုရမည့်တာဝန်များနှင့် ပသာခအရပ်၌ ပေါက်နေသော အနာကို ယောကျ်ားနှင့် ကုလိုသော ဘိက္ခုနီမ၏ ပြုရမည့်တာဝန်များကို အသီးသီးဖော်ပြပါ။

၇။ ဘိက္ခုနီသာသနာ၌ ရဟန်းခံလိုသော မိန်းမ၏ အသက်နှင့် ဥပဇ္ဈာယ်ဆရာ၏ ဝါတို့ကို ဖော်ပြပါ။

၈။ ကိုယ်ခန္ဓာ ခန့်ကျန်းပါလျက် ထောပတ်, ဆီပျား, ပဏီတ ဝတ္ထုများကို တောင်း၍ သုံးဆောင်သော ဘိက္ခုနီမအား အသီးသီး အာပတ်သင့်သည်ဆိုရာ အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များ သင့်ပါသနည်း၊ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ ပုဗ္ဗကိစ္စသရုပ်

၁။ တံမြက်လှည်းခြင်း၊

၂။ ဆီမီးညှိထွန်းခြင်း၊

၃။ သောက်ရေ, သုံးရေ တည်ထားခြင်း၊

၄။ နေရာခင်းခြင်းဟူသော ပုဗ္ဗကရဏ ၄–ပါး။

၁။ ဆန္ဒကို လျှောက်ကြားခြင်း၊

၂။ ပါရိသုဒ္ဓိကို လျှောက်ကြားခြင်း၊

၃။ ဥတုပက္ခကို လျှောက်ကြားခြင်း၊

၄။ သိမ်အပြင်၌ ဥပုသ်ပြုသော သံဃာကို ရေတွက်၍ လျှောက်ထားခြင်း၊

၅။ ဘိက္ခုနောဝါဒကို သံဃာတော်အား လျှောက်ထားခြင်း ဟူသော ပုဗ္ဗကိစ္စ ၅–
ပါး၊ ပေါင်း ၉–ပါး။

မထေရ်ကြီး စေခိုင်းပါလျက် ပုဗ္ဗကိစ္စကို မပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

အကရောန္တဿ ဒုက္ကဋဿ အာပတ္တိ။ (ကခ်ါ)

၂။ **ဟတ္ထ**

တံတောင်ဆစ်မှ လက်ဖျားတိုင်အောင် အရပ်သည် ဟတ္ထမည်၏။

ဟတ္ထောနာမ ကပ္ပရတော ပဋ္ဌာယ ယာဝအဂ္ဂနခါ။ (ကခ်ါ)

**ဝေဏိ**

ထုံး၍လည်းကောင်း, မထုံးမူ၍လည်းကောင်း, ဆံပင်သက်သက်လည်းကောင်း, ပန်း, ရွှေ, ငွေ စသည်တို့နှင့် ရောနှောသော ဆံပင်သည်လည်းကောင်း ဝေဏိမည်၏။

**အင်္ဂ**

ဟတ္ထ, ဝေဏိတို့မှ ကြွင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အင်္ဂမည်၏။

ဝေဏိနာမ ဝိနဒ္ဓိတွာ ဝါ အဝိနဒ္ဓိတွာ ဝါ သုဒ္ဓကေသေဟိ ဝါ နီလာဒိဝဏ္ဏ သုတ္တ ကုသုမ ကဟာပဏ မာလာသုဝဏ္ဏ စီဝရကမုတ္တာဝဠိအာဒိသု အညတရ မိဿေဟိ ဝါ ကတ ကေသ ကလာပဿေတံ အဓိဝစနံ။

ဝေဏိဂ္ဂဟဏေန စေတ္ထ ကေသာပိ ဂဟိတာယေဝ သန္တိ လောမေဟိ။

အဝသေသဿ သရီရဿ ပရာမသနံ အညတရဿ ဝါ အင်္ဂဿ ပရာမသနံ နာမ။

(ကခ်ါ)

(မာတုဂါမအရ ၁၃၂၅–၌ရှု။)

၃။ အာပတ်ကို မဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ်မပေးဘဲ မာနတ်သာပေးအပ်သော မာနတ်

သည် အပ္ပဋိစ္ဆန္နမာနတ် မည်၏။

အာပတ်ကို ဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ်၏ အဆုံး၌ ပေးအပ်သော မာနတ်သည် ပဋိစ္ဆန္နမာနတ် မည်၏။

ဘိက္ခုမာနတ္တဉ္စ ပနေတံ ပဋိစ္ဆန္နာ ပဋိစ္ဆန္နဝသေန ဒုဝိဓံ။ တတ္ထ ယဿ အပ္ပဋိစ္ဆန္နာပတ္တိ ဟောတိ၊ တဿ ပရိဝါသံ အဒတွာ မာနတ္တမေဝ ဒါတဗ္ဗံ ကြံ အပ္ပဋိစ္ဆန္နမာနတ္တံ။ ယဿ ပဋိစ္ဆန္နာ ဟောတိ၊ တဿ ပရိယောသာနေ ဒါတဗ္ဗံ မာနတ္တံ ပဋိစ္ဆန္နမာနတ္တန္တိ ဝုစ္စတိ။ ကြံ ကြမ အဝိပ္ပေတံ။

(ကခ်ါ)

၄။ စိဝရဝဂ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ် ၄–ပုဒ်။

ဒသာဟပရမံ မာသပရမံ, သန္တရုတ္တရပရမံ, ဆက္ခတ္တုပရမံ။

ပါဠိထင်ရှားပြီ။

၅။ အနက်ထင်ရှားပြီ။

၆။ (၁၃၂၄– ၁၃၂၅ –၌ ရှု။)

၇။ **အသက်–** ဂိဟိဂတမိန်းမမျိုး၌ အနည်းဆုံး ၁၂–နှစ်၊ ကုမာရိဘူတမိန်းမမျိုး၌ အနည်းဆုံး ၂၀–နှစ် ရှိရမည်။

**ဥပဇ္ဈာယ်ဆရာ၏ဝါ–** အနည်းဆုံး ၁၂–ဝါ ရှိရမည်။

၈။ ထောပတ်ကို တောင်း၍ သုံးဆောင်လျှင် သပ္ပိဝိညာပနသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။

ဆီကို တောင်း၍ သုံးဆောင်လျှင် တေလဝိညာပနသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။

ပျားရည်ကို တောင်း၍သုံးဆောင်လျှင် မခုဝိညာပနသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။

* * * * *

## ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ ဃောသနှင့် အဃောသ အက္ခရာတို့ကို ထုတ်ပြပြီးလျှင်၊ (က) ဗျဉ္ဇနံ၊ (ခ) ပစ္စယော၊ (ဂ) ဂဝါဇိနံ တို့ကို ပုဒ်ဖြတ်၍၊ (ဃ) သီလဝတံ၊ (င) ဝိပလိအာသော၊ (စ) ပထမဈာနံတို့ကို ပုဒ်စပ်ပြပါ။

၂။ ဟေတု သဒ္ဒါနှင့် ဇန္တု သဒ္ဒါတို့၏ ပထမာယောဖြင့် ပြီးနိုင်သမျှ ရုပ်စုတို့ကို ထုတ်ပြပြီးလျှင်၊ ကုဟိ ဟံသု စ–သုတ် စ–သဒ္ဒါ၏ အကျိုးကိုလည်း အကိုးနှင့်တကွ ဖော်ပြပါ။

၃။ ကိတ္တိဓာတက ပစ္စည်းများနှင့် တဒ္ဓိတ်ပစ္စည်းတို့၏ ခြားနားပုံကို ရူပသိဒ္ဓိကျမ်းလာအတိုင်း ရေးသားပြီးလျှင်၊ ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သက်သောသုတ်နှင့် ဒုတိယာအနက်၌ ဆဋ္ဌီဝိဘတ်သက်သောသုတ်တို့ကို ပုံစံတစ်ခုစီနှင့် ထုတ်ပြပါ။

၄။ လိင်္ဂတ္ထ ပထမာ၌ လိင်္ဂနှင့် လိင်္ဂတ္ထ အရကို ရေးသားပြီးလျှင်၊ သမာသ်ခြောက်မျိုးကိုလည်း ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၅။ တဒ္ဓိတ် "ဏ" ပစ္စည်းသက်နိုင်သော သုတ်များနှင့် "က္ကယ" ပစ္စည်းသက်နိုင်သော အနက်များကိုလည်း ကစ္စည်းကျမ်းလာအတိုင်း ထုတ်ပြပါ။

၆။ ဝိကရဏပစ္စည်း တစ်ဆယ့်သုံးမျိုးတို့ကို ထုတ်ပြပြီးလျှင်၊ (က) နာယတိ၊ (ခ) နယတိ တို့ကို အာချာတ်ရုပ်အကျဉ်း တွက်ပြပါ။

၇။ "အဘ္ဘာသ" ဟူသည် အဘယ်အရာကို ခေါ်ဆိုပါသနည်း၊ ကစ္စည်းကျမ်းလာအတိုင်း ရေးသားပြီးလျှင်၊ ဤယူပမာ နာ စ–သုတ်ကိုလည်း ကျနစွာ အနက်ယောဇနာပါ။

၈။ (က) ဒုက္ကရံ (ခ) ပဘဿော၊ (ဂ) ဝုဋ္ဌော၊ (ဃ) အာရုဠ္ဟော–တို့ကို ဓာတ်, ပစ္စည်း ခွဲပြပြီးလျှင်၊ သမ္ဗန်, အာလုပ်, ဟိတ်, လက္ခဏာ စသောအနက်တို့သည် အဘယ့်ကြောင့် အကာရက ဖြစ်ကြပါသနည်း၊ ပုဒ်စစ်ကျမ်းလာအတိုင်း ဖြေဆိုပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ **ဃောသ– ဝဂ်တို့၌ တတိယ, စတုတ္ထ, ပဉ္စမအက္ခရာများနှင့် ယ–ရ–လ–ဝ–ဟ–ဠ ပေါင်း ၂၁–လုံး။**

အဃောသ– ဝဂ်တို့၌ ပထမ, ဒုတိယအက္ခရာများနှင့် သ–အက္ခရာပေါင်း ၁၁–လုံး။

* *ဝဂ်တွင် တ–စ၊ ပဉ္စမနှင့်၊ ယ–ရ–လ–ဝ၊ ဟနှင့်ဠ၊ ဃောသ နှစ်ဆယ့်တစ်။*
*ဝဂ်တွင် ပ–ဒု၊ သ–တစ်ခု၊ မှတ်ရှု အဃောသ တစ်ဆယ့်တစ်။*

(က) ဝိ–အဥ္စန်၊ (ခ) ပတိ–အယော၊
(ဂ) ဂေါ– အဇိန်၊ (ဃ) သီလဗ္ဗတံ၊
(င) ဝိပလ္လာသော၊ (စ) ပထမဇ္ဈာနံ။

၂။ ဟောတု, ဟောတဝေါ, ဟောတုယော။

ဓန္တူ, ဓန္တဝေါ, ဓန္တုယော, ဓန္တုနော။ (စ သဒ္ဒါအကျိုး ယင်ရာ.ပြီ။)

၃။ ကတ္တိဓာတ်တကပစ္စည်းများသည် သိ စသော ဝိဘတ်တို့ကဲ့သို့ ပကတိလိင်ပုဒ်၏အနက်ကို ထွန်းပြရုံသာ ထွန်းပြတတ်ကုန်၏။

တဒ္ဓိတ် ပစ္စည်းများသည်ကား ပစ္စည်း၏အနက်ကို လည်းကောင်း, သကတ်အနက်ကိုလည်းကောင်း ဟောတတ်ကုန်၏။

ပကတျတ္ထ ဓာတကာ ကတ္တိ၊ ပစ္စယာ သျာဒယော ဝိယ။

ဏာဒယော ပစ္စယတ္ထဿ၊ သကတ္ထဿာပိ ဝါစကာ။ (ရူ)

**ဆဋ္ဌီအနက်၌ ဒုတိယာ**

ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ။

အပိဿု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု။

**ဒုတိယာအနက်၌ ဆဋ္ဌီ**

ဒုတိယာ ပဉ္စမီနဉ္စ။

တဿ ဘဝန္တိ ပတ္တာရော။

၄။ ရုက္ခော−ဒ္ဓ ရုက္ခသဒ္ဒါသည် လိင်္ဂ၊ သစ်ပင်ဟူသော အနက်သည် လိင်္ဂတ္ထ။

ရုက္ခောတိဝစနံ လိင်္ဂံ၊

လိင်္ဂတ္ထော [illegible] ဒီပိတော။

ဒွိ လိင်္ဂဉ္စ လိင်္ဂတ္ထံ၊

ဉာတဗ္ဗာ ယောဇယေ ပဏ္ဍိတော။ (နိယာ)

## သမာသ် ၆–မျိုး

| | | |
|---|---|---|
| ၁။ | အဗျယီဘောသမာသ် | ဥပနဂရံ။ |
| ၂။ | ကမ္မဓာရည်းသမာသ် | မဟာပုရိသော။ |
| ၃။ | ဒိဂုသမာသ် | တိလောကံ။ |
| ၄။ | တပ္ပုရိသ်သမာသ် | အပြဟ္မဏော၊ ဘူမိဂတော။ |
| ၅။ | ဗဟုဗ္ဗီဟိသမာသ် | အာဂတသမဏော။ |
| ၆။ | ဒွန်သမာသ် | သမဏဗြဟ္မဏာ။ |

* *အဗျ, ကမ္မ, ဒိ, တပ်, ဗ၊ ဒွန္ဒတ် ခြောက်သမာသ်။*

၅။ **ဏ ပစ္စည်း**– ဝါဏာပစ္စေ၊ ဏရာဂါတဿေဒ မညတ္တေသု စ။

သမူဟတ္တေ ကဏ်ဏာ၊ ဏ ဝိသမာဒီဟိ၊ သဒ္ဓါဒီတော ဏ။

**ဏ္ဍယ ပစ္စည်း**– ဓာတအနက်၊ နိယုတ္တအနက်၊ အဿတ္ထိအနက်၊ တဒဿတ္ထာန အနက်၊ ဝိသေသအနက်။

၆။ **ဝိကရဏ ပစ္စည်း**

အ–နိဂ္ဂဟိတပုဗ္ဗ အ–ဏ္ဍ–ဤ–ဓ–ဩ–ယ–ဏု–ဏာ–ဥဏာ–နာ–ပ္ပ–ဏှာ–ဩ–ယိရ–ဏေ– ဏယ ပေါင်း ၁၇–ပစ္စည်း။

မှတ်ချက်။ ။ ပဋ္ဌာန်၌ ဝိကရဏပစ္စည်း ၁၃–မျိုးဟု ပါရှိ၏၊ ဝိကရဏပစ္စည်းသည် ၁၃–မျိုးမဟုတ်၊ ၁၇–မျိုးသာ ဖြစ်သည်၊ ဓာတုနိဒ္ဒိဋ္ဌပစ္စည်းသာ ၁၃–မျိုးရှိသည်။

၄င်း ၁၃–မျိုးကား– ခ–ဆ–သ–အာယ–ဤယ–ဏေ–ဏယ–ဏာပေ–ဏာပယ–အလ–ဏယ–အာရ–အာလ တို့တည်း။

(စာပြေကျ၌ ဤနည်းကို နမူနာယူ၍ ပဋ္ဌာအခြေအနေအရ လိမ္မာပါးနပ်စွာ ပြေတတ်ပါစေ။)

(က) ဉာ– အ၀ဗောဓနေ၊ ဓာတ်အမည်မှည့်၊ တိ ဝိဘတ်သက်၊ နာ ပစ္စည်းသက်၊ ဉာဿ ဇာဇံနာ ဖြင့် ဉာ–ကို နာ–ပြု၊ နာဿ လောပေါ ယကာရတ္တံ ဖြင့် နာ–ပစ္စည်းကို ယ–ပြု၊ နာယတိ ပြီး၏။

(ခ) နီ–နယေ၊ ဓာတ်အမည်မှည့်၊ တိ ဝိဘတ်သက်၊ အ ပစ္စည်းသက်၊ အညေသု စ ဖြင့် ဤ–ကို ဧ ဝုဒ္ဓိ ပြု၊ ဧ အယ ဖြင့် ဧ–ကို အယ–ပြု၊ ယ ခွင်း, ချေ, ကပ်၊ နယတိ ပြီး၏။

၇။ (အပိုအလွန် ရွတ်ဆိုအပ်သော) ဒွေဘော်ပြုထားသော ဓာတ်၏ ရှေ့ဖြစ်သော အက္ခရာ သည် အဗ္ဘာသ မည်၏။

ဒွေ ဘူတဿ ဓာတုဿ ယော ပုဗ္ဗော၊ သော အဗ္ဘာသသညော ဟောတိ။ (ကစ္စည်း)

**အနက်**

ဥပမာနာ– ကံ၏ ဥပမာနဖြစ်သော၊ နာမတော စ– နာမ်ပုဒ်နောင်မှလည်း၊ အာစာရေ– ပြု ကျင့်ခြင်းအနက်၌၊ ဤယ– ဤယ ပစ္စည်းသည်၊ ဟောတိ–ဖြစ်၏။

၈။ (က) ဒုပုဗ္ဗ ကရ ဓာတ် ခ ပစ္စည်း၊
(ခ) ပပုဗ္ဗဘန္ဒ ဓာတ် တ ပစ္စည်း၊
(ဂ) ဝသ ဓာတ် တ ပစ္စည်း၊
(ဃ) အာပုဗ္ဗ ရုဟ ဓာတ် တ ပစ္စည်း၊

**အကာရက**

သမ္ဗန်, အာလုပ် အစရှိသော အနက်တို့သည် ကြိယာနှင့်မစပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းမျှ မဖြစ်သောကြောင့် အကာရက မည်ကုန်၏။

ဟိတ်, လက္ခဏ အစရှိသောအနက်တို့သည် ကြိယာနှင့်စပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းဖြစ်ငြားသော်လည်း စင်စစ် ကြိယာဟူသော အကျိုးမရှိသောကြောင့် အကာရကမည်၏။

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ အဘယ့်ကြောင့် အကုသလဝိပါက် သန္တီရဏစိတ်၌ ဝေဒနာတစ်ပါးသာရှိ၍ ကုသလဝိပါက် သန္တီရဏစိတ်၌ ဝေဒနာ နှစ်ပါး ရှိရပါသနည်း မှန်ကန်စွာ ဖြေပါ။

၂။ ကာမာဝစရစိတ် သင်္ဂဟနည်း အကျဉ်းပြ ဂါထာလာ အောက်ပါတရားများ၏ သရုပ်ကို ထုတ်ပြပြီးလျှင်၊ ၄င်းတို့နှင့် ယှဉ်နိုင်သမျှသော စိတ်များကိုလည်း ဖော်ပြပါ။

(က) တေတ္တိံသက အရသာ ဖြစ်၍ တေတ္တိံသ အရ မဖြစ်သောတရား။

(ခ) တေတ္တိံသအရသာ ဖြစ်၍ တေတ္တိံသက အရမဖြစ်သောတရား။

၃။ ဥပေက္ခာသဟဂတ သန္တီရဏစိတ်ကို ကိစ္စသင်္ဂဟ, ဒွါရသင်္ဂဟ နှစ်ပါး တွဲစပ်ဝေဖန်ပြီးလျှင်၊ ၄င်းစိတ် တပ်သောကိစ္စများ၏ အဓိပ္ပါယ်ကိုလည်း ရေးပြပါ။

၄။ ဝိဘူတာရုံ ဧကန်ဖြစ်နိုင်သော ဇောဝါရနှင့် အနေကန် ဖြစ်နိုင်သော ဇောဝါရများ၏ အမည်ကို ဖော်ပြ၍၊ ၄င်းဇောဝါရတို့၌ တဒါရုံ ကျနိုင် မကျနိုင်ကိုလည်း ခွဲခြား၍ အကြောင်းပြ ဖြေဆိုပါ။

၅။ သောတာပန်ပုဂ္ဂိုလ် သေပြီးနောက် ပြိတ္တာဘုံသို့ ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်နိုင် မဖြစ်နိုင် သာဓကပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးဝိပါက်စိတ်များကိုလည်း တိကျစွာ ရေးပြပါ။

၆။ ရုပ်၏အကြောင်းဖြစ်သော ရုပ်များကို အထောက်အထားဖြင့် ဖော်ပြပြီးလျှင်၊ ရုပ်၏ အကျိုး ဖြစ်သော ရုပ်များကိုလည်း ရေးပြပါ။

၇။ သေက္ခပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်သော ဣန္ဒြေများနှင့် အသေက္ခပုဂ္ဂိုလ်နှင့်သာ ဆိုင်သော ဣန္ဒြေတို့၏ တရားကိုယ်ကို ဖော်ပြသောပါဠိကို အပြည့်အစုံရေးပြပါ။

၈။ ပညတ်နှစ်မျိုးကို ပြဆိုသော ပါဠိကို ကျနစွာ အနက်ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ အကုသလဝိပါက်စိတ်တို့သည် ထက်ဝန်းကျင်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿဖြစ်မှု မရှိသောကြောင့် အကုသလဝိပါက် သန္တီရဏ၌ ဥပေက္ခာဝေဒနာတစ်ပါးသာ ရှိရသည်။

ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းအားဖြင့် ဝေဒနာအပြား ဖြစ်သင့်သောကြောင့် ကုသလဝိပါက် သန္တီရဏ၌ သောမနဿ, ဥပေက္ခာ ဝေဒနာ ၂–ပါး ရှိရသည်။

ဣဋ္ဌ, ဣဋ္ဌမဇ္ဈတ္တာရမ္မဏဝသေန ဝေဒနာဘေဒ သမ္ဘဝတော ကုသလ ဝိပါကံ သန္တီရဏံ ဒွိဓာ ဝုတ္တံ။

အကုသလ ဝိပါကာနံ ပရိဒုဗ္ဗလဘာဝတော အနိဋ္ဌာရမ္မဏေပိ ဒေါမနဿုပ္ပတ္တိ နတ္ထီတိ သန္တီရဏံ ဥပေက္ခာသဟဂတမေဝ။ (ဋီ)

၂။ (က) အပွမညာဒွေ။

### ယှဉ်သောစိတ်

ပဥ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂–ပါး၊

မဟာကုသိုလ်စိတ် ၈–ပါး၊

မဟာကြိယာစိတ် ၈–ပါး၊

ပေါင်း ၂၈–ပါး။

(ခ) ဉာဏ်, ပီတိ။

**ဉာဏ်နှင့်ယှဉ်သောစိတ်**

| | |
|---|---|
| ဉာဏသမ္ပယုတ် ကာမာဝစရ သောဘနစိတ် | ၁၂–ပါး၊ |
| မဟဂ္ဂုတ်, လောကုတ္တရာစိတ် | ၃၅–ပါး၊ |
| ပေါင်း | ၄၇–ပါး။ |

**ပီတိနှင့်ယှဉ်သောစိတ်**

| | |
|---|---|
| ကာမသောမနဿ | ၁၈–ပါး၊ |
| ပ, ဒု, တ ဈာန်စိတ် | ၃၃–ပါး၊ |
| ပေါင်း | ၅၁–ပါး။ |

၃။ **ကိစ္စ–** ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စ အားဖြင့် ၅–ကိစ္စ။

**ဒွါရ–** ရံခါ ၆–ဒွါရ၌ ဖြစ်၍ ရံခါ ၆–ဒွါရမှ လွတ်၏။

**အဓိပ္ပါယ်**

ရှေ့နောက်ဘဝကို ဆက်စပ်ခြင်းသည် ပဋိသန္ဓေကိစ္စ။

အဆက်မပြတ်ဖြစ်ဖို့ရာ အကြောင်း၏အဖြစ်ဖြင့် ဥပပတ္တိဘဝ၏ မပြတ်မစဲဖြစ်ဖို့ရာ အကြောင်းဖြစ်သောကြောင့် ဘဝင်ကိစ္စ။

ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းသည် စုတိကိစ္စ။

ထိုထိုဇောသည် ယူအပ်သောအာရုံကို အာရုံပြုခြင်းသည် တဒါရုံကိစ္စ။

သမ္ပဋိစ္ဆိုင်းသည် လက်ခံအပ်ပြီးသော ရူပါရုံစသည်ကို ကောင်းစွာစူးစမ်းခြင်းသည် သန္တီရဏကိစ္စ။

ဘဝတော ဘဝဿ ပဋိသန္ဓာနံ ပဋိသန္ဓိကိစ္စ။

အဝိဇ္ဇာဒ ပဝတ္တိဟေတုဘာဝေန ဘဝဿ အင်္ဂဘာဝေါ ဘဝင်္ဂကိစ္စံ။
နိဗ္ဗတ္တ ဘာဝတော ပရိဂ္ဂဋ္ဌန် စုတိကိစ္စံ။
တံ တံ ဇဝနဂ္ဂဟိတာရမ္မဏာဿ အာရမ္မဏကရဏံ တဒါရမ္မဏကိစ္စံ။
သမ္မာတီရေတိ ယထာသမ္ပဋိစ္ဆိတံ ရူပါဒိအာရမ္မဏံ ဝိမံသတီတိ သန္တီရဏံ။

၄။ ဝိဘူတာရုံ ဧကန်ဖြစ်နိုင်သော ဓောဝါရကား အပ္ပနာဇောဝါရဖြစ်သည်။
ဝိဘူတာရုံ အနေကန်ဖြစ်နိုင်သော ဇောဝါရကား ကာမဇောဝါရ ဖြစ်သည်။
တဒါရုံသည် ကာမတဏှာလျှင် အကြောင်းရင်း ရှိသောကံကြောင့်သာလျှင် ဖြစ်ရသော ကြောင့် ကာမဇောဝါရ၌သာ တဒါရုံကျသည်။
ကာမတဏှာနိဒါနကမ္မနိဗ္ဗတ္တတ္တာ။
အပ္ပနာဇောသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း, တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် ဘုံအားဖြင့်တူသော သဘောမရှိသောကြောင့်လည်းကောင်း အပ္ပနာ ဇောဝါရ၌ တဒါရုံမကျပါ။
အဇနကတ္တာ ဇနကသမာနတ္တာဘာဝတော စ။ (ဋီ)

၅။ သောတာပန်ပုဂ္ဂိုလ် သေပြီးနောက် ပြိတ္တာဘုံသို့ ပဋိသန္ဓေ၏ အစွမ်းဖြင့် မဖြစ်နိုင်။
**သာဓကကား**– ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ။

**ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးစိတ်**

အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံအတွက် အကုသလဝိပါက်စိတ် ၇–ပါး။
ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံအတွက် အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး။
သာ (ဒိဋ္ဌဓမ္မဝေဒနီယ စေတနာ) (ပ) ဣဓေဝ ပုပ္ဖမတ္တံ ဝိယ ပဝတ္တိဝိပါကမတ္တံ အဟေတု ကဖလံ ဒေတိ။

၆။ **ရုပ်၏အကြောင်း ရုပ်**

သိတဉတု, ဥဏှဉတုဟု ဆိုအပ်သော တေဇောဓာတ် (ဥတုဇရုပ်၏အကြောင်း)။

ဩဇာဟု ဆိုအပ်သော အာဟာရဇရုပ် (အာဟာရဇရုပ်၏အကြောင်း)။

အထောက်– သီတုဏှောတု သမညာတာ တေဇောဓာတု ဌိတိပ္ပတ္တာ ဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တော ဝ သမုဋ္ဌာပေတိ။

## ရုပ်၏အကျိုး ရုပ်

သဒ္ဒ, လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂ ၈–ခု, အာကာသဓာတ် ဟူသော ဥတုဇရုပ် တေရသ။

လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈–ခု, အာကာသဓာတ် ဟူသော အာဟာရဇရုပ် ဒွါဒသ။

၇။ ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညာဿာမိတိန္ဒြိယံ။ (သောကွ)

အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။ (အသောကွ)

မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။ (သောကွ)

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ ပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကို ရေးပြပါ။

"ယေ ကေစိ အကုသလမူလေန ဧကမူလမူလာ ဓမ္မာ၊ သဗ္ဗေ တေ အကုသလမူလေန အညမညမူလမူလာတိ။"

၂။ (က) နာမ၊ နာမမူလနှစ်မျိုးမည်ကောင်းသော တရားနှင့် (ခ) နာမ်သာမည်သောတရားတို့ကို ဖော်ပြပါ။

၃။ အောက်ပါ ပါဠိတို့၏ အရကို တိကျစွာ ကောက်ပြပါ။

(က) သင်္ခါရက္ခန္ဓံ ဌပေတွာ အဝသေသာ န သင်္ခါရက္ခန္ဓော သင်္ခါရာ၊

(ခ) သင်္ခါရေ စ သင်္ခါရက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ န စေဝ သင်္ခါရာ န စ သင်္ခါရက္ခန္ဓော။

၄။ ဝေဒနာက္ခန္ဓာမူ သညာက္ခန္ဓာမူလီ အတီတာနာဂတ ပဂ္ဂလောကာသ ပစ္စနိက်၌ နှစ်ဘက်ရကို ထုတ်ပြပြီးလျှင်၊ "ယော ရူပက္ခန္ဓံ န ပရိဇာနိတ္ထ" အရကို ကောက်ပြပါ။

၅။ ဓမ္မသာမည်သောတရား၊ ဓမ္မ, ဓမ္မာယတန နှစ်မျိုးလုံး မမည်သောတရားတို့နှင့် မနာယတန ဓမ္မာယတန နှစ်ပါးစုံ ဖြစ်ဖူးသောပုဂ္ဂိုလ်နှင့် ဘုံတို့ကို အသီးသီး ရှင်းလင်းစွာ ဖော်ပြပါ။

၆။ ဓာတုယမိုက် ပဝတ္တိဝါရ၌ မဟောအပ်သော ဓာတ်တို့ကို အကြောင်းနှင့်တကွ ပြဆိုပြီးလျှင်၊ "ယဿ ဝါ ပန မနောဝိညာဏဓာတု ဥပ္ပဇ္ဇတိ၊ တဿ စက္ခုဓာတု ဥပ္ပဇ္ဇတီတိ"ဟူသော ပါဠိ၏ နှစ်ဘက်ရ ဝိဘင်းကိုသာ အနက်ယောဇနာပါ။

၇။ (က) နိရောဓသော မည်သောတရားနှင့် (ခ) နိရောဓ, သစ္စာ နှစ်ပါးစုံ မမည်သောတရားတို့ကို ကောက်ပြပါ။

၈။ "ယဿ ဝါ ပန ယတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇိတ္ထာတိ"ဟူသော

ပါဠိ၌ နှစ်ဘက်ရဝိဘင်းကို ရေး၍ တိကျစွာ ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း॥ ॥ ယမကဘာသာ

အဖြေလွှာ

၁။ ထင်ရှားပြီ။ (နှာ– ၃၁)

၂။ (က) နာမမူ ၉–ခု။

(ခ) စိတ်တစ်ခုယုတ် ကိုးဆယ်၊ နာမမူကိုးခုကြဉ်သော စေတသိက် ဆ စတ္တာလီသ၊ နိဗ္ဗာန်။ (နှာ– ၃၆)

၃။ (က) စိတ်တစ်ခုယုတ် ကိုးဆယ်၊ ဝေဒနာ, သညာ, ရုပ်–၂၈။ (နှာ– ၆၂)

(ခ) နိဗ္ဗာန်, ပညတ်။

၄။ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ, စဝန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံ။

အသညသတ် ဥပပဇ္ဇန္တ, စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ။

**မှတ်ချက်။** ॥ ပစ္စာ၌ ဥပ္ပါဒဟုလည်းကောင်း, နိရောဓဟုလည်းကောင်း, ဥပ္ပါဒနိရောဓဟုလည်း

ကောင်း သေချာစွာ သတ်မှတ်မှု မရှိ၊ အားလုံးနှင့် သက်ဆိုင်နေသည်၊ ဤဒွိကား ဥပါဒ်တစ်ခုကိုသာ ရည်ရွယ်၍ ကောက်လိုက်သည်။

နိရောဓနှင့် ဥပ္ပါဒနိရောဓအတွက်ဖြစ်မှု ရူပါဝစရ ပဉ္စမဈာန်စုတိတစ်ခု၊ စေတသိက်တိ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော သုဒ္ဓါဝါသ ပရိနိဗ္ဗုတ္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံ၊ အသညသတ် ဥပပဇ္ဇန္တ စဝန္တ (လ) တို့အား အသညသတ်ဘုံ။

ယော ရူပက္ခန္ဓ န ပရိဇာနိတ္ထ

ပုထုဇဉ်၊ အရဟတ္တဖလဋ္ဌာန် ကြဉ်သော အရိယာပုဂ္ဂိုလ် ၇–ယောက်။

## ၅။ ဓမ္မသာမည်သောတရား

ဓမ္မာယတနမှတစ်ပါး စိတ်တစ်ခုယုတ်ကိုးဆယ်၊ ဩဠာရိကရုပ် ၁၂ ပါးဟု ဆိုအပ်သော ပရမတ္တဓမ္မ၊ အပေါင်းဖြစ်သော ပညတ္တိဓမ္မ။ (နှာ– ၁၁၃)

### ဓမ္မ, ဓမ္မာယတန နှစ်မျိုးစုံ မမည်

တွင်း, လိုဏ် အစရှိသော အစိတ်အစိတ်သော ဧကဒေသပညတ်။ (နှာ– ၁၁၅)

### မနာယတန ဓမ္မာယတန ၂–ပါးစုံ ဖြစ်ဖူး

စတုဝေါကာရ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တဖြစ်သော ပုထုဇဉ်– ၄၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄– ယောက်တို့အား စတုဝေါကာရ ၄–ဘုံ၊ သုဒ္ဓါဝါသကြဉ် ပဉ္စဝေါကာရ ၂၁–ဘုံ။

## ၆။ (၁၃၂၄–ခုနှ် ရှ)

### အနက်

သစက္ခုကာနံ– ရထိုက်သော စက္ခုရှိကုန်သော၊ ဥပပဇ္ဇန္တာနံ– ပဋိသန္ဓေနေဆဲဖြစ်ကုန်သော၊ တေသံ– ထိုပုဂ္ဂိုလ်တို့အား၊ မနောဝိညာဏဓာတု စ– မနောဝိညာဏဓာတ်သည်လည်း၊ ဥပ္ပဇ္ဇတိ

– ဖြစ်ဆဲ၊ စက္ခုဓာတု စ– စက္ခုဓာတ်သည်လည်း၊ ဥပ္ပန္နတိ– ဖြစ်ဆဲ။

၇။ ထင်ရှားပြီ။ (နှာ– ၂၁၀) (နှာ– ၂၁၄)

၈။ ထင်ရှားပြီ။ (နှာ– ၂၂၅)

* * * * *

## ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ဝိပါကာ–အချင်းချင်းထူးကုန်သော ဟူသောစကား၌ အချင်းချင်းထူးပုံကို မာတိကာဆိုရိုးသာဓကနှင့်တကွ ဖြေဆို၍၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၌ ဘာဝနာအရ အရဟတ္တမဂ် တစ်ခုတည်း၏ ဖြစ်သင့်သော ပဟာတဗ္ဗ ဓမ္မများကို ဖော်ပြပါ။

၂။ အောက်ပါ (က) (ခ) ပုဒ်တို့၏အရကို ကောက်ပြ၍ အဇ္ဈတ္တာရမ္မဏတိက် သုံးပုဒ်လုံး၌ ရနိုင်သော တရားများကို အတိအကျ ကောက်ပြပါ။

(က) ဒဿန၊ (ခ) သနိဒဿန။

၃။ အောက်ပါ (က) (ခ) ပုဒ်တို့၏အရကို ကောက်ပြ၍၊ ကေနစိ ဝိညေယျဒုက်၌ သိ, မသိ ဟူသည် အဘယ်ကို ဆိုလိုသည်ဟု ဖြေရှင်းပြပါ။

(က) ဟေတူ စေဝ ဓမ္မာ အဟေတုကာ စ။

(ခ) အဟေတုကာ စေဝ ဓမ္မာ န စ ဟေတူ။

၄။ ဂဏ္ဍ ဂဏ္ဍနိယဒုက်၏ ဒုက်မုတ်ကိုထုတ်ပြ၍၊ ဒုက်မုတ်မရှိသော အဘိဓမ္မဒုကတို့ကို သချာမျှ ဖော်ပြပါ။

၅။ သုတ္တန္တိက မာတိကာကို ဟောတော်မူရခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြ၍၊ အောက်ပါ (က) (ခ) တို့၏ တရားကိုယ်များကို ကောက်ပြပါ။

(က) လျှပ်စစ်နှင့်တူသောတရား။

(ခ) မိုးကြိုးနှင့်တူသော တရား။

၆။ အောက်ပါ ပေယျာလကို ဖော်ထုတ်၍၊ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့၏ အထူးကို ဖြေဆိုပါ။

လက္ခဏာမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ ။ပ။ ဗာဟိရမာတိကာမည်၏။

၇။ သမုဒယသစ္စေန ယေ ဓမ္မာ ဟူသော ပုဒ်၌ ယေ ဓမ္မာ၏ အရကို တတိယ, စတုတ္ထနှင့် ပဥ္စမနယ သုံးမျိုးရအောင် ခွဲခြားကောက်ပြပါ။

၈။ ဆဋ္ဌနယ၌ ဝေဒနာက္ခန္ဓာ၏ ကေဟိစိ သမ္ပယုတ်တရားများကို ဖော်ပြ၍၊ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်လွင်အောင် အနက်ပေးပါ။

သုခိန္ဒြိယေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေ ဓမ္မာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန ကောယ ဓာတုယာ သမ္ပယုတ္တာ၊ ဧကေနာယတနေန ကောယဓာတုယာ ကေဟိစိ သမ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၂၈ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
## အဖြေလွှာ

၁။ **အချင်းချင်းထူးပုံ**

**ကုသလာ အနဝဇ္ဇ သုခဝိပါကလက္ခဏာ**– အပြစ်မရှိခြင်း ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိကုန်သော။

**အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ**– အပြစ်နှင့်တကွ ဖြစ်ခြင်း မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိကုန်သော။

ဤသို့ ထူးပါသည်။

**ပဟာတဗ္ဗဓမ္မ**– အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁–ခု၊ ဒိဋ္ဌိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ၈ဝဝ်သ။

၂။ (က) သောတာပတ္တိမဂ်၊ (ခ) ရူပါရုံ၊

ကာမစိတ် ၅၄–ခု၊ အဘိညာဉ်ဒွေး၊ ဣဿာ, မစ္ဆရိယ, အပ္ပမညာကြဉ်သော စေတသိက် အဋ္ဌစတ္တာလီသ။

၃။ (က) (ခ) ထင်ရှားပြီ။

**သိ, မသိ–** သိ, မသိ ဟူသည် အာရုံပြု, မပြုကို ဆိုလိုသည်။

၄။ (ဒုက်မှတ် ထင်ရှားပြီ။)

ဒုက်မုတ်မရှိသော အဘိဓမ္မာ ဒုက်များကား ၆၇–ပါး။

၅။ ၆။ ထင်ရှားပြီ။

**အထူး–** လောကီကုသိုလ် သတ္တရသ၌ ရှိသောစေတနာစေတသိက်သည် ကမ္မဘဝ မည်၏။

လောကီဝိပါက် ဗာတ္တိံ သ၊ ဝိရတီကြဉ်သော စေတသိက် ပဉ္စတ္တိံ သ၊ ကမ္မဇရုပ် ဝီသသည် ဥပပတ္တိဘဝ မည်၏။

၇။ **တတိယနယ–** ဝေဒနာ, သညာ, သင်္ခါရရုပ်, နိဗ္ဗာန်။

**စတုတ္ထနယ–** သမုဒယသစ္စာကြဉ် သင်္ခါရက္ခန္ဓာ– ၄၉။

**ပဉ္စမနယ–** သြဠာရိကရုပ်– ၁၂၊ စိတ်တစ်ခုယုတ်ကိုးဆယ်။

၈။ ထင်ရှားပြီ။

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ဝေမေဝ ဝေရူပါယ ပရိသာယ ဟူသော ပါဠိတော်၌ ဝေရူပါယ ပရိသာယ ဟူသောပုဒ်တွင် မပါဝင်သော ပရိသတ်တို့ကို စုံလင်စွာ ဖော်ပြပါ။

၂။ ဥစ္စာစောင့်မကလေး သိမ်းဆည်းထားသော ရွှေ, ငွေ ရတနာများကို ခိုးလိုသောစိတ်ဖြင့် သိုက်တူးယူသော ရဟန်းအား ပါရာဇိက ကျ မကျ အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ ဒုတိယပါရာဇိက သိက္ခာပုဒ်၏ အင်္ဂါတို့ကိုလည်း ဖော်ပြပါ။

၃။ ဘိက္ခုနိသင်္ဂယပါစိတ်၌ သမ္မုတိသဒ္ဒါပါသော သိက္ခာပုဒ်တို့၏အရေအတွက်ကို သင်္ချာမျှ ပြ၍၊ ပထမသမ္မုတိသိက္ခာပုဒ်၏ ပါဠိကိုလည်း ရေးပါ။

၄။ အဘယ်သက်န်းသည် ဒသာဟပရမ အတိရေကစီဝရဖြစ်၍ အဘယ်သက်န်းသည် ဒသာ ဟာတိက္ကမ ဖြစ်ပါသနည်း၊ အချိန်ပိုင်း၍ စနစ်တကျ ဖြေပါ။

၅။ ကောသိယဝဂ် စတုတ္ထသိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၆။ ယုံမှားဖွယ်ရာ တစ်စုံတစ်ရာ မရှိပါဘဲလျက် ပါရာဇိကသံဃာဒိသေသ်အာပတ်တို့ဖြင့် အချင်းချင်းစွပ်စွဲသော ဘိက္ခုနီမအား အဘယ်အာပတ်များ သင့်ပါသနည်း၊ ဆိုင်ရာသိက္ခာပုဒ်အမည် ကို ညွှန်ပြ၍ ဖြေပါ။

၇။ ချည်ကို ကိုယ်တိုင်တောင်း၍ သက်န်းရက်ခိုင်းသော ဘိက္ခုနီမ, ချည်ငင်သော ဘိက္ခုနီမ တို့အား သင့်သောအာပတ်အသီးသီးကို ဖော်ပြပါ။

၈။ လခွဲတစ်ကြိမ် ဘိက္ခုနီမများ ပြုရမည့်တာဝန်တို့ကို ဖော်ပြ၍၊ သိက္ခမာနပုဒ်၌ သိက္ခသဒ္ဒါ ဖြင့် ယူသင့်သော သိက္ခာပုဒ်တို့ကိုလည်း ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ လူ, ဘိက္ခုနီ, သိက္ခမာန်, သာမဏေယောက်ျား, သာမဏေမိန်းမ, သိက္ခာချထားသူ, ပါရာဇိကကျသူ, ဥက္ခိတ္တကပုဂ္ဂိုလ် ၃–ယောက်, ပဏ္ဍုက်, ထေယျ သံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, ပဉ္စာနန္တရိယပုဂ္ဂိုလ် ၅–ယောက်, ဘိက္ခုနီဒူသက, ဥဘတောဗျည်း ပေါင်း နှစ်ကျိပ်တစ်ယောက်။

၁။ * *လူ, နီ, သိက်, သာ၊ သာ, သိက္ခာ၊ ပါရာ, ဥက္ခိတ်တည်း။*

၂။ * *ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒူသံ, ဥဘောဗျည်း။*

၃။ * *ဟတ္ထပါသ်မှ၊ ကြဉ်ဖယ်ရ၊ ဇာဝိသတည်း။*

၄။ * *မစွန် မရှု၊ မကုတုံငြား၊ သရုပ်ကြား၊ သုံးပါး ဥက္ခိတ်တည်း။*

၂။ လူဇာတ်ရှိသူ၏ ဥစ္စာမဟုတ် ပြိတ္တာသိမ်းဆည်းသော ဥစ္စာဖြစ်ခြင်းကြောင့် ပါရာဇိကမကျ။ ပေတပရိဂ္ဂဟေ အနာပတ္တိ၊ (ကခ်ီ)

## အင်္ဂါ

၁။ လူဇာတ်ရှိသော တစ်ပါးသောသူ သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း၊

၂။ သူတစ်ပါး သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိခြင်း၊

၃။ ပါရာဇိကကျလောက်သော ဂရုပရိက္ခရာဖြစ်ခြင်း၊

၄။ ခိုးလိုသောစိတ် ရှိခြင်း၊

၅။ ခိုးခြင်း၊

မနုဿသံ တထာ သညီ၊ ထေယျစိတ္တဉ္စ ဝတ္ထုနော။
ဂရုတာ အဝဟာရော စ၊ အဒိန္နာဒါန ပေတုယော။ (ခုဒ္ဒသိက္ခာ)

၃။ သမ္ပုတိသဒ္ဒါပါသော သိက္ခာပုဒ် ၃-ပုဒ်။
နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ အညတြ ဘိက္ခု သမ္မုတိယာ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၄။ သင်္ကန်းဖြစ်ပေါ်ရာ နေ့နှင့်တကွ ၁၀-ရက်အတိုင်းအရှည်ရှိသော အခိဋ္ဌာန် ဝိကပ္ပနာ ပြုအပ်သော သင်္ကန်းမှ အပိုအလွန်ဖြစ်သော သင်္ကန်းသည် ဒသာဟပရမ အတိရေကစီဝရ မည်၏။
သင်္ကန်းဖြစ်ပေါ်ရာ နေ့နှင့်တကွ ၁၁-အရုဏ်ရှိသောအခါ ဒသာဟာတိက္ကမ ဖြစ်သည်။
ဒသ အဟာနိ ပရမော ပရိစ္ဆေဒေါ အဿာတိ ဒသာဟပရမော။
အဓိဋ္ဌိတ ဝိကပ္ပိတေသု အပရိယာပန္နတ္တာ အတိရေကံ စီဝရန္တိ အတိရေကစီဝရံ
စီဝရုပ္ပါဒဒိဝသေန သဒ္ဓိံ ဧကာဒသေ အရုဏုဂ္ဂမနေ ဒသာဟာတိက္ကမိတံ ဟောတိ။
(ကင်္ခါ)

၅။ ထင်ရှားပြီ။

၆။ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။
သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲလျှင် အမူလကသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ နိဿဂ္ဂိပါစိတ်။ သုဒ္ဓပါစိတ်။

၈။ (၁) ရဟန်းယောက်ျားထံ၌ ဥပုသ်နေ့ကို မေးခြင်း၊
(၂) ဩဝါဒခံဖို့ရန် ချဉ်းကပ်ခွင့် ဟူသော တရား ၂–မျိုးကို တောင့်တရမည်။

၁။ ပါဏာတိပါတ သိက္ခာပုဒ်၊
၂။ အဒိန္နာဒါန သိက္ခာပုဒ်၊
၃။ အဗြဟ္မစရိယ သိက္ခာပုဒ်၊
၄။ မုသာဝါဒ သိက္ခာပုဒ်၊
၅။ သုရာမေရယ သိက္ခာပုဒ်၊
၆။ ဝိကာလဘောဇန သိက္ခာပုဒ်၊

* * * * *

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) ပဋိဟညတိ၊ (ခ) ဝိဇ္ဈတ္တ၊ (ဂ) ပရိယေသနာတို့ကို ပုဒ်ဖြတ်၍၊ (ဃ) သော မာနကာမောပိ၊ (င) ပုရိမံဇာတိ၊ (စ) သံဒိဋ္ဌ တို့ကို ပုဒ်စပ်ပြီးလျှင်၊ ဂေါ သဒ္ဒါ နောင် အံ ဝိဘတ်ဖြင့် ပြီးနိုင်သော ရုပ်တို့ကိုလည်း ထုတ်ပြပါ။

၂။ သဗ္ဗသိ မသေ ဝါ (အလုံးစုံသော ဣမသဒ္ဒါကို ဧ–ပြု)ဟု ဆိုပါလျက် အဘယ့်ကြောင့် ပုံ, နပုံ ဣမ သဒ္ဒါကိုသာ ဧ–အ ပြုစီရင်ရပါသနည်း၊ ရူပသိဒ္ဓိကျမ်းလာအတိုင်း ကျနစွာ ဖြေဆိုပါ။

၃။ နံ့ ဗျွတော ကတရဿာ–ဖြင့် အကတရဿဖြစ်လျှင် မစီရင်နိုင်ပုံကို ကစ္စည်းကျမ်းလာ အတိုင်း ဥဒါဟရဏ်ထုတ်၍ ရှင်းပြပါ။

၄။ တတိယာဝိဘတ်သက်နိုင်သော အနက်တို့ကို ထုတ်ပြပြီးလျှင်၊ ဥပရာဓိကိဿရဝစနေ သုတ် ကိုလည်း ကျနစွာ အနက်ရေးပါ။ (ဝုတ္တိ စသည်ကို ရေးရန်မလို)

၅။ တဒ္ဓိတ် "တာ" ပစ္စည်းနှစ်မျိုး၏ ပုံစံတို့ကို နှစ်ခုစီ ထုတ်ပြပြီးလျှင်၊ န ဝုဒ္ဓိ နီလပီတာဒေါ စသော ဂါထာ၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရှင်းပြပါ။

၆။ အာချာတ်ကျမ်းလာ သဗ္ဗဓာတ်နှင့် အသဗ္ဗဓာတ် ဝိဘတ်တို့ကို အမည်မျှ ခွဲခြားဖော်ပြပြီး လျှင်၊ ကရဿ သပ္ပစ္စယဿ ကာဟော သုတ်၌ သပ္ပစ္စယ သဒ္ဒါ၏ အကျိုးကို ပါဠိသက်သက်ရေးပါ။

၇။ (က) ဝါလဓိ၊ (ခ) ဝဍ္ဎုံ၊ (ဂ) ဟေယျံ၊ (ဃ) ဂဟဏံ၊ (င) ဟုတဝါ တို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။

၈။ နိဒ္ဒိဋ္ဌ ဝိသယ စသော အပါဒါန် သုံးမျိုးတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေး သားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ ကစ္စည်းသဒ္ဒါဘာသာ
အဖြေလွှာ

၁။ (က) ပတိ–ဟညတိ။ (ခ) ဝိ–အဝိ–အဂ္ဂ။

(ဂ) ပရိ–ဇေသနာ။ (ဃ) သ မာနကာမောပိ။

(င) ပုရိမံဇာတိ။ (စ) သန္ဒိဋ္ဌ။

ဂါဝံ–ဂဝံ–ဂါဝုံ–ဂေါဏံ။

၂။ အာပစ္စယန္တပုဒ်ဖြင့် မည္ကန်ပြခြင်းကြောင့် လည်းကောင်း, သဗ္ဗတ္ထဟု မဆိုခြင်းကြောင့်လည်း ကောင်း ပုံ နပုံ ဣမ သဒ္ဒါကိုသာ ဧ– အ ပြု စီရင်ပါသည်။

အာပစ္စယန္တာ နိဒ္ဒေသာ၊ သဗ္ဗတ္ထာတိ အဝုတ္တတော။
အနိတ္ထိလိင်္ဂသေဝေတ္ထ၊ ဂဟဏံ ဟိ ဣမဿိတိ။ (ရူ)

၃။ ကုစ္ဆိ ဟူသော ပြယုဂ်၌ ကတရဿ ၈ု နောင် ဖြစ်သောကြောင့် အံ–ကို နံ–မပြုရ။
ကတရဿာတိ ကိမတ္တံ ကုစ္ဆိ။

၄။ ကရိဏ်းအနက်, သဟာဒိယောဂအနက်, ကတ္တားအနက်, ဟိတ်အနက်, သတ္တမီအနက်, အင်္ဂဝိကာရလက္ခဏ အနက်, ဘိန္နာဓိကရဏအနက်, ကာရိုက်ကံအနက်, (သောပုရိသော တေန ပုရိသေန ကမ္မံကာရေတိ။) မဏ္ဍိတဉဿုက္ကအနက်။

* *ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာဆင့်၊ သုံးလီ ဝိဘတ်၊ သက်တုံလတ်ဟု၊ ကျမ်းမြတ် ဤသို့ မိန့်သတည်း။*

*  *ထိုသုံးပါးမှာ၊ တတိယာ၊ ကျမ်းမှာ အရှိများသတည်း။*

**ဥပါဒိ–** ဥပသဒ္ဒါ အဓိသဒ္ဒါတို့၏၊ အဓိကိဿရ ဝစနေ– လွန်သောအနက်, အစိုးရသောအနက်, အစိုးရသောသူ ရှိ၏ ဟူသော အနက်ကို ဟောသည်၊ သတိ– ရှိသော်၊ သတ္တမီ– သတ္တမီဝိဘတ်သည်၊ ဟောတိ– ဖြစ်၏။

၅။ **သမူဟတဒ္ဓိတ် ဏာ** ဂါမဏာ၊ ဇနဏာ။

**ဘာဝတဒ္ဓိတ် ဏာ** သင်္ဂဏိကာရာမဏာ၊ နိဒ္ဓါရာမဏာ။

နီလ ပီတ စသော ပြယုဂ်တို့၌ ဏ အနုဗန်ပစ္စည်း နှောင်းသော်လည်း (ဂုဏ်ဟောသဒ္ဒါ ဖြစ်၍) ဝုဒ္ဓိ မပြုရ။

ဖုဿ သဒ္ဒါ၏ ဖ–၏ မိုရာ ဥသရကို ဏ အနုဗန် ပစ္စည်းနှောင်းသော်လည်း ဝုဒ္ဓိ မပြုရ။ မာဂသိရော၌ သိရသဒ္ဒါ၏ သ–အက္ခရာလာ၍ သိရသ အဖြစ်ကို မဆိုရ။

၆။ **သဗ္ဗဓာတ်ဝိဘတ်**

ဟိယျတ္တနီ, သတ္တမီ, ပဉ္စမီ, ဝတ္တမာန်၊ (ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ)

*  *ဝတ်, ပဉ်, သတ္တ၊ ဟိယျတ္တ၊ လေးဝ သဗ္ဗဓာတ်။*

**အသဗ္ဗဓာတ်ဝိဘတ်–** ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ။

*  *ပ–အဇ်–ဘ ကာ၊ ဤလေးဖြာ၊ မှတ်ပါ အသဗ္ဗဓာတ်။*

(ပါဠိထင်ရှားပြီ။)

၇။ (က) ဝါလ သဒ္ဒါပြ ပဒ ဏ ဓာတ် ဣ ပစ္စည်း၊ (ခ) ဝဒ+ဏျ၊ (ဂ) ဟာ+ဏျ၊ (ဃ) ဂဟ+ယ၊ (င) ဟု+တဝန္တု။

၈။ ထင်ရှားပြီ။

* * * * *

## ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဒေါသမူစိတ်၌ ဒေါမနဿသဟဂုတ်ဖြင့် ပြီးကောင်းပါလျက် ပဋိဃသမ္ပယုတ္တံဟု ဆိုပြန်ခြင်း၏ အကြောင်းကို ရေးပြီးလျှင်၊ ဒေါမနဿနှင့် ပဋိဃတို့၏ အထူးကိုဖော်ပြပါ။

၂။ ဝိသေသက အမည်ရသော စေတသိက်တို့ကို ကာမ, မဟဂ္ဂုတ်, လောကုတ္တရာစိတ် အလိုက် ထုတ်ပြပြီးလျှင်၊ ကာမစိတ်၌ ဝိသေသက ဖြစ်ပုံကို ရေးပါ။

၃။ ကိစ္စသည် ၁၄–ပါးရှိပါလျက် ဌာနသည် အဘယ့်ကြောင့် ၁၀–ဌာနရှိသည်ကို ရေး၍၊ တစ်ကိစ္စတပ်သော စိတ်တို့ကို သင်္ချာမျှ ထုတ်ပြပြီးလျှင်၊ ကိစ္စအလိုက် အသီးသီး ခွဲဝေပြပါ။

၄။ ဝီထိဟူသည် အဘယ်နည်း သင်္ဂဟဆရာအလိုကျ ရေး၍ မဟန္တာရုံဝီထိ၌ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ အင်္ဂါစုံပါလျက် အဘယ့်ကြောင့် တဒါရုံ မကျပါသနည်း။

၅။ အရူပစုတိနောင် ဖြစ်နိုင်သော ပဋိသန္ဓေစိတ်များကို အသီးသီးဖော်ပြပါ။

၆။ ကမ္မဇရုပ်တို့၏ စတင် ဖြစ်ပေါ်ရာကာလ၊ လုံးဝ မဖြစ်ရာကာလနှင့် ချုပ်ရာကာလတို့ကို ဖော်ပြပါ။

၇။ ပစ္စယသင်္ဂဟ ပဋ္ဌာန်းနည်း၌ သဟဇာတ သရုပ်ပြပါဠိကို မှန်ကန်စွာ ရေးပါ။

၈။ အရိယာပုဂ္ဂိုလ်များ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံပြ ဂါထာကို အနက်ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ॥ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ ဒေါမနဿ, ပဋိဃ ၂–ပါးတို့၏ စင်စစ်တကွ ဖြစ်လေ့ရှိသည်၏ အဖြစ်ကို ပြလိုသော ကြောင့် ပဋိဃသမ္ပယုတ္တံဟု ဆိုပြန်သည်။

ပဋိဃသမ္ပယုတ္တဘာဝေါ ပန ဥဘိန္နံ ဧကန္တ သဟစရိတာ ဒဿနတ္ထံ ဝုတ္တော။ (ဋီ)

## ဒေါမနဿ ပဋိဃအထူး

ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော တစ်ခုသောတရား။

ပဋိဃသည် ကြမ်းတမ်းသော သဘောရှိသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော တစ်ခုသော တရား။

**ဒေါမနဿဥ္စေတ္ထ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏော ဝေဒနာက္ခန္ဓပရိယာပန္နော ဧကော ဓမ္မော၊ ပဋိဃော စဏ္ဍိက္ကသဘာဝေါ သင်္ခါရက္ခန္ဓပရိယာပန္နောဧကော ဓမ္မောတိ အယမေ တေသံ ဝိသေသော။ (ဋီ)**

၂။ ကာမသောဘနစိတ်၌ အပ္ပမညာ, ဝိရတိ, ဈာန်, ပီတိ တို့သည် အထူးပြုကုန်၏။

မဟဂ္ဂုတ်စိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခဟူသော ဈာန်တရားနှင့် အပ္ပမညာတို့ အထူးပြုကုန်၏။

လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခဟူသော ဈာန်တရားတို့ အထူးပြုကုန်၏။

**ဝိသေသကဖြစ်ပုံ**

အပ္ပမညာသည် မဟာကုသိုလ်, မဟာကြိယာ၌သာ ယှဉ်၍ မဟာဝိပါက်၌ မယှဉ်၊ ဤသို့ မဟာကုသိုလ်, မဟာကြိယာနှင့် ဝိပါက်တို့ ကွဲပြားအောင် အပ္ပမညာက အထူးပြုသည်။

ဝိရတိသည် မဟာကုသိုလ်၌သာ ယှဉ်၍ မဟာဝိပါက်, မဟာကြိယာတို့၌ မယှဉ်၊ ဤသို့ မဟာကုသိုလ်နှင့် မဟာဝိပါက်, မဟာကြိယာတို့ ကွဲပြားအောင် ဝိရတီက အထူးပြုသည်။

ဈာန်သည် ပထမ, တတိယဒွေတို့၌သာ ယှဉ်၍ ဒုတိယ, စတုတ္ထဒွေတို့၌ မယှဉ်၊ ဤသို့ ပထမ, တတိယဒွေနှင့် ဒုတိယ, စတုတ္ထဒွေတို့ ကွဲပြားအောင် ဈာန်က အထူးပြုသည်။

ပီတိသည် ပ–ဒု ဒွေတို့၌သာ ယှဉ်၍ တ–စ ဒွေတို့၌ မယှဉ်၊ ဤသို့ ပ–ဒု ဒွေနှင့် တ–စ ဒွေတို့ ကွဲပြားအောင် ပီတိက အထူးပြုသည်။

၃။ ဒဿန, သဝန, ဃာယန, သာယန, ဖုသန ငါးကိစ္စသည် ပဉ္စဝိညာဉ် တစ်ဌာန၌သာ ဖြစ်သောကြောင့် ၁၀–ဌာနသာ ရှိရသည်။

**တစ်ကိစ္စတပ်သော စိတ် –** ၆၈–ပါး။

**ကိစ္စနှင့်စိတ်**

| | |
|---|---|
| ဇော ၅၅–ခုသည် | ဇော ကိစ္စ၊ |
| သမ္ပဋိစ္ဆိုင်းဒွေသည် | သမ္ပဋိစ္ဆိုင်းကိစ္စ၊ |
| ပဉ္စဒွါရာဝဇ္ဇန်းသည် | အာဝဇ္ဇန်းကိစ္စ၊ |
| စက္ခုဝိညာဉ်ဒွေသည် | ဒဿနကိစ္စ၊ |

| | |
|---|---|
| သောတဝိညာဉ်ဒွေသည် | သဝနကိစ္စ၊ |
| ဃာနဝိညာဉ်ဒွေသည် | ဃာယနကိစ္စ၊ |
| ဇိဝှါဝိညာဉ်ဒွေသည် | သာယနကိစ္စ၊ |
| ကာယဝိညာဉ်ဒွေသည် | ဖုသနကိစ္စ၊ |

၄။ ဒွါရ၌ ဖြစ်ကုန်သော စိတ်တို့၏ ဖြစ်ပုံ အစဉ်အတန်းသည် ဝီထိမည်၏။

ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။

မဟဂ္ဂတရုံဝီထိ၌ တဒါရုံဖြစ်သည်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသောကြောင့် တဒါရုံမကျပါ။

၅။ အာကာသာနဉ္စာယတန စုတိနောင် အရူပ ပဋိသန္ဓေ ၄–ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါး ပေါင်း ၈–ပါး။

ဝိညာဏဉ္စာယတန စုတိနောင် ဝိညာ, အာကိဉ်, နေဝဟူသော အရူပ ပဋိသန္ဓေ ၃–ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါး ပေါင်း ၇–ပါး။

အာကိဉ္စညာယတနစုတိနောင် အာကိဉ်, နေဝဟူသော အရူပ ပဋိသန္ဓေ ၂–ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါး ပေါင်း ၆–ပါး။

နေဝသညာနာသညာယတန စုတိနောင် နေဝ ပဋိသန္ဓေ ၁–ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄–ပါး ပေါင်း ၅–ပါး။

၆။ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ကမ္မဇရုပ်များ ဖြစ်ကြသည်။

စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ လုံးဝမဖြစ်တော့။

စုတိစိတ်နှင့် အတူတကွ ချုပ်သည်။

၇။ သဟာဇာတရူပန္တိ ပနေတ္ထ သဗ္ဗထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကဋတ္တာရူပါနဉ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ။

၈။ (မဂ္ဂံဖလဉ္စ စသော ဂါထာကို အနက်ရေးပါ။)

* * * * *

## ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါတရားတို့၏ သက်ဆိုင်ရာ ဝိဘင်းပါဠိအသီးသီးကို ဖော်ပြပါ။

(က) ကုသိုလ် ဧကမူလသာမည်၊ ကုသိုလ်မမည်သော တရား၊

(ခ) အကုသိုလ် ဧကမူလ, အညမူလ နှစ်မည်ရ တရား၊

(ဂ) အဗျာကတ ဧကမူလသာမည်, အဗျာကတ အညမည မမည်သောတရား။

၂။ "အဟေတုကံ နာမံ နာမမူလေန န ဧကမူလမူလံ၊ သဟေတုကံ နာမံ နာမမူလေန ဧကမူလမူလံ" ဟူသော ဝိသဇ္ဇနာပါဠိ၏ ပုစ္ဆာပါဠိကို ရေးပြီးလျှင်၊ အရကောက်ပါ။

၃။ ရူပက္ခန္ဓာသာ ဖြစ်ဆဲ ဝေဒနာက္ခန္ဓာ မဖြစ်ဖူးသောပုဂ္ဂိုလ်နှင့် ဘုံပြ သာဓကပါဠိကို ရေးပြီးလျှင်၊ အရကောက်ပေါ်အောင် အနက်ပေးပါ။

၄။ ခန္ဓာငါးပါးကို (က) ပိုင်းခြား၍သိဆဲ၊ (ခ) သိပြီး၊ (ဂ) သိလတ္တံ့၊ (ဃ) မသိလတ္တံ့ ပုဂ္ဂိုလ်အသီးသီးတို့ကို ဖော်ပြ၍ ဆိုင်ရာ ဝိဘင်းပါဠိများကို သိသာရုံ ထုတ်၍ တွဲပြပါ။

၅။ အောက်ပါ (က) (ခ) (ဂ) တို့၏ အရကို ကောက်ပြ၍ (ဃ)၏ ဝိသဇ္ဇနာ ပါဠိကို ပြည့်စုံစွာ ရေးပြပါ။

(က) ချုပ်ကောင်းသော အာယတန၊

(ခ) အာယတန ချုပ်နိုင်သော ပုဂ္ဂိုလ်၊

(ဂ) အာယတန ချုပ်နိုင်သော ဘုံ၊

(ဃ) ယဿ ဝါ ပန ယတ္ထ မနာယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇိတ္ထာတိ။

၆။ ယဿ ယတ္ထ စက္ခုဓာတု နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဃာနဓာတု နုပ္ပဇ္ဇိဿတီတိ၌ သန္နိဋ္ဌာန်အရကိုသာ တိကျစွာကောက်ပြပါ။

၇။ အောက်ပါ (က) (ခ) (ဂ) တို့၏ ဝိဘင်းပါဠိများနှင့် အရကောက်တို့ကို သိသာရုံ တွဲယှဉ် ဖော်ပြပါ။

(က) ဒုက္ခ၊ ဒုက္ခသစ္စာ နှစ်မည်ရ၊

(ခ) န ဒုက္ခ၊ န ဒုက္ခသစ္စာ နှစ်မည်ရ၊

(ဂ) ဒုက္ခသစ္စာ ဖြစ်ဆဲ မဂ္ဂသစ္စာ ဖြစ်ဆဲမဟုတ်သောဘုံ။

၈။ သစ္စယမက၊ ပဝတ္တိဥပ္ပါဒ၊ အတီတဝါရ၊ ပုဂ္ဂလောကာသ၌ "ဒုတိယေ စိတ္တေ"အရကောက် ရမည့် စိတ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ဒုက္ခသစ္စံ ပရိဇာနာတိ၊ သမုဒယသစ္စံ ပဇဟာတိ တို့၌ ရနိုင်သည့် ပရိညာများကို အသီးသီး ညွှန်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၂၉ (၁၉၆၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ (က) ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ဧကမူလံ န ကုသလံ။ (နှာ- ၂၅)

(ခ) မူလာနိ ယာနိ ဧကတော ဥပ္ပဇ္ဇန္တိ အကုသလမူလာနိ ဧကမူလာနိ စေဝ အညမည မူလာနိ စ။ (နှာ- ၃၂)

(ဂ) အဝသေသာ အဗျာကတမူလသဟဇာတာဓမ္မာ အဗျာကတမူလေန ဧကမူလာ န စ အညမညမူလာ။ (နှာ- ၃၄)

၂။ ယေ ကေစိ နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလေန ဧကမူလာတိ။ (နှာ- ၃၆)

**အရကောက်**

အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ် အညသမာန်း စေတသိက် ဒွါဒသ၊ မောဟမူဒွေ့ဒ္ဓ မောဟ၊ နိဗ္ဗာန် ရ၏။

သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ့ဒ္ဓ မောဟကြဉ်သော စေတသိက် ဒွေပညာသ လည်း ရ၏။ (သံသယကား နောက်သာရ၏။)

၃။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နော စ တေသံ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ။ (နှာ- ၇၉)

သုဒ္ဓါဝါသံ သုဒ္ဓါဝါသဘဝေ- သုဒ္ဓါဝါသငါးဘုံ၌၊ ဥပပဇ္ဇန္တာနံ- ပဋိသန္ဓေနေကုန်သော၊ တေသံ- ထိုရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေတစ်ခု၊ စေတသိက် တိံသ၊ ကမ္မဇကလာပ် ၄-စည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သုဒ္ဓါဝါသ ဥပပဇ္ဇန္တဖြစ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား

လည်းကောင်း။

အသညသတ္တံ အသညသတ္တာဘဝေ– အသညသတ်ဘုံ၌၊ ဥပပဇ္ဇန္တာနံ– ပဋိသန္ဓေနေဆဲဖြစ်ကုန်သော၊ တေသံ– ထိုအစစ္စာသော ဓိဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ တတ္ထ– ထိုသုဒ္ဓါဝါသငါးဘုံ, အသညသတ်ဘုံ၌၊ ရူပက္ခန္ဓော– ရူပက္ခန္ဓာသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ဆဲ။

တေသံ– ထိုပုဂ္ဂိုလ်တို့အား၊ တတ္ထ– ထိုဘုံ၌၊ ဝေဒနာက္ခန္ဓော– ဝေဒနာက္ခန္ဓာသည်၊ နော စ ဥပ္ပဇ္ဇိတ္ထ– ဖြစ်ဖူးပြီးမဟုတ်။

၄။ (က) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (အဂ္ဂမဂ္ဂသမင်္ဂီ ဝေဒနာက္ခန္ဓံ န ပရိဇာနိတ္ထ၊ နော စ ရူပက္ခန္ဓံ န ပရိဇာနာတိ။)

(ခ) အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် (အရဟာ ရူပက္ခန္ဓံ န ပရိဇာနာတိ နော စ ဝေဒနာက္ခန္ဓံ န ပရိဇာနိတ္ထ။)

(ဂ) ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်။ (ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေ ရူပက္ခန္ဓံ န ပရိဇာနန္တိ နော စ ဝေဒနာက္ခန္ဓံ န ပရိဇာနိဿန္တိ)

(ဃ) မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ် (ယေ မဂ္ဂံ န ပဋိလဘိဿန္တိ တေ)

၅။ (က) စက္ခု, သောတ, ဃာန, ဇိဝှါ။

(ခ) ဒုဂ္ဂတိ, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။

(ဂ) အပါယ် ၄–ဘုံ, မနုဿဘုံ, ဘုမ္မဿိတ ဝိနိပါတိက အသုရာ ဟု ဆိုအပ်သော စာတုမဟာရာဇ်ဘုံ။

(ဃ) ထင်ရှားပြီ။ (နှာ– ၁၃၄)

၆။ ပစ္ဆိမဘဝိက ပဋ္ဌဝေါကာရ ဥပပန္နနှင့်ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၊ စဝနှင့်ဖြစ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား အပါယ်ကြဉ်သော ပဋ္ဌဝေါကာရ ၂၂–ဘုံ။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ဥပပန္နနှင့် စဝနှင့်ဖြစ်သော ပုထုဇဉ် ၄–ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက် တို့အား အကနိဋ္ဌကြဉ် ပဋ္ဌဝေါကာရ ၂၅–ဘုံ။

အသညသတ် ဥပပန္နနှင့် စဝနှင့်ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ၊ အရူပ ဥပပန္နနှင့် စဝနှင့်ဖြစ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်တို့အား အရူပ ၄–ဘုံ ရ၏။

၇။ (က) **အနုလောမ–** အာမန္တာ။

**ပဋိလောမ–** ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဒုက္ခဋ္ဌေ ဒုက္ခသစ္စဉ္စ။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသော ဝေဒနာဟု ဆိုအပ်သော ကာယိကဒုက္ခ၊ ဒေါသမူ ဒွေ၌ ရှိသော ဝေဒနာဟု ဆိုအပ်သော စေတသိကဒုက္ခ။

(ခ) ဒုက္ခဉ္စ ဒုက္ခသစ္စဉ္စ ဌပေတွာ အဝသေသံ န စေဝ ဒုက္ခံ၊ န စ ဒုက္ခသစ္စံ။

ကာယိကဒုက္ခ, စေတသိကဒုက္ခ, ဒုက္ခသစ္စာမှတစ်ပါး သစ္စာ ၃–ပါး၊ သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် ၂၉–ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခု၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ်ကလာပ် ၂–ခု၊ ပညတ်။

(ဂ) အပါယေ အသညသတ္တေ တတ္ထ။

လောကီခန္ဓာ ငါးပါး၏ ဖြစ်ရာဖြစ်သော အပါယ် ၄–ဘုံ၊ ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံ။

## ၈။ ဒုတိယေ စိတ္တေ

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေရာင် ပထမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံ သဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ဘဝင် ၁၅–ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပထမဇော ဤ ၁၈–ချက်သော စိတ်။

မဂ္ဂသစ္စာ ဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံ သဒိသ ဒုတိယစိတ်ဟု ဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့– ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့– ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်။

## ပရိညာ

ဒုက္ခသစ္စံ ပရိဇာနာတိ ၌ ဉာတပရိညာ, တီရဏပရိညာတို့ကို ရနိုင်သည်။

သမုဒယသစ္စံ ပဇဟာတိ၌ ဉာတပရိညာ, ပဟာနပရိညာတို့ကို ရနိုင်သည်။

ဒုက္ခသစ္စံ ပရိဇာနာတီတိ ဉာတ တီရဏ ပရိညာဝသေန ဝုတ္တံ၊ သမုဒယသစ္စံ ပဇဟာတီတိ ဉာတ ပဟာန ပရိညာဝသေန။ (ယမိုက်အဋ္ဌကထာ၊ နှာ– ၃၀၁)

# ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ မည်သည့် အကုသိုလ်မျိုးကို ကျူးလွန်လျှင် သေသည့်နောက်၌ မကောင်းကျိုး ခံရမြဲဖြစ်ကြောင်း တိက မာတိကာ ဆိုရိုးကျ ဖော်ပြ၍၊ အောက်ပါ (က) (ခ) အရကိုလည်းကောက်ပြပါ။

(က) အဇ္ဈတ္တာရမ္မဏာသာ ဖြစ်သောစေတသိက်။

(ခ) ဗဟိဒ္ဓါရမ္မဏာသာ ဖြစ်သောစေတသိက်။

၂။ အောက်ပါတိက် အသီးသီးကို ထောက်ဆ၍ နိဗ္ဗာန်ဟူသည် အဘယ်သို့သော တရားမျိုးဖြစ်ကြောင်း သိသာပေါ်လွင်အောင် ရှင်းလင်းပြပါ။

(က) ဥပ္ပန္နတိက်၊ (ခ) အတီတတိက်၊

(ဂ) အဇ္ဈတ္တတိက်၊ (ဃ) သနိဒဿနတိက်၊

၃။ အောက်ပါ (က) (ခ) တို့၏အရကို ခန်, အာ, ဓာတ်, သစ် သချ်ာမျှ ဖော်ပြ၍၊ မဟန္တရဒုက၌ ပါဝင်သော ဒုက်အမည်များကိုလည်း ရေတွက်ပြပါ။

(က) အာသဝ သာသဝဓမ္မ၊

(ခ) သညောဇနဝိပ္ပယုတ္တ သညောဇနိယဓမ္မ။

၄။ အောက်ပါ (က) နှင့် (ခ)၊ (ဂ) နှင့် (ဃ) တို့၏ သရုပ်အထူးကို ဖော်ပြပါ။

(က) နောဥပါဒါ၊

(ခ) နောဥပါဒါနော၊

(ဂ) န ရူပါဝစရာ၊

(ဃ) အရူပါဝစရာ။

၅။ (က) ရိုးသားဖြောင့်မတ်သူ၊ (ခ) အစားအသောက်၌ အတိုင်းအတာ စနစ်ရှိသူ ဖြစ်စေနိုင်သော တရားများကို ဖော်ပြပါ။

၆။ သောကစသည်ကို ဖြစ်သင့်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၌ အကြောင်းပြ ထည့်သွင်း၍၊ သောကနှင့် ခန်, အာ, ဓာတ် တူ, မတူသော တရားများကိုလည်း ခွဲခြားဖော်ပြပါ။

၇။ ပုရိသိန္ဒြိယေန ယေ ဓမ္မာ၌ ဓမ္မ၏ အရကို ဒု, တ, စ, မ နယ ၄-မျိုး ရအောင် ခွဲခြားကောက်ပြပါ။

၈။ အောက်ပါ ပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ပေးပြပါ။

အဓိမောက္ခေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၂၉ (၁၉၆၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ သတ္တမဇော၊ မာန, ဒေါသ, ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ၁၈ဝီသ။

မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေ သတ္တမဇော။ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဗာဝီသ။

(က) မစ္ဆရိယ၊ (ခ) ကုက္ကုစ္စ, အပ္ပမညာ။

၂။ (က) ဥပ္ပန္နတိက်ကို ထောက်ဆ၍ နိဗ္ဗာန်သည် ဥပါဒ်, ဌီ, ဘင်ဟု ဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲလည်းမဟုတ်, ရောက်ပြီးလည်း မဟုတ်။

(ခ) အတီတတိက်ကို ထောက်ဆ၍ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလိက တရားမျိုး မဟုတ်, ကာလဝိမုတ်တရားမျိုးသာ ဖြစ်သည်။

(ဂ) အဇ္ဈတ္တတိက်ကို ထောက်ဆ၍ ဗဟိဒ္ဓတရားမျိုးသာ ဖြစ်သည်။

(ဃ) သနိဒဿနတိက်ကို ထောက်ဆ၍ မြင်ခြင်းလည်းမရှိ, ထိပါးခြင်းလည်းမရှိ, ဝါ– မြင်အပ်သည်၏ အဖြစ်လည်းမရှိ, ထိပါးတတ်သည်၏ အဖြစ်လည်းမရှိ, ဝါ– မြင်အပ်သည်လည်း မရှိ, ထိပါးတတ်သည်လည်း မရှိ။

၃။ (က) ခန္ဓာ– ၁၊ အာယတန– ၁၊ ဓာတ်– ၁၊ သစ္စာ– ၂။

(ခ) ခန္ဓာ– ၅၊ အာယတန– ၁၂၊ ဓာတ်– ၁၈၊ သစ္စာ– ၁။

(ဒုက်အရေအတွက် ထင်ရှားပြီ။)

၄။ (က) စိတ်– ၈၉၊ စေ– ၅၂၊ ဘူတရုပ်– ၄၊ နိဗ္ဗာန်။

(ခ) စိတ်– ၈၉၊ ဥပါဒါန်တရားကိုယ် ၂–ပါးကြဉ် စေ– ၅၀၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

(ဂ) ကာမစိတ်– ၅၄၊ အရူပစိတ်– ၁၂၊ လောကုတ္တရာ– ၈၊ စေ– ၅၂၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

(ဃ) အရူပစိတ်– ၁၂၊ စေတသိက် တိ သ။

၅။ (က) (ခ) ထင်ရှားပြီ။

၆။ ဓရာ, မရဏာနှင့် အနိစ္စလက္ခဏာ တူသောကြောင့်လည်းကောင်း၊ (ဇာတိ၏ အကျိုးအဖြစ်ဖြင့် တူသောကြောင့်လည်းကောင်း) ဓရာ, မရဏအင်္ဂါ၌ သွင်းရသည်။

**ခန်, အာ, ဓာတ်တူ–** ဒေါမနဿ ဝေဒနာကြဉ်သော ဝေဒနိန္ဒြေ ၄–ပါး။
**မတူ–** သြဠာရိကရုပ် ဒွါဒသ၊ ဝိညာဏက္ခန္ဓာ။

၇။ **ဒုတိယ နယ–** သြဠာရိကရုပ် ဒွါဒသ၊
**တတိယ နယ–** ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန်၊
**စတုတ္ထ နယ–** ပုရိသိန္ဒြေကြဉ်သော သုခုမရုပ် ပန္နရသ၊
**ပဉ္စမ နယ–** စိတ်တစ်ခုယုတ် ကိုးဆယ်။

၈။ ထင်ရှားပြီ။

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်ဘာမေးပွဲ
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
မေးခွန်းလွှာ

၁။ အာပတ်သင့်ခြင်းအကြောင်းများနှင့် အလဇ္ဇိပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်းအကြောင်းများကို ထုတ်ပြပါ။
၂။ ရဟန်းဖြစ်မြောက်ခြင်း၌ ပြည့်စုံရမည့် အင်္ဂါများနှင့် သိက္ခာချခြင်း၌ ပြည့်စုံရမည့် အင်္ဂါများကို ထုတ်ပြပါ။
၃။ ရဟန်းတော်များ သံဃာဒိသေသ်အာပတ်နှင့် နိဿဂ္ဂိပါစိတ်အာပတ်များသင့်လျှင် အဘယ်သို့ ကုစားရသည်ကို ပါတိမောက်လာအတိုင်း အသီးသီး ဖော်ပြပါ။

၄။ ဘိက္ခုနီသင်္ဃပါစိတ် စိဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်များကို အမည်မျှ ထုတ်ပြပါ။

၅။ ဝေဟာသကုဋိ သိက္ခာပုဒ်ကို အနက်ယောဇနာပြပါ။

၆။ ဘုရားရှင်၏ သင်္ကန်းတော်ပမာဏပြ ပါဠိကိုရေးသားပါ။

၇။ ပွဲကြည့်သော ရဟန်းမိန်းမ၊ မြက်ခင်းပေါ်၌ ကျင်ငယ်စွန့်သော ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့အား သင့်နိုင်သောအာပတ်များကို သိက္ခာပုဒ်ညွှန်း၍ အသီးသီး ဖော်ပြပါ။

၈။ ဘိက္ခုနီပါတိမောက်၌ လာသော သိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ အာပတ်သင့်ကြောင်း (၁၃၂၅–ခု အဖြေ၌ရှု)

### အလဇ္ဇီ

စေတနာနှင့်တကွ စေ့ဆော်၍ အာပတ်သို့ရောက်ခြင်းကြောင့် လည်းကောင်း၊ သင့်ပြီးသော အာပတ်ကို ဖုံးလွှမ်းထားခြင်းကြောင့်လည်းကောင်း၊ အဂတိလိုက်စားခြင်းကြောင့်လည်းကောင်း အလဇ္ဇီပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။

အဂတိ ဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ (ကင်္ခါ)

၂။ **ရဟန်းဖြစ်ကြောင်းအင်္ဂါ**

၁။ ဝတ္ထုသမ္ပတ္တိ၊ ၂။ ဉတ္တိသမ္ပတ္တိ၊

၃။ အနုဿာဝနသမ္ပတ္တိ၊ ၄။ ပရိသာသမ္ပတ္တိ၊

၅။ သီမာသမ္ပတ္တိ။

* *ဝတ်, ဉတ်, သိမ်, ကမ်၊ ပရိသ်၊ ငါးတန် သမ္ပတ္တိ။*

**သိက္ခာချအင်္ဂါ**

၁။ သိက္ခာချလိုသော စိတ်ရှိခြင်း၊

၂။ သိက္ခာချကြောင်း ခေတ်ပုဒ်ဖြစ်ခြင်း၊

၃။ ပစ္စုပ္ပန်ကာလ, အနာမဋ္ဌကာလဖြစ်ခြင်း၊

၄။ ကာယပယောဂ, ဝစီပယောဂ ဖြစ်ခြင်း၊

၅။ သိက္ခာချသောပုဂ္ဂိုလ်နှင့် သိက္ခာချရာပုဂ္ဂိုလ်တို့၏ ဉမ္မတ္တက စသည်မဟုတ်ဘဲ လူဇာတ်ရှိသူ ဖြစ်ခြင်း၊

၆။ သတ်မှတ်သောပုဂ္ဂိုလ် ချက်ချင်းသိခြင်း၊

* *စိတ်, ခေတ်, ကာလ၊ ပယောဂနှင့်၊ ပုဂ္ဂလ, ဝိဇာ၊ ဤခြောက်ဖြာ၊ သိက္ခာချကြောင်းတည်း။*

၃။ **သံဃာဒိသေသ်ကုစားပုံ**

၁။ ဖုံးလွှမ်းသမျှ ရက်တို့ပတ်လုံး ပရိဝါသ်ဆောက်တည်ရမည်၊

၂။ ၆–ရက်မာနတ်ကျင့်ရမည်၊

၃။ မာနတ်ကျင့်ပြီး သိမ်အပြင်၌ အနည်းဆုံး ၂၀–ကျိပ်သော သံဃာဖြင့် အဗ္ဘာန်သွင်းရမည်။

**နိဿဂ္ဂိကုစားပုံ**

၁။ နိဿဂ္ဂိပစ္စည်းကို စွန့်ရမည်၊ ၂။ အာပတ်ကို ဒေသနာကြားရမည်။

၄။ (၁) ကထိနသိက္ခာပုဒ် (ဒသာဟပရမံ)
(၂) ဥဒေါသိတသိက္ခာပုဒ် (အညတြ ဘိက္ခုသမ္မုတိယာ)
(၃) စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ် (အညတြ ပါရိဝတ္တကာ)
(၄) အညာတကဝိညတ္တိ သိက္ခာပုဒ် (အညတြ သမယာ)

၅။ ၆။ ထင်ရှားပြီ။

၇။ ပွဲကြည့်သောရဟန်းမအား နစ္စ, ဂီတ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
ယာ ပန ဘိက္ခုနီ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆေယျ၊ ပါစိတ္တိယံ။
ကျင်ငယ်စွန့်သော ရဟန်းအား ဟရိတေဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။
န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

## ရဟန်းမအား ပါစိတ်နှင့် ဒုက္ကဋ်

ယာ ပန ဘိက္ခုနီ ဥစ္စာရံ ဝါ ပဿာဝံ ဝါ သင်္ကာရံ ဝါ ဝိဃာသံ ဝါ ဟရိတေ ဆဍ္ဍေယျဝါ ဆဍ္ဍာပေယျ ဝါ ပါစိတ္တိယံ။
န ဟရိတေ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ (၁) ပါရာဇိကသိက္ခာပုဒ် ၈–ခု၊
(၂) သံဃာဒိသေသ်သိက္ခာပုဒ် ၁၇–ခု၊
(၃) နိဿဂ္ဂိပါစိတ်သိက္ခာပုဒ် ၃၀–ခု၊
(၄) သုဒ္ဓပါစိတ်သိက္ခာပုဒ် ၁၆၆–ခု၊
(၅) ပါဋိဒေသနီသိက္ခာပုဒ် ၈ –ခု၊

(၆) သေခိယသိက္ခာပုဒ် ၇၅–ခု၊
(၇) အဓိကရဏသမထသိက္ခာပုဒ် ၇–ခု၊
ပေါင်း ၃၁၁–ခု။

* * * * *

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) အဝေစ္စ၊ (ခ) တိယဒ္ဓ၊ (ဂ) ဝိဠ္ဍုဂ္ဂ တို့ကို ပုဒ်ဖြတ်၍၊ (ဃ) ဣဓ ဣဠ္ဍုတိ၊ (င) အာကမတိ၊ (စ) နိ ဥပဓိ တို့ကို ပုဒ်စပ်ပြီးလျှင်၊ ရာဇ သဒ္ဒါနောင် သို့ ဝိဘတ်ဖြင့် ပြီးနိုင်သော ရုပ်တို့ကိုလည်း ထုတ်ပြပါ။

၂။ သဗ္ဗယောနီန မာဧ သုတ်၌ အဓိကာရ ဝါ သဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အနက်အရ ဝိဓိသုံးမျိုးကို ရူပသိဒ္ဓိကျမ်းလာအတိုင်း ပိုင်းခြား၍ ပြပါ။

၃။ ယောသု ကတနိကာရ လောပေသု ဒီဃံ–သုတ်ဖြင့် ကတနိကာရလောပ မဟုတ်သော ယော ဝိဘတ်ဖြစ်လျှင် မစီရင်နိုင်ပုံကို ကစ္စည်းကျမ်းလာအတိုင်း ဥဒါဟရဏ်ထုတ်၍ ရှင်းပြပါ။

၄။ ဒူရန္တိ ကဒ္ဓကာလ ။ပ။ ထောကာ ကတ္တုသု စ–သုတ်ကို ပေယျာလဖော်၍ ပါဠိရေးပြီးလျှင်၊ အညသ္မာ လောပေါစ–သုတ်ကိုလည်း ပြည့်စုံစွာ အနက်ယောဇနာပါ။ (ဝုတ္တိ စသည်ရေးရန်မလို)

၅။ တဒ္ဓိတ် ဣသိက ပစ္စည်းသည် အဘယ်အနက်၌ သက်သည်ကို ဖော်ပြပြီးလျှင်၊ ဘောအနက်၌ သက်နိုင်သော တဒ္ဓိတ်ပစ္စည်းတို့ကိုလည်း ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၆။ အတိတ်ကာလ၌သက်သော အာချာတ ဝိဘတ်တို့ကို အမည်မှုဖော်ပြပြီးလျှင်၊ (က) ဓိဂုစ္ဆ တိ၊ (ခ) ဓိဃစ္ဆတိ၊ (ဂ) ဓိဂီသတိ ပုဒ်တို့သည် အဘယ်ဓာတ်, ပစ္စည်း တို့ဖြင့် ပြီးကြပါသနည်း။

၇။ (က) ဒါယကော၊ (ခ) သရိတာ၊ (ဂ) အာဃော၊ (ဃ) သခေါ်၊ (င) သံဃော တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၈။ သယံကတ္တား, ဟေတုကတ္တား, ကမ္မကတ္တားတို့၏ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဥဒါဟရဏ်နှင့်တကွ ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း॥ ॥ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) အဝ+ဣစ္ဆ။ (ခ) တိ+အဒ္ဓ။
(ဂ) ဝိ+အဓိ+အဂုံ။ (ဃ) ဣဓ မိဋ္ဌတိ။
(င) အက္ကမတိ။ (စ) နိရုပဓိ။
ရဥေ, ရာဓိနိ။

၂။ ပုံလိင်၌ နိစ္စဝိဓိ။
နပုံလိင်၌ အနိစ္စဝိဓိ။
ဈ အမည်ရှိသော ဣ–ကို အ–ပြုရာ၌ အသန္တဝိဓိ။

နိစ္စမေဝ စ ပုလိင်္ဂေ၊
အနိစ္စဥ္စ နပုံသကေ၊
အသန္တံ့ စေ့ ကတဝ္တေသု၊
ဝိဓိ ဒီပေတိ ဝါသုတိ။ (ရူ)

၃။ ဣတ္ထိယော, ဝဓုယော, သဃမ္ဘူဝေါ တို့၌ နိ-ပြုထားသော ယော, ချေထားသော ယော မဟုတ်ခြင်းကြောင့် ဒီဃ မပြုရပါ။

(ကကနိကာရလောပ ယော မဟုတ်ဘဲ ယော ဝိဘတ်တိုက်ရိုက်ရှိလျှင် အယော ရဿ မေကဝစန ယောသွပိ စ ဖြင့် ရဿ ဖြစ်အောင် စီမံရမည်။)

၄။ ပါဠိထင်ရှားပြီ။

အညသ္မာ- အကာရန္တ အဗျယီဘောမှတစ်ပါးသော အကာရန္တ မဟုတ်သော အဗျယီဘော သမာသ်မှ၊ ပရာသံ- နောက်၌ဖြစ်ကုန်သော၊ ဝိဘတ္တီနံ- တို့၏၊ လောပေါ- ကျေခြင်းသည်၊ ဟောတိ - ၏။

၅။ ဝိသေသန အနက်၌ သက်သည်။

(ဝိသေသေ တရ တမိ သိကိယိဋ္ဌာ)

**ဘာဝတဒ္ဓိတ်ပစ္စည်း**

| | |
|---|---|
| ဏျ | အာလသျ။ |
| တ္တ | ပံသုကူလိကတ္တံ။ |
| တာ | သင်္ဂဏိကာရာမတာ။ |
| တ္တန | ပုထုဇ္ဇနတ္တနံ။ |

ဏ ဝေသမ်။

ကဏ် ရာမနီယကံ။

၆။ ပရောက္ခ၊ ဟိယျတ္တနီ၊ အဇ္ဇတနီ၊ ကာလာတိပတ္တိ။

(က) ဂုပဓာတ် ဆ ပစ္စည်း၊ (ခ) ဃသဓာတ် ဆ ပစ္စည်း။

(ဂ) ဟရ ဓာတ် သ ပစ္စည်း။

၇။ (က) ဒါ+ဏွု။ (ခ) သရ+တု။ (ဂ) အယ+ဏ။

(ဃ) သံပုဗ္ဗ ခနု+ကွိ။ (င) သံပုဗ္ဗ–ဟန+ရ။

၈။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ သောတာပတ္တိမဂ်စိတ်သည် တစ်ပါးတည်းသာဖြစ်ပါလျက် ငါးပါးပြားရခြင်းအကြောင်းကို ရေးသားပြီးလျှင်၊ ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယတို့၏ အဓိပ္ပါယ်ကိုလည်း ရေးသားဖော်ပြပါ။

၂။ မောစတုက်လေးပါးသည် အဘယ့်ကြောင့် အကုသိုလ်စိတ်၌သာ ယှဉ်ရသည်ကို ဖော်ပြပြီးလျှင်၊ သောတာပတ္တိမဂ်စိတ်နှင့် ဟသိတုပ္ပါဒ်စိတ်တို့၏ အရူပဘုံ၌ မဖြစ်နိုင်ခြင်းအကြောင်းကိုလည်း ရေးသားဖြေဆိုပါ။

၃။ ဇကဒွါရိကစိတ်တို့ကို ရေးသား၍ ၄င်းတို့သည် မည်သည့်တရားများကို အာရုံပြုကြပါသနည်း၊ အာရမ္မဏသင်္ဂဟနှင့်အညီ အသီးအသီး ဖော်ပြပါ။

၄။ အပ္ပနာဇောဝါရ၌ မည်သည့်ဝီထိမျိုး ရနိုင်သည်ကို ရေးသားဖော်ပြပြီးလျှင်၊ မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂–ခုနောင် ဖြစ်နိုင်သော အပ္ပနာဇောများကိုလည်း သင်္ဂဟအထောက်ပြ၍ ဖြေဆိုပါ။

၅။ ပဋိသန္ဓေ, ပဝတ္တိအခါတို့၌ ဖြစ်စေနိုင်သော တိဟိတ်ဥက္ကဋ္ဌ စသော ကံလေးပါးတို့၏ အကျိုးဝိပါက်တို့ကို သမာနဝါဒအရဖြစ်စေ, ကေစိဝါဒအရ ဖြစ်စေ ကြိုက်နှစ်သက်ရာတစ်ခုကိုသာ ဖြေဆိုပါ။

၆။ ပဋိသန္ဓေအခါ၌ရသင့်သော ကလာပ်စည်းတို့ကို အသီးသီး စုံလင်စွာ ဖော်ပြပြီးလျှင်၊ မရနိုင်သော ရုပ်တို့ကိုလည်း ထုတ်ပြပါ။

၇။ ခန္ဓာငါးပါး သရုပ်ပြဂါထာကို အနက်မှန်ကန်စွာ ရေးပါ။

၈။ ပကတူပနိဿယပစ္စည်းပြ ပါဠိကို မှန်ကန်စွာ ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားကြောင့် (ဝါ) စျာန်ငါးမျိုးပြားခြင်းကြောင့် သောတာပတ္တိမဂ်စိတ် ၅–ပါး ပြားရသည်။

(စျာနင်္ဂယောဂဘေဒေန ကတွေကေကံ တု ပဉ္စဓာ)

(ပထမစျာန် စသည်တို့တွင် အကြင်အကြင်အမှတ်မရှိသော စျာန်ကို ဝင်စားပြီး ထိုထိုစျာန်မှထ၍ သင်္ခါရတရားတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပေါ်၏) ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဖြစ်ပေါ်ဖို့ရန် အခြေခံဝင်စားအပ်သော စျာန်သည် ပါဒကစျာန်မည်၏။

အကြင်အကြင် စျာန်ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပေါ်၏၊ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ ဖြစ်ပေါ်ဖို့ရန် သုံးသပ်အပ်သော စျာန်သည် သမ္မသိတစျာန်မည်၏။

ပထမစျာန်နှင့်တူသော ပဉ္စင်္ဂိကမဂ်ကို ရသော် ကောင်းလေစွ၊ စတုရင်္ဂိကမဂ်ကို ရသော် ကောင်းလေစွ စသည်ဖြင့် စျာန်ရသောယောဂီပုဂ္ဂိုလ်၏ အလိုဆန္ဒသည် ပုဂ္ဂလဇ္ဈာသယမည်၏။

(ဋီကာကျော်)

၂။ ပါဏာတိပါတ စသော ဒုစရိုက်မှုကို ပြုကျင့်သူမှန်သမျှသည် မောဟဖြင့် အပြစ်မမြင် အဟိရိကဖြင့် မစက်ဆုပ်၊ အနောတ္တပ္ပဖြင့် မကြောက်လန့်၊ ဥဒ္ဓစ္စဖြင့် မငြိမ်သက်သောကြောင့် မောစတုက် ၄–ပါးသည် အကုသိုလ်စိတ်၌သာ ယှဉ်ရသည်။ (ဋီ)

ပရတော ဃောသပစ္စည်း (သူတစ်ပါးထံမှ တရားသံ ဟူသော အထောက်အပံ့) မရရှိခဲ့သော် သာဝကတို့အား သောတာပတ္တိမဂ် မဖြစ်ပေါ်နိုင်သောကြောင့် လည်းကောင်း, ဘုရား, ပစ္စေကဗုဒ္ဓါ တို့သည်လည်း လူဘုံမှ အခြားဘုံ၌ မဖြစ်သောကြောင့်လည်းကောင်း သောတာပတ္တိမဂ်သည် အရူပ ဘုံ၌ မဖြစ်နိုင်။

ရယ်ရွှင်ဖို့ရာ ကိုယ်ကာယမရှိသောကြောင့် ဟသိတုပ္ပါဒ်စိတ်သည် အရူပဘုံ၌မဖြစ်နိုင်။

ပထမ မဂ္ဂေါပိ ပရတောဃောသပစ္စယာဘာဝေ သာဝကာနံ အနုပ္ပန္နတော, ဗုဒ္ဓပစ္စေကာ နဉ္စ မနုဿလောကတော အညတ္ထ အနိဗ္ဗတ္တနတော။

ဟသနစိတ္တဉ္စ ကာယာဘာဝတော။ (၄)

၃။ **ကေဝလါရိကစိတ်**

| | |
|---|---|
| ဒွေပဉ္စဝိညာဉ် | ၁၀–ပါး၊ |
| အပ္ပနာဇော | ၂၆–ပါး၊ |
| ပေါင်း | ၃၆–ပါး။ |

**အာရုံ**

| | |
|---|---|
| စက္ခုဝိညာဉ်ဒွေ | ပစ္စုပ္ပန်ရူပါရုံ၊ |
| သောတ ॥ | ॥ သဒ္ဒါရုံ၊ |
| ဃာန ॥ | ॥ ဂန္ဓာရုံ၊ |
| ဇိဝှါ ॥ | ॥ ရသာရုံ၊ |
| ကာယ ॥ | ॥ ဖောဋ္ဌဗ္ဗာရုံ။ |

အပ္ပနာဇော {
ဝိညာ, နေဝါဇော, မဟဂ္ဂုတ် ဓမ္မာရုံ၊
အာကာ, အာကိဉ်နှင့် ရူပဇော ပညတ် ဓမ္မာရုံ၊
လောကုတ္တရာဇော နိဗ္ဗာန် ဓမ္မာရုံ၊
} ဓမ္မာရုံ

၄။ ဈာနဝီထိ၊ မဂ္ဂဝီထိ၊ ဖလသမာပတ္တိဝီထိ၊ အဘိညာဝီထိ၊ နိရောဓသမာပတ္တိဝီထိ (ဝါ) မနော ဒွါရဝီထိ။

* *ဈာန်–မဂ်–ဖလ်၊ အဘိညာဏ်၊ တစ်ဖန် နိရောဓ။*

| | |
|---|---|
| မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ | ၅–ပါး၊ |
| အရဟတ္တဖိုလ် ။ | ၁–ပါး၊ |
| ပေါင်း | ၆–ပါး၊ |

အထောက်။ ။ ဥပေက္ခာသဟဂတ ဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ၊ ကြိယဇဝနာနန္တရံ ကြိယ ဇဝနံ အရဟတ္တဖလဉ္စာတိ။
ဆ သမ္ဘောန္တိ ဥပေက္ခကာ။

၅။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ မဟာဝိပါက် ၈–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး ပေါင်း ၁၆–ပါးကို ဖြစ် စေ၏။

တိဟိတ်ဩမက, ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏဝိပ္ပ ယုတ် ၄–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး ပေါင်း ၁၂–ပါးကို ဖြစ်စေ၏။

ဒွိဟိတ် ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈–ပါးကို ဖြစ်စေ၏။ **(သမာန၀၁၁)**

၆။ သံသေဒဇ, ဩပပါတိက ပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ဒသက အားဖြင့် ၇–စည်း။

ဂဗ္ဘသေယျက သတ္တဝါတို့အား ကာယ, ဘာဝ, ဝတ္ထု ဒသက အားဖြင့် ၃–စည်း။

အသညသတ်ကြဉ် ရူပဗြဟ္မာတို့အား စက္ခု, သောတ, ဝတ္ထု, ဇီဝိတနဝက အားဖြင့် ၄–စည်း။

အသညသတ်ဗြဟ္မာတို့အား ဇီဝိတနဝကကလာပ် ၁–စည်း။

**မရနိုင်သောရုပ်**

| | |
|---|---|
| သဒ္ဒရုပ် | ၁–ပါး၊ |
| ဝိကာရရုပ် | ၅–ပါး၊ |
| ဇရတာ | ၁–ပါး၊ |
| အနိစ္စတာ | ၁–ပါး၊ |
| ပေါင်း | ၈–ပါး။ (သင်္ဂဟ) |

၇။ အနက်ထင်ရှားပြီ။

၈။ ပါဠိထင်ရှားပြီ။

* * * * *

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ သန္နိဋ္ဌာန်, သံသယတို့၏ အဓိပ္ပါယ်ကို ရေးပြီးလျှင်၊ ယေ ကေစိ ကုသလာ ဓမ္မာကို သန္နိဋ္ဌာန် သဗ္ဗေ တေ ကုသလမူလာကို သံသယဟု အဘယ့်ကြောင့် ခေါ်ဆိုရကြောင်း ရှင်းပြပါ။

၂။ ယေ ကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမည မူလာတိ ကို ဝိဘင်းထုတ်၍ အရကောက်ပြပါ။

၃။ အောက်ပါပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကို ထုတ်ပြ၍ အရကောက်ပါ။

(က) န ရူပံ န ရူပက္ခန္ဓောတိ၊

(ခ) န သင်္ခါရက္ခန္ဓော န သင်္ခါရာတိ။

၄။ အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဖူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်လတ္တံ့လောဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ထုတ်ပြ၍ သံသယပုဒ်အရကိုသာ ကောက်ပြပါ။

၅။ ခန္ဓယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ။လ။ အာယတနဒ္ဒေသကို ရှေးဦးစွာ ဟော တော်မူ၏၊ ဤ၌ ပေယျာလကို ထုတ်ဖော်ရေးသားပါ။

၆။ အကြင်ပုဂ္ဂိုလ်အား အကြင်ဘုံ၌ ရူပဓာတ်ဖြစ်ဖူးပြီ၊ ထိုပုဂ္ဂိုလ်အား ထိုဘုံ၌ မနဓာတ်ဖြစ်ဖူး ပြီလောဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ထုတ်ပြီးလျှင်၊ သန္နိဋ္ဌာန်, သံသယနှစ်ပါးစုံရသော တရားများ ကိုသာ ကောက်ပြပါ။

၇။ အောက်ပါပုစ္ဆာတို့၏ ဝိသဇ္ဇနာ ဝိဘင်းကို ထုတ်၍၊ (ခ) ကိုသာ အရကောက်ပါ။

(က) နိရောဓော နိရောဓသစ္စန္တိ၊

(ခ) မဂ္ဂေါ မဂ္ဂသစ္စန္တိ။

၈။ ယဿ ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထဟူသော ပုစ္ဆာ၏

ဝိသဇ္ဇနာ ပါဠိကို ဆုံးအောင် ရေးပြီးလျှင်၊ အနက်ယောဇနာပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်။
ယုံမှားအပ်သော အနက်ရှိသောကြောင့် သံသယ။

**ရှင်းချက်**

ယေ ကေစိ ကုသလာ ဓမ္မာ ဟူသော သန္နိဋ္ဌာန်ပုဒ်၌ ကုသိုလ် ဇောဝိသ, စေတသိက် အဋ္ဌ တိံသ ဤတရားတို့သည် ကုသိုလ်မည်ကုန်သလော, မမည်ကုန်သလောဟု ယုံမှားဖွယ် မရှိ၊ ကုသိုလ် မည်သည်သာလျှင် ဖြစ်၏ဟု အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် ဤ ယေ ကေစိ ကုသလာ ဓမ္မာ ဟူသော ပုဒ်သည် သန္နိဋ္ဌာန်မည်၏။

သဗ္ဗေ တေ ကုသလမူလာ၌ ကုသလမူ ၃–ခုတို့သည် ကုသိုလ်သာ မည်ကုန်သလော, ထိုသို့မဟုတ် ကုသလမူလ မည်ကုန်သလော, မမည်ကုန်သလောဟု ယုံမှားအပ်သော အနက်ရှိသော ကြောင့် သဗ္ဗေ တေ ကုသလမူလာ ဟူသောပုဒ်သည် သံသယမည်၏။

၂။ ထင်ရှားပြီ။ (နှာ– ၂၈)

၃။ ထင်ရှားပြီ။ (နှာ– ၆၁)

၄။ ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ အသညသတ္တာနံ တေသံ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတိ။

ဣတရေသံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇိတ္ထ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇိဿတိ။

**သံသယအရကား။** မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ, စဝန္တဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ် ၄–ယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃–ယောက်တို့အား သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ ၂၁–ဘုံ။ (နှာ– ၈၇)

၅။ ထင်ရှားပြီ။ (နှာ– ၁၀၇)

၆။ အသညသတ္တာနံ တေသံ တတ္ထ ရူပဓာတု ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ မနောဝိညာဏဓာတု ဥပ္ပဇ္ဇိတ္ထ။

ပဉ္စဝေါကာရာနံ တေသံ တတ္ထ ရူပဓာတု စ ဥပ္ပဇ္ဇိတ္ထ၊ မနောဝိညာဏဓာတု စ ဥပ္ပဇ္ဇိတ္ထ။

**အရကား။** ပဉ္စဝေါကာရ ဥပပဇ္ဇန္တ, စဝန္တဖြစ်သော ပုထုဇဉ်– ၄၊ ဖလဋ္ဌာန်– ၄ တို့အား သုဒ္ဓါဝါသ ကြဉ် ပဉ္စဝေါကာရ ၂၁–ဘုံ။

**မှတ်ချက်။** ။ ပုစ္ဆာ၌ မနောဓာတ်ဟု ပါသည်၊ ဝိညာဏဓာတ်တို့တွင် မနောဝိညာဏဓာတ်တစ်ခုသာ ပါဠိတော်မှာ ဟောသည်၊ ထို့ကြောင့် အဖြေ၌ မနောဝိညာဏဓာတ်ကို ရည်ရွယ်၍ ဖြေသည်၊ မနောဓာတ်ကို ရည်ရွယ်လျှင်ကား ပါဠိအရကောက် မရှိသင့်ပြီ။

သန္နိဋ္ဌာန်, သံသယ နှစ်ပါးစုံရသော တရားဟူသည် နှစ်ဘက်ရကို ဆိုလိုသည်။

၇။ ထင်ရှားပြီ။ (နှာ– ၂၁၀)

၈။ ပါဠိထင်ရှားပြီ။ (နှာ- ၂၂၂)

ဒုတိယေ– နှစ်ခုမြောက်သော၊ စိတ္တေ– ပဋိသန္ဓေနောင် ပထမဘဝင်စိတ်သည်၊ ဝတ္တမာနေ – ဖြစ်လတ်သော်၊ သုဒ္ဓါဝါသာနံ– သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော၊ တေသံ– ထိုပုဂ္ဂိုလ်တို့အားလည်း ကောင်း၊ အသညသတ္တာနံ– အသညသတ်ဘုံ၌ ဖြစ်ကုန်သော၊ တေသံ– ထိုပုဂ္ဂိုလ်တို့အားလည်း ကောင်း။

တတ္ထ– ထိုသုဒ္ဓါဝါသဘုံ, အသညသတ်ဘုံ၌၊ ဒုက္ခသစ္စံ– ဒုက္ခသစ္စာသည်၊ ဥပ္ပဇ္ဇိတ္ထ– ဖြစ်ဖူးပြီ၊ တေသံ– ထိုပုဂ္ဂိုလ်တို့အား၊ တတ္ထ– ထိုသုဒ္ဓါဝါသငါးဘုံ, အသညသတ်ဘုံ၌၊ သမုဒယသစ္စံ– သမုဒယသစ္စာသည်၊ နော စ ဥပ္ပဇ္ဇိတ္ထ– မဖြစ်ဖူးလေ။

ဣတရေသံ– သုဒ္ဓါဝါသငါးဘုံ ဒုတိယစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှတစ်ပါးကုန်သော၊ စတုဝေါကာရာနံ– စတုဝေါကာရပုဂ္ဂိုလ်တို့အားလည်းကောင်း၊ ပဉ္စဝေါကာရာနံ– ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အားလည်းကောင်း၊ တေသံ– ထိုပုဂ္ဂိုလ်တို့အား၊ တတ္ထ–၌၊ ဒုက္ခသစ္စဉ္စ– လည်း၊ ဥပ္ပဇ္ဇိတ္ထ– ပြီ၊ သမုဒယသစ္စဉ္စ– လည်း၊ ဥပ္ပဇ္ဇိတ္ထ– ပြီ။

* * * * *

# ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ (က) (ခ) (ဂ) အရ ဖြစ်နိုင်သော တိက်တို့၏ အမည်ကို ဖော်ပြပါ။

(က) ပထမ ပဒ၌ ရုပ်တရားတစ်ပါး၊

(ခ) ဒုတိယ ပဒ၌ မဂ်စိတ္တုပ္ပါဒ်၊

(ဂ) တတိယ ပဒ၌ အဗျာကတ တရားစုံ၊

၂။ ပထမပုဒ် အရသာထူး၍ ဒုနှင့်တတို့၌ ဝေဒနာတိက်နှင့် တူပါလျက် ပီတိတိက်ကို ထပ်၍ ဟောရခြင်း၏ အကြောင်းကို ရှင်းပြပြီးလျှင်၊ အဇ္ဈတ္တာရမ္မဏတိက်၏ ဇကန်တိက်မှတ်တရားတို့ကို လည်း ကောက်ပြပါ။

၃။ အောက်ပါ (က) (ခ) ပုဒ်တို့၏ အရကို ကောက်ပြ၍၊ ဥပါဒါန ဝိပ္ပယုတ္တ ဥပါဒါနိယဒုက်၏ ဒုက်မှတ်ကိုလည်း ထုတ်ပြပါ။

(က) ဩဃ ဩဃသမ္ပယုတ္တဓမ္မ။

(ခ) ပရာမာသ သမ္ပယုတ္တဓမ္မ။

၄။ ပထမပုဒ်အရ စေတသိက် ၅၂–ပါးလုံးကိုသာ ကောက်ရသော ဒုက်တို့၏အမည်ကိုရေး၍၊ သပ္ပီတိကဒုက် ဒုတိယပုဒ်အရ ဒုက္ခသစ္စာ ဖြစ်သောတရားတို့ကိုလည်း ထုတ်ပြပါ။

၅။ (က) ဆိုဆုံးမခက်သောသူ၊ (ခ) လောကဝတ်ကျေပွန်သူ၊ (ဂ) သတိလက်လွတ်သောသူ ဖြစ်စေနိုင်သောတရားများကို အသီးအသီးကောက်ပြပါ။

၆။ ဇာတိ, ဇရာ, မရဏတို့သည် နာမက္ခန္ဓာ လေးပါးလုံးတို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း သဘောဖြစ်ပါလျက် သင်္ခါရက္ခန္ဓာ တစ်ပါးတည်း ဖွဲ့ရကြောင်းကို ရှင်းပြပြီးလျှင်၊ ဆဋ္ဌနယ၌ သုခိန္ဒြေနှင့် ကေဟိစိသမ္ပယုတ္တ, ကေဟိစိ ဝိပ္ပယုတ္တဖြစ်သော တရားတို့ကိုလည်း ကောက်ပြပါ။

၇။ နဝမနယ နိဒ္ဒေသ၌ အဗ္ဗန္တရမာတိကာ ဆိုင်ရာ ဥဒါန်းဂါထာပါဠိကို ရေးပါ။

၈။ အောက်ပါ ပါဠိတို့တွင် ယေ ဓမ္မာ ဟူသော ပုဒ်တို့ကိုသာ ဆိုရိုးကျ အနက်ပေးပြပါ။

(က) အရူပဘာဝေန ယေ ဓမ္မာ အသင်္ဂဟိတာ၊
တေဟိ ဓမ္မေဟိ ယေ ဓမ္မာ အသင်္ဂဟိတာ၊

(ခ) အရူပဘာဝေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊
တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၀ (၁၉၆၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ (က) ဒသာနတိက်။ **(ခ) အာစယဂါမိတိက်၊ မိစ္ဆတ္တတိက်၊ မဂ္ဂါရမ္မဏတိက်။**
(ဂ) ကုသလတိက်၊ အာစယဂါမိတိက်။

**မှတ်ချက်။ ။** (ခ) အမှတ်ပြ၌ မဂ်စိတ္တုပ္ပါဒ် ပါဝင်သော ပဒ၊ တစ်နည်း မဂ်စိတ္တုပ္ပါဒ် သက်သက် ရသော ပဒဟူ၍ အစွန်းနှစ်ဘက် ထွက်နေသည်၊ (ဂ) အမှတ်၌လည်း အဗျာကတ တရားစုံပါဝင်သော ပဒ၊ အဗျာကတ တရားစုံ သက်သက်ရသော ပဒဟူ၍ အစွန်းနှစ်မျိုး အဓိပ္ပါယ်နှစ်မျိုးနှင့် သက်ဆိုင်နေသည်။

ဤ၌ကား: မဂ်စိတ္တုပ္ပါဒ် သက်သက်ရသော ပဒ, အဗျာကတတရားစုံ သက်သက်ရသော ပဒတို့ကိုသာ ရည်ရွယ်၍ ဖြေသည်။

ပါဝင်နိုင်သော ပဒကိုရည်ရွယ်လျှင် ထိုထက်ကျယ်ဝန်းနိုင်သည်။

၂။ စတုတ္ထစျာန် ကောဒသ၊ သုခသဟဂုတ် ကာယဝိညာဉ်နှင့် ယှဉ်သော သုခသည် ပီတိကင်းသောကြောင့် နိပ္ပီတိက သုခမည်၏။

ကြွင်းသော သုခသဟဂုတ်နှင့် ယှဉ်သောသုခသည် သပ္ပီတိကသုခ မည်၏။

ဤသို့ နိပ္ပီတိကသုခ၏ သပ္ပီတိကသုခမှ ထူးသည်၏အဖြစ်ကို ပြလိုသောကြောင့် ထပ်၍ ဟောသည်။

(နိပ္ပီတိကဿ သုခဿ သပ္ပီတိကသုခတော ဝိသေသ ဒဿနဝသေန အယံ တိကော ဝုတ္တော။)

အာကိဥ္စညာယတန ၃–ခု၊ စေတသိက် တိ သ၊ ရုပ် အဠဝိသ၊ နိဗ္ဗာန်။

၃။ ထင်ရှားပြီ။

၄။ စေတသိကဒုက်, စိတ္တသမ္ပယုတ္တဒုက်, စိတ္တသံသဋ္ဌဒုက်, စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်, စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုဒုက်, စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက်။

လောကီ အပ္ပီတိကစိတ် ၅၄–ခု၊ လောဘကြဉ် စေ– ၅၀၊ လောကီပီတိ– ၂၇၊ ရုပ်– ၂၈။

၅။ (က) ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရှိမသေ ပြုသောအခါ ဒေါသမူဒွေ စေတသိက် ဗာဝီသ ရ၏။ (ခ) ပျူငှာ လောကဝတ် အစေ့အစပ်ပြုသော အခါ မဟာကု– ၈၊ မဟာကြိယာ– ၈၊ စေတသိက် အဋ္ဌတိ သရ၏။ (ဂ) သတိ၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

၆။ ဇာတိ, ဇရာ, မရဏတို့သည် အဝတ္ထာမျှသာဖြစ်၍ ကေန္တ ပရမတ္ထ မဟုတ်ကုန်ရကား ဝေဒိယန, သဥ္ဇာနန, ဝိဇာနန ဟူသော ကေန္တပရမတ္ထကိစ္စဖြင့် မယူအပ်သည်ဖြစ်၍ အနေကန္တဖြစ်

ဖြစ်သော သင်္ခါရကိစ္စဖြင့်သာ ယူအပ်ကောင်းသောကြောင့် သင်္ခါရက္ခန္ဓာ တစ်ပါးတည်းသာ ဖွဲ့ရသည်။

ဝေဒိယန, သဉ္ဇာနန, ဝိဇာနနေဟိ ဧကေန္တ ပရမတ္ထ ကိစ္စေဟိ အဂယှမာနာနိ သင်္ခတာတိ သင်္ခရဏေန အနေကန္တ ပရမတ္ထကိစ္စေန ဂယှန္တီတိ သင်္ခါရက္ခန္ဓ ဓမ္မ သဘာဂါနိ။ (မူလဋီကာ)

**ကေဟိစိ သမ္ပယုတ်–** ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ခု။

**ကေဟိစိ ဝိပ္ပယုတ်–**ဓမ္မာယတန ဓမ္မဓာတ်၌ အကျုံးဝင်သော သုခုမရုပ် သောဠသ၊ နိဗ္ဗာန်။

၇။ ထင်ရှားပြီ။

၈။ (က) ယေ ဓမ္မာ– အကြောင် ဩဠာရိကရုပ် ဒွါဒသတို့ကို။

ယေ ဓမ္မာ– အကြောင်ဝေဒနာ, သညာ, သင်္ခါရ, စိတ်တစ်ခုယုတ်ကိုးဆယ်, နိဗ္ဗာန်တို့ကို။

(ခ) ယေ ဓမ္မာ– အကြောင်ကာမဘဝ, ရူပဘဝဟု ဆိုအပ်သော စိတ်, စေတသိက်၊ ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ စိတ္တုပ္ပါဒ်, ရုပ်, နိဗ္ဗာန်တို့သည်။

ယေ ဓမ္မာ– အကြောင် ရူပဘဝတို့သည်။

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ သိမ်သမုတ်ရာ၌ လိုအပ်သော နိမိတ် ၈–မျိုးကို ထုတ်ပြပြီးလျှင်၊ ကျောက်နိမိတ်၏ ပမာဏကို တိကျစွာ အပြည့်အစုံ ဖော်ပြပါ။

၂။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ ၌ ယူရမည့် သဘာဂကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ တိတ္ထိတို့သည် ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁–ဦး၌ ပါဝင်သင့်, မသင့်ကို အကြောင်းပြ၍ ဖြေဆိုပါ။

၃။ ဘိက္ခု စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ရနိုင်သော အာပတ္တိဝါရများကို ပြည့်စုံစွာ ဖော်ပြပါ။

၄။ အနိယတသိက္ခာပုဒ် ၂–ခုတို့၏ ထူးခြားချက်ကို ရေး၍၊ မိုးရေခံသင်္ကန်း ရှာမှီးအပ်သော ကာလကို ပါတိမောက်လာအတိုင်း ဖြေဆိုပါ။

၅။ ဘိက္ခုနီမထံမှ သင်္ကန်းကို ခံယူသောရဟန်းနှင့် ဘိက္ခုနီမအား သင်္ကန်းပေးသော ရဟန်းတို့အား အာပတ်သင့်ပုံ မသင့်ပုံကို အသီးသီး ဖော်ပြပါ။

၆။ ဘိက္ခုပါစိတ် မဟလ္လက ဝိဟာရ သိက္ခာပုဒ်ကို ထည့်သင့်သောပါဠိ ထည့်စွက်၍ ကျနစွာ အနက်ယောဇနာပါ။

၇။ ဘိက္ခုနီပါရာဇိက ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

၈။ အောက်ပါ ရဟန်းမိန်းမတို့အား သင့်နိုင်သော အာပတ်အသီးသီးကို သိက္ခာပုဒ်ညွှန်း၍ ဖြေဆိုပါ။

(က) ရဟန်းရှိသော ကျောင်းတွင်းသို့ မပန်ကြားဘဲဝင်သော ရဟန်းမိန်းမ၊

(ခ) ရဟန်း၏ရှေ့၌ မပန်ကြားဘဲ ထိုင်သော ရဟန်းမိန်းမ၊

(ဂ) ရဟန်းအား ရေရွတ်ဆဲရေးသော ရဟန်းမိန်းမ၊

(ဃ) လူမှုကိစ္စကို ဆောင်ရွက်သော ရဟန်းမိန်းမ၊

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ **နိမိတ် ၈–မျိုး**

၁။ တောင်နိမိတ်၊ ၂။ တောနိမိတ်၊ ၃။ လမ်းနိမိတ်၊
၄။ မြစ်နိမိတ်၊ ၅။ ကျောက်နိမိတ်၊ ၆။ သစ်ပင်နိမိတ်၊
၇။ တောင်ပို့နိမိတ်၊ ၈။ ရေနိမိတ်၊

* *တောင်, ကျောက်, တော, သစ်၊ လမ်း, ပို့, မြစ်, ရေ၊ ဤရှစ်ထွေ၊ မှတ်လေ သိမ်နိမိတ်။*

## ပါသာဏနိမိတ်

သံတွေခဲနှင့်တကွ အကြီးဆုံး ဆင်ပမာဏအောက် ယုတ်သည်ကို အစပြု၍ အငယ်ဆုံး ၃၂–ပိုလ် တင်လဲခဲ ပမာဏရှိသော ကျောက်မှန်သမျှသည် ပါသာဏနိမိတ် မည်၏။

ကျောက်ဖျာဖြစ်လျှင်ကား အလွန်ကြီးသော်လည်း အပ်၏။

ပါသာဏနိမိတ္တေ အယောဂုဠမ္ပိ ပါသာဏသင်္ခမေဝ ဂစ္ဆတိ၊ တသ္မာ ယော ကောစိ ပါသာဏော ဥက္ကံသဝသေန ဟတ္ထိပ္ပမာဏတော ဩမကတရံ အာဒိ ကတွာ ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံ သ ပလဂုဠပိဏ္ဍ ပရိမာဏော **နိမိတ္တုပဂေါ၊ န တတော ခုဒ္ဒကတရော၊ ပိဋ္ဌိပါသာဏော ပန အတိမ** ဟန္တောပိ ဝဋ္ဋတိ။ (ကခ်ီ)

၂။ ဝတ္ထုသဘာဂအာပတ် ရှိနေလျှင် အချင်းချင်းဒေသနာမပြောကောင်း၊ ဒေသနာမပြောဘဲ အာပတ်တန်းလန်းနှင့်လည်း ဥပုသ်မပြုကောင်းချေ၊ ထိုသို့ မပြုကောင်းလျှင် သံဃာ၏ ပတ္တကလ္လ ဥပုသ်ကံမဖြစ်နိုင်သောကြောင့် သဘာဂါ ပတ္တိယော စ န ဝိဇ္ဇန္တိ၌ ဝတ္ထုသဘာဂအာပတ်ကို ယူရမည်။

တိတ္ထိတို့သည် လူ၌အကျုံးဝင်ပြီး ဖြစ်သောကြောင့် ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁–ဦး၌ ပါဝင်ပါသည်။
တိတ္ထိယာ ဂဟဋ္ဌေနေဝ သင်္ဂဟိတာ၊ ဧတေပိ ဟိ ဝဇ္ဇနီယာ နာမ။ (က၁)

၃။ ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို လူဇာတ်ရှိသူအား တိုက်ရိုက်ပြောကြားရာ၌ ချက်ချင်းသိလျှင် ပါရာဇိက၊ မသိလျှင် ထုလ္လစ္စဉ်း။
အညာပဒေသ ပရိယာယ်အားဖြင့် ပြောကြားရာ၌ ချက်ချင်းသိလျှင် ထုလ္လစ္စဉ်း၊ မသိလျှင် ဒုက္ကဋ်။

၄။ ပထမ အနိယတသိက္ခာပုဒ်၌ ရဟော အရ စက္ခုရဟ ကိုသာ ယူရမည်၊ အာပတ်အရာ၌ ပထမ ပါရာဇိက၊ ကာယသံသဂ္ဂ သံဃာဒိသေသ်၊ အစေလကဝဂ်လာ ရဟောပဋိစ္ဆန္န ပါစိတ်အာပတ်ကို ယူရမည်။
မာတုဂါမအရ မွေးဖွားခါစမှ အသက်ရှင်ဆဲ မိန်းမဟူသမျှကို ယူရသည်၊ မာတုဂါမသည် အဖော်မဖြစ်နိုင်။
ဒုတိယအနိယတသိက္ခာပုဒ်၌ ရဟောအရ သောတရဟကို ယူရသည်၊ အာပတ်အရာ၌ ပါရာဇိကမပါဘဲ ကာယသံသဂ္ဂ သံဃာဒိသေသ်၊ ဒုဋ္ဌုလ္လဝါစာ သံဃာဒိသေသ်, ဘိက္ခုနောဝါဒဝဂ် အစေလကဝဂ်တို့၌ လာသော ရဟောနိသဇ္ဇ ပါစိတ်အာပတ်ကို ယူရသည်၊ မာတုဂါမများလည်း အဖော်ဖြစ်နိုင်သည်။
ဤသို့ ထူးသည်။

**မိုးရေခံရှာမှီးရာကာလ**

နယုန်လပြည့်ကျော် ၁–ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ (မရသေးလျှင် တန်ဆောင်မုန်းလပြည့်နေ့အထိ ငါးလ ရှာမှီးနိုင်သည်။)

၅။ ဘိက္ခုနီမထံမှ လဲလှယ်ခြင်းမျိုးမဟုတ်ဘဲ ခံယူလျှင် နိဿဂ္ဂိပါစိတ်၊ လဲလှယ်သည့်အနေဖြင့် ခံယူလျှင် အာပတ်မသင့်။ **(နိဿဂ္ဂိ စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ်)**

ဘိက္ခုနီမအား လဲလှယ်ခြင်းမျိုးမဟုတ်ဘဲ သင်္ကန်းပေးလျှင် ပါစိတ်၊ လဲလှယ်သည့်အနေဖြင့် ပေးလျှင် အာပတ်မသင့်။ (ဘိက္ခုနောဝါဒ– စီဝရဒါန သိက္ခာပုဒ်)

၆။ အနက်ထင်ရှားပြီ။

၇။ ပါဠိထင်ရှားပြီ။

၈။ (က) အာရာမဝဂ် အာရာမပဝိသန သိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ဆတ္တုပါဟနဝဂ် အနာပုစ္ဆာ သိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) အာရာမဝဂ် ဘိက္ခုအက္ကောသန သိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) စိတ္တာဂါရဝဂ် ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

* * * * *

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) တဒ္ဓေဝေတ္တွ၊ (ခ) သဥ္စာယတန်၊ (ဂ) ပရာယဏံ တို့ကို ပုဒ်ဖြတ်၍၊ (ဃ) ပဗ္ဗဇ္ဇံ၊ (င) ဇဝံ ခေါ၊ (စ) အဓိက္ကဏမုတ္တော တို့ကို ပုဒ်စပ်ပြီးလျှင်၊ အမှ သဒ္ဒါနောင် သ ဝိဘတ်ဖြင့် ပြီးနိုင်သော ရုပ်စုတို့ကိုလည်း စုံလင်စွာ ဖော်ပြပါ။

၂။ တုမှ, အမှ သဒ္ဒါတို့၏ ဝေါ, နော, တေ, မေ မပြုရသော အရာတို့ကို ရူပသဒ္ဒိကျမ်းလာအတိုင်း ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၃။ သုဟိနံသု စ–သုတ်၌ စ သဒ္ဒါ၏ အဝဓာရဏတ္ထဖြစ်ပုံကို ကစ္စည်းကျမ်းလာအတိုင်း ပုံစံထုတ်၍ ရှင်းပြပြီးလျှင်၊ သိလာဃ ဟနုဍ္ဍ ။ပ။ သတ္တမျတ္ထေသု စ ကို ပေယျာလဖော်၍ ပါဠိရေးသားပါ။

၄။ သမာသ်နှင့် တဒ္ဓိတ်တို့၏ အထူးကိုရေး၍၊ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ သုတ်ကိုလည်း ကျနသေချာစွာ အနက်ယောဇနာပါ။ (ဝုတ္တိ စသည် ရေးရန်မလို)

၅။ ဗုဒ္ဓိကောနှင့် ဗုဒ္ဓိကံတို့သည် အဘယ်အနက်၌ အဘယ်ပစ္စည်းသက်ထားကြသည်ကို ဖော်ပြပြီးလျှင်၊ တဒ္ဓိတ်ကမ ပစ္စည်းသက်နိုင်သော အနက်တို့ကိုလည်း ဥဒါဟရဏ်နှင့်တကွ ဖော်ပြပါ။

၆။ အာချာတ်ကျမ်းလာ ဓာတုပစ္စည်း, နာမပစ္စည်း, ကာရိုက်ပစ္စည်းတို့ကို ဥဒါဟရဏ်တစ်ခုစီနှင့်တကွ ဖော်ပြပါ။

၇။ (က) နစ္စံ၊ (ခ) ဝိဝိစ္စ၊ (ဂ) ခီဏာ၊ (ဃ) ဂဟဏံ၊ (င) မူဠှောတို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၈။ ဝုတ္တကတ္တားနှင့် အဝုတ္တကတ္တားတို့၏ အဓိပ္ပါယ်တို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဥဒါဟရဏ်နှင့်တကွ ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) တံ– ဧဝေတ္တံ၊ (ခ) ဆ–အာယတနံ၊ (ဂ) ပရ–အယနံ၊
(ပရံ– အယနံ) (ဃ) ပဗ္ဗဇ္ဇံ၊ (င) ဧဝခေါ်၊ (စ) အဇ္ဈတ္တိကမုတ္တော။
မမံ, မယှံ, မမ, အမှံ, မေ။

၂။ န သောတာမိ န ရောဒာမိ၊
တ,ဝ သုတွာန မာဏဝ။
တုယှဥ္စာပိ မဟာရာဇ၊
မယှဥ္စ ရဋ္ဌဝမုန။
ဧဝမိဒံ ဒီဃမဒ္ဒါနံ။
သန္ဓာဝိတံ သံသရိတံ။

မမဥ္စေဝ တုမှာကဥ္စ စသော ပြယုဂ်တို့၌ ပါဒ၏ အစနှင့် စ–ဝါ ဧဝ စသည်တို့နှင့်ယှဉ်ရာ၌ ဝေါ, နော တေ, မေ မပြုရ။

နဝါ မိကာရတော စေတ္တံ၊ ဝေါနော တေ မေတိ ယေ ဤမေ။
ပါဒါဒေါ စ စ ဝါ ဧဝါ– ဒိယောဂေ စ န ဟောန္တိ တေ။ (ရူ)

၃။ သုခေတ္တေသု ဗြဟ္မစာရိသု ဓမ္မမက္ခာသိ ဘဂဝါ၊ ဘိက္ခုနံ သကေဟိ ပါဏိဘိ တို့၌ သု နံ ဝိဘတ်နှောင်းသော်လည်း ဣ–ဥ တို့၏ ဒီဃ အပြုကို တားမြစ်သည်။ (ပါဠိထင်ရှားပြီ။)

၄။ ပုဒ်အချင်းချင်း ချုံးခြင်းသည် သမာသ်။
ပုဒ်နှင့် ပစ္စည်းကို ချုံးစပ်ခြင်းသည် တဒ္ဓိတ်။
သမာသော ပဒသင်္ခေပေါ၊
ပဒပစ္စယ သံဟိတံ။
တဒ္ဓိတံ နာမ ဟောတွေ ဝံ၊
ဝိညေယျံ တေသ မန္တရံ။ (ရူ)

အညပဒတ္ထေသု သမာသ်ပုဒ်မှတစ်ပါးသော ယ, တ, တေ, ဣမဟူသော ပုဒ်တို့၏ အနက်ဝယ်၌၊ နာမာနိ– နာမ်တို့ကို၊ သမသျန္တေ–ချုံးစပ်အပ်ကုန်၏၊ သော– ထိုသမာသ်သည်၊ ဗဟုဗ္ဗီဟိ– ဗဟုဗ္ဗီဟိ မည်၏။

၅။ ဗုဒ္ဓိကောသည် ပသန္န အနက်၌ ဏိက ပစ္စည်းသက်ထားသည်။
ဗုဒ္ဓိကံသည် သန္တကအနက်၌ ဏိက ပစ္စည်းသက်ထားသည်။
ဇာတအနက် ပဋ္ဌိမော။
နိယုတ္တအနက် အန္တိမော။
အဿတ္ထိအနက် ပုတ္တိမော။

၆။ **ဓာတုပစ္စည်း**

| | |
|---|---|
| ဏာယ | အတိဟတ္ထယတိ။ |
| အာရ | သန္တာရတိ။ |
| အာလ | ဥပက္ကမာလတိ။ |

**နာမပစ္စယ**

အာယ ပဗ္ဗတာယတိ။

ဤယ ဆတ္တီယတိ၊ ပတ္တီယတိ။

**ကာရိုက်ပစ္စည်း**

ဏေ ကာရေတိ။

ဏယ ကာရယတိ။

ဏာပေ ကာရာပေတိ။

ဏာပယ ကာရာပယတိ။

အလ ဓောတလတိ။

**ဓာတုပစ္စည်း**

ခ တိတိက္ခတိ။

ဆ ဇိဂုစ္ဆတိ။

သ ဝီမံသတိ။

၇။ (က) နမု– တ။ (ခ) ဝိပုဗ္ဗ–ဝိစ–တုန်။
(ဂ) ခိ–တ။ (ဃ) ဂဟ–ယု။ (င) မုဟ–တ။

၈။ ပုဒ်စစ်ထင်ရှားပြီ။

* * * * *

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ အရူပါဝစရစိတ်သည် အဘယ်စျာန်၌ ပါဝင်သည်ကိုလည်းကောင်း၊ အဘယ်စိတ်များကို အဘိညာဉ်စိတ် ခေါ်သည်ကိုလည်းကောင်း သင်္ဂဟပါဠိ အကိုးပြ၍ ဖြေဆိုပါ။

၂။ ဝေဒနာ့နှစ်ပါးနှင့်ယှဉ်သော စေတသိက်တို့ကို ထုတ်ပြပြီးလျှင်၊ မဟာဝိပါက်စိတ်တို့သည် အဘယ်အခါ၌ ဒွါရဝိမုတ် ဖြစ်သည်ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၃။ ဒုတိယ ပရိတ္တာရုံ စက္ခုဝိညာဏဝီထိကို ချပြပြီးလျှင် ထိုဝီထိ၌ စိတ်တို့၏ မှီရာဝတ္ထုနှင့် အာရုံကိုလည်း သင်ရိုးနည်းကျ ဖော်ပြပါ။

၄။ ရူပဓမ္မာန မာယူ၌ မပါဝင်သော ရုပ်တို့ကို အကြောင်းနှင့်တကွ ထုတ်ပြပြီးလျှင် ဧတ္ထာ ကုသလကမ္မမုဒ္ဒစ္စရဟိတံ ၌ ဥဒ္ဒစ္စကြဉ်ရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

၅။ ရုပ်, ဣရိယာပုထ်, ဝိညတ် သုံးမျိုးလုံးကို ဖြစ်စေနိုင်သော စိတ်များကိုလည်းကောင်း၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ ရကောင်းသောရုပ်များကိုလည်းကောင်း သင်္ဂဟပါဠိ အသီးသီး ကိုး၍ ထုတ်ပြပါ။

၆။ ဗောဓိပက္ခိယ သင်္ဂဟလာ ဝီရိယနှင့် ပညာတို့၏ တည်ရာဌာနများကို အသီးအသီးဖော်ပြပြီးလျှင်၊ ပရမတ္ထတရားမှ ထူးသော အဘိဓမ္မတ္ထတရားတို့ကိုလည်းကောင်း၊ သုတ္တန်နည်း၌ မပါဝင်ဘဲ အဘိဓမ္မာနည်း၌သာ ပါဝင်သော သံယောဇဉ်တရားတို့ကိုလည်းကောင်း ထုတ်ပြပါ။

၇။ အတ္ထာ ယဿာနုသာရေန စသော ပစ္စယသင်္ဂဟအဆုံးဂါထာကို အနက်ယောဇနာပါ။

၈။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပုံပြ ပါဠိကို ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ အာရုပ္ပဇ္ဈာပိ ပဉ္စမေ ကိုထောက်၍ အရူပါဝစရစိတ်သည် ပဉ္စမဈာန်၌ ပါဝင်ပါသည်။

ပဉ္စမဇ္ဈာန သခ်ါတံ အဘိညာကုသလဉ္စေတိ (ပကိဏ်းပိုင်း)ကို လည်းကောင်း, အဘိညာဝသေန ပဝတ္တမာနံ ရူပါဝစရ ပဉ္စမဇ္ဈာနံ (ကမ္မဋ္ဌာန်းပိုင်း)ကိုလည်းကောင်း ထောက်၍ ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမဈာန်စိတ်၌ရှိသော ပညာစေတသိက်ကို အဘိညာဉ်စိတ်ဟု ခေါ်သည်။

၂။ **ဝေဒနာ ၂–ပါးနှင့် ယှဉ်သော စေတသိက်**

| | |
|---|---|
| လောဘ, ဒိဋ္ဌိ, မာန | ၃–ပါး၊ |
| သောဘနစေတသိက် | ၂၅–ပါး၊ |
| ပေါင်း | ၂၈–ပါး။ |

မှတ်ချက်။ ။ ဤစေတသိက်တို့သည် သောမနဿ, ဥပေက္ခာ ဝေဒနာ ၂–ပါးနှင့်ယှဉ်ကြသည်။

### ဒွါရဝိမုတ်ဖြစ်ကြောင်း

မဟာဝိပါက်စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းအားဖြင့် ဖြစ်သောအခါ စက္ခုအစရှိသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ မိမိတို့သည်ပင် မနောဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံမှ တစ်ပါးသော အာရုံကို ယူသည်၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့်လည်းကောင်း ဒွါရဝိမုတ် ဖြစ်ပါသည်။

စက္ခာဒိဒွါရေသု အပ္ပဝတ္တန[redacted] မနောဒွါရသင်္ခါတဘဝင်္ဂတော အာရမ္မဏန္တရဂ္ဂဟဏဝသေန အပ္ပဝတ္တိတော စ ပဋိသန္ဓာ ဒိဝသေန ပဝတ္တာနိ ဧကူနဝီသတိ ဒွါရဝိမုတ္တာနိ။

၃။ တိ–တိ–တိ–တိ–တိ–နှ–ဒ–ပ–စ–သံ–ဏ–ဝု ဝု–ဘွင်–ဘွင်–ဘွင်–ဘွင်။

**မှီရာဝတ္ထု**

စက္ခုဝိညာဉ်ဒွေသည် စက္ခုဝတ္ထု။

စက္ခုဝိညာဉ်ဒွေမှတစ်ပါး ကြွင်းသော ဝီထိစိတ်များသည် ဟဒယဝတ္ထုကိုမှီသည်။

**အာရုံ**

ရှေ့နောက်ဘဝင်များသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံ။

ပဉ္စဒွါရာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်များသည် ပစ္စုပ္ပန် ရူပါရုံ။

တတ္ထ စက္ခုဒွါရိက စိတ္တာနံ သဗ္ဗေသမ္ပိ ရူပမေဝ အာရမ္မဏံ၊ တဉ္စ ပစ္စုပ္ပန္နံ။

၄။ ဝိညတ်ဒွေသည် စိတ္တက္ခဏတစ်ချက်ခန့် အသက်ရှည်သောကြောင့်လည်းကောင်း, လက္ခဏာ ရုပ် ၄–ခုတို့တွင် ဥပစယ, သန္တတိဟူသော ဇာတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှသာ အသက်ရှည် သောကြောင့် လည်းကောင်း, အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှည်သောကြောင့် လည်းကောင်း, ဇရတာသည် ခဏငယ် ၄၉–ချက်မျှ အသက်ရှည်သောကြောင့် လည်းကောင်း (ဤသို့ စိတ္တက္ခဏ ၁၇–ချက် အသက်မရှည်သောကြောင့်) ရူပမ္မာနမာယုဥ္ဒ ဝိညတ်ဒွေ, လက္ခဏာရုပ် ၄–ခု တို့ မပါဝင်ပါ။

ဝိညတ္တိဒွယဥ္စ ဧကစိတ္တက္ခဏာယုကံ၊ လက္ခဏရူပေသု ဇာတိစေဝ အနိစ္စတာ စ စိတ္တဿ ဥပ္ပါဒ ဘင်္ဂက္ခဏေဟိ သမာနာယုကာ၊ ဇရတာ ပန ဧကူနပညာသ စိတ္တက္ခဏာယုကာ။ (ဋီ)

ဥဒ္ဒစ္စသည် ပဋိသန္ဓေကျိုးမပေးသောကြောင့် ကြဉ်ရပါသည်။

ပဋိသန္ဓိဒါနသဘာဝါဘာဝတော။ (ဋီ)

၅။ ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ ကို ထောက်၍ ရုပ်, ဣရိယာ ပုထ်, ဝိညတ် သုံးမျိုးလုံးကို ဖြစ်စေနိုင်သော စိတ်များကား ဝုဋ္ဌော, ကာမဇော တစ်ခုယုတ်သုံးဆယ်,

အဘိညာဉ်ဒွေ ပေါင်း ၃၂–ပါး ဖြစ်ပါသည်။

ဂုဏ္ဍသေယျကသတ္တာနံ ပန ကာယ, ဘာဝ, ဝတ္ထု ဒသက သင်္ခါတာနိ တိဏ်ိ ဒသကာနိ ပါတုဘဝန္တိကို ထောက်၍ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်များကား–

| | |
|---|---|
| အဝိနိဗ္ဘောဂရုပ် | ၈–ပါး၊ |
| ဇီဝိတရုပ် | ၁–ပါး၊ |
| ကာယပသာဒရုပ် | ၁–ပါး၊ |
| ဘာဝရုပ် | ၂–ပါး၊ |
| ဟဒယဝတ္ထု | ၁–ပါး၊ |
| ပေါင်း | ၁၃–ပါး။ |

ကလာပ်အားဖြင့် ကာယ, ဘာဝ, ဝတ္ထုဒသကကလာပ် ၃–စည်း။

## ၆။ ဝီရိယ၏ တည်ရာဌာန

| | |
|---|---|
| သမ္မပ္ပဓာန် | ၄–ဌာန၊ |
| ဝီရိယိဒ္ဓိပါဒ် | ၁–ဌာန၊ |
| ဝီရိယိန္ဒြေ | ၁–ဌာန၊ |
| ဝီရိယဗိုလ် | ၁–ဌာန၊ |
| ဝီရိယသမ္ဗောဇ္ဈင် | ၁–ဌာန၊ |
| သမ္မာဝါယာမ | ၁–ဌာန၊ |
| ပေါင်း | ၉–ဌာန။ |

ဝီရိယံ နဝဋ္ဌာနာ သမ္မပ္ပဓာန စတုက္က, ဝီရိယိဒ္ဓိပါဒ, ဝီရိယိန္ဒြိယ, ဝီရိယဗလ, သမ္ဗောဇ္ဈင်္ဂ, သမ္မာဝါယာမဝသေန နဝကိစ္စတ္တာ။ (ဋီ)

**ပညာဈာန**

| | |
|---|---|
| ဝိမံသိဒ္ဓိပါဒ် | ၁–ဈာန၊ |
| ပညိန္ဒြေ | ၁–ဈာန၊ |
| ပညာဗိုလ် | ၁–ဈာန၊ |
| ဓမ္မဝိစယသမ္ဗောဇ္ဈင် | ၁–ဈာန၊ |
| သမ္မာဒိဋ္ဌိ | ၁–ဈာန၊ |
| ပေါင်း | ၅–ဈာန။ |

ပညာ ပဥ္စဈာနာ ဝိမံသိဒ္ဓိပါဒ, ပညိန္ဒြိယ, ပညာဗလ, ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂ, သမ္မာဒိဋ္ဌိဝသေန ပဥ္စကိစ္စတ္တာ။ (ဋီ)

* *ဝီရိ ကိုးဖြစ်၊ သတိ ရှစ်တည်း၊ ငါးဆစ်ပညာ၊ ဧ လေးဖြာနှင့်၊ သဒ္ဓါ နှစ်တန်၊ ဆန်, စိတ်, ပီ, ပဿ်၊ တတ်, တက်, ဝိရတီ၊ တစ်ဌာစီထား၊ ဆယ့်လေးပါး မှတ်သား တရားကိုယ်။*

ပရမတ္ထတရားမှထူးသော အဘိဓမ္မတ္ထတရားကား ပညတ်တရား ဖြစ်ပါသည်။

သုတ္တန်နည်း၌ မပါဝင်ဘဲ အဘိဓမ္မာနည်း၌သာ ပါဝင်သော သံယောဇဉ်တရားများကား ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်တို့ ဖြစ်ပါသည်။

၇။ ထင်ရှားပြီ။

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အညမညမူလယမက ပဋိလောမပုစ္ဆာကို အနုလောမပုစ္ဆာနှင့် လျော်ညီစွာ ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလမူလေန ဧကမူလာ ဟူ၍ ဟောသင့်လျက် ဟောတော်မမူဘဲ အဘယ့်ကြောင့် သဗ္ဗေ တေ ဓမ္မာ ကုသလာဟု ဟောတော်မူပါသနည်း၊ ဖြေဆိုပါ။

၂။ ယေ ကေစိ နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလေန ဧကမူလာတိ ဟူသော ပုစ္ဆာကို ဝိသဇ္ဇနာ ဝိဘင်းထုတ်၍ စိတ် စေတသိက်တို့၏ နာမ်မည်ပုံနှင့် နိဗ္ဗာန်၏ နာမ်မည်ပုံကိုလည်း ဖော်ပြပါ။

၃။ ရူပက္ခန္ဓာ ဖြစ်ဆဲ ဝေဒနာက္ခန္ဓာဖြစ်လတ္တံ့သော ပုဂ္ဂိုလ်ဘုံတို့၏ နှစ်ဘက်ရကို ပုဂ္ဂလောကာသအရ ကောက်ပြပါ။

၄။ ယဿ ဝါ ပန ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ၊ တဿ ရူပက္ခန္ဓော နိရုဇ္ဈိဿတီတိ ဟူသော ပုစ္ဆာကို ဝိသဇ္ဇနာ ဝိဘင်းထုတ်ပြပြီးလျှင်၊ တစ်ဘက်ရ ဝိဘင်းကိုသာ အနက်ယောဇနာပါ။

၅။ အောက်ပါ ပေယျာလကို ဆိုရိုးကျ ထုတ်ဖော်ပြပါ။

ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ။လ။ ထိုတွင် စက္ခာယတန ယမကကို ရှေးဦးစွာ ဟောတော်မူ၏။

၆။ ယဿ ဝါ ပန သောတဓာတု ဥပ္ပဇ္ဇိတ္ထ၊ တဿ စက္ခုဓာတု ဥပ္ပဇ္ဇတီတိ ဟူသော ပုစ္ဆာကို ဝိသဇ္ဇနာဝိဘင်းထုတ်ပြီးလျှင်၊ နှစ်ဘက်ရကိုသာ ကောက်ပြပါ။

၇။ မဂ်သာမည်၍ မဂ္ဂသစ္စာ မမည်သောတရား၊ မဂ်, မဂ္ဂသစ္စာ နှစ်ပါးစုံ မည်သောတရားတို့ကို ပြည့်စုံစွာ ထုတ်ပြပါ။

၈။ ယဿ ဝါ ပန သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိဟူသော ပုစ္ဆာကို ဝိသဇ္ဇနာ ဝိဘင်းထုတ်ပြီးလျှင်၊ နှစ်ဘက်ရကို ကောက်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ ယမကဘာသာ

အဖြေလွှာ

၁။ အနက်ထူး မရှိသောကြောင့် ဟောတော်မူသည်၊ (အဋ္ဌကထာ) တစ်နည်း ကေမူလအရကား အကျယ်၊ အညမညမူလ အရကား အကျဉ်းဖြစ်၍ အညမညမူလကို သန္နိဋ္ဌာန် ဆုံးဖြတ်ပြီးသော ကေမူလကို သံသယရှိဖွယ်မရှိသောကြောင့် သဗ္ဗေ တေ ကုသလမူလေန ကေမူလာဟု မဟောမူ၍ အညမညမူလရှိကုန်သော ဓမ္မတို့၏ ကုသလမည်သောအဖြစ်ကို မေးခြင်းငှာသာလျှင် သဗ္ဗေ တေ ဓမ္မာ ကုသလာဟူ၍ ဟောတော်မူသည်။ (မူလဋီကာ)

၂။ အဟေတုကံ နာမံ နာမမူလေန န ကေမူလံ။
သဟေတုကံ နာမံ နာမမူလေန ကေမူလံ။

**နာမ်မည်ပုံ**

စိတ်, စေတသိက်တို့သည် မိမိလည်း အာရုံသို့ ညွတ်တတ်သောကြောင့်လည်းကောင်း, မိမိသို့ အာရမ္မဏိကတရားတို့ကို ညွတ်စေတတ်သောကြောင့်လည်းကောင်း နာမ်မည်၏။

နိဗ္ဗာန်သည်ကား အာရမ္မဏိကဖြစ်သော မဂ်, ဖိုလ် အစရှိသော စိတ်, စေတသိက်တရားတို့ကို ညွတ်စေတတ်သောကြောင့်သာ နာမ် မည်၏။

၃။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ပဋ္ဌဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက် ပဋ္ဌတ္တိ သ၊ ကမ္မဇကလာပ် ၃, ၇, ၄–စည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဋ္ဌဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် ၄–ယောက်, အောက်ဖလဋ္ဌာန် ၃–ယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဋ္ဌဝေါကာရ ၂၁–ဘုံ။ (နှာ– ၈၄)

၄။ ထင်ရှားပြီ။ (နှာ– ၉၀)

၅။ ထင်ရှားပြီ။ (နှာ– ၁၁၀)

၆။ သဗ္ဗေသံ စဝန္တာနံ အစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ သောတဓာတု ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ စက္ခုဓာတု ဥပ္ပဇ္ဇတိ။

သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ သောတဓာတု စ ဥပ္ပဇ္ဇိတ္ထ၊ စက္ခုဓာတု စ ဥပ္ပဇ္ဇတိ။ (နှာ– ၁၄၂)

အရကောက် ထင်ရှားပြီ။ (နှာ– ၁၀၂)

၇။ ထင်ရှားပြီ။ (နှာ– ၂၁၀)

၈။ ထင်ရှားပြီ။ (နှာ–၂၃၆)

* * * * *

# ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ တိက်အသီးသီးတို့၌ လောကုတ္တရာတရားကို အဘယ်သို့ ဆိုထားပါသနည်း၊ အရကောက်ဆရာ၏ စကားအတိုင်း ဖော်ပြပါ။

(က) ဥပါဒိန္နတိက်၊ (ခ) သံကိလိဋ္ဌတိက်၊ (ဂ) ပရိတ္တတိက်၊ (ဃ) ဟီနတိက်၊

၂။ ကံ၏အကျိုးဖြစ်သော ကမ္မဇရုပ်ကို ဝိပါကာ ဓမ္မာအရ၌ မကောက်ဘဲ ဥပါဒိန္နတိက် ပထမပုဒ်အရ၌ ထည့်၍ ကောက်ရခြင်းကို ရှင်းပြပြီးလျှင်၊ စေတသိက် သက်သက်ကိုသာ တိက်မုတ်ထုတ်ရသော တိက်၏အမည်ကိုလည်း ရေးခဲ့ပါ။

၃။ (က) ပထမပုဒ်အရ စိတ်ကိုသာ ကောက်ရသောဒုက်၊

(ခ) စိတ်ကိုသာ ဒုက်မုတ်ထုတ်ရသော ဒုက်တို့၏အမည်ကို ညွှန်ပြပြီးလျှင်၊ သဝိစာရဒုက် ဒုတိယပုဒ်အရ သစ္စဝိမုတ်ဖြစ်သော တရားကိုလည်း ထုတ်ပြခဲ့ပါ။

၄။ ဖိုလ်လေးခုသည် ဝဋ်မှထွက်မြောက်ကြောင်းဟုတ်, မဟုတ်၊ ဝဋ်တရား၌ အကျုံးဝင်, မဝင်တို့ကို ဒုကမာတိကာ အကိုးပြဖြေရှင်း၍ နိယတဒုက် ပထမပုဒ်၌ မကောက်ရသော စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၅။ . အောက်ပါ (က) (ခ) (ဂ) အရ တရားတို့ကို အသီးသီး မှန်ကန်စွာ ကောက်ပြပါ။

(က) ဘုန်းနည်းကြောင်းဖြစ်သောတရား၊

(ခ) အယူပညာကို ပြည့်စုံစေသော တရား၊

(ဂ) ကုသိုလ်ပွားရန် အားထုတ်မှု၌ မဆုတ်နစ်သူ ဖြစ်စေနိုင်သောတရား၊

၆။ ဆဠွနယ အဓိမောက္ခော ကတိဟိ သမ္ပယုတ္တောဥ္ ရသင့်သော ကေဟိစိဓမ္မ သရုပ်ကိုစုံလင်စွာ ထုတ်ပြ၍၊ စက္ခုဝိညာဏဓာတုယာ ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ

၌ ယေ ဓမ္မာ နှစ်ရပ်အရကို အသီးသီး ကောက်ပြပါ။

၇။ အောက်ပါ (က) (ခ) တို့၌ မျဉ်းသားထားသောပုဒ်တို့ကို ဆိုရိုးကျအနက်ပေးပြပါ။

အဝိမောက္ခေန ယေ ဓမ္မာ သမ္ပယုတ္တာ၊

(က) တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊

(ခ) တေ ဓမ္မာ၊

၈။ အောက်ပါ (က) (ခ) တို့၏ ဝိသဇ္ဇနာ ပါဠိကို ရေးပါ။

(က) သောကေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ။

(ခ) သောကေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၁ (၁၉၇၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ (က) အနုပါဒိန္န အနုပါဒါနိယာ ဓမ္မာ– အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သည်လည်းမဟုတ်၊ ဥပါဒါန်တို့၏ အစီးအပွား လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ်၊ ဇီဝလည်း မဟုတ်သောတရားတို့။

(ခ) အသံကိလိဋ္ဌ အသံကိလေသိကာ ဓမ္မာ– ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်, နှိပ်စက်အပ်ကုန်သည်လည်း မဟုတ်၊ ပူပန်စေတတ် နှိပ်စက်တတ် သော ကိလေသာကို ရခြင်းငှာ ထိုက်သည်လည်း မဟုတ်ကုန်သော သတ္တလည်း ။ပ။ တို့။

(ဂ) အပ္ပမာဏာ ဓမ္မာ– နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော သတ္တလည်း ။ပ။ တို့။

(ဃ) ပဏီတာ ဓမ္မာ– မြတ်ကုန်သော သတ္တလည်းမဟုတ် ။ပ။ တို့။

၂။ ဝိပါကာ ဟူသောအမည်သည် ရင့်ကျက်ခြင်းသို့ ရောက်ကုန်သော နာမ်တရားတို့၏ အမည်ဖြစ်သောကြောင့်လည်းကောင်း, မုချအကျိုး, သာမာန်အကျိုး ၂–မျိုးတို့တွင် မုချအကျိုးကိုသာ ရည်ရွယ်၍ ဟောထားသောကြောင့်လည်းကောင်း ဝိပါကတိက်၌ သာမာန်အကျိုးဖြစ်သော ကမ္မဇရုပ်ကို မကောက်ပါ။

ဥပါဒိန္နတိက်၌ကား မုချအကျိုး, သာမာန်အကျိုး (ဝါ) အကျိုးရင်း အကျိုးဖျား နှစ်မျိုးလုံးကို ရည်ရွယ်၍ ဟောသောကြောင့် ကမ္မဇရုပ်ကို ကောက်သည်။

စေတသိက်သက်သက်ကိုသာ တိက်မုတ်ထုတ်ရသော တိက်ကား ဝိတက်တိက် ဖြစ်သည်။

၃။ (က) စိတ္တဒုက်၊ (ခ) စိတ္တသမ္ပယုတ္တ၊ စိတ္တသံသဋ္ဌဒုက်။

မဂ္ဂသစ္စာမှကြွင်းသော မဂ်စိတ္တုပ္ပါဒ်– ၂၈၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ခုသည်လည်းကောင်း, လောကုတ္တရာ သဝိစာရ ၁၆–ခု၌ ရှိသော ဝိစာရစေတသိက် ၁၆–ခုသည်လည်းကောင်း သစ္စဝိမုတ်မည်၏။

၄။ ဖိုလ် ၄–ခုသည် နိယျာနိကာဓမ္မာအရတွင် မပါဝင်သောကြောင့် ဝဋ်မှထွက်မြောက်ကြောင်း မဟုတ်ပါ။

ပရိယာပန္နာ ဓမ္မာအရ၌ မပါဝင်သောကြောင့် ဝဋ်တရား၌ အကျုံးမဝင်ပါ။

မကောက်ရသော စေတသိက်– မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာတို့ကိုလည်းကောင်း၊ ပီတိ, လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာတို့ကိုလည်းကောင်း မကောက်ရပါ။

၅။ (က) အကုသိုလ်– ၁၂၊ စေတသိက် သတ္တဝီသ၊
(ခ) သာမ္မာဒိဋ္ဌိ၊
(ဂ) ကုသိုလ်ကေဝိသဋ္ဌ ရှိသော သမ္မာဝါယာမ။

၆။ **ကေဟိစိ ဓမ္မ–** သနိဒ်ါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်၌ အကျုံးဝင်သော အဝိမောက္ခ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ။

**ယေ ဓမ္မာ သမ္ပယုတ္တာ–** သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊

**ယေ ဓမ္မာ ဝိပ္ပယုတ္တာ–** (စက္ခုဝိညာဏဓာတ်ကြဉ်သော) ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်၊ ရုပ်– ၂၇၊ နိဗ္ဗာန်။

၇။ (က) တေဟိ ဓမ္မေဟိ– ထိုဒွေပဉ္စဝိညာဉ်–၁၀၊ ဝိစိကိစ္ဆာကြဉ် စိတ် ၇၈–ခု၊ အဝိမောက္ခ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပညာသတို့နှင့်။
(ခ) တေ ဓမ္မာ– ထိုဒွေပဉ္စဝိညာဉ် – ၁၀၊ ဝိစိကိစ္ဆာသဟဂုတ် စိတ္တုပ္ပါဒ်တို့သည်။

၈။ (က) တေ ဓမ္မာ တီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယဓာတုယာ သမ္ပယုတ္တာ၊ ဧကေနာယတနေန ဧကာယဓာတုယာ ကေဟိစိ သမ္ပယုတ္တာ။
(ခ) တေ ဓမ္မာ ဧကေန ခန္ဓေန ဒသဟာယတနေဟိ သောဠသဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာယတနေန ဧကာယဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ။

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ သုဏာတု မေ ဘန္တေ သံဃော ၌ ကံ၏အစွမ်းဖြင့် ပြားသော သမ္မုတိသံဃာ ၅–မျိုးကို ဖော်ပြပြီး လျှင်၊ ၎င်းတို့ ပြုနိုင်သော ကံများကိုလည်း အသီးသီးဖော်ပြပါ။

၂။ ပထမပါရာဇိက သိက္ခာပုဒ်၌ ပညတ်, အနုပညတ်များကို ခွဲပြပြီးလျှင်၊ အနုပညတ် ၃–မျိုး၏ အဓိပ္ပါယ်ကိုလည်း ထင်ရှားအောင် ဖြေဆိုပါ။

၃။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ ဟတ္ထ, ဝေဏိ, အင်္ဂတို့၏ အရကို ဖော်ပြပြီးလျှင်၊ ၎င်းသိက္ခာပုဒ်ဖြင့် အာပတ်မှလွတ်နိုင်သောပုဂ္ဂိုလ်များကိုလည်း စုံလင်စွာထုတ်ပြပါ။

၄။ ပတ္တဝဂ် အစွေကစီဝရ သိက္ခာပုဒ်ကို ပါဠိမှန်ကန်စွာ ရေးပါ။

၅။ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၆။ ဘိက္ခုပါတိမောက်လာ သုဒ္ဓပါစိတ် သိက္ခာပုဒ် ၉၂ –ပါးတို့တွင် ဘိက္ခုနီမများနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အမည်မျှ ရေးသားပါ။

၇။ ဘိက္ခု ဘိက္ခုနီနှစ်ဦးလုံးနှင့် သက်ဆိုင်သော သံဃာဒိသေသ်သာဓာရဏ သိက္ခာပုဒ်အမည်များကို ထုတ်ပြပြီးလျှင်၊ ဘိက္ခုနီမများ သံဃာဒိသေသ် ကုစားရပုံကိုလည်း ပါဠိတော်လာအတိုင်း ရေးသားဖြေဆိုပါ။

၈။ သိက္ခမာန်များကို ရဟန်းပြုပေးရာ၌ အနုဝဿ သိက္ခာပုဒ်နှင့် ဧကဝဿ သိက္ခာပုဒ်တို့၏ အရ အာပတ်မှ ကင်းလွတ်အောင် မည်သို့ ရဟန်းပြုပေးရမည်ကို ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ **သမ္မုတိသံဃာ ၅-မျိုး**

စတုဝဂ္ဂသံဃာ, ပဉ္စဝဂ္ဂသံဃာ, ဒသဝဂ္ဂသံဃာ, ဝီသတိဝဂ္ဂသံဃာ, အတိရေကဝီသတိဝဂ္ဂ သံဃာ။

**ပြုနိုင်သောကံ**

စတုဝဂ္ဂသံဃာသည် ဥပသမ္ပဒကံ ပဝါရဏာကံ အဗ္ဘာနကံတို့ကို ချန်ထား၍ ကြွင်းသော သံဃာ့ကံအားလုံးကို ပြုနိုင်ပါသည်။

ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမဒေသ ဥပသမ္ပဒကံနှင့် အဗ္ဘာနကံတို့မှ ကြွင်းသော သံဃာ့ကံအား လုံးကို ပြုနိုင်ပါသည်။

ဝီသတိဝဂ္ဂသံဃာနှင့် အတိရေကဝီသတိဝဂ္ဂသံဃာတို့သည် သံဃာ့ကံအားလုံးကို ပြုနိုင်ပါ သည်။

၂။ **ပညတ်**– မေထုနံ ဓမ္မံ ပဋိသေဝေယျ။

**အနုပညတ်**– သိက္ခံ အပ္ပစ္စက္ခာယနှင့် အန္တမသော တိရစ္ဆာန ဂတာယပိ။

မေထုနံ ဓမ္မံ ပဋိသေဝေယျာတိ အယ မေတ္ထ ပညတ္တိ။ သိက္ခံ အပ္ပစ္စက္ခာယာတိ စ အန္တမ သော တိရစ္ဆာနဂတာယပီတိ စ ဒွေ အနုပညတ္တိယော။

**အနုပညတ် ၃-မျိုး**

၁။ အာပတ္တိကရ အနုပညတ် (အညဝါဒကေ ဝိဟေသကေ စသည်၌ ကဲ့သို့ အာပတ် သင့်အောင် ပြုတတ်သော အနုပညတ်။

၂။ အာပတ္တိဥပထမ္ဘကရ အနုပညတ် (ဒုတိယပါရာဇိကဥ္ဓ ဂါမာ ဝါ အရညာ ဝါ ကဲ့သို့ မူလပညတ်ကို ထောက်ပံ့တတ်သော အနုပညတ်။)

၃။ အနာပတ္တိကရ အနုပညတ် (အညတြ သုပိနန္တာ စသည်ကဲ့သို့ အာပတ်မသင့်အောင် ပြုတတ်သော အနုပညတ်။)

အနုပညတ္တိ စ နာမေသာ အာပတ္တိကရော စ ဟောတိ အညဝါဒက သိက္ခာပဒါဒီသု ဝိယ၊ အနာပတ္တိကရာ စ အညတြသုပိနန္တာတိအာဒီသု ဝိယ၊ အာပတ္တိဥပထမ္ဘကရာ စ အဒိန္နာဒါနာဒီသု ဝိယ။

၃။ (ဟတ္ထ ဝေဏိ အင် အရ တို့ကို ၁၃၂၉–ခုဥ္ဓ ရှု။)

## အနာပတ္တိပုဂ္ဂိုလ်များ

မာတုဂါမက တွေ့ထိသည်ကို လှုပ်လမပြုဘဲ သာယာသော ရဟန်း၊ လွတ်မြောက်လို၍ မိန်းမကို တွေ့ထိသောရဟန်း၊ အသဥ္စိစ္စရဟန်း၊ အသတိ ရဟန်း၊ အဇာနန္တရဟန်း၊ အသာဒိယန္တရဟန်း၊ ဥမ္မတ္တက စသော ရဟန်း။ (ကခ်ါ)

၄။ ပါဠိထင်ရှားပြီ။

၅။ အနက်ထင်ရှားပြီ။

၆။ ဩဝါဒ, အတ္တင်္ဂတ, ဘိက္ခုနုပဿယ, သာမိသ, စီဝရဒါန, စီဝရသိဗ္ဗန, သံဝိဓာန, နာဝါ ဘိရုဟန, ပရိပါစိတ, ရဟောနိသဇ္ဇ, (ဝိကပ္ပန)။

၇။ သဠ္ဌရိတ္တ, ဒုဌ္ဌဒေါသ, အညာဘာဂိယ, သံဃဘေဒက, ဘေဒါနုဝတ္တက, ဒုဗ္ဗစ, ကုလဒူသက။

**သံဃာဒိသေသ်ကုစားပုံ**

ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း၊ အနည်းဆုံး နှစ်ကျိပ်အရေအတွက်ရှိသော ဘိက္ခုနီသံဃာဖြင့် သိမ်အပြင်၌ အဗ္ဗာန်သွင်းခြင်း။

၈။ နှစ်နှစ်မှ တစ်ပါးသာ ရဟန်းပြုပေးရမည်။ (ဝါ)
တစ်နှစ်ခြား၍ တစ်ပါးစီသာ ရဟန်းပြုပေးရမည်။
ဧကန္တရိကံ ဧကံ ဝုဋ္ဌာပေန္တိယာ၊ ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) နိက္ခမတိ၊ (ခ) သမ္မာခမ္မံ၊ (ဂ) သပညဝါ၊ (ဃ) ဧသေဝစဈာနဖလော၊ (င) တန္နိစ္စုတံ တို့ကို ပုဒ်ဖြတ်ပြီးလျှင်၊ (စ) သံယုတ္တံ၊ (ဆ) တာသံ အဟံ၊ (ဇ) စတု အာရက္ခာ၊ (ဈ) တဏှာ ခယော၊ (ည) ဆဝဿာနိ တို့ကို ပုဒ်စပ်ပြပါ။
၂။ ဥ သဒ္ဒါ သလောပေါ စ သုတ်၌ စ သဒ္ဒါ၏ ဒုတိယသမ္ပိဏ္ဍနတ္ထ အရကို ကစ္စည်းကျမ်းလာ အတိုင်း ရှင်းပြပြီးလျှင်၊ ရတ္တိသဒ္ဒါနောင် သို ဝိဘတ်သက်၍ ပြီးနိုင်သော ရုပ်တို့ကိုလည်း ထုတ်ပြပါ။
၃။ ယောနံ နိ နပုံသကေဟိ သုတ်ဖြင့် ယောဝိဘတ်ကို နိပြုလျှင် စိတ္တာနိ စသောပုံစံများ ပြီးနိုင်

ပါဠိ လျက် အဘာယ်ကြောင့် အတော နိစ္စံ သုတ်ကို ထပ်၍ဆိုရကြောင်းကို ကျနစွာ ဖြေဆိုပါ။

၄။ ကမ္မပ္ပဝစနီယယုတ္တေ သုတ်ကို ကျနစွာ အနက်ယောဇနာပြီးလျှင်၊ ဒိ္ပဒေ တုလျာဓိကရဏေ ကမ္မဓာရယော သုတ်အရ တုလျာဓိကရဏ အဓိပ္ပါယ်ကို ဥဒါဟရဏ်ထုတ်၍ ရှင်းပြပါ။

၅။ ရာဇပုတ္တောကို သမာသ်, တဒ္ဓိတ် ဝိဂ္ဂြိုဟ် နှစ်မျိုးဆိုပြီးလျှင်၊ (က) ခြောက်ခုမြောက်၊ (ခ) ခြောက်ခုအပေါင်း၊ (ဂ) ခြောက်ကြိမ်၊ (ဃ) ခြောက်ဆယ်၊ (င) ခြောက်ဆယ့်ခြောက်ခု အနက်ဟောပုဒ်တို့ကို အသီးသီးထုတ်ပြပါ။

၆။ အာချာတ်ကျမ်းလာ ဏယ ပစ္စည်းသုံးမျိုးတို့၏ ဆိုင်ရာပုံစံတို့ကို နှစ်မျိုးစီ အသီးသီးထုတ်ပြပြီးလျှင်၊ (က) ဒေါတိ၊ (ခ) ဒက္ခတိ၊ (ဂ) နာယတိ တို့သည် အဘာယ်ဓာတ်များဖြင့် ရုပ်ပြီးကြသည်ကို ဖော်ပြပါ။

၇။ (က) သန္ဒေ့ါ၊ (ခ) အာရဒ္ဓေါ၊ (ဂ) လာဝကော၊ (ဃ) ဗာဟော၊ (င) ရုန္ဓော တို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။

၈။ ဘိန္နာဓိကရဏ ဝိသေသနနှင့် တုလျာဓိကရဏ ဝိသေသနတို့၏ အထူးကို ပုဒ်စစ်ကျမ်းလာ အတိုင်း ရေးသားပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) နိဂ္ဂဟိတ၊ (ခ) သမ္ဗဝမ္ဗ၊ (ဂ) သောပညဝါ၊
(ဃ) ဧသေ ဝ စ–ဗျာနဖလော၊ (င) တံ နိစ္စုတံ၊
(စ) သညုတ္တံ၊ (ဆ) တာသာဟံ၊ (ဇ) စတုရာရက္ခာ၊
(ဈ) တဏ္ဍာကန္ခယော၊ (ည) ဆဗ္ဗသာနိ။

၂။ ဥ–ကို ဥ –ပြုခြင်းဟူသော ပထမအနက်အပေါ်ဝယ် သ–ချေခြင်းဟူသော ဒုတိယအနက်ကို ပေါင်းခြင်းသည် ဒုတိယသမ္ပိဏ္ဍနတ္ထ မည်၏။

ရတ္တိယာ, ရတျာ, ရတ္တိယံ, ရတျံ, ရတ္တိ, ရတ္တော။

၃။ အကာရန္တနောင် နိ အပြုမဲ့ကြောင်း (နိစ္စဝိဓိ ဖြစ်ကြောင်း) ကို ပြလိုသောကြောင့် အတောနိစ္စံ သုတ်ကို ထပ်၍ဆိုသည်။

**(တစ်နည်း)** အကာရန္တနောင် ယော ဝိဘတ်သက်လျှင် အမြဲ နိ–ပြုရမည်ကိုလည်းကောင်း နိ–ကို တစ်ဖန် အာ, ဧ ပြုခြင်းသည် အချို့အရာ၌သာ ပြုရမည်ဟုလည်းကောင်း သိစေလိုသောကြောင့် အတောနိစ္စံ သုတ်ကို ထပ်၍ဆိုသည်။

ယောနံ နိဘာဝေ စာဓေတွော၊
သိဒ္ဓေပိ အဝိသေသတော။
အတောနိစ္စန္တိ အာရမ္ဘာ၊
အာ, ဧတ္တံ ကွစိ ဒေဝိဓ။ (ရူ)

၄။ ကမ္မပ္ပဝစနီယယုတ္တေ– ကြိယာကို ဟောတတ်သောကြောင့် ကမ္မပ္ပဝစနီယ အမည်ရသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့နှင့် ယှဉ်ခြင်းသည်၊ သတိ–ရှိသော်၊ လိင်္ဂမှာ– လိင်နောင်မှ၊ ဒုတိယာ– ဒုတိယာဝိဘတ်သည်၊ ဟောတိ– ဖြစ်၏။

ကမ္မပ္ပဝစနီယေဟိ နိပါတောပသဂ္ဂေဟိ ယုတ္တေ ယောဂေ သတိ ဒုတိယာ ဝိဘတ္တိ ဟောတိ။

(ရူ)

## တုလျာဓိကရဏ

မဟာဗန္ဓော ၁ ပ ဓေသာ ပုရိသော စာတိ မဟာပုရိသော–၌ မဟန္တ သဒ္ဒါ၏ ဖြစ်ကြောင်း ပဝတ္တိ နိမိတ်ကား မြတ်သောဂုဏ်တည်း၊

ပုရိသ သဒ္ဒါ၏ ဖြစ်ကြောင်း ပဝတ္တိနိမိတ်ကား ယောကျ်ားဇာတ်တည်း။

ဤသို့ ပဝတ္တိနိမိတ်ချင်း ကွဲပြားကြသော မဟန္တနှင့် ပုရိသသဒ္ဒါ ၂–ခုတို့၏ ဝိသေသန, ဝိသေသျ အဖြစ်ဖြင့် ယောကျ်ားဒြပ်တည်း ဟူသော တစ်ခုတည်းသော အနက်၌ တည်ကြခြင်း ဖြစ်ကြခြင်းသည် တုလျာဓိကရဏ မည်၏။

ဘိန္နပဝတ္တိ နိမိတ္တာနံ ဒွိန္နံ ပဒါနံ ဝိသေသန ဝိသေသိတဗ္ဗ ဘာဝေန ဧကသ္မိံ အတ္ထေ ပဝတ္တိ တုလျာဓိကရဏတာ။ (ရူ)

၅။ ရညော ပုတ္တော ရာဇပုတ္တော။ (သမာသ်)

ရာဇပုတ္တာနံ သမူဟော ရာဇပုတ္တော။ (တဒ္ဓိတ်)

(က) ဆဋ္ဌော၊ (ခ) ဆဋ္ဌံ၊ (ဂ) ဆဋ္ဌတ္တံ၊

(ဃ) သဋ္ဌိ၊ (င) ဆသဋ္ဌိ။

၆။ **ကာရိတ်–ဏာယ၊** ကာရယတိ၊ ပါစယတိ။

**ဓာတုရူပ–ဏာယ၊** အတိဟတ္ထယတိ၊ ဥပဝီဏယတိ။

**ဝိကာရဏာ– ဏာယ၊ စောရယတိ၊ စိန္တယတိ။**
(က) ဓာ ဓာတ်၊ (ခ) ဒိသ ဓာတ်၊ (ဂ) ဉာ ဓာတ်။

၇။ (က) သံပုဗ္ဗ–နဟ–တ၊ (ခ) အာပုဗ္ဗ–ရဘ–တ၊
(ဂ) လူ–ဏွု၊ (ဃ) ဗဟ–ဏ၊ (င) ရုဒ–တ။

၈။ ထင်ရှားပြီ။

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
### မေးခွန်းလွှာ

၁။ နေဝသညာနာသညာယတနဥ္စ သညာနှစ်ပါး၏ ထူးခြားဟန်ကို ဝေဖန်ပြပြီးလျှင်၊ သဗ္ဗညုတဉာဏ်တော်၏ တရားကိုယ်ကို တိကျစွာ ကောက်ပြပါ။

၂။ သမ္မာအာဇီဝ စေတသိက်၏ ဆိုင်ရာစိတ်များ၌ ယှဉ်ပုံအခြင်းအရာကို ဖော်ပြ၍၊ ယထာသမ္ဘဝ မေကကိစ္စာနိ–၌ တစ်ကိစ္စတပ်သော စိတ်တို့၏ ယထာသမ္ဘဝ မေကကိစ္စဖြစ်ကြပုံကို ရှင်းပြပါ။

၃။ သဗ္ဗာကုသလယောဂီသာမည်၍ သဗ္ဗာကုသလသာဓရဏမည်သော စေတသိက်နှင့် ကိလေသာ မမည်သော အကုသိုလ်စေတသိက်တို့ကို ထုတ်ပြပြီးလျှင်၊ နာမ်ကို ဧကန်အာရုံပြုသော စိတ်တို့ကို ပါဠိအထောက်နှင့်တကွ ကောက်ပြပါ။

၄။ ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူ တို့၏ အဓိပ္ပါယ်ကို အသီးသီးရေး၍၊ ဒုစရိုက် ၁၀-ပါး တို့တွင် အဘယ့်ကြောင့် သုရာပါန မပါဝင်ကြောင်း ရှင်းပြပါ။

၅။ ရုပ်ကို ဖြစ်စေနိုင်သော ရုပ်များကို ဖော်ပြပြီးလျှင်၊ ဗောဓိပက္ခိယသင်္ဂဟလာ ဝီရိယံ နဝ ဌ နဝ အရကို ရေတွက်ပြပါ။

၆။ ရူပဗြဟ္မာကြီး စုတေခဲ့သော် တိရစ္ဆာန်တိုက်ရိုက် ဖြစ်နိုင်, မဖြစ်နိုင်၊ ဖားသတ္တဝါသေလျှင် နတ်ဖြစ်နိုင်ခွင့်ရှိ, မရှိ သင်္ဂဟပါဠိ သာဓကတို့ဖြင့် ဆုံးဖြတ်၍၊ နဝါ သက်ပ္ပဝီတိယော-၏ အဓိပ္ပါယ် ကို အကျယ်ရှင်းပြပါ။

၇။ ပဋ္ဌာ နာမရူပိန်-ဂါထာပါဒ၏ အကျယ်ပြပါဠိကို မှန်ကန်စွာ ရေးပါ။

၈။ ဝိပဿနာညစ်ညူးကြောင်း သရုပ်ပြဂါထာကို အနက်မှန်မှန်ယောဇနာပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ နေဝသညာဌ် သညာကား ရှန့်ရှင်းသောသညာ။

နာသညာဌ် သညာကား သိမ်မွေ့သောသညာ။

ဤသို့ ထူးသည်။

သြဠာရိကာယသညာယ အဘာဝတော သုခုမာယ စ သညာယ အတ္ထိတာယ။ (ဋီ)

**သဗ္ဗညုတဉာဏ်**

မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခုဌ်ရှိသော ပညာစေတသိက်။

သဗ္ဗညုတဉာဏံ စတူသု ဉာဏသမ္ပယုတ္တ မဟာကြိယစိတ္တေသု လဗ္ဘတိ။
(သီလက္ခန်-၄)

၂။ သမ္မာအာဇီဝ စေတသိက်သည် လောကုတ္တရာစိတ်တို့၌ အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယ, ဝစီဒုစရိုက်တို့ကို တစ်ခုမကျန် အကုန်အစင်ပယ်သောအားဖြင့် (သဗ္ဗထာပိ)၊ အမြဲတမ်း (နိယတာ)၊ သမ္မာဝါစာ သမ္မာကမ္မန္တ တို့နှင့် အတူတကွ (ဧကတောဝ) ယှဉ်သည်။

မဟာကုသိုလ်စိတ်၌ကား အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယ, ဝစီ ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာအခါ၌သာ (ကဒါစိ)၊ သမ္မာဝါစာ, သမ္မာကမ္မန္တ တို့နှင့် မတွဲဘဲ မိမိတစ်ပါးတည်းသာ (ဝိသုံ ဝိသုံ) ယှဉ်သည်။ (သင်္ဂဟ)

**ယထာသမ္ဘဝ မေက ကိစ္စာနိ**

| | |
|---|---|
| ဇော ၅၅-ခုသည် | ဇောကိစ္စ။ |
| ပဥ္စဒွါရာဝဇ္ဇန်းသည် | အာဝဇ္ဇန်းကိစ္စ။ |
| သမ္ပဋိစ္ဆိုင်းဒွေသည် | သမ္ပဋိစ္ဆိုင်းကိစ္စ။ |
| စက္ခုဝိညာဉ်ဒွေသည် | ဒဿနကိစ္စ။ |
| သောတဝိညာဉ်ဒွေသည် | သဝနကိစ္စ။ |
| ဃာနဝိညာဉ်ဒွေသည် | ဃာယနကိစ္စ။ |
| ဇိဝှါဝိညာဉ်ဒွေသည် | သာယနကိစ္စ။ |
| ကာယဝိညာဉ်ဒွေသည် | ဖုသနကိစ္စ။ |

၃။ ဆန္ဒ, ပီတိ, အဝိမောက္ခမှ တစ်ပါးသော အညသမာန်းစေတသိက် ၁၀-ပါးသည် သဗ္ဗာကုသလယောဂီသာ မည်၍ သဗ္ဗာကုသလသာဓာရဏ မမည်။

ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓ ၄–ပါးသည် ကိလေသာမမည်။

**နာမ် ကေန်**

| | |
|---|---|
| ဝိညာ, နေဝါ | ၆–ပါး၊ |
| လောကုတ္တရာစိတ် | ၈–ပါး၊ |
| ပေါင်း | ၁၄–ပါး။ |

အထောက်။ ။ အာရုပ္ပေသု ဒုတိယ, စတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။
လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိတိ။

၄။ (ပရိကံ စသည် အဓိပ္ပါယ် ၁၃၂၃–၌ရှု။)

သုရာပါနသည် ရသ ဟုဆိုအပ်သော ကာမတို့၌ မှားသောအကျင့်ဖြစ်၍ ကာမေသုမိစ္ဆာစာရ–၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် သုရာပါန မပါဝင်။

သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှန္တီတိ ဝဒန္တိ ရသသင်္ခါတေသု ကာမေသု မိစ္ဆာစာရဘာဝတော။

(ဋီ)

၅။ တေဇောဓာတ်နှင့် ဩဇာဟု ဆိုအပ်သော အာဟာရရုပ်။

(၁၃၂၃–၌ ရှု။)

**ဝီရိယံ နဝ**

| | |
|---|---|
| သမ္မပ္ပဓာန် | ၄–ဌာန၊ |
| ဝီရိယိဒ္ဓိပါဒ် | ၁–ဌာန၊ |
| ဝီရိယိန္ဒြေ | ၁–ဌာန၊ |
| ဝီရိယဗိုလ် | ၁–ဌာန၊ |
| ဝီရိယသမ္ဗောဇ္ဈင် | ၁–ဌာန၊ |

သမ္မာဝါယာမမဂ္ဂင် ၁–ဌာန၊
ပေါင်း ၉–ဌာန။

၆။ ရူပပြဟ္မာကြီးစုတေသော် အဟိတ်တိရစ္ဆာန် တိုက်ရိုက်မဖြစ်နိုင်။
**အထောက်**။ ။ ရူပါဝစရစုတိယာ အဟေတုရဟိတာ သိယုံ။
ဖားသတ္တဝါသေလျှင် နတ်ဖြစ်နိုင်သည်။
**အထောက်**။ ။ ကာမေသွေဝ ပနေတရာ။

## နဝါသက်ပွပီတိယော

လောကုတ္တရာ ဒုတိယစျာန်စသည်၌ သက်ပ္ပခေါ်သော ဝိတက် မယှဉ်နိုင်။
စတုတ္ထစျာန်, ပဉ္စမစျာန်တို့၌ ပီတိ မယှဉ်နိုင်။
ဤသို့ သက်ပ္ပ (ဝိတက်)နှင့် ပီတိတို့သည် အချို့သောလောကုတ္တရာစိတ်၌ မရထိုက်ဟူလို။

၇။ (ဟေတုစျာနင်္ဂမဂ္ဂင်္ဂါနိ စသော ပါဠိကို ရေးပါ။)

၈။ အနက်ထင်ရှားပြီ။

* * * * *

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ ကုသလတိက် မူလဝါရ၌ ရထိုက်သော ပဒ, နယ, ယမက, ပုစ္ဆာ, အတ္ထတို့၏ အရေအတွက်ကို ပြဆိုပြီးလျှင်၊ အောက်ပါပေယျာလများကိုလည်း ဖော်ပြပါ။

(က) ထိုယမိုက်ကျမ်းသည်လည်း ။ပ။ ၁၀–ပါးအပြားရှိ၏။

(ခ) ထိုကုသလတိက်သည်လည်း ။ပ။ ၁၀–ပါးအပြားရှိ၏။

၂။ အောက်ပါဓမ္မတို့၏ အရကို အသီးသီးကောက်ပြပြီးလျှင်၊ အဘယ်ပုဒ်ကို သန္နိဋ္ဌာန် အဘယ်ပုဒ်ကို သံသယအဖြစ်ထားလျှင် အာမန္တာ ဝိဘင်း ထွက်ပါမည်နည်း။

(က) အကုသလဓမ္မ၊ (ဂ) အကုသလမူလေန ဧကမူလဓမ္မ၊

(ခ) အကုသလမူလဓမ္မ၊ (ဃ) အကုသလမူလေန အညမညမူလဓမ္မ၊

၃။ (က) ဝေဒနံ ဌပေတွာ အဝသေသာ ခန္ဓာ န ဝေဒနာ ခန္ဓာ။

(ခ) ဝေဒနဉ္စ ခန္ဓေ စ ဌပေတွာ အဝသေသာ န စေဝ ဝေဒနာ န စ ခန္ဓာ

ဤဝိဘင်း ၂–ရပ်တို့ကို ကောက်ပြပါ။

၄။ ယဿ ဝါ ပန ဝေဒနာက္ခန္ဓော နိရုဇ္ဈိဿတိ၊ တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ ကို ဝိဘင်းထုတ်၍ တစ်ဘက်ရကိုသာ ကောက်ပြပါ။

၅။ ဂန္ဓသာမည်၍ အာယတန မမည်သောတရား၊ ဂန္ဓ, အာယတန နှစ်ပါးစုံ မည်သောတရား၊ နှစ်ပါးစုံ မမည်သောတရားများကို ကောက်ပြပါ။

၆။ စက္ခုဝိညာဉ် စသည်တို့ကို ရူပဝိညာဏဓာတ် စသည်ဖြင့် မဆိုမူ၍ အဘယ့်ကြောင့် စက္ခုဝိညာဏဓာတ် စသည်ဖြင့် ဆိုရသည်ကို ဖြေဆိုပြီးလျှင်၊ ဓာတု ယမက ပဝတ္တိဝါရ၌ မဟောသော ဓာတ်များကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

၇။ အောက်ပါ နိရောဓများကို ဆိုရိုးကျ ကောက်ပြပါ။

(က) တဒင်္ဂနိရောဓ (ခ) ဝိက္ခမ္ဘနနိရောဓ (ဂ) သမုစ္ဆေဒနိရောဓ

(ဃ) ပဋိပဿဒ္ဓိနိရောဓ (င) ခဏနိရောဓ။

၈။ သစ္စယမက ပစ္စုပ္ပန္နာတီတဝါရ ပုဂ္ဂလောကာသ ဒုက္ခသစ္စာမူ သမုဒယသစ္စာမူလီကို ဝိဘင်းထုတ်ပြပါ။ (အရကောက်ရန် မလို)

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ ယမကဘာသာ

အဖြေလွှာ

၁။ ပဒ- ၄၊ နယ- ၁၆၊ ယမက- ၄၈၊ ပုစ္ဆာ - ၉၆၊ အတ္ထ- ၁၉၂။ (နှာ- ၁၄)

(က) (ခ) ထင်ရှားပြီ။ (နှာ- ၁)

၂။ (က) အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ။

(ခ) အကုသလမူ ၃-ခု။

(ဂ) အကုသိုလ်စိတ် ဒွါဒသ၊ မောဟမူဒွေဠ မောဟကြဉ် စေတသိက် သတ္တဝီသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကု- ၁၂၊ စေတသိက်- ၂၇ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသ။

(ဃ) မောဟမူဒွေ့ဒ္ဒ မောဟကြဉ် အကုသလမူ ၃–ခု။
(ခ) ကို သန္နိဋ္ဌာန် (က) ကို သံသယထားလျှင် လည်းကောင်း၊
(ဃ) ကို သန္နိဋ္ဌာန် (ဂ) ကို သံသယထားလျှင်လည်းကောင်း အာမန္တာ ဝိဘင်းထွက်သည်။

၃။ (က) ဝေဒနာက္ခန္ဓာမှတစ်ပါး ခန္ဓာ လေးပါး။
(ခ) နိဗ္ဗာန်, ပညတ်။ (နှာ– ၆၄)

၄။ ထင်ရှားပြီ။ (နှာ– ၉၇)

၅။ ဂန္ဓသာမည် အာယတန မမည်သော တရားမရှိ။
ဂန္ဓ, အာယတန နှစ်ပါးစုံမည်သောတရားကား ဂန္ဓ ၄–ပါး။
ဂန္ဓ, အာယတန နှစ်ပါးစုံ မမည်သောတရားကား ပညတ်။ (နှာ– ၁၁၆)

၆။ ရူပါရုံ စသည်တို့သည် အခြားဝိညာဏ်များနှင့် ဆက်ဆံသောကြောင့် အာရုံဖြင့် မှတ်၍ ရူပဝိညာဏဓာတ် စသည် မခေါ်ဘဲ အခြားဝိညာဏ်တို့နှင့် မဆက်ဆံသော စက္ခုဝတ္ထု စသည်ဖြင့်သာ မှတ်၍ စက္ခုဝိညာဏဓာတ် စသည်ဖြင့် ဆိုရသည်။

ရူပါဒီနံ ပစ္စယာနံ အညဝိညာဏသာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏ် သောတဝိညာဏန္တိ နာမံ ဥဒ္ဒင့်။ (မူလဋီကာ)

သဒ္ဒဓာတ်, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏဓာတ်, မနောဓာတ် ဤ၇–ပါးကို ပဋိသန္ဓေအခါ, စုတိအခါ မရကောင်းသောကြောင့် မဟောပါ။

၇။ ထင်ရှားပြီ။ (နှာ– ၂၁၀)

၈။ ထင်ရှားပြီ။ (နှာ- ၂၃၈)

* * * * *

## ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ကုသလတိက်၌ ကုသိုလ်, အကုသိုလ်, အဗျာကတဟူ၍ ပဒစဉ်ဟောခြင်းကို ရှင်းပြ၍၊ တတိယပဒအရ လောကုတ္တရာတရားအားလုံးကို ကောက်ရသော တိက်တို့၏ အမည်များကို ရေးပါ။

၂။ ဝေဒနာတိက်၌ မပါဝင်သော တရားတို့၏အမည်မျှကို ရေး၍၊ ဒဿနတိက်ကို ထောက်ဆလျက် အောက်ပါတရားတို့ကို သေချာစွာ ကောက်ပြပါ။

(က) မဂ်တစ်ပါးဖြင့် ပယ်သော အကုသိုလ်စိတ်များ၊

(ခ) မဂ်သုံးပါးဖြင့် ပယ်သော အကုသိုလ်စိတ်များ၊

(ဂ) မဂ်လေးပါးဖြင့် ပယ်သော အကုသိုလ်စိတ်များ၊

၃။ ပရာမာသပရာမဋ္ဌဒုက်၏ ဒုက်မုတ်ကို ထုတ်ပြပြီးလျှင်၊ ပရာမာသဂေါစ္ဆကမှ ယင်းဒုက်မုတ်များကိုပင် အရကောက်ရသော ပဒတို့ကိုလည်း ထုတ်ပြပါ။

၄။ န ကာမာဝစရာ ဓမ္မာ၏ အရကို ခန်, အာ, ဓာတ်, သစ် သချာမျှ ဖော်ပြ၍၊ နိယတဒုက် ပထမပုဒ်အရကို မှန်ကန်စွာ ခန္ဓာဖွဲ့ပြပါ။

၅။ အောက်ပါဒုက်များ၌ အကုသိုလ်တရားတို့ကို အဘယ်သို့ ဆိုထားသည်ကို ပေါ်လွင်အောင် ရေးသားပြီးလျှင်၊ အဓိဝစနဒုက် ပထမပုဒ်အရကိုလည်း ခန်, အာ, ဓာတ်, သစ် စိစစ်ဖွဲ့ပြပါ။

(က) ဝိပ္ပယုတ္တဘာဂီဒုက်၊ (ခ) ဗာလဒုက်၊

(ဂ) ကာရုဒုက်၊ (ဃ) တပနီယဒုက်၊ (င) မုဠ္ဌဿသဒ္ဒုက်။

၆။ အောက်ပါ (က) (ခ) (ဂ) (ဃ) တို့၏ ဖြစ်သင့်သော ဝိပ္ပယုတ်အမည်များကို ရေး၍ ပရိဒေဝေန ယေ ဓမ္မာဒ္ဒ ဓမ္မ၏အရကို ဒုတိယ, စတုတ္ထ, ပဉ္စမနယ သုံးမျိုးရအောင် ခွဲခြားကောက်ပြပါ။

(က) အဇ္ဈတ္တနှင့် ဗဟိဒ္ဓ၊

(ခ) ပစ္စုပ္ပန်နှင့် အတိတ်၊

(ဂ) ရူပဘာဝနှင့် သညာဘာဝ၊

(ဃ) အကုသလနှင့် အဗျာကတ၊

၇။ ဓာတုကထာကျမ်း၌ ဟောပုဒ် သင်္ချာတူ နယ ၄-စုံရှိရာ မည်သည့်နယနှင့် မည်သည့်နယ တို့ တူကြသည်ကို သိသာရုံ ဖော်ပြ၍၊ အောက်ပါပုစ္ဆာပါဠိ၏ ဝိသဇ္ဇနာ ပါဠိကိုလည်း ရေးပြပါ။

နိရောဓသစ္စံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တံ။

၈။ အောက်ပါ (က) (ခ) ပါဠိတို့တွင် ယေ ဓမ္မာဟူသော ပုဒ်တို့ကိုသာ ဆိုရိုးကျ အနက်ပေးပါ။

(က) စက္ခုဝိညာဏဓာတုယာ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(ခ) ဣဒ္ဓိပါဒေန ယေ ဓမ္မာ သမ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

# ၁၃၃၂ (၁၉၇၁) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ
### အဖြေလွှာ

၁။ သုခဝ်ပါကလက္ခဏာရှိရကား မြတ်သောကြောင့်လည်းကောင်း၊ ချီးမွမ်းအပ်သောကြောင့် လည်းကောင်း၊ လောကီ, လောကုတ္တရာစီးပွားကို ဆောင်တတ်သောကြောင့်လည်းကောင်း ကုသိုလ်ကို ရှေးဦးစွာ ဟောသည်။

ပဓာန, ပသံသ, ဉာဏ, ဟိတဘာဝတော ကုသလဓမ္မာ ပထမံ ဝုတ္တာ။ (အနုဋီကာ)

ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကုသိုလ်၏ အခြားမဲ့၌ အကုသိုလ်ကို ဟော သည်။

တပ္ပဋိပက္ခတ္တာ တဒနန္တရံ အကုသလာ။ (အနုဋီကာ)

ကုသိုလ်, အကုသိုလ် ၂-ပါးမှ ပြန့်သောသဘောရှိသောကြောင့် ကုသိုလ်, အကုသိုလ်၏ အခြားမဲ့၌ အဗျာကတကို ဟောသည်။

တဒုဘယ ဝိပရိတ သဘာဝါတဒနန္တရံ အဗျာကတာ ဝုတ္တာ။ (အနုဋီကာ)

လောကုတ္တရာရသောတိက် ဥပါဒိန္န, သံကိလိဋ္ဌ (ဒဿန, ဒဿနဟေတု) ပရိတ္တ, ဟီန (သနိဒဿန) တိက်။

မှတ်ချက်။ ။ (သာ) မပါခြင်းကြောင့် လောကုတ္တရာတရားအားလုံး ပါဝင်နိုင်သောတိက်တို့ကို ပြည့်စုံအောင် ပြထားသည်။

၂။ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာ, ရုပ်, နိဗ္ဗာန်။

(က) ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်၊ ဥဒ္ဓစ္စသဟဂုတ်စိတ်။

(ခ) ဒေါသမူ ၂။

(ဂ) ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု။

၃။ **ဒုက်မှတ်** လောကုတ္တရာစိတ် ၈–ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်။
**ပဒ** ပရာမာသဝိပ္ပယုတ္တာ ခေါ် ပန ဓမ္မာ အပရာမဋ္ဌာပိ။

၄။ ထင်ရှားပြီ။

၅။ (က) အဝိဇ္ဇာဘာဂိနော ဓမ္မာ– သမ္ပယုတ်၏ အစွမ်းအားဖြင့် သစ္စာ ၄–ပါးကို ဖုံးလွှမ်းတတ်သော မောဟသို့ ဆည်းကပ်တတ်ကုန်သော (ဝါ) မောဟအစု၌ ဖြစ်သောတရား။

(ခ) ဗာလာဓမ္မာ– မိုက်ကုန်သော (ဝါ) လူမိုက်တို့၌ တည်ကုန်သောတရား။

(ဂ) တဏှာ ဓမ္မာ– မည်းညစ်ကုန်သော (ဝါ) အပါယ်ဆင်းရဲ ပုဉ်းနည်းခြင်းဟု ဆိုအပ်သော မည်းညစ်သော ဓာတ်၏ အကြောင်းဖြစ်ကုန်သောတရား။

(ဃ) တပနီယာ ဓမ္မာ– ပစ္စုပ္ပန်, သံသရာ ၂–ပါး၌ ပူပန်စေတတ် ဆင်းရဲစေတတ်သော အကုသိုလ်ဟု ဆိုအပ်ကုန်သော တရား။

(င) မုဋ္ဌဿစ္စ– လွတ်သော သတိရှိသောသူ၏အဖြစ်။
အသမ္ပဇည– ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာမရှိသောသူ၏အဖြစ်။

၆။ (က) သန္တာနဝိပ္ပယုတ်။ (ခ) ကာလဝိပ္ပယုတ်။
(ဂ) ဘူမိဝိပ္ပယုတ်။ (ဃ) ဓာတိဝိပ္ပယုတ်။

**ဒုတိယနယ–** သဒ္ဒကြဉ် ရုပ် သတ္တဝီသ။

**စတုတ္ထနယ–** အပရိဒေဝ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ။

**ပဉ္စမနယ–** နာမက္ခန္ဓာ ၄–ပါး, နိဗ္ဗာန်။

၇။ ဆဋ္ဌမာ ဒသနှင့်၊ ဧကာဒ စတုတ္ထံ၊ ဒွါဒသ နဝမံငယ်၊ အဋ္ဌမံ စုဒ္ဒေါ။
ဟောရန်ပုဒ် အစညီတယ်၊ တွေးဆကာ ဉာဏ်ရေးနှင့်နှော။
(ဝိသဇ္ဇနာပါဠိ ထင်ရှားပြီ။)

၈။ ထင်ရှားပြီ။

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ သတ္တဝါများကို သေစေလိုသော ရည်ရွယ်ချက်ဖြင့် တွင်းတူးသော ရဟန်းအား သင့်သော အာပတ်နှင့် အောက်ပါသတ္တဝါများ တွင်းထဲကျ၍ သေဆုံးခဲ့သော် သင့်နိုင်သောအာပတ်တို့ကိုလည်း အသီးသီး ဖော်ပြပါ။

(က) တိရစ္ဆာန်၊ (ခ) ဘီလူး၊ (ဂ) လူ။

၂။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမ, ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်လာ မာတုဂါမ, အတ္တကာမ သိက္ခာပုဒ်လာ မာတုဂါမတို့၏ အထူးကို ရေးသား၍ အောက်ပါရဟန်းတို့အား သင့်နိုင်သော အာပတ်တို့ကိုလည်း ဖော်ပြပါ။

(က) မိမိ၏ကိုယ်ဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုကို ထိသောရဟန်း၊

(ခ) မိမိ၏ကာယပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကိုယ်ကိုထိသောရဟန်း၊

(ဂ) မိမိ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓကို ထိသောရဟန်း။

၃။ သံဃာဒိသေသ် ၁၃–ပါးတို့ကို ပထမာပတ္တိကအာပတ်, ယာဝတတိယက အာပတ်အားဖြင့် ခွဲခြားပြပြီးလျှင်၊ အဘယ်ကြောင့် ပထမာပတ္တိက, ယာဝတတိယကဟု ခေါ်ဆိုရကြောင်းကိုလည်း ရှင်းပြပါ။

၄။ ပထမအနိယတသိက္ခာပုဒ်အရ မာတုဂါမနှင့်အတူနေသော ရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ ဖြစ်သင့်သည်ကို ဆုံးဖြတ်ပါ။

၅။ သကိၤန်း ၉–ထည်သရုပ်ကို ပါဠိအမည်ဖြင့်သာ ထုတ်ပြ၍၊ ယခုကာလ၌ အသုံးပြုသော သကိၤန်း, မပြုသောသကိၤန်းတို့ကိုလည်း ခွဲခြား၍ပြပါ။

၆။ အနုပခဇ္ဇသိက္ခာပုဒ်ကို ကျနစွာ အနက်ပေးပါ။

၇။ ဒုတိယ ပဝါရဏာသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပါ။

၈။ ဂိဟိဂတ, ကုမာရိဘူတ, မဟာသိက္ခမာန်တို့၏ အထူးကို ရေး၍၊ ကုမာရိဘူတ သိက္ခမာန်အား ပဋ္ဌင်းခံပေးထိုက်သော အင်္ဂါတို့ကိုလည်း ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ တွင်းတူးသောရဟန်းအား ဒုက္ကဋ်။

(က) ပါစိတ်၊ (ခ) ထုလ္လစ္စည်း၊ (ဂ) ပါရာဇိက။

၂။ **မာတုဂါမ**

ကာယသံသဂ္ဂသိက္ခာပုဒ်၌ မွေးဖွားသည်မှစ၍ အသက်ရှင်ဆဲဖြစ်သော မာတုဂါမ။

ဒုဋ္ဌုလ္လဝါစာ, အတ္တကာမသိက္ခာပုဒ်တို့၌ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လစကားကို မှတ်သားနိုင်သော (ဝါ) နားလည်သော မာတုဂါမ။

(က) ထုလ္လစ္စည်း၊ (ခ) ထုလ္လစ္စည်း၊ (ဂ) ဒုက္ကဋ်။

၃။ သုက္ကဝိဿဋ္ဌိ, ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ, အတ္တကာမပါရိစရိယ, သဉ္စရိတ္တ, ကုဋိကာရ, ဝိဟာရကာရ, ဒုဋ္ဌဒေါသ, အညဘာဂိယ အာပတ်အားဖြင့် ပထမာပတ္တိက ၉–ပါး။

သံဃဘေဒက, ဘေဒါနုဝတ္တက, ဒုဗ္ဗစ, ကုလဒူသက အာပတ်အားဖြင့် ယာဝတတိယက ၄–ပါး။

**အကြောင်း**

ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက်သောကြောင့် ပထမာပတ္တိကမည်၏။

သုံးကြိမ်မြောက် ဥတ်ကမ္မဝါစာ၏ အဆုံး၌ သင့်ရောက်သောကြောင့် ယာဝတတိယက မည်၏။

ပထမံ ဝိတိက္ကမနက္ခဏေယေဝ အာပဇ္ဇိတဗ္ဗာ၊ ယာဝတတိယကေ သမနုဘာသနကမ္မေ

ဟောန္တီတိ ယာဝတတိယကာ။ (က၁၅)

၄။ ပထမပါရာဇိကသိက္ခာပုဒ်ဖြင့် ပါရာဇိကာ။
ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။
ရဟောပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်။

၅။ သံဃာဌိ, ဥတ္တရာသင်္ဂ, အန္တရဝါသက, ပစ္စတ္ထရဏ, ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိ, မုခပုဉ္ဆနစောဠက, ပရိက္ခာရစောဠ, နိသီဒန။

* *သံ, ဥတ်, အန်, ပ၊ ဝသ်, ကဏ်, ပ၊ မုခ, နိသီဒိုင်။*

နိသီဒန, ဝဿိကသာဋိက, ကဏ္ဍုပ္ပဋိစ္ဆာဒိ ဤသုံးထည်ကို ယခုအခါ၌ အသုံးမပြုတော့၊ ကြွင်းသော ၆–ထည်ကို အသုံးပြုသေးသည်။

* *ခြောက်ထည်သာလျှင်၊ ယခုမြင်၊ မထင်သုံးထည်သာ။*

၆။ အနက်ထင်ရှားပြီ။

၇။ ပါဠိထင်ရှားပြီ။

၈။ **သိက္ခမာန် သုံးမျိုး**

၁။ ၁၈–နှစ်မပြည့်သေးသော ယောက်ျားတစ်ပါးသွားလာအပ်ပြီးသော သိက္ခမာန်သည် ဂိဟိဂတသိက္ခမာန်။

၂။ ၁၈–နှစ်မှ ၂၀–နှစ်အတွင်း အပျိုစင်ဖြစ်သော သိက္ခမာန်သည် ကုမာရိဘူတ သိက္ခမာန်။

၃။ အသက်နှစ်ဆယ် ကျော်ပြီးသော သိက္ခမာန်များသည် မဟာသိက္ခမာန်၊ ဤသို့ ထူးပါသည်။

**အင်္ဂါ**

၁။ အသက်နှစ်ဆယ် ပြည့်ခြင်း၊
၂။ နှစ်နှစ်ပတ်လုံး ခြောက်ပါးသောတရားတို့၌ ကျင့်ပြီးခြင်း၊
၃။ သံဃာက သမုတ်ခြင်း၊ (သံဃာထံမှ ဥပသမ္ပဒသမ္မုတိရခြင်း)

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ (က) သမုဒ္ဒိဋ္ဌ၊ (ခ) သန္တိယေဝ၊ (ဂ) ဒုဗ္ဗုတ္တံ၊ (ဃ) ယဿဒါနိ၊ (င) ပုတ္တော တျာဟံ တို့ကို ပုဒ်ဖြတ်ပြီးလျှင်၊ (စ) ဒုအင်္ဂိကံ၊ (ဆ) ပါဇေဝ၊ (ဇ) ဝိယာကာသိ၊ (ဈ) မဝုဝမညတိ ဗာလော၊ (ည) နိဇဋ္ဌံ တို့ကို ပုဒ်စပ်ပြပါ။

၂။ သဗ္ဗသိ မဿေ ဝါ-ဟူသောသုတ်သည် အဘယ်လိင်နောင် စီရင်သည်ကို အကြောင်းပြ၍ ရှင်းပြပြီးလျှင်၊ နဒီ သဒ္ဒါနောင် သိ ဝိဘတ်ဖြင့် ပြီးနိုင်သမျှ ရုပ်စုကိုလည်း ထုတ်ပြပါ။

၃။ တတိယာအနက်, ဆဋ္ဌီအနက်, သတ္တမီအနက်တို့၌ ဒုတိယာဝိဘတ်သက်၍ ပြီးသော ဥဒါဟရဏ်များကို ကစ္စည်းကျမ်းလာအတိုင်း တစ်ခုစီထုတ်ပြပြီးလျှင်၊ ကျနမှန်ကန်စွာ အနက်ယောဇနာပါ။

၄။ အစ္စန္တသံယောဂ, ကမ္မပ္ပဝစနီယ, နိဒ္ဓါရဏတို့၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ သမာသ်စပ်

ရခြင်း၏ အကျိုးနှစ်မျိုးကိုလည်း ရူပသိဒ္ဓိကျမ်းလာအတိုင်း ထုတ်ပြပါ။

၅။ ပစ္စတ္တံ ပုဒ်ကို သမာသ်ဝိဂြိုဟ်ဆိုပြပြီးလျှင်၊ တဒ္ဓိတ် ထ, ဌ, တိယ ပစ္စည်းတို့သည် အဘယ် သချ်ာသဒ္ဒါနောင်မှာ သက်ကြသည်ကို ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၆။ အာစာရတ္ထ၌ သက်ကြသော အာယ ပစ္စည်းနှင့် ဤယ ပစ္စည်းတို့၏ အထူးကိုရေး၍၊ တိတိက္ခ တိ–ကို ကျနစွာ ရုပ်တွက်ပြပါ။

၇။ (က) အန္တကော၊ (ခ) ဘဝ္ဗံ၊ (ဂ) မတိ၊ (ဃ) ယာမော၊ (င) ကာရု တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။

၈။ သမ္ဘန်, အာလုပ်, ဟိတ်, လက္ခဏ စသောအနက်တို့သည် အဘယ့်ကြောင့် အကာရက ဖြစ်ရကြောင်းကို ပုဒ်စစ်ကျမ်းလာအတိုင်း ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း॥ ॥ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) သံ ဥဒ္ဒိဋ္ဌံ၊ (ခ) သန္တိ ဧဝ၊ (ဂ) ဒု ဝုတ္တံ၊
(ဃ) ယဿ ဣန္ဒြိနိ၊ (င) ပုတ္တော တေ အဟံ၊ (စ) ဒုဝင်္ဂိကံ၊
(ဆ) ပဂေဝ၊ (ဇ) ဗျာကာသိ၊
(ဈ) မဝုဝါ မညတိ ဗာလော၊ (ည) နိဠ္ဍငံ။

၂။ အာပစ္စယန္တပုဒ်ဖြင့် မညွှန်ပြခြင်းကြောင့်လည်းကောင်း, သဗ္ဗတ္ထ ဟူ၍ မဆိုခြင်းကြောင့်လည်းကောင်း ပုံလိင်, နပုံလိင်နောင် စီရင်သည်။

အာပစ္စယန္တာ နိဒ္ဒေသာ၊ သဗ္ဗတ္ထာတိ အဝုတ္တတော။
အနိတ္ထိလိင်္ဂသေဝေတ္ထ၊ ဂဟဏံ ဟိ ဣမဿိတိ။ (ရူ)
နဒိယာ, နဇ္ဇာ, နဒိယံ, နဇ္ဇံ။

၃။ **တတိယတ္ထ ဒုတိယာ။** သစေ မံ သမဏော ဂေါတမော အာလပိဿတိ။
**ဆဋ္ဌျတ္ထ ဒုတိယာ။** အပိဿု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု။
**သတ္တမျတ္ထ ဒုတိယာ။** ဧကံ သမယံ ဘဂဝါ။

**အနက်**

သမဏောဂေါတမော– ရဟန်းဂေါတမသည်၊ မံ– ငါနှင့်တကွ၊ သစေ အာလပိဿတိ– အကယ်၍ စကားပြောကြားအံ့။

အဂ္ဂိဝေဿန– အဂ္ဂိဝေဿန၊ တိဿော– သုံးပါးကုန်သော၊ ဥပမာ– ဥပမာတို့သည်၊ မံ– ငါ၏ (ဉာဏ်၌)၊ ပဋိဘံသု– ထင်လာကုန်၏။

ဧကံ– တစ်ပါးသော၊ သမယံ– အခါ၌၊ ဘဂဝါ– မြတ်စွာဘုရားသည်။

၄။ ကာလ, အခွန့် တို့၏ ဒြဗ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းသည် အစ္စန္တသံယောဂ။
ကြိယာကို ဟောတတ်သောကြောင့် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ကမ္မပ္ပဝစနီယ။
အပေါင်းမှ အစိတ်ကို ထုတ်ခြင်းသည် နိဒ္ဓါရဏ။

နီဟရိတ္វာ ဓာရဏံ နိဒ္ဓါရဏံ၊ ဇာတိ, ဂုဏ, ကြိယာ, နာမေဟိ သမုဒါယတော ဧကဒေသဿ ပုထက္ကရဏံ။

## သမာသ်စပ်ရကျိုး

၁။ တစ်ပုဒ်တည်း ရှိရခြင်း၊

၂။ တစ်ဝိဘတ်တည်း ရှိရခြင်း၊

ဒွေ ဟိ သမာသဿ ပယောဇနာနိ ဧကေပဒတ္တ မေက ဝိဘတ္တိတ္တဉ္စာတိ။ (ရူ)

၅။ အတ္တာနံ အတ္တာနံ ပတိ ပစ္စတ္တံ။

**ထ**– စတုသချာနောင် သက်သည်။ (စတုတ္ထော)

**ဌ**– ဆ သချာနောင် သက်သည်။ (ဆဋ္ဌော)

**တိယ**– ဒွိ, တိသချာနောင် သက်သည်။ (ဒုတိယော, တတိယော)

၆။ အာယ ပစ္စည်းသည် ကတ္တား၏ ဥပမာနဖြစ်သော နာမ်ပုဒ်နောင် သက်သည်။

ဤယ ပစ္စည်းသည် ကံ၏ ဥပမာနဖြစ်သော နာမ်ပုဒ်နောင်သက်သည်၊ ဤသို့ထူးသည်။

အာယ နာမတော ကတ္တုပမာနာ ဒါစာရေ (ကစ္စည်း)

ဤယူပမာနာ စ။ (ကစ္စည်း)

ဥပမာနဘူတာ နာမတော ဤယပစ္စယော ဟောတိ အာစာရတ္ထေ၊ ပုန ဥပမာနဂ္ဂဟဏံ ကတ္တုဂ္ဂဟဏ နိဝတ္တနတ္ထံ တေန ကမ္မတောပိ သိဒ္ဓံတိ။ (ရူ)

## တိတိက္ခတိ

တိဇ ခန္တိယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ တိဇဂုပကိတမာနေဟိ ခဆသဝါ– ဖြင့် ခ–ပစ္စည်းသက်၊ ကွစာဒိဝဏ္ဏာနံ– မေကဿရာနံ ဒွေဘာဝေါ–ဖြင့် တိ တိဟု ဒွေဘော်ပြု၊ ကော ခေ စ–ဖြင့် ဓာတွန် ဇ–ကို က–ပြု၊ ဓာတုပစ္စယေဟိ ဝိဘတ္တိယော ဟု ပရိဘာသာလာသောကြောင့် ဝတ္တ မာနာ ပစ္စုပ္ပန္နေ–ဖြင့် တိဝိဘတ်သက်၊ တိတိက္ခတိ ပြီး၏။

၇။ (က) အန္တသဒ္ဒါပ္ပုပဒ ကရ–ရ။
(ခ) ဘူ–ဏျ။
(ဂ) မန–တိ။
(ဃ) ယာ–မ။
(င) ကရ–ဏ။

၈။ ပုဒ်စစ်ထင်ရှားပြီ။

*　*　*　*　*

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ရူပပ္ပတ်တိ ရူပံ–၌ အဘယ်သို့ဖြစ်ခြင်းကို ဖောက်ပြန်သည်ဟု ခေါ်ဆိုရကြောင်း ဖော်ပြပြီးလျှင်၊ မိမိလှူဒါန်းရန်အတွက် ပစ္စည်းများကို လိုချင်ရာ၌ လောဘဟု ခေါ်မည်လော ဥပမာဆောင်၍ ရှင်းပြပါ။

၂။ သင်္ဂဟနည်း၌ ပစ္စေကယှဉ်သော စေတသိက်များကို ၎င်းတို့ယှဉ်ရာစိတ်များနှင့် တွဲဖက်ဖော်ပြပြီးလျှင်၊ 'ဆံစ္စေတိ'၌ ဆ အရ စိတ်တို့ကို ကိစ္စ, ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြပါ။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်များ တရားအားထုတ်ပါက ဈာန်, မဂ်, ဖိုလ် ရနိုင်, မရနိုင် သင်္ဂဟအဋ္ဌကထာသာကေဖြင့် ဆုံးဖြတ်၍၊ သတ္တဝါများ စုတေခါနီး အာရုံထင်လာပုံကို သင်္ဂဟလာသည့်အတိုင်း ရှင်းပြပါ။

၄။ ပဋ္ဌမဈာန် ဘာဝေတွာ ၌ အဘိညာဉ် ကိစ္စတပ်သော ပဋ္ဌမဈာန် ပါသင့် မပါသင့် အကြောင်းပြ၍ ဝိနိစ္ဆယချပြီးလျှင်၊ ပဋိသန္ဓေစိတ် စုတိစိတ်များလည်း ရုပ်ကိုမဖြစ်စေနိုင်ပါဘဲလျက် အဘယ့်ကြောင့် အရူပဝိပါက ဒွိပဥ္စဝိညာဏ ဝဇ္ဇိတံ ဟုသာ ဆိုရပါသနည်း၊ ရှင်းပြပါ။

၅။ ရုပ် ၂၈–ပါးတို့တွင် ပရမတ်စစ်စစ် ရုပ်တို့ကို သင်္ဂဟအထောက်ဖြင့် ကောက်ပြပြီးလျှင်၊ သမာဓိဗိုလ်၏ တရားကိုယ်ကိုလည်း တိကျစွာကောက်ပြပါ။

၆။ ပဥ္စဝိညာဏသေသု ဈာနင်္ဂါနိ၊ အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ တို့၏ အဓိပ္ပါယ်ကို အကျယ်ရှင်းပြ၍၊ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းတို့၏ ထူးခြားပုံကို ကျနစွာ ရေးပါ။

၇။ အတ္တပညတ် အကျယ်ပြ ပါဠိကို 'ဒိသာကာလာဒိကာ' အထိသာ အနက်ယောဇနာပါ။

၈။ ပဋိဘာဂနိမိတ်ဖြစ်ပုံပြ ပါဠိကို ပြည့်စုံစွာ ရေးပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ သီတ အစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းစုံညီညွတ်ခြင်း ရှိခဲ့သော် ရှေ့ရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းကို ဖောက်ပြန်သည်ဟု ခေါ်သည်။

ရုပ္ပနဋ္ဌေတ္ထ သီတာဒိဝိရောဓိပစ္စယ သမဝါယေ ဝိသဒိသုပ္ပတ္တိ ယော၀။ (ဋီ)

ပစ်အပ်သော မြားတို့ကို ကိုင်ခြင်း၌ အလိုရှိသော လေးသမားကဲ့သို့ ဆန္ဒသည် စွန့်လွှတ်ထိုက်သော ပစ္စည်းကို လိုလားသည်၊ ထိုအရာမျိုးကို လောဘဟု မခေါ်ပါ၊ ဆန္ဒသာ ဖြစ်သည်။

ဒါနဝတ္ထု ဝိသဇ္ဇနဝသေန ပဝတ္တကာလေပိ စေသ ဝိသဇ္ဇိတဗ္ဗေန တေန အတ္ထိကောဝ ခိပိတဗ္ဗဉသူနံ ဂဟဏေ အတ္ထိကော ဣဿာသော ဝိယ။ (၄)

၂။ မဟာဂ္ဂုတ်စိတ်၌ အပ္ပမညာစေတသိက်တို့ ပစ္စေက ယှဉ်ကြသည်။
မဟာကုသိုလ်စိတ်၌ ဝိရတီ, အပ္ပမညာတို့ ပစ္စေက ယှဉ်ကြသည်။
မဟာကြိယာစိတ်၌ အပ္ပမညာတို့ ပစ္စေက ယှဉ်ကြသည်။
ဒေါသမူဒွေ၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ပစ္စေက ယှဉ်ကြသည်။

**ဆရာ့စွေ့တိ**

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခုသည် ဇောကိစ္စ၊ ဖ–ဒွါရ၊ အလုံးစုံသောအာရုံ၊
ကြိယာအဘိဉာဏ်သည် ဇောကိစ္စ၊ မနောဒွါရ၊ အလုံးစုံသော အာရုံ။
ဝုဋ္ဌောသည် အာဝဇ္ဇန်းကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဖ–ဒွါရ၊ အလုံးစုံသော အာရုံ။

၃။ ဈာန်, မဂ်, ဖိုလ် မရနိုင်ပါ။

အထောက်။ ။ ဒုဟေတုကာန မဟေတုကာနဉ္စ ပနေတ္ထ ကြိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။

## အာရုံထင်ပုံ

သေခါနီးကာလ၌ ရှေးရှုသည်ဖြစ်၍ဖြစ်သော ဘဝတစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအာရုံသည်လည်းကောင်း၊ ထိုကံပြုစဉ်အခါက ဥပလဒ္ဓ, ဥပကရဏဖြစ်သော ရူပါရုံစသော ကမ္မနိမိတ်သည်လည်းကောင်း၊ အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝ၌ ဥပလဘိတဗ္ဗ, ဥပဘောဂ ဖြစ်သော ဂတိနိမိတ်သည်လည်းကောင်း ကံ၏ အစွမ်းကြောင့် ခြောက်ဒွါရတွင် အမှတ်မရှိ တစ်စုံတစ်ခုသော ဒွါရ၌ ထင်လာ၏။

၄။ အဘိညာဉ်ကိစ္စတပ်သော ပဉ္စမစျာန်သည် အာသေဝနပစ္စည်းကို မရ၍ အားနည်းသောကြောင့် အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ ထို့ကြောင့် မပါသင့်ပါ။

သမာနာ သေဝနေ လဒ္ဓေ၊ ဝိန္ဒမာနေ မဟာဗ္ဗလေ။

အလဒ္ဓါ တာဒိသံ ဟေတုံ၊ အဘိညာ န ဝိပစ္စတိ။ (နာမရူပ ပရိစ္ဆေဒ)

ပဋိသန္ဓေ, စုတိစိတ်များလည်း ဘဝင်စိတ်၌ အတွင်းဝင်သောကြောင့် ၄င်းတို့ကို သီးခြားမကြဉ်ဘဲ အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ဟုသာ ဆိုရသည်။

ပဋိသန္ဓိစိတ္တံ ပန စုတိစိတ္တဥ္စ ဧကူနဝီသတိ ဘဝင်္ဂသေဝ အန္တောဂဓတ္တာ စိတ္တန္တရံ န ဟောတီတိ န တဿ ဝဇ္ဇနံ ကတံ။ (ဋီ)

၅။ ဒွါသတ္တတိ ဝိဓာ ဝုတ္တာ ဝတ္ထုဓမ္မာ သလက္ခဏာကို ထောက်၍ နိပ္ဖန္နရုပ် အဋ္ဌာရသသည်သာ ပရမတ်စစ်စစ်ရုပ် ဖြစ်ပါသည်။

ဒွေပဉ္စဝိညာဉ်– ၁၀၊ မနောဓာတ်– ၃၊ သန္တီရဏ ၃–ခု၊ ဝိစိကိစ္ဆာကြဉ်သော စိတ် ၇၂–ခု၌ ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိဗိုလ်မည်၏။

အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ။

တထာ ဝိစိကိစ္ဆာစိတ္တေ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ။ (သင်္ဂဟ)

၆။ ဒွေပဉ္စဝိညာဉ်–၁၀ တို့သည် ဝိတက်ကင်းသဖြင့် အာရုံ၌ ရေးရှုကျရောက်ခါမျှဖြစ်၍ ထိုပဉ္စဝိညာဉ် ၁၀ တို့၌ ဥပေက္ခာ, သုခ, ဒုက္ခတို့ ရှိသော်လည်း ဥပနိဇ္ဈာန အခြင်းအရာ မရှိသောကြောင့် ဒွေပဉ္စဝိညာဉ်– ၁၀ တို့၌ ဈာနင် မရအပ်ကုန်။

ဟိတ်ကင်းသောကြောင့် အဟိတ်စိတ်တို့၌ မဂ္ဂင်မရအပ်ကုန်။

ပဉ္စဝိညာဏာနံ ဝိတက္ကဝိရဟေန အာရမ္မဏေသု အဘိနိပါတမတ္တတ္တာ တေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာ, သုခ, ဒုက္ခာနိ ဥပနိဇ္ဈာနာ ကာရဿ အဘာဝတော ဈာနင်္ဂဘာဝေန န ဥဒ္ဒဋ္ဌာနိ။

အဌာရသာဟေတုကေသု ဟေတုဝိရဟာတော မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ။ (၄)

**အထူး**

ထိုအဝိဇ္ဇာ အစရှိသော အကြောင်းတို့၏ ဖြစ်သဖြင့် ဖြစ်လေ့ရှိသော သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်သောအခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

အထူးပြု၍ ဖြစ်သော ပစ္စည်းဟု ဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဆိုအပ်သော နည်းသည် ပဋ္ဌာန်းနည်းမည်၏။

၇။ ၈။ ထင်ရှားပြီ။

* * * * *

## ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ မူလ, ဧကမူလ, အညမညမူလ မည်သောတရားတို့ကို အသီးအသီးကောက်ပြ၍၊ စိတ်, စေတသိက်, နိဗ္ဗာန်တို့၏ နာမ်မည်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

၂။ အောက်ပါပေယျာလကို ဖော်ပြရေးသားပါ။

ထိုတိကမာတိကာနိဒ္ဒေသည်လည်း ။လ။ နာမပဒအားဖြင့် လေးပါးအပြားရှိ၏။

၃။ ယဿ ယတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိဿတီတိ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ထုတ်ပြပြီးလျှင်၊ တစ်ဘက်ရအစစ်, အတုကိုသာ ကောက်ပြပါ။

၄။ **"သုဒ္ဓါဝါသ ဘူးမရ, အကနိဋ္ဌ တုမရ, အပါယိက စစ်မရ"**ဟူသော စကားတို့၏ အဓိပ္ပါယ်ကို ရှင်းပြ၍၊ ခန္ဓယမက ပရိညာဝါရလာ **ပရိဇာနာတိ, ပရိဇာနိတ္ထ,** ပရိဇာနိဿတိတို့၏ အရကိုလည်း အသီးသီး ခွဲခြားကောက်ပြပါ။

၅။ ယောနိ လေးပါးတို့၏ သရုပ်ကိုထုတ်ပြ၍၊ အောက်ပါပုဂ္ဂိုလ် နှစ်မျိုးတို့၏ ယောနိကို ဖော်ပြပါ။

(က) နိရ္မာမတဏှိုကပြိတ္တာ၊ (ခ) ဘုမ္မစိုးနတ်။

၆။ အာယတနယမိုက် ပဝတ္တိဝါရ၌ ချို့ကောင်းသော အာယတန, ပုဂ္ဂိုလ်, ဘုံတို့ကို ဖော်ပြ၍၊ ယဿ ယတ္ထ စက္ခုဓာတု ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သောတဓာတု ဥပ္ပဇ္ဇိတ္ထ ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ ပါဠိကို ထုတ်ပြပါ။

၇။ သစ္စယမိုက် ပဏ္ဏတ္တိဝါရ နိဒ္ဒေသ၌ သိသင့်သိထိုက်သောဌာန နှစ်ဆယ့်ငါးပါးတို့မှ ဒုက္ခ **သစ္စာ၏ ဌာန ခုနစ်ပါးကို ထုတ်ဖော်ပြပါ။**

၈။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ ဟူသောပုစ္ဆာ၏ ဝိသဇ္ဇနာဝိဘင်းကို ဆုံးအောင်ရေးပြီးလျှင်၊ တစ်ဘက်ရဝိဘင်းကိုသာ အနက်ယောဇနာပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလက်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ **မူလ–** လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, **အမောဟ ဤဟိတ် ၆–ပါး** သည် မူလ မည်၏။

**ကေမူလ–** သဟိတ်စိတ် စေတသိက်၊ **မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊** သဟိတ်ပဋိသန္ဓေကမ္မဇရုပ် **ဤတရားတို့သည် ကေမူလ**မည်၏။

**အညမညမူလ–** မောဟမူဒွေ၌ မောဟကြဉ်သော **ဟိတ် ၆–ပါး**သည် အညမညမူလ **မည်၏။**

(**နာမ်မည်ပုံအကြောင်း** ၁၃၃၁–ခု၌ရှု။)

၂။ ထင်ရှားပြီ။ (နှာ– ၂၁)

၃။ ထင်ရှားပြီ။ (နှာ– ၈၃)

၄။ သုဒ္ဓါဝါသဘူးမရ

သုဒ္ဓါဝါသပုဂ္ဂိုလ်တို့သည် (သဒ္ဒါစသော ဣန္ဒြေလွန်ကဲသော ပုဂ္ဂိုလ်များဖြစ်၍) မိမိဖြစ် ခိုက်ဘုံ၌ နှစ်ကြိမ်ထပ်၍ ပဋိသန္ဓေမနေသောကြောင့် ဖြစ်ဖူး, ချုပ်ဖူး မရသည်ကို ရည်ရွယ်၍ သုဒ္ဓါဝါသ ဘူးမရဟု ဆိုသည်။

## အကနိဋ္ဌ တုမရ

(သုံးဆယ့်တစ်ဘုံ၌ ပြန်၍မဖြစ်တော့ဘဲ ဘဝဆုံးသော ပုဂ္ဂိုလ်ကို ပစ္ဆိမဘဝိက အစစ်ဟု ခေါ်သည်၊ ဘဝမဆုံးသေးသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌ တစ်ဖန်ပြန်၍ မဖြစ်သောပုဂ္ဂိုလ်ကို ပစ္ဆိမဘဝိကအတုဟု ဆိုသည်။

အကနိဋ္ဌဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် မိမိဘုံ၌လည်း ထပ်၍ မဖြစ်၊ အခြားဘုံသို့လည်း မပြောင်း ကေန် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည် ဖြစ်သောကြောင့်) အကနိဋ္ဌဘုံ၌ အတုလုံးဝမရသည် ကို ရည်ရွယ်၍ အကနိဋ္ဌ တုမရဟု ဆိုသည်။

## အပါယိက စစ်မရ

အပါယ်ဘုံ၌ ဘဝမဆုံးနိုင်သောကြောင့် အပါယ်ဘုံ၌ ပစ္ဆိမဘဝိက အစစ်မရသည်ကို ရည် ရွယ်၍ အပါယိက စစ်မရဟု ဆိုသည်။

| | |
|---|---|
| ပရိဇာနာတိ | အရဟတ္တမဂ္ဂဉာဏ်၊ |
| ပရိဇာနိတ္ထ | အရဟတ္တဖလဉာဏ်၊ |
| ပရိဇာနိဿတိ | ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဉာဏ်– ၃၊ |
| | အောက်ဖလဉာဏ်– ၃၊ |

၅။ **ယောနိ ၄–ပါး–** သံသေဒဇ, ဩပပါတိက, အဏ္ဍဇ, ဇလာဗုဇ။

* *သံသေ, ဩပ၊ အဏ္ဍ, ဇလာ၊ ဤလေးဖြာ မှတ်ပါ ယောနိမှတ်။*

(က) ဥပပတ္တိယောနိ၊ (ခ) ယောနိလေးပါး။

* *နတ်ဘုမ္မာ ပယ်ရှင်းလို့၊ ကြွင်းသမျှ ဒေဝါ၊ ငရဲအောက်ရွာနှင့်၊ နိဇ္ဈာမာ ပြိတ္တာစု၊ သွင်းမှုမှန်စွာ။ သန္ဓေမှာ၊ ဥပပါတ်သာအမြဲ၊ ကြွင်းပြိတ္တာ ဘုမ္မာ နတ်ကယ်နှင့်၊ တိရစ္ဆာန လူတစ်ရပ်ကယ်တို့၊ လေးပါးစုံ သန္ဓေကပ်သတဲ့၊ ထုံးမှတ်လို့စွဲ။*

* *ဘုမ္မစိုးပယ်၊ ကြွင်းဝယ်များစွာ၊ နတ်တကာနှင့်၊ နိဗ္ဗာမတကျိက၊ နိရယတို၊ နေကြလေရာ၊ ယောနိမှာ၊ တစ်ခုသာမှတ်၊ ဥပပါတ်။*

*ဘုမ္မစိုးလူ၊ ထိုတူ တိရစ္ဆာန်၊ နိဗ္ဗာန်ပယ်လျှင်၊ ကြွင်းသည့်ပြိတ္တာ၊ ယောနိမှာ၊ လေးပါးသာမှတ်။*

၆။　　　　ဝိကာလ

စက္ခု, သောတ ၂–ပါးသာ ချို့ကောင်းသော အပါယ်ဩပပါတိက ဥပပဋ္ဌန္တဖြစ်သော ဒုဂ္ဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် ၄–ဘုံ။

စက္ခု, သောတ, ဃာန ၃–ပါးချို့ကောင်းသော သံသေဒဇ, ဂဗ္ဘသေယျက ဥပပဋ္ဌန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား နိရယကြဉ်သော အပါယ် ၃–ဘုံ၊ မနုဿဘုံ၊ ဝိနိပါတိက အသုရာဟု ဆိုအပ်သော စာတုမဟာရာဇ်အားဖြင့် ကာမဝစရ ၅–ဘုံ။

စက္ခု, သောတ, ဃာန, ဇိဝှါ မဖြစ်မီ စုတေလတ္တံ့သော ဂဗ္ဘသေယျက ဥပပဋ္ဌန္တဖြစ်သော ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ယခင်ကာမာဝစရ ၅–ဘုံ။

သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ စက္ခုဓာတု ဥပ္ပဇ္ဇတိ၊ နော စ တေသံ တတ္ထ သောတဓာတု ဥပ္ပဇ္ဇိတ္ထ။

ဣတရေသံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ စက္ခုဓာတု စ ဥပ္ပဇ္ဇတိ၊ သောတဓာတု စ ဥပ္ပဇ္ဇိတ္ထ။　　(နှာ ၁၄၄)

၇။　(၁)　ကာယိကံ ဒုက္ခံ စေသိကံ ဒုက္ခံ ဋ္ဌပေတွာ အဝသေသံ။

(၂)　ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ။

(၃)　ဒုက္ခဥ္စ ဒုက္ခသံဓဥ္စ ဌပေတွာ အဝသေသံ။

(၄)　ဒုက္ခသစ္စံ။

(၅)　အဝသေသာ။

(၆) ဒုက္ခံ ဌပေတွာ အဝသေသာ သစ္စာ။
(၇) ဒုက္ခဥ္စ သစ္စဥ္စ ဌပေတွာ အဝသေသာ။

၈။ ထင်ရှားပြီ။ **(နှာ ၂၂၅)**

* * * * *

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ဝိပဿနာကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပါလျက် **အပစယဂါမိနော** အရ၌ အဘယ့်ကြောင့် မပါဝင်ရသည်ကို ရှင်းပြ၍၊ **ဧကန္တ** ဗဟိဒ္ဓဖြစ်သော တရားတို့ကိုလည်း **ကောက်ပြပါ။**

၂။ အောက်ပါ (က) (ခ) အရ တိက်တို့၏ အမည်မျှကိုသာ ရေး၍၊ (ဂ) အရ တရားကိုလည်း ဖော်ပြပါ။

(က) ဒုတိယပုဒ်အရ မဂ်စိတ္တုပ္ပါဒ်ကို ကောက်ရသောတိက်။
(ခ) ပထမပုဒ်အရ စိတ်, စေတသိက်, ရုပ်ကုန်ရသောတိက်။
(ဂ) အပ္ပမာဏတရားတို့၏ အာရုံဖြစ်သော တရား။

၃။ အာသဝဝိပ္ပယုတ္တ သာသဝဒုက်၏ ဒုက်မုတ်ကိုထုတ်ပြ၍၊ အာသဝဂေါစ္ဆကမှ ယင်းဒုက်မုတ်များကိုပင် အရကောက်ရသော ပဒပါဠိကိုလည်း ရေးပြပါ။

၄။ သဝိစာရ ဓမ္မာအရ ခန်, အာ, ဓာတ်, သစ်တို့ကို သချိုမျှ ရေး၍၊ အပ္ပီတိကာ ဓမ္မာအရတွင် ဒုက္ခသစ္စာ ဖြစ်ထိုက်သောတရားတို့ကိုသာ ဖော်ပြပါ။

၅။ အောက်ပါတရားအသီးသီးတို့ကို မှန်ကန်စွာ ကောက်ပြပါ။

(က) မိုးကြိုးစက်နှင့်တူသောတရား၊

(ခ) အဆွေခင်ပွန်းကောင်းရှိသူ ဖြစ်ကြောင်းတရား၊

(ဂ) ဖြောင့်မတ်သူဖြစ်ကြောင်းတရား၊

(ဃ) ကောင်းမှု၌ မွေ့လျော်သူဖြစ်ကြောင်းတရား၊

၆။ ဆဋ္ဌနယ ဥပေက္ခိန္ဒြိယံ ကတိဟိ သမ္ပယုတ္တံ ၌ ရသင့်သော ကေဟိစိ ဓမ္မ သရုပ်ကို ထုတ်ပြ၍၊ အောက်ပါ ယေ ဓမ္မာအရကိုလည်း တိကျစွာကောက်ပြပါ။

(က) ဈာနေန ယေ ဓမ္မာ သမ္ပယုတ္တာ။

(ခ) တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ။

၇။ ဓာတုကထာကျမ်း၌ ကတ္တားပြန်ဟောသော နယများကို ဖော်ပြ၍၊ အောက်ပါပုစ္ဆာ၏ ဝိသဇ္ဇနာပါဠိကိုလည်း ရေးပါ။

ရူပဘဝေန ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ။

၈။ အောက်ပါ ပါဠိတို့တွင် ယေ ဓမ္မာ ဟူသော ပုဒ်တို့ကိုသာ အနက်ပေးပါ။

(က) ပရိဒေဝေန ယေ ဓမ္မာ ။ပ။ သင်္ဂဟိတာ။

(ခ) အရူပဘဝေန ယေ ဓမ္မာ ။ပ။ အသင်္ဂဟိတာ။

(ဂ) သုခိန္ဒြိယေန ယေ ဓမ္မာ သမ္ပယုတ္တာ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၃ (၁၉၇၂) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ ဝိပဿနာကုသိုလ်ဟု ဆိုအပ်သော လောကီကုသိုလ်ကြောင့် နိဗ္ဗာန်ရောက်သည်လည်း ရှိ၏၊ မရောက်သည်လည်း ရှိ၏၊ ဝေးသောအကြောင်းဖြစ်၍ ၄င်းကို မကောက်ပါ။

**ကေန္ဒုပဟိဒ္ဓ–** နိဗ္ဗာန်။

၂။ (က) အာစယဂါမိ, မိစ္ဆတ္တ, မဂ္ဂါရမ္မဏ။

(ခ) အတီတ, အဇ္ဈတ္တ။

(ဂ) အပ္ပမာဏာရမ္မဏာ အရကောက်ပါ။

၃။ ဒုက်မုတ်ထင်ရှားပြီ။

အာသဝသမ္ပယုတ္တာ ဓမ္မာ။

၄။ ခန်– ၄၊ အာ– ၂၊ ဓာတ်– ၃၊ သစ်– ၃။

**ဒုက္ခသစ္စာ–** လောကီ အပ္ပီတိကစိတ် ၅၄–ခု၊ လောဘကြဉ် စေတသိက်– ၅၁၊ လောကီ ပီတိ– ၂၇၊ ရုပ်– ၂၈။

၅။ သုတ္တန်ထင်ရှားပြီ။

၆။ ထင်ရှားပြီ။

၇။ * *ဝတ္တု, ပဋ္ဌ၊ သတ်, နဝ၊ ဒသ ကတ္တားပြန်။*

နှ ကေဟိစိ ခန္ဓေဟိ နှ ကေဟိစိ အာယတနေဟိ တီဟိ ဓာတူဟိ ဝိပ္ပယုတ္တာ။

၈။ ထင်ရှားပြီ။

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ နိဒါနုဒ္ဒေသည်၌ပါသော "သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံ ဟောတိ"၌ ပါစိတ်အာပတ်မသင့်ခြင်း၏ အကြောင်းနှင့် သင့်သောအာပတ်ကို ဖော်ပြ၍၊ ဝဇ္ဇ၏ အစွမ်းဖြင့် ပြားသော အာပတ္တိဘေဒကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပါ။

၂။ ကွဲကွာနေသော မိဘနှစ်ပါးကို ပြန်လည်ပေါင်းသင်းစေရန် ဆက်သွယ်ပေးသော ရဟန်းအား သံဃာဒိသေသ်အာပတ် သင့်မသင့် အကြောင်းပြဖြေဆိုပြီးလျှင်၊ အဘယ်သို့သော ရဟန်းကို ကုလဒူသကဟု ခေါ် ရကြောင်း ရှင်းပြပါ။

၃။ ရာဇသိက္ခာပုဒ်လာ နိဿဂ္ဂိယဝတ္ထု, ဒုက္ကဋ်တို့ကို ခွဲခြားပြပြီးလျှင် နိဋ္ဌိတစီဝရဖြစ်ပုံကို စုံလင်စွာ အဋ္ဌကထာအလိုကျ ဖော်ပြပါ။

၄။ ကာဏမာတု သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။

၅။ သဟဓမ္မိက သိက္ခာပုဒ်အရ တရားနှင့်လျော်ညီစွာ ကျင့်လိုသောရဟန်းသည် ပြုလုပ်ရမည့် အချက်သုံးချက်ကို ဖော်ပြ၍၊ မောဟနသိက္ခာပုဒ်အရ အာပတ်သင့်ရာကာလကိုလည်း ဖော်ပြပါ။

၆။ ဥက္ခိတ္တသမ္မောဂ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

၇။ အောက်ပါ ရဟန်းမိန်းမတို့အား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ သင့်သည်ကို ဖော်ပြပါ။

(က) ပိုးပန်းသည့် သဘောဖြင့် ပေးလှူသောယောက်ျား၏ဆွမ်းကို ရာဂဖြင့် စွတ်စိုလျက် ခံယူသော ရဟန်းမိန်းမ။

(ခ) ညဥ့်အခါ အဖော်မပါ တစ်ယောက်တည်းအိပ်သော ရဟန်းမိန်းမ။

(ဂ) အေးသောအခါ ခြုံရန် ကျပ်နှစ်ဆယ်တန် ခြုံထည်ကို တောင်းသော ရဟန်းမိန်းမ။

(ဃ) ခုတင်တစ်ခုတည်း၌ နှစ်ယောက်အတူ အိပ်သောရဟန်းမိန်းမ။

(င) အမျိုး၌ ဝန်တိုသောရဟန်းမိန်းမ။

၈။ စပါးစိမ်းစားသော ဘိက္ခုနီမအား မည်သည့်အာပတ်သင့်သည်ကို ဖော်ပြ၍၊ အဓိကရုဏ်းကို ငြိမ်းမပေးသော ဘိက္ခုနီမအား အာပတ်သင့် မသင့်ကို သာဓကပြ၍ ဆုံးဖြတ်ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ ကိုယ်လည်းမလှုပ်, နှုတ်လည်းမမြွက်သည်ဖြစ်၍ မုသာဝါဒလက္ခဏာနှင့်မညီသောကြောင့် ပါစိတ်အာပတ် မသင့်ပါ။

နှုတ်ဖြင့် ပြုရမည့်အမှုကို မပြုဘဲနေသဖြင့် လိမ်ရာရောက်ကြသောကြောင့် ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

သစိတ္တကပက္ခ၌ အကုသိုလ်စိတ်ရှိသော အာပတ်သည် လောကဝဇ္ဇအာပတ်၊ ကြွင်းသော အာပတ်သည် ပဏ္ဏတ္တိဝဇ္ဇအာပတ်။

ယဿ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောက ဝဇ္ဇာ။ (ကခ်ီ)

၂။ ပဏ္ဏတ္တိဝဇ္ဇဖြစ်၍ ပညတ်တော်ကို မသိဘဲ လွန်ကျူးခြင်းကြောင့် သံဃာဒိသေသ်အာပတ် သင့်ပါသည်။

## ကုလဒူသက

လူတို့အား ပန်းပေးခြင်းစသည်ကို ပြုသောရဟန်းကို လူတို့၏ သဒ္ဓါတရားအစစ်အမှန်ကို ဖျက်ဆီးသောကြောင့် ကုလဒူသကဟု ခေါ်သည်။

ပုပ္ဖဒါနာဒိနာ မနုဿာနံ သဒ္ဓံ ဝိနာသေန္တော ကုလာနိ ဒူသေတီတိ ကုလဒူသကော။ (ကခ်ီ)

၃။ ရွှေ, ငွေ, ကဟာပဏ, မာသကတို့သည် နိဿဂ္ဂိယဝတ္ထု၊ ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်၊ စပါးမျိုး ၇–ပါး, ကျွန်မိန်းမ, ကျွန် ယောကျ်ား, လယ်, ယာ, ပန်းအရံ, သစ်သီးအရံ စသည်တို့သည် ဒုက္ကဋ်ဝတ္ထု။

သုဝဏ္ဏံရဇတံ ကဟာပဏော မာသကောတိ ဣမာနိ ဟိ စတ္တာရိ နိဿဂ္ဂိယဝတ္ထူနိ။

မုတ္တာ မဏိ ဝေဠုရိယော သင်္ခေါ သိလာ ပဝါဠံ လောဟိတင်္ကော မသာရဂလ္လံ သတ္တဓညာ နိ ဒါသီ ဒါသ ခေတ္တ ဝတ္ထု ပုပ္ဖါရာမ ဖလာရာမာဒယောတိ၊ ဣမာနိ ဒုက္ကဋဝတ္ထူနိ။ (ကခ်ီ)

## နိဋ္ဌိတစီဝရအရ

သုစိကမ္မပရိယောသာနကြောင့်သော် လည်းကောင်း၊ နဋ္ဌ, ဝိနဋ္ဌ, အနှ, စီဝရာသာဥပစ္ဆိန္န တို့တွင် တစ်ပါးပါးသော အခြင်းအရာကြောင့်သော်လည်းကောင်း ပလိဗောဓပြတ်သည်ကို နိဋ္ဌိတ စီဝရဟု ဆိုသည်။ (ကခ်ီ)

၄။ ထင်ရှားပြီ။

၅။ (၁) သိအောင်ပြုခြင်း၊
(၂) အဖန်တလဲလဲမေးခြင်း၊
(၃) အဖန်တလဲလဲ စဉ်းစားနှိုင်းချင့်ခြင်း၊

## အာပတ်သင့်ရာကာလ

မောဟနကံသို့တင်ပြီးသောအခါ နောက်ထပ်တဖန် "ဣဒါနေဝခေါ အဟံ ဇာနာမိ" စသော စကားမျိုးကို ပြောလျက် မသိလေဟန်ဆောင်သောအခါ၌ ပါစိတ်အာပတ်သင့်ပါသည်။

၆။ ထင်ရှားပြီ။

၇။ (က) ဘောဇနပဋိဂ္ဂဟဏ ပထမသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။
(ခ) ကောဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။
(ဂ) ဂရုပါဝုရဏသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ဃ) ကောမဋ္ဌတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်။
(င) ကုလမစ္ဆရိနီသိက္ခာပုဒ်ဖြင့် ပါစိတ်။

၈။ ဒုက္ကဋ်။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်၌ (၁) တောင်းမှု၊ (၂) စားမှု၊ ဤနှစ်ချက်ကို ပြုလျှင် ပါစိတ်၊ တစ်ခုခုကို ပြုလျှင်ကား ဒုက္ကဋ်သာ သင့်ပါသည်။

ဧတ္ထ စ ဝိညတ္တိ စေဝ ဘောဇနဥ္စ ပမာဏံ။ (ကခ်ီ)

ယာ ပန ဘိက္ခုနီ ဘိက္ခုနိယာ ဟောယျေ ဣမံ အဓိကရဏံ ဝူပသမေဟီတိ ဝုစ္စမာနာ သာဓူတိ ပဋိဿုဏိတွာ သာ ပစ္ဆာ အနန္တရာယိကိနီ နေဝ ဝူပသမေယျ၊ န ဝူပသမာယ ဉဿုက္ကံ ကရေယျ၊ ပါစိတ္တိယံ- ကိုထောက်၍-

အန္တရာယ်မရှိလျှင် ပါစိတ်အာပတ်သင့်။

အန္တရာယ်ရှိလျှင် အာပတ်မသင့်။

* * * * *

# ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါတို့တွင် (က) ကိုပုဒ်ဖြတ်၍၊ (ခ)ကို ပုဒ်စပ်ပြပါ။

(က) သမာနကာမော၊ ပရောသဟဿံ၊ ယာဝဠိဓ၊ အဒါသာဟံ၊ ကလိန္ဒာနိ။

(ခ) ဧသော ဓမ္မော၊ သကတ္ထ ပသုတော၊ ပတိအဂ္ဂိ၊ ယဒိဧဝ၊ သရမ္ဘော။

၂။ ပရသမညာ ပယောဂေသုတ်၌ ပရ အရနှင့် သမညာအရတို့ကို ဖော်ပြ၍၊ အာဒိသဒ္ဒါနောင် သို့ ဝိဘတ်သက်၍ ပြီးနိုင်သော ရုပ်များကိုလည်း ရေးသားပါ။

၃။ အောက်ပါ ဂါထာကို အနက်ယောဇနာပါ။

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊

အထော သရီရမ္ပိ ဇရံ ဉပေတိ။

သတဥ္စ ဓမ္မော န ဇရံ ဉပေတိ၊

သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

၄။ အောက်ပါပုဒ်ကို ကစ္စည်းကျမ်းလာသည့်အတိုင်း ဝိဂြိုဟ်နှင့်အရကောက်ပြ ပါဠိကိုသာ ရေးပါ။

အမိတ ဗလ ပရက္ကမပတ္တော။

၅။ အောက်ပါဝါကျ၌ အကထိတကံနှင့် ကထိတကံကို ခွဲပြ၍ လိင်္ဂတ္တေ ပထမာ-သုတ်၌ လိင်္ဂတ္ထအရကိုလည်း ဖော်ပြပါ။

ဘဂဝါ ဘိက္ခူ ဧတဒဝေါစ။

၆။ အောက်ပါတို့တွင် (က) သုတ်ပါ ဝါ သဒ္ဒါ၊ (ခ) သုတ်ပါ အပိ သဒ္ဒါ စ သဒ္ဒါတို့၏ အကျိုးတို့ကို ပြယုဂ်အသီးသီးဖြင့် ထုတ်ပြပါ။

(က) အတော ဏိ ဝါ၊ (ခ) တိယေ ဒုတာပိ စ၊

၇။ အောက်ပါတို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။

ဝုလှတိ၊ ဃေပ္ပတိ၊ ပရိခါ၊ ပေယျံ၊ နဋ္ဋံ။

၈။ သဗ္ဗနာမ် ဆယ်မျိုး၏ အမည်များကို ပြယုဂ်တစ်ခုစီနှင့် အသီးအသီး ယှဉ်တွဲဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၄ (၁၉၇၃) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း॥ ॥ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) သော မာနကာမော၊ ပရသဟဿံ၊ ယာဝ စ က္လစ၊ အဒါသိ အဟံ၊ ကလိ ဣဒါနိ။

(ခ) သေ ဓမ္မော၊ သဒတ္ထ ပသုတော၊ ပဋ္ဌက္ကိ၊ ယဒ္ဒေဝံ၊ သာရမ္ဘော။

၂။ တစ်ပါးသော သက္ကတကျမ်းသည်လည်းကောင်း, တစ်ပါးသော ဗျာကရုဏ်းဆရာတို့သည်လည်းကောင်း ပရမည်၏။

တစ်ပါးသော သက္ကတကျမ်း၌လာသော ဝါ– တစ်ပါးသော ဗျာကရုဏ်းဆရာတို့၏ ဃောသ, အဃောသ စသောအမည်များသည် ပရသမညာ မည်၏။

အာဒိသ္မိံ, အာဒိမှိ, အာဒိ, အာဒေါ။

၃။ ၄။ ထင်ရှားပြီ။

၅။ ဘိက္ခုသည် အကထိတကာ။

တော်သည် ကထိတကာ။

လိင်သချာ ပရိမာဏနှင့်ယှဉ်သော သက်သက်သော သဒ္ဒါအနက်သည်လည်းကောင်း, ထိုလိင်သချာပရိမာဏမှ လွတ်သော ဥပသာရ, နိပါတ်တို့၏ အနက်ဖြစ်သော သက်သက်သော သဒ္ဒါ၏ အနက်သည်လည်းကောင်း လိင်္ဂတ္ထမည်၏။

လိင်္ဂသချာ ပရိမာဏယုတ္တော တဗ္ဗိ နိမုတ္တုပသဂ္ဂါဒိ ပဒတ္ထဘူတော စ သုဒ္ဓေါ သဒ္ဒတ္ထော ဣလ လိင်္ဂတ္ထောနာမ။ (ရူ)

၆။ (က) သကျပုတ္တိကော စသောပြယုဂ်တို့၌ ဏိကပစ္စည်းသက်ရခြင်း အကျိုးရှိသည်။

(ခ) အပိ သဒ္ဒါသည် အခြားသော အရာတို့၌လည်း ဒွိ သဒ္ဒါကို ဒု (ဒိ, တိ) ပြုရခြင်း အကျိုးရှိသည်။

ပြယုဂ်ကား– ဒုရတ္တံ (ဒိရတ္တံ–ဒိဂုဏံ)

စသဒ္ဒါသည် ဒိရတ္တံ, ဒိဂုဏံ စသည်တို့၌ ဒွိ–ကို ဒိ–ပြုရခြင်းအကျိုးရှိသည်။

၇။ **ဝုလှတိ** – ဝဟ – ယ။

**ဆေပ္ပတိ** – ဂဟ– ပ္ပ။

**ပရိခါ** – ပရိပုဗ္ဗ ခနု– ရ, အာ။

ရာဇပုရိသော ကဲ့သို့ ရှေ့ပုဒ်၏ ဝိဘတ်ကိုချေ၍ တစ်ပုဒ်တည်းဖြစ်အောင် စပ်ခြင်း၊ မင်းချင်းယောကျာ်းဟု တစ်နက်တည်းဖြစ်အောင် စပ်ခြင်းအားဖြင့် ဝိဘတ်လည်းကျေ တစ်နက်တည်းလည်းဖြစ်အောင် စပ်ခြင်းသည် သမာသ်စပ်ပုံ မည်၏၊ ဤသို့ ထူးသည်။

* *အနက်မစပ်၊ ဝိဘတ်မကျေ၊ ပုဒ်သာပြေ၊ မှတ်လေ သန္ဓိထုံး။*

*ဝိဘတ်ကျေပျက်၊ ပုဒ်အနက်၊ စပ်ချက် သမာသ်ထုံး။*

၂။ **မနောဂိုဏ်းဝင် သဒ္ဒါ**

မနော ဝစော ဝယော တေဇော၊

တပေါ စေတော တမော ယသော။

အယော ပယော သိရော ဆန္ဒော၊

သရော ဥရော ရဟော အဟော။

**မနောဂိုဏ်း မခေါ်ရပုံ**

နာ ဝိဘတ်နှောင်းရာ၌ သာ, သ ဝိဘတ်နှောင်းရာ၌ သော, သ္မိံ ဝိဘတ်နှောင်းရာ၌ သိ အဆုံးရှိခြင်းဟူသော လက္ခဏာနှင့်မညီသောကြောင့် မနောဂိုဏ်းဟု မခေါ်ရပါ။

၃။ ဧကဝုစ်မှ ဗဟုဝုစ်ဖောက်ပြန်သော ဝစနဝိပလ္လာသ အဖြစ်ကို သိစေလိုသောကြောင့် ယုဝါနံ ဟု ဗဟုဝုစ်ဖြင့် ဆိုသည်။

ယုဝသာနိ ဝတ္တဗ္ဗေ ယုဝါနန္တိ ဝစနံ ဝစနဝိပ္ပလ္လာသေန ဝုတ္တံ။ (သုတ္တနိဒ္ဒေသ)

**ပဒမာလာ**

| | |
|---|---|
| ယုဝါ, ယုဝါနော | ယုဝါ, ယုဝါနာ။ |
| ဟေယုဝ, ယုဝါ, ယုဝါန, ယုဝါနာ | ဘောန္တောယုဝါ, ယုဝါနာ။ |
| ယုဝါနံ, ယုဝံ | ယုဝါနေ, ယုဝေ။ |
| ယုဝါနာ, ယုဝါနေန, ယုဝေန | ယုဝါနေဟိ, ယုဝါနေဘိ, ယုဝေဟိ, ယုဝေဘိ။ |
| ယုဝါနဿ, ယုဝဿ | ယုဝါနာနံ, ယုဝါနံ။ |
| ယုဝါနသ္မာ, ယုဝါနမှာ, ယုဝါနာ | ယုဝါနေဟိ, ယုဝါနေဘိ, ယုဝေဟိ, ယုဝေဘိ။ |
| ယုဝသ္မာ, ယုဝမှာ, ယုဝါ | |
| ယုဝါနဿ, ယုဝဿ | ယုဝါနာနံ, ယုဝါနံ။ |
| ယုဝါနသ္မိံ, ယုဝါနမှိ, ယုဝါနေ | ယုဝါနေသု, ယုဝါသု, ယုဝသ္မိံ, ယုဝမှိ, ယုဝေ။ |

၄။ ထင်ရှားပြီ။

**အမှာပြုရပုံ**

ဘဂဝါ ဘိက္ခူ တေဒဝေါစ ၌ အဝေါစ ကြိယာ၏ ကံသည် ဘိက္ခူ တေ ဟု နှစ်မျိုးရှိ၏၊ ထိုတွင် ဘိက္ခူ ဟူသော ကံသည် အဝေါစ (ဆိုခြင်း) ကြိယာနှင့် တိုက်ရိုက်မဆက်စပ်၊ အဓိပ္ပါယ် စုံအောင်သာ ထည့်ရသောကြောင့် ဝဒန္တပုဂ္ဂိုလ်က ပဓာနအဖြစ်ဖြင့် ဆိုအပ်သော ကထိတကံ မဟုတ် ဟု ပြခြင်းငှာ ဘိက္ခူတိ အကထိတကမ္မံ ဟု အမှာပြုရသည်။

တေ ဟူသော ကံသာ အဝေါစ (ဆိုခြင်း) ကြိယာနှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ဝဒန္တပုဂ္ဂိုလ်က ဆိုလိုအပ်သော ပဓာနအရင်းခံ ကထိတကံတည်းဟု သိစေခြင်းငှာ တေန္တိ ကထိတ ကမ္မံ ဟု အမှာပြုရသည်။

၅။ ဣမ, ဣယ, ဣဟ, ကိယ။ (ယ–ဏျ)

**အန္တိမော–** အန္တေ နိယုတ္တော (အန္တော ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ အန္တိမော)
**ယဿဝါ–** ယသော ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ ယသဝါ။
**ဓနဝါ–** ဓနံ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ ဓနဝါ။
**ပညဝါ–** ပညာ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ ပညဝါ။

၆။ **သမာသ်ဝါစက ၉–မျိုး**

သမုစ္စယတ္ထဝါစက၊ တုလျတ္ထဝါစက၊ ကတွတ္ထဝါစက၊ ကမ္မတ္ထဝါစက၊ ကရဏတ္ထဝါစက၊ သမ္ပဒါနတ္ထဝါစက၊ အပါဒါနတ္ထဝါစက၊ သမ္ဗန္ဓတ္ထဝါစက၊ အဓိကရဏတ္ထဝါစက။

ကမ္မဓာရည်း, ဒိဂုတို့သည် တူသောအနက်ရှိသည်၏အဖြစ်တည်းဟူသော တူသောအနက်ကို ဟောသောကြောင့် တုလျတ္ထဝါစက သမာသ်မည်ကုန်၏။

၇။ **နာမဓာတ်**

နာမ်ဖြစ်လျက် ဓာတ်၏အနက်ကို ဟောတတ်သော ပစ္စည်းနှင့် ယှဉ်သည်ဖြစ်၍ ဓာတ်၏ သဘောရှိသော ဓာတ်သည် နာမဓာတ်မည်၏။ **(အာချာတ်ပုဒ်စစ်)**

**ပစ္စယဝိဓိသုတ်–** ပစ္စည်းကို စီရင်သောသုတ်သည် ပစ္စယဝိဓိသုတ် မည်၏။ **(သုတ်စစ်)**

(က) ဒိဝု + တိ။ ဒိသ + တေ။ (တစ်နည်း) ဒိသ + ယ + တေ။

(ခ) သံပုဗ္ဗခနု + ကွိ။ သန္န + ဏ။

၈။ **အာဒိဝန်**

(က) နိဒ္ဒါရဏ စသည်။

(ခ) နိမိတ်။

ပေယျာလ ထင်ရှားပြီ။

# ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း॥ ॥ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ အရှင်အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် အကုသိုလ်စိတ်ကို ရှေ့ဦးထား၍ ပြဆိုပါသနည်း ဋီကာအလိုကျ ဖော်ပြ၍၊ မနောဒွါရာဝဇ္ဇန်းစိတ်ကို ဝုဋ္ဌောဟု ခေါ်ကြရာ အဘယ်အခါမျိုး၌ ခေါ်နိုင်ကြောင်း ဖြေဆိုပါ။

၂။ ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခစေတသိက် အဘယ့်ကြောင့် မယှဉ်သည်ကို ရှင်းလင်းပြ၍–

(က) ဝီရိယသာယှဉ်၍ ပီတိမယှဉ်သော စိတ်၊

(ခ) ပီတိသာယှဉ်၍ ဝီရိယမယှဉ်သောစိတ်၊

(ဂ) နှစ်ပါးစုံ ယှဉ်သောစိတ်၊

(ဃ) နှစ်ပါးစုံ မယှဉ်သောစိတ်တို့ကို ဖြေဆိုပါ။

၃။ အဘယ့်ကြောင့် အဘယ်တရားကို မနောဒွါရ အမည်ရကြောင်း ရှင်းပြ၍၊ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ၌ ယထာရဟာ၏ အဓိပ္ပါယ်ကိုလည်း သိသာရုံ ဖြေဆိုပါ။

၄။ ဈာန်မရ, ဈာန်ရ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား စိတ်ပေါင်းမည်မျှစီ ရကြောင်းကို ရေတွက်ပြပြီးလျှင်၊ မနောဒွါရဝီထိ၌ အဘယ်ကြောင့် ဝိဘူတာရုံ, အဝိဘူတာရုံဟု ဆိုရကြောင်း ဖြေဆိုပါ။

၅။ သဗ္ဗဥ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ၌ သပ္ပစ္စယံ အရ ရုပ် ၂၈–ပါးလုံး ဖြစ်ထိုက်, မဖြစ်ထိုက်ကို သာဓကပြ၍ ဖြေဆိုပြီးလျှင်၊ ကလာပ်၂၁–စည်းကို အဇ္ဈတ္တသန္တာန်၌ ရကောင်းသော ကလာပ်နှင့် ဗဟိဒ္ဓသန္တာန်၌ ရကောင်းသော ကလာပ်တို့၏ အမည်တို့ကိုလည်း သိသာရုံ ဖြေဆိုပါ။

၆။ ဂရုကံဟု အမည်ရသောကံတို့ကို ဖော်ပြ၍၊ ဒေါသမူစိတ္တုပ္ပါဒ်၏ ဈာနင်, မဂ္ဂင်, ဣန္ဒြေ, ဗိုလ်တရားတို့၌ ရသင့်သောအမည်တို့ကိုလည်း ဖြေဆိုပါ။

၇။ ဆဓာ နာမံ တု နာမဿ–ဂါထာပါ ဧကဓာ ပုန ရူပဿဟူသောပုဒ်၏ အကျယ်ပြပါဠ်ကို

တရားကိုယ်ပေါ် လွှင်စေလျက် အနက်ယောဇနာပါ။

၈။ မဂ်၏ သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခတို့ အမည်ရပုံကို ပြဆိုသော သင်္ဂဟပါဌ်ကို ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ ဘဝတို့၌ ပဋိသန္ဓေနေသော သတ္တဝါတို့အား ဝီထိစိတ်၏ အစွမ်းအားဖြင့် ဘဝနိကန္တိကလောဘဇောဟု ဆိုအပ်သော အကုသိုလ်စိတ်သာ ရှေးဦးစွာဖြစ်သောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြသည်။

ဘဝေသု ဂဟိတ ပဋိသန္ဓိကဿ သတ္တဿ အာဒိတော ဝီထိစိတ္တဝသေန လောဘသဟဂတစိတ္တုပ္ပါဒါနမေဝ သမ္ဘဝတော တေယေဝ ပထမံ ဒဿေတွာ။ (ဋီ)

### ဝုဋ္ဌောခေါ် ရကြောင်း

မနောဒွါရာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရ၌ ဖြစ်သောအခါ သန္တီရဏသည် စူးစမ်းအပ်ပြီးသော အာရုံကို ပိုင်းခြားမှတ်သားတတ်သောကြောင့် ဝုဋ္ဌောဟု ခေါ်သည်။

**မနောဒွါရာဝဇ္ဇနမေဝ ပဉ္စဒွါရေ ယထာသန္တီရဏံ အာရမ္မဏံ ဝဝတ္ထပေတီတိ ဝေါဋ္ဌဗ္ဗနန္တိ စ ဝုစ္စတိ။ (ဋီ)**

အဓိမောက္ခသည် အာရုံကိုဆုံးဖြတ်ခြင်းလက္ခဏာရှိသောကြောင့် အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိသော ဝိစိကိစ္ဆာစိတ်၌ မယှဉ်ပါ။

(က) အကုသိုလ် ဥပေက္ခာ ၆–ပါး၊
ဒေါသမူဒွေး ၂–ပါး၊
မနောဒွါရာဝဇ္ဇန်း ၁–ပါး၊
ကာမာဝစရသောဘနဥပေက္ခာ ၁၂–ပါး၊
စတုတ္ထစျာန် ၁၁–ပါး၊
ပဉ္စမစျာန် ၂၃–ပါး၊
ပေါင်း ၅၅–ပါး။

(ခ) သောမနဿ သန္တီရဏ။

(ဂ) အကုသိုလ် သောမနဿ– ၄၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသောမနဿ – ၁၂၊ ပထမစျာန်– ၁၁၊ ဒုတိယစျာန်– ၁၁၊ တတိယစျာန်– ၁၁ ပေါင်း – ၅၀။

(ဃ) ဒွေပဉ္စဝိညာဉ်– ၁၀၊ ဥပေက္ခာသန္တီရဏ– ၂၊ သမ္ပဋိစ္ဆိုင်း– ၂၊ ပဉ္စဒွါရာဝဇ္ဇန်း– ၁ ပေါင်း – ၁၅။

၃။ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ၁၉–ခုကို မနောဒွါရဟု ခေါ်သည်။

မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ။ (သင်္ဂဟ)

အာဝဇ္ဇနာဒီနံ မနာနံ မနောယေဝ ဝါ ဒွါရန္တိ မနောဒွါရံ၊ ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂ။ (ဋီ)

**ယထာရဟံ**

ကြွင်းအစရှိသော အာရုံ, ယောနိသောမနသိကာရ –အယောနိသောမနသိကာရ–

နိရာနုသယ သန္တာန်စသည်တို့ အလိုက်အထိုက်အားလျော်စွာ ဖြစ်သည်ကို ယထာရဟံ ဟုဆိုသည်။

ယထာရဟန္တိ ကုသလာဒိအာရမ္မဏော ယောနိသော အယောနိသောမနသိကာရ နိရာနုသယ သန္တာနာဒိနံ အနုရူပဝသေန။ (ဋီ)

၄။ ဈာန်မရ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား ဟသိတုပ္ပါဒ်ကြဉ်သော အသောဘန– ၂၉၊ မဟာကုသိုလ်– ၈၊ မဟာဝိပါက်– ၈ ပေါင်း ၄၅–ပါး။

ဈာန်ရတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား ထို၄၅–ပါးနှင့် မဟဂ္ဂုတ်ကုသိုလ် ၉–ပါး ပေါင်း ၅၄–ပါး။

မနောဒွါရိကစိတ်တို့သည် ပစ္စုပ္ပန်သာမဟုတ်၊ အတိတ်, အနာဂတ်ကိုလည်း အာရုံပြုသဖြင့် အတိမဟန္တ စသည်တို့၏အစွမ်းအားဖြင့် အာရုံကို ပိုင်းခြားမှတ်သားမှုကို ပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် ထင်ထင်ရှားရှား ထင်လာသောအာရုံကို ဝိဘူတာရုံဟု လည်းကောင်း၊ မထင်မရှား ထင်လာသောအာရုံကို အဝိဘူတာရုံဟု လည်းကောင်း ခေါ်ဆိုရသည်။

မနောဒွါရိကစိတ္တာနံ အတီတာနာဂတမ္ပိ အာရမ္မဏံ ဟောတီတိ တေသံ အတိမဟန္တာဒိဝသေန ဝိသယဝဝတ္ထာနံ ကာတုံ န သက္ကာတိ ဝိဘူတာဝိဘူတဝသေနေတံ နိယမေတုံ။ (ဋီ)

၅။ လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိကို ထောက်၍ သပ္ပစ္စယ အရ ရုပ် ၂၈–ပါးလုံး မဖြစ်ထိုက်ပါ။

လက္ခဏရုပ်မှ ကြွင်းသော ၂၄–ပါးသာ ဖြစ်ထိုက်သည်။

အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၁–စည်းလုံး ရသည်။

ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက, သဒ္ဒနဝက ဟူသော ဥတုဇကလာပ်၂–စည်းသာရသည်။

၆။ အကုသိုလ်အရာ၌ ပဋ္ဌာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံ, ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံတို့

သည် ဂရုကံ အမည်ရကြသည်။

ယံ ဂရုကံ အကုသလပက္ခေ မာတုဃာတကာဒိကမ္မံ ကုသလပက္ခေ မဟဂ္ဂတကမ္မံ ဝါ တဒေဝ ပဌမံ ဝိပစ္စတိ။ (ဋီ)

## ရသင့်သောအမည်

ဒေါသမူစိတ္တုပ္ပါဒ်သည် ဈာနင်အားဖြင့် ဝိတက်, ဝိစာရ, ဧကဂ္ဂတာ, ဒေါမနဿ ဈာနင် အမည် ရနိုင်သည်။

မဂ္ဂင်အားဖြင့် မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ မဂ္ဂင် အမည်ရနိုင်သည်။

ဣန္ဒြေအားဖြင့် ဇီဝိတိန္ဒြေ, မနိန္ဒြေ, ဒေါမနဿိန္ဒြေ အမည်ရနိုင်သည်။

ဗိုလ်အားဖြင့် ဝီရိယ, သမာဓိ, အဟိရိက, အနောတ္တပ္ပ ဗိုလ်အမည်ရနိုင်သည်။

မှတ်ချက်။ ။ ဒေါသမူစိတ်နှင့် ဒေါသမူစိတ်၌ယှဉ်သော စေတသိက် ၂၂–ပါးတို့ကို ဒေါသမူ စိတ္တုပ္ပါဒ်ဟု ဆိုသည်။

ထိုတွင် ဒေါသမူစိတ်သည် မနိန္ဒြေ၊ စေတသိက် ၂၂–ပါးတို့တွင် ဝေဒနာ, ဝိတက်, ဝိစာရ, ဧကဂ္ဂတာ, ဝီရိယ, ဇီဝိတ, အဟိရိက, အနောတ္တပ္ပတို့လည်း ပါဝင်သည်ကို သတိပြု။

၇။ ၈။ ထင်ရှားပြီ။

* * * * *

# ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ ယမကဘာသာ

မေးခွန်းလွှာ

၁။ ယေ ဝါ ပန အကုသလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ အကုသလာတိ-၌ ဝိဘင်းထုတ်၍၊ အရကောက်ပြပါ။

၂။ ယေ ကေစိ ဝိပါကာ ဓမ္မာ၊ သဗ္ဗေ တေ ဝိပါကမူလေန ကေမူလာတိ-၌ ဝိဘင်းထုတ်၍၊ **သန္နိဋ္ဌာန်** **အ**ရကိုသာ ကောက်ပြပါ။

၃။ ယဿ ယတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ တတ္ထ သညာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ-၌ နှစ်ဘက်ရဝိဘင်းကိုသာ ထုတ်ပြပါ။

၄။ ယဿ ရူပက္ခ**န္ဓော** **နိ**ရုဇ္ဈတိ၊ တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈတီတိ -၌ ဝိဘင်းထုတ်၍၊ နှစ်ဘက်ရဝိဘင်းကိုသာ ကောက်ပြပါ။

၅။ သီလ စသည်ကို အဘယ့်ကြောင့် ဂန္ထဟု ခေါ်ဆိုရကြောင်း ဖော်ပြ၍၊ ဂန္ထော ဂန္ထာယတနန္တိ ၌ ဝိသဇ္ဇနာပါဠိကိုသာ တရားကိုယ်အရ ပေါ်လွင်စေလျက် အနက်ယောဇနာပါ။

၆။ အောက်ပါတို့၏ ဝိဘင်းကိုသာ အသီးအသီး ထုတ်ပြပါ။

(က) စက္ခာယတနသာ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်, ဘုံ။

(ခ) စက္ခာယတန ဃာနာယတန နှစ်ပါးစုံ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်; ဘုံ။

(ဂ) နှစ်ပါးစုံ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်, ဘုံ။

၇။ သစ္စယမက ပဏ္ဏတ္တိဝါရ နိဒ္ဒေသ၌ အောက်ပါပေယျာလကို ဖော်ပြပါ။

ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ။လ။ ဟောဟန်ကား။

၈။ ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ-၌ ဝိဘင်းထုတ်၍၊ ကောဋ္ဌာသ တင်ပြပါ။

# ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

### အဖြေလွှာ

၁။ အကုသလသမုဋ္ဌာနံ ရူပံ အကုသလမူလကံ၊ န အကုသလံ။

အကုသလံ အကုသလမူလကဋ္ဌေဝ အကုသလဋ္ဌ။ (နှာ– ၃၂၊

အရကောက် ထင်ရှားပြီ။ (နှာ– ၃၂)

၂။ အဟေတုကံ ဝိပါကံ ဝိပါကမူလေန န ဧကမူလံ။

သဟေတုကံ ဝိပါကံ ဝိပါကမူလေန ဧကမူလံ။ (နှာ– ၄၀)

**သန္နိဋ္ဌာန်အရ–** အဟိတ်ဝိပါက် ပန္နရသ၊ ဆန္ဒ, ဝီရိယကြဉ်သော အညသမာန်း စေတသိက် ဧကာဒသ ရ၏။ (နှာ– ၄၀)

၃။ ပရိနိဗ္ဗန္တာနံ အသညသတ္တာနံ တေသံ တတ္ထ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇတိ၊ သညာက္ခန္ဓော စ နုပ္ပဇ္ဇိဿတိ။ (နှာ– ၈၆)

၄။ အသညသတ္တာ စဝန္တာနံ တေသံ။ (တစ်ဘက်ရ)

ပဉ္စဝေါကာရာ စဝန္တာနံ တေသံ။ (နှစ်ဘက်ရ) (နှာ– ၈၉)

### အရကောက်

ပဉ္စဝေါကာရ စုတိပန္နရသ, စေတသိက် ပဉ္စတ္တိံ သတို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ်– ၄၊ ဖလဋ္ဌာန် ၄–ယောက်။

၅။ သီလစသည်သည် ပုံနှိပ်ထင်ရှားသော အနက်ကြောင့် ဂန္ဓ မည်၏။
သီလဂန္ဓောတိ အာဒီနိ ဝါယတ္တေန သီလာဒီနံယေဝ နာမာနိ။ (ယမိုက်အဋ္ဌကထာ)

## အနက်

သီလဂန္ဓော– သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု ဆိုအပ်သော သီလဂန္ဓသည်၊ သမာဓိဂန္ဓော– သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိဂန္ဓသည်၊ ပညာဂန္ဓော– သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပဟု ဆိုအပ်သော ပညာဂန္ဓသည် ဂန္ဓော– ဂန္ဓမည်၏၊ န ဂန္ဓာယတနံ– ဂန္ဓာယတန မမည်။

ဂန္ဓာယတနံ– ဂန္ဓာယတနသည်၊ ဂန္ဓော စေဝ– ဂန္ဓလည်းမည်၏၊ ဂန္ဓာယတနဉ္စ– ဂန္ဓာယတနလည်း မည်၏။

၆။ (က) ရူပါဝစရာနံ တေသံ တတ္ထ။
(ခ) ကာမာဝစရာနံ တေသံ တတ္ထ။
(ဂ) ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ အသညသတ္တာနံ အရူပါနံ တေသံ တတ္ထ။
(နှာ– ၁၃၈–၉)

၇။ ထင်ရှားပြီ။ (နှာ– ၂၀၉)

၈။ နှော။
(ကောဋ္ဌာသတင် ထင်ရှားပြီ။) (နှာ– ၂၁၉)

* * * * *

# ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ (က) (ခ) (ဂ) (ဃ) အမှတ်ပြ တရားတို့ကို ကောက်ပြ၍၊ (ဃ) အမှတ်ပြတရားကိုသာ သစ္စာဖွဲ့ပြပါ။

(က) ဝိပါကသာဖြစ်၍ ဝိပါကဓမ္မ မဖြစ်သောတရား။

(ခ) ဝိပါကဓမ္မသာဖြစ်၍ ဝိပါက မဖြစ်သောတရား။

(ဂ) နှစ်ပါးစုံ ဖြစ်သောတရား။

(ဃ) နှစ်ပါးစုံ မဖြစ်သောတရား။

၂။ ကာမတရားနှင့် မဟဂ္ဂုတ်တရားတို့ အဆင့်တူ, မတူ ဖာတိကာသာကေပြ၍ ဖြေဆိုလျက်၊ မိစ္ဆတ္တနိယတဓမ္မကို 'နယပဒေသ'ပြု၍ မိစ္ဆတ္တ အနိယတဓမ္မ အရ တရားစုကိုလည်း ကောက်ပြပါ။

၃။ ဥပါဒါန ဂေါစ္ဆကဥ္ဒ မိဿကဒုက်သုံးခု၏ ဒုက်မှတ်တို့ကိုသာ ဒုက်အမည်များနှင့် ယှဉ်တွဲလျက် အသီးအသီးကောက်ပြပါ။

၄။ အဇ္ဈတ္တိကာ ဓမ္မာ–ဥ္ဒ အဇ္ဈတ္တဓမ္မ, အဇ္ဈတ္တိကဓမ္မတို့ကို ခွဲခြားကောက်ပြ၍၊ ဤသို့ကောက်နိုင်ပုံကိုလည်း အဓိပ္ပါယ်အကျဉ်းချုပ်၍ ဖော်ပြပါ။

၅။ အောက်ပါ ပုဂ္ဂိုလ်တို့အား ဖြစ်နိုင်သည့်တရားစုကို သုတ္တန္တိကမာတိကာနှင့်အညီ ကောက်ပြပါ။

(က) ဗျာဓိ, မရဏတို့ကို ထိတ်လန့်သောပုဂ္ဂိုလ်။

(ခ) ယင်းတရားတို့ကို အသင့်အားဖြင့် ဆင်ခြင်ပွားများနေသောပုဂ္ဂိုလ်။

(ဂ) ကုသိုလ်ကို ပြုလုပ်ရာ၌ မရောင့်ရဲနိုင်သော ပုဂ္ဂိုလ်။

၆။ အောက်ပါ ပါဠိတော်တို့ကို သရုပ်ပေါ် လွှင်စွာ အနက်ယောဇနာပါ။

(က) ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ။

(ခ) ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သမ္ပယုတ္တာ။

၇။ ပဥ္စမနယ ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသ၌ ဟောအပ်သောတရားစုကို ထုတ်ပြ၍၊ ဆဋ္ဌနယ သမုဒယသစ္စံ ကတိဟိ သမ္ပယုတ္တံ–၌ ရသင့်သော ကေဟိစိ ဓမ္မသရုပ်ကိုလည်း ဖော်ပြပါ။

၈။ စက္ခုဝိညာဏဓာတုယာ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ–ဟူသောဒသမနယ ပါဠိတော်၌ ယေ ဓမ္မာအရ (က) ပထမ ယေ အစွဲ၊ (ခ) ဒုတိယ ယေ အစွဲ တို့ကိုသာ ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၇ (၁၉၇၆) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ (က) ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတ္တိံသ။

(ခ) အကုသိုလ်စိတ်– ၁၂၊ ကုသိုလ်စိတ်– ၂၁၊ စေ– ၅၂။

(ဂ) မရှိ။

(ဃ) ကြိယာစိတ် ဝီသ၊ စေတသိက် ပဥ္စတ္တိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

**သစ္စာဖွဲ့ပုံ**

ကြိယာစိတ် ဝီသ၊ စေတသိက် ပဥ္စတ္တိံသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။
နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၂။ ဟီနာ ဓမ္မာကို ထောက်၍ ကာမတရားသည် အယုတ်တရား။
မဇ္ဈိမာဓမ္မာကိုထောက်၍ မဟဂ္ဂုတ်တရားသည် အလတ်တရား။
ထို့ကြောင့် ကာမတရားနှင့် မဟဂ္ဂုတ်တရားတို့ အဆင့်မတူပါ။

**မိစ္ဆတ္တ အနိယတ ဓမ္မ–** နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ခု သတ္တမဇော, ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ သတ္တမဇောတို့မှတစ်ပါး အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ။

၃။ ထင်ရှားပြီ။

၄။ **အဇ္ဈတ္တ ဓမ္မ–** စိတ်– ၈၉၊ စေတသိက်– ၅၂၊ ရုပ်– ၂၈။
**အဇ္ဈတ္တိက ဓမ္မ–** စိတ်– ၈၉၊ ပသာဒရုပ် ၅–ခု။

**အဓိပ္ပါယ်အကျဉ်းချုပ်**

အဇ္ဈတ္တဓမ္မ၌ နိယကဇ္ဈတ္တကို လိုအပ်သည်။
အဇ္ဈတ္တိကဓမ္မ၌ အဇ္ဈတ္တဇ္ဈတ္တကို လိုအပ်သည်။
ထို့ကြောင့် အထက်ပါအတိုင်း ကောက်နိုင်သည်။

၅။ ၆။ ၇။ ၈။ ထင်ရှားပြီ။

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒုတိယမာတိကာဘာသာ

မေးခွန်းလွှာ

၁။ ရဟန်းတော်များ ပျက်စီးခြင်းလေးမျိုးတို့ကြောင့် အာပတ်သင့်တတ်ကြရာ ထိုပျက်စီးခြင်းလေးမျိုးတို့ကို ဖော်ပြ၍၊ ပထမပါရာဇိကအာပတ်သည် အဘယ်၏ပျက်စီးခြင်းကြောင့် သင့်ရောက်နိုင်ပါသနည်း။

၂။ သံဃာဒိသေသ် တတိယသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လနှင့် သုဒ္ဓပါစိတ် မုသာဝါဒဝဂ် နဝမသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လတို့၏ အထူးကို ဖြေဆို၍၊ ဥလ္လိတ္တကုဋိ ဟူသည် အဘယ်ကို ဆိုလိုပါသနည်း၊ ထင်ရှားအောင် ဖော်ပြခဲ့ပါ။

၃။ ကာလိကလေးမျိုးတို့ကို ဖြေဆို၍၊ သရက်သီးကို အရည်ညှစ်၍ ချက်အပ်သောတင်လဲကို အဘယ်ကာလိက၌ သွင်းယူနိုင်ပါသနည်း။

၄။ အမဲသားကို သိမ်းထားပြီး ညဉ့်အခါ၌ အကပ်မခံဘဲစားသော ရဟန်းအား သင့်ရောက်နိုင်သည့်အာပတ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဖြေဆိုခဲ့ပါ။

၅။ သဟဓမ္မိကဝဂ် ဝိလေခန သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။

၆။ စိတ်ဆိုး၍ ဘုရားကိုစွန့်၏ စသည်ဖြင့် ပြောဆိုသော ဘိက္ခုနီမကို အခြားသော ဘိက္ခုနီမတို့က ဖျောင်းဖျတိုက်တွန်းပုံပြ စကားရပ်ကိုသာ မြန်မာလို ရေးခဲ့ပါ။

၇။ ဆွမ်းစားနေသော ရဟန်း၏ အနီး၌ ယပ်ခတ်ထိုင်နေလျက် ကြက်သွန်ဖြူကို စား၍ စားကြွင်းများကို နံရံတဘက်သို့ မဆင်မခြင် စွန့်ပစ်သောဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များ သင့်သည်ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ရတနဝဂ္ဂ ကာရဝဂ် ပဉ္စမမြောက် သိက္ခာပုဒ်ကို အနက်မှန်မှန်သမ္ဗန်ခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဓမ္မာဘိကာဘာသာ

အဖြေလွှာ

၁။ သီလဝိပတ္တိ, အာစာရဝိပတ္တိ, အာဇီဝဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ အားဖြင့် လေးပါး။

* *သီလ, အာစာ၊ အာဇီဝါနှင့်၊ တဖြာဒိဋ္ဌိ၊ လေးပါးရှိ၊ မှတ်သိ ဝိပတ္တိ။*

ပထမပါရာဇိကသည် သီလဝိပတ္တိ။

၂။ **ဒုဗ္ဘာသိတ**

သံဃာဒိသေသ် တတိယသိက္ခာပုဒ်၌ ဝစ္စမဂ်, ပဿာဝမဂ်နှင့်စပ်ယှဉ်သဖြင့် ရှုန်ရှင်းကြမ်းတမ်းသောစကားမျိုးသည် ဒုဗ္ဘာသိတဝါစာ။

မုသာဝါဒဝဂ် နဝမသိက္ခာပုဒ်၌ ရှုန်ရှင်းကြမ်းတမ်းသော သံဃာဒိသေသ်အာပတ်သည် ဒုဗ္ဘာသိတမည်၏၊ ဤသို့ ထူးပါသည်။

## ဥဿိတ္တကုဋီ

အင်္ဂတေ, မြေညက်တို့ဖြင့် အတွင်းဘက်၌သာ သုတ်လိမ်းထိုက်သမျှ သုတ်လိမ်းထားလျှင် ဥဿိတ္တကုဋီမည်၏။

၃။ ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက။

* *ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝဇီဝကာ။*

ယာဝကာလိက၌ သွင်းယူရမည်။

အမ္ဗပာဏိတာဒိနိ ယာဝကာလိကာနိ။ (ကခ်ီ)

၄။ အမဲသားကို သိမ်းထားပြီးစားလျှင် သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် ပါစိတ်။
ညဉ့်အခါ၌စားလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်။
အကပ်မခံဘဲစားလျှင် ဒန္တပေါနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၅။ ၆။ ထင်ရှားပြီ။

၇။ ဆွမ်းစားနေသော ရဟန်း၏အနီး၌ ယပ်ခတ်ထိုင်နေသော ရဟန်းမအား ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်။

ကြက်သွန်ဖြူစားသော ရဟန်းမအား လသုဏသိက္ခာပုဒ်ဖြင့် ပါစိတ်။

စားကြွင်းကို နံရံတဘက်သို့ မဆင်မခြင်စွန့်ပစ်သော ရဟန်းမအား ပထမဥစ္စာရဆဍ္ဍနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ॥ ကစ္စည်းသဒ္ဒါဘာသာ
မေးခွန်းလွှာ

၁။ အောက်ပါ (က) ကို ပုဒ်ဖြတ်၍ (ခ) ကို ပုဒ်စပ်ပြီးလျှင်၊ သဗ္ဗောစန္တိသုတ်–ဖြင့် တိ, တျ နှစ်မျိုးရှိရာ အဘယ်ကို စ–ပြုရမည်ဟု ကစ္စည်းကျမ်း အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(က) ဝိပလ္လာသော၊ တဏ္ဍာနံ၊ အဂျာဂါရံ။

(ခ) ဥက်သော၊ သံယောဂေါ၊ ဣတိဝေ။

၂။ ဒဏ္ဍိနီ၊ အဋ္ဌိနီတို့ကို နာမ်ရုပ်အကျဉ်းတွက်ပြ၍၊ တတိယာဗဟုဝုစ်ဝိဘတ်သည် တစ်မျိုးတည်း ဖြစ်ပါလျက် ဗဟုဝစနေသု ဝေါနော သုတ်၌ အဘယ်အကျိုးကို မျှော်ကိုးလျက် ဗဟုဝစနေသု ဟု ဆိုရပါသနည်း။

၃။ ဒွိ သင်္ချာသဒ္ဒါကို ယော,အံ, နာ, နံ ဝိဘတ်တို့ဖြင့် ရနိုင်သမျှ ပဒမာလာစဉ်ပြီးလျှင်၊ အောက်ပါတို့သည် မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ် သက်ထားသည်ကို ဖော်ပြခဲ့ပါ။

အပိဿုမံ၊ ဇေကံ သမယံ၊ ကမ္မဿ ကတ္တာရော၊

၄။ ဒူရန္တိကဒ္ဓကာလ ။ပ။ ကတ္တူသု စ သုတ်လာ စ သဒ္ဒါ၏ အကျိုးပြပါဠိကို အနက်မှန်ကန်စွာ ယောဇနာပြီးလျှင်၊ အောက်ပါပုဒ်တွင် မည်သည့်သမာသ်ပုဒ်များ အတွင်းငုပ်နေသည်ကိုလည်း ဖော်ပြခဲ့ပါ။

နာနာ ဒုမ ပတိတ ပုပ္ဖ ဝါသိတ သာနု။

၅။ ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော–သုတ်လာ တုလျာဓိကရဏ အရကို ဥဒါဟရဏ်နှင့် တကွ ရှင်းပြ၍၊ အောက်ပါတို့ကို ဝိဂ္ဂဟပြုလျက် ပစ္စည်းကိုလည်း သုတ်ထောက်၍ ဖြေဆိုခဲ့ပါ။

ဒယ်ာလု၊ မာနုညက်၊ မေဓာဝီ၊ ပညဝါ။

၆။ စတုပ ပဒဿ လောပေါ ။ပ။ စုစောပိ နဝါ–သုတ်လာ အပိ သဒ္ဒါ၏ အကျိုးပြပါဠိကို

ပြည့်စုံစွာ ရေးပြီးလျှင်၊ ကောဒိတော ဒသသိ–သုတ်ဖြင့် သက်အပ်သော ဣ–ပစ္စည်း၏လိင်ကိုလည်း ရှုပသိဒ္ဓိအလိုကျ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၇။ အာချာတ်ကျမ်းလာ ကတ္တားအနက်၌သာ သက်အပ်သော ပစ္စည်းစုနှင့် ကိတ်ကျမ်းလာ ဘော, ကံ အနက်တို့၌သာ သက်အပ်သော ပစ္စည်းစုကို ကစ္စည်းသုတ်ထောက်၍ ဖော်ပြပြီးလျှင်၊ အောက်ပါတို့တွင် (က) ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ခ) ကို ဓာတ်, ပစ္စည်းမျှ ခွဲပြခဲ့ပါ။

(က) အဒါသိ၊ အသိ၊

(ခ) မေဓင်္ကရော၊ သရိတာ၊ ဝိဟာရော။

၈။ လိင်္ဂကနာမ်နှင့် နေမိတ္တိကနာမ်တို့၏ အထူးကို ရှင်းပြပြီးလျှင်၊ အောက်ပါပေယျာလကို လည်း ပုဒ်စစ်ကျမ်းအရ ဆိုရိုးကျ ဖြေဆိုခဲ့ပါ။

အနိရာကရဏသမ္ပဒါန် ။ပ။ အာရာဓနသမ္ပဒါန် မည်၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) ဝိပလိ + အာသော၊ တံ + ဍာနံ၊ အဂ္ဂိ + အာဂါရံ။

(ခ) ဥက္ကံသော၊ သညောဂေါ၊ ဣတွေဝံ။

ကွစိတိ ကသ္မာ ဣတိဿမုဟုတ္တမ္ပိနှင့် အတိဿ စန္တဿ–သုတ်တို့ကိုထောက်၍ တိ– ကို သာ စ–ပြုရမည်။

## ဒက္ခိနိ

ဒက္ခိ– သိမ်ှ။ စျ အမည်မှည့်၊ အဃော ရဿမေက ဝစနယောသွပိစ–ဖြင့် ရဿ–ပြု၊ သိမ်ှ နိ ဖြင့် နိ–ပြု၊ ဒက္ခိနိ ပြီး၏။

## အဋ္ဌိနိ

အဋ္ဌိ– ယော။ ယောနံ နိ နပုံသကေဟိ ဖြင့် နိ–ပြု၊ ယောသုကတနိကာရလောပေသု ဒီဃံ–ဖြင့် ဒီဃ–ပြု၊ အဋ္ဌီနိ ပြီး၏။

ပထမာ ယော ဝိဘတ်ကြောင့် ဝေါ– နော ပြုရခြင်းအကျိုးကို မျှော်ကိုး၍ ဗဟုဝစနေသု ဟု ဆိုသည်။

၃။ **ပဒမာလာ**

ယော။ ဒွေ, ဒုဝေ, ဥဘော, ဥဘေ။

အံ။ ဒွယံ။

နာ။ ဒွယေန။

နံ။ ဒွိန္နံ, ဒုဝိန္နံ, ဥဘိန္နံ, ဥဘယေယံ, ဥဘယေသာနံ။

## သုတ်, အနက်, ဝိဘတ်

**အပိဿု မံ–** ကွစိ ဒုတိယာ ဆဋ္ဌီန မတ္တေ–ဖြင့် ဆဋ္ဌီအနက်၌ ဒုတိယာ ဝိဘတ်။

**ကေံ သမယံ–** တတိယာသတ္တမီနဉ္စ–ဖြင့် သတ္တမီအနက်၌ ဒုတိယာ ဝိဘတ်။

**ကမ္မဿ ကတ္တာရော–** ဒုတိယာပဉ္စမီနဉ္စ–ဖြင့် ဒုတိယာအနက်၌ ဆဋ္ဌီဝိဘတ်။

၄။ ပါဠိအနက်ထင်ရှားပြီ။

ကမ္မဝါရည်း, တပ္ပုရိသ် သမာသ်ပုဒ်များ အတွင်းငုပ်နေပါသည်။

၅။ (တုလျာဓိကရဏ အရ ၁၃၃၂–အဖြေရှု။)

**ဒယာလု–** ဒယာ အဿ ပကတိ ဒယာလု။
ဒယာ အဿ ဗဟုလာ ဝါ ဒယာလု။
(အာလုတဗ္ဗဟုလေ–ဖြင့် အာလု ပစ္စည်း။)

**မနုညကံ–** မနုညဿ ဘာဝေါ မနုညကံ။
(ရမနီယာဒိတော ကဏ်–ဖြင့် ကဏ် ပစ္စည်း။)

**မေဓာဝီ–** မေဓာ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ မေဓာဝီ။
(တဒဿတ္ထီတိ ဝီ စ–ဖြင့် ဝီ ပစ္စည်း။)

**ပညဝါ–** ပညာ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ ပညဝါ။
(ဂုဏာဒိတော ဝန္တု–ဖြင့် ဝန္တု ပစ္စည်း။)

၆။ ပါဠိထင်ရှားပြီ။

ဤ ပစ္စည်းသည် သဘောအားဖြင့် ကတ္တိလိင်ဖြစ်သာလျှင် ဖြစ်သင့်သောကြောင့် ကတ္တိလိင် ၌ ဖြစ်ပါသည်။

တဒဿ သဘာဝေန ကတ္ထိယံ ယေဝ သမ္ဘဝေါ။ (ရူ)

၇။ အ–ပစ္စည်း၊ (ဘူဝါဒိတော အ)

နိဂ္ဂဟိတပုဗ္ဗ–အ၊ (ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဉ္စ)

ယ, ဏှ, ဧ, ဩ၊ ( ။ ။ စ သဒ္ဒါ)

ယ၊ (ဒိဝါဒိတော ယော)

ဏု,ဏာ, ဥဏာ၊ (သွာဒိတော ဏု, ဏာ, ဥဏာ စ)

နာ၊ (ကိယာဒိတော နာ)

| | |
|---|---|
| ပွ, ကျာ၊ | (ဂဟာဒိတော ပွကျာ) |
| ဩ, ယိရ၊ | (တနာဒိတော ဩယိရာ) |
| ကော, ကာယ၊ | (စုရာဒိတော ကော ကာယာ) |
| တဗ္ဗ အနီယ၊ | (ဘာဝကမ္မေသု တဗ္ဗာနီယာ) |
| ကျ, တေယျ၊ | (ကျော့စ၊ ငှင်းသုတ် စ သဒ္ဒါ) |
| ရိစ္စ၊ | (ကရမှာ ရိစ္စ) |

(က) ဒါ–ဓာတ် + အ ပစ္စည်း + ဤ ဝိဘတ်။
အသ + အ + သိ။

(ခ) မေဓာသဒ္ဒါပုပဒ– ကရ + ဏ။
သရ + တု။
ဝိပ္ပဗ္ဗ–ဟရ + ဏ။

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဒေါသမူစိတ်၌ ဝေဒနာအားဖြင့် ကွဲပြားခြင်း မရှိပါဘဲလျက် ဒေါမနဿသဟဂုတ်ဟုလည်းကောင်း, ပဋိဃသမ္ပယုတ္တဟု လည်းကောင်း ဝိသေသနနှစ်ချက် ထပ်ဆင့်ဆိုရခြင်း၏ အကြောင်းကို ပြဆို၍၊ သောဘနာနီတိ ဝုစ္စရေ–၌ သောဘနဟူသော အမည်သည် အဘယ်၏ အမည်ဖြစ်သည်ကိုလည်း အကြောင်းပြ၍ ဖြေဆိုပါ။

၂။ အညသမာန်း၏ အဓိပ္ပါယ်ကို ပြဆို၍၊ အောက်ပါတို့ကိုလည်း တိကျစွာကောက်ပြပါ။

(က) ဟသိတုပ္ပါဒ်စိတ်နှင့်သာယှဉ်၍ စက္ခုဝိညာဉ်စိတ်နှင့်မယှဉ်သော စေတသိက်။

(ခ) စက္ခုဝိညာဉ်စိတ်နှင့်သာယှဉ်၍ ဟသိတုပ္ပါဒ်စိတ်နှင့်မယှဉ်သော စေတသိက်။

(ဂ) နှစ်ပါးစုံ ယှဉ်သောစေတသိက်။

(ဃ) နှစ်ပါးစုံ မယှဉ်သော စေတသိက်။

၃။ ဒွါရဝိမုတ္တာနဉ္စ စသည်၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဒွါရဝိမုတ်အမည်ရရှိပုံကို ပြဆို၍၊ ဘဝင်္ဂ ရ အရ ဆဒွါရဂဟိတ အရတို့ကိုလည်း ပြဆိုခဲ့ပါ။

၄။ အဝေးမှ မပီမသကြားရသောအသံကို အာရုံပြုလျက် ဝီထိစိတ်အစဉ် ဖြစ်ရာ၌လည်းကောင်း ဗုဒ္ဓ၏အရဟတ်ဂုဏ်တော်၌ သက်ဝင်နှစ်မြုပ်လျက် သောမနဿဇော ဝီထိစိတ်အစဉ်ဖြစ်ရာ၌လည်းကောင်း တဒါရုံဖြစ်ခွင့် ရှိ, မရှိ သင်္ဂဟအထောက်ပြ၍ ဖြေဆိုပါ။

၅။ ပထမဇောစေတနာမှန်သမျှသည် ဒိဋ္ဌဓမ္မအကျိုးကို ပေးစွမ်းနိုင်ပါသလော အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ အာစိဏ္ဏကံသည် အာသန္နကံထက် ပိုမိုအားရှိသည် ဖြစ်ပါလျက် အကျိုးပေးရာတွင် အဘယ့်ကြောင့် နောက်ကျပါသနည်း၊ ဖြေဆိုခဲ့ပါ။

၆။ မိဿကသင်္ဂဟလာ သင်္ဂဟဂါထာကို ပါဠိသက်သက် ရေးသားဖြေဆိုပါ။

၇။ နိဗ္ဗာန်တရား၏ ရုပ်, နာမ် အဆုံးအဖြတ်ပြ ပါဠိကို အနက်ယောဇနာခဲ့ပါ။

၈။ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ပရမတ္ထဖြစ်သော ကမ္မဋ္ဌာန်းများကို ဖော်ပြ၍၊ ထိုကမ္မဋ္ဌာန်းတို့၌ နိမိတ်သုံးပါးလုံး ရထိုက် မရထိုက်ကိုလည်း သင်္ဂဟအထောက်ပြ၍ ထင်ရှားအောင် ဖြေဆိုပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း॥ ॥ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ အခြားသောစိတ်တို့နှင့် မဆက်ဆံသော တရား၏အစွမ်းအားဖြင့် စိတ်ကိုမှတ်လိုသောကြောင့် "ဒေါမနဿ သဟဂတံ"ဟုလည်းကောင်း၊

ဒေါသ-ပဋိဃ ၂-ပါးတို့ စင်စစ်အတူတကွ ဖြစ်သည်ကို ပြလိုသောကြောင့် "ပဋိဃ သမ္ပယုတ္တံ"ဟု လည်းကောင်း ပြဆိုသည်။

ဒေါမနဿ သဟဂတဿ ဝေဒနာဝသေန အဘေဒေပိ အသာဓာရဏဓမ္မဝသေန စိတ္တဿ ဥပလက္ခဏတ္ထံ ဒေါမနဿဂ္ဂဟဏံ။

ပဋိဃသမ္ပယုတ္တဘာဝေါ ပန ဉဘိန္န ဧကန္တ သဟစာရိတာ ဒဿနတ္ထံ ဝုတ္တောတိ ဒဋ္ဌဗ္ဗံ။

(ဋီ)

### သောဘနအမည်

စိတ်သည် အာရုံကိုသိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာ ဖြစ်သည်၊ "စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့်ဒွိက်၊ စေတသိက်"ဟူ၍ ဆိုသည့်အတိုင်း စိတ်၌မှီတွယ်၍ဖြစ်သော စေတသိက်တို့၏ ခြယ်လှယ်မှုကြောင့်သာ နာမည်အမျိုးမျိုးရသည်။

အလောဘ အစရှိသော အပြစ်ကင်းသော ဟိတ်တို့နှင့် ယှဉ်သည့်အတွက် တင့်တယ်ကောင်းမြတ်သော ဂုဏ်ကို ဆောင်နိုင်ခြင်းကြောင့် သောဘနအမည်ကို ရသည်။

ထို့ကြောင့် သောဘနဟူသောအမည်သည် ယှဉ်ဘက် အလောဘ အစရှိသော အပြစ်ကင်းသော စေတသိက်တို့၏ အမည်သာ ဖြစ်သည်။

၂။ အသောဘနစိတ်နှင့်ယှဉ်ခိုက် သောဘနစိတ်မှတစ်ပါး အသောဘနစိတ်နှင့် တူသည်၏အဖြစ်, သောဘနစိတ်နှင့်ယှဉ်ခိုက် အသောဘနစိတ်မှတစ်ပါး သောဘနစိတ်နှင့်တူသည်အဖြစ်ကြောင့် အညသမာန်းမည်၏။

(က) ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅–ပါး။

(ခ) မရှိ။

(ဂ) သဗ္ဗစိတ္တသာဓာရဏ ၇–ပါး။

(ဃ) ကြွင်းသော ဆန္ဒ, အကုသိုလ်စေတသိက် ၁၄–ပါး၊ သောဘန ၂၅–ပါး ပေါင်း ၄၀–ပါး။

၃။ **ပဋိသန္ဓေ–** စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့် ပဋိသန္ဓေစိတ်သည် ဒွါရဝိမုတ် အမည်ရသည်။

**ဘဝင်–** မိမိကိုယ်တိုင်က မနောဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်သောကြောင့် လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံမှ အခြားသောအာရုံကို ယူတတ်သည်၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် လည်းကောင်း ဘဝင်စိတ်သည် ဒွါရဝိမုတ် အမည်ရသည်။

**စုတိ–** စက္ခု စသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံမှ အခြားသောအာရုံကို ယူသည်၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်လည်းကောင်း စုတိစိတ်သည် ဒွါရဝိမုတ် အမည်ရသည်။

စက္ခာဒိဒွါရေသု အပဝတ္တနတော (ပဋိသန္ဓိ, စုတိ အတွက်)
မနောဒွါရသ္မိံပိ ဘဝင်္ဂတော (ဘဝင်အတွက်)
အာရမ္မဏန္တရဂ္ဂဟဏဝသေန အပဝတ္တိတော စ (ဘဝင်, စုတိ အတွက်)
ပဋိသန္ဓာဒိဝသေန ပဝတ္တာနိ ဧကူနဝီသတိ ဒွါရဝိမုတ္တာနိ။ (ဋီ)

**ဘဝင်္ဂရ–** အခြားမဲ့ လွန်လေပြီးသော အတီတာနန္တရ ဘဝသည် ဘဝင်္ဂရ မည်၏။

**ဆဒွါရဂ္ဂဟိတ–** ၆–ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူတတ်သောအာရုံသည် ဆဒွါရဂ္ဂဟိတ မည်၏။

"ယေဘုယျေန ဘဝင်္ဂရေ ဆဒွါရဂ္ဂဟိတ"န္တိ ဗာဟုလ္လေန အတီတာနန္တရဘဝေ မရဏာသန္နပဝတ္တ ဆဒွါရိက ဇဝနေဟိ ဂဟိတံ။ (ဋီ)

၄။ အဝေးမှ မပီမသကြားရသော အာရုံသည် ဒုဗ္ဗလသဒ္ဒါရုံမျိုးဖြစ်၍ အနည်းဆုံး အတီတဘဝင် နှစ်ကြိမ်, သုံးကြိမ် လွန်ပြီးမှ ထင်ခြင်းသို့ ရောက်နိုင်သည်၊ အတီတဘဝင် နှစ်ကြိမ်, သုံးကြိမ်လွန်ကလည်း တဒါရုံ မဖြစ်လောက်သောကြောင့် တဒါရုံ ဖြစ်ခွင့်မရှိပါ။

**အထောက်**။ ။ ယာဝ တဒါရမ္မဏုပ္ပါဒါ ပန အပ္ပဟောန္တာတီတက မာပါထမာဂတံ အာရမ္မဏံ မဟန္တံ နာမ၊ တတ္ထ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။

ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသုစာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ–နှင့် အညီ အရဟံဂုဏ်တော်သည် အပ္ပနာသို့ မရောက်စေနိုင်၊ ဥပစာရဘာဝနာလောက်သာ ပြည့်စုံနိုင်၏၊ ဥပစာရဘာဝနာဟူသည်လည်း "ကာမာဝစရသမာဓိသ္မိံ တာ ဥပစာရဘာဝနာ" ဟူသည်နှင့်အညီ ကာမဇော ဖြစ်သည်၊ ကာမဇောဖြစ်လျှင် တဒါရုံ ကျနိုင်ခွင့်ရှိသည်၊ ထိုသို့ဖြစ်ရာ၌လည်း အရဟံဂုဏ်တော်သည် အတိက္ကန္တာရုံမျိုး ဖြစ်၍ "အတိက္ကန္တေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ" ဟူသည်နှင့်အညီ သောမနဿတဒါရုံမျိုး

သာ ဖြစ်ခွင့်ရှိသည်။

၅။ ပထမဇောစေတနာမှန်သမျှသည် ဒိဋ္ဌဓမ္မအကျိုးကို မပေးစွမ်းနိုင်ပါ၊ ဆန့်ကျင်ဘက်တရားတို့သည် မလွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ အကြောင်းထူးကြောင့် ရအပ်သောသတ္တိထူးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အားရှိသည်၏ အဖြစ်သို့ ရောက်သော လွန်ကဲသော သတ္တိရှိသော ပထမဇော စေတနာသည်သာလျှင် ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သည်။

ပဋိပက္ခေဟိ အနဘိဘူတတာယ ပစ္စယဝိသေသေန ပဋိလဒ္ဓ ဝိသေသတာယ စ ဗလဝဘာဝပ္ပတ္တာ တာဒိသဿ ပုဗ္ဗာဘိသင်္ခါရဿ ဝသေန သာတိသယာ ဟုတွာ တသ္မိံ ယေဝ အတ္တဘာဝေ ဖလဒါယိနီ ပထမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယံ နာမ။ (ဋီ)

၆။ ၇။ ထင်ရှားပြီ။ ၊၊

၈။ ဗုဒ္ဓါနုဿတိ စသော ၈–ပါး၊
သညာ, ဝဝတ္ထာန် ၂–ပါး၊
ဝိညာ, နေဝါ ၂–ပါး၊
ပေါင်း ၁၂–ပါး။
ထိုကမ္မဋ္ဌာန်းတို့၌ နိမိတ် ၃–ပါးလုံး မရထိုက်ပါ။

ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘကောဋ္ဌာသ အာနာပါနေသွေဝ လဗ္ဘတိ၊ အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိက မာရမ္မဏ မာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုကမုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဥ္စ သမာဓိယတိ ဥပစာရော စ သမ္ပဇ္ဇတိ –ကိုထောက်၍

ပဋိဘာဂနိမိတ်ဟူသည် စီးဖြန်းကာစ မူလအာရုံနှင့်တူသော အာရုံတစ်မျိုးတည်း၊ ဘုရားဂုဏ် စသည်တို့ကား စီးဖြန်းခါစနှင့် ဘာဝနာအသားကျရာ နောက်အခါဝယ် တစ်မျိုးတစ်ဖုံ ကွဲပြား

၍ ထင်လာတော့သည် မဟုတ်၊ ထိုကြောင့် ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ၁၈–ပါးတို့၌ ပဋိဘာဂ နိမိတ်ကို မရနိုင်။

ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါန ဤ ၂၂–ပါးတို့၌သာ ပဋိဘာဂ နိမိတ် ရကောင်းသည်။

* * * * *

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ (က) ၌ ပေယျာလကို ဆိုရိုးကျ ဖော်ပြ၍၊ (ခ) ၌ ပုဒ်တို့ကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

(က) ထို ကုသလတိက်သည်လည်း ။လ။ အားဖြင့် လေးပါး အပြားရှိ၏။

(ခ) ကုသလမူလကာ၊ ကေမူလ မူလကာ၊ အညမညမူလ မူလကာ။

၂။ သင်္ဂဟကျမ်း၌ စိတ္တဇရုပ် ပန္နရသဟု ဆိုပါလျက် ကုသလပဒ မူလနယ ကေမူလယမက ဝယ် အဘယ့်ကြောင့် စိတ္တဇရုပ် သတ္တရသဟု ကောက်ရပါသနည်း။

၃။ အောက်ပါ (က) (ခ) တို့ကို ဝိဘင်းထုတ်၍၊ (က) ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကိုသာ ဆိုရိုးကျ ကောက်ပြခဲ့ပါ။

(က) ယေ ကေစိ နာမာ ဓမ္မာ၊ သဗ္ဗေ တေ နာမမူလကာတိ။

(ခ) ယေ ဝါ ပန နာမမူလကာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ။

၄။ ရူပံ ရူပက္ခန္ဓော ၌ တဏှာ၏အာရုံဖြစ်သော တရားနှင့် တဏှာ၏ အာရုံဖြစ်ထိုက်သော

တရားတို့ကို ဖော်ပြ၍၊ ခန္ဓယမက ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝါရ ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓမူလိ၌ အနုလောမဝိဘင်းကိုသာ ထုတ်ပြခဲ့ပါ။

၅။ အောက်ပါတို့ကို ဝိဘင်းထုတ်၍၊ ပဋိလောမပုဒ်အရကိုသာ ကောက်ပြခဲ့ပါ။

ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ။

ယဿ ဝါ ပန ယတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိဿတိ၊ တဿ တတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇိဿတီတိ

၆။ အောက်ပါ (က) (ခ) တို့ကို ဝိဘင်းထုတ်၍၊ (က) ကိုသာ အရကောက်ပြခဲ့ပါ။

(က) ရသော ရသာယတနန္တိ။

(ခ) ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ ရူပါယတနံ ဥပ္ပဇ္ဇတီတိ။

ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

၇။ အောက်ပါ (က) ကို ဝိဘင်းထုတ်၍ အရကောက်ပြီးလျှင်၊ (ခ) (ဂ) တို့ကို ဝိဘင်းမျှသာ ထုတ်ခဲ့ပါ။

(က) မနော မနောဓာတူတိ။

(ခ) ဒုက္ခသစ္စံ ဒုက္ခန္တိ။

(ဂ) ယဿ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ။

၈။ ယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ ၌ ဝိဘင်းထုတ်၍ အရကောက်ပြီးလျှင်၊ ဥပ္ပါဒပစ္စုပ္ပန္န ပုဂ္ဂလဝါရ သမုဒယသစ္စမူ မဂ္ဂသစ္စမူလိ ပစ္စနိက်ကိုလည်း ဝိဘင်းမျှသာ ထုတ်ခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

### အဖြေလွှာ

၁။ (က) ပေယျာလ ထင်ရှားပြီ။ (နှာ- ၇)

(ခ) ကုသလမူလ မူလကာ- ကုသိုလ်မူလဟု ဆိုအပ်သော မူလရှိကုန်သလော။
ဧကမူလ မူလကာ- တူသောမူလဟု ဆိုအပ်သော မူလရှိကုန်သလော။
အညမညမူလမူလကာ- တစ်ပါးသည် တစ်ပါး၏မူလဟု ဆိုအပ်သော မူလရှိကုန်သလော။

၂။ ဥပစယ, သန္တတိတို့ကို ထည့်ထားသောကြောင့် စိတ္တဇရုပ် သတ္တရသဟု ကောက်သည်။

၃။ (က) အဟေတုကံ နာမံ န နာမမူလကံ၊ သဟေတုကံ နာမံ နာမမူလကံ။

(ခ) နာမသမုဋ္ဌာနံ ရူပံ နာမမူလကံ န နာမံ၊ နာမံ နာမမူလကဉ္စေဝ နာမဉ္စ။
(အရကောက် ထင်ရှားပြီ။) (နှာ- ၃၆)

၄။ **တဏှာ၏အာရုံဖြစ်သောတရား**

တဏှာ၏အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ်, သာတရုပ်။

**တဏှာ၏ အာရုံဖြစ်ထိုက်သောတရား**

တဏှာ၏အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သာ လောကီစိတ် ဧကာသီတိ၊ စေတသိက် ဒွေပညာသဟု ဆိုအပ်သော ပိယရုပ် သာတရုပ်။

## ဝိဘင်း

အသညသတ္တံ ဥပပဒ္ဓန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။

ပဉ္စဝေါကာရေ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတိ။

၅။ ထင်ရှားပြီ။ (နှာ– ၇၇)

၆။ (က) ထင်ရှားပြီ။ (နှာ– ၁၁၃)

(ခ) ထင်ရှားပြီ။ (နှာ– ၁၂၂)

၇။ (က) မနောဓာတုံ ဠပေတွာ အဝသေသာ မနော န မနောဓာတု၊ မနောဓာတု မနော စေဝ မနောဓာတု စ။

**အရကောက်–** မနောဓာတ် ၃–ခုမှတစ်ပါး စိတ် ၈၆–ခုရ၏။ မနောဓာတ် ၃–ခုလည်း ရ၏။ သံသယကား နောက်သာရ၏။ (နှာ– ၂၀၄)

(ခ) ထင်ရှားပြီ။ (နှာ– ၂၀၉)

(ဂ) နော။ (နှာ– ၂၁၈)

၈။ ဝိဘင်း အရကောက် ထင်ရှားပြီ။ (နှာ – ၂၁၉)

* * * * *

# ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါတရားတို့ကို အသီးသီးကောက်ပြခဲ့ပါ။

(က) အာစယမည်သောတရား၊

(ခ) အပစယမည်သောတရား၊

(ဂ) သပ္ပဋိဃသာမည်၍ သနိဒဿန မမည်သောတရား၊

(ဃ) သနိဒဿန သပ္ပဋိဃ နှစ်ပါးစုံ မမည်သောတရား၊

၂။ ဥပါဒိန္နတိက် ပထမပုဒ်၌ သုခုမရုပ် ကိုးခု၊ တစ်ဆယ့်တစ်ခုကောက်ယူရခြင်း အကြောင်းကို ရှင်းပြ၍၊ ဥပ္ပန္နတိက်၌ ပြီးပြီးသော အကြောင်းတစ်စိတ် ရှိပုံကိုလည်း ဖော်ပြခဲ့ပါ။

၃။ ဟေတုဂေါစ္ဆက၌ ဟေတုဓာ၏သရုပ်နှင့် ဤ၌ လိုအပ်သော ဟေတုကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင်၊ ယောဂ ယောဂနိယဒုက်၌ မပါဝင်သောတရားနှင့် ယောဂ ယောဂသမ္ပယုတ္တဒုက်၌ မပါဝင်သော တရားများကိုလည်း ခွဲခြားကောက်ပြခဲ့ပါ။

၄။ အာသဝနှင့်မယှဉ်သော (က) အာသဝဓမ္မ (ခ) သာသဝဓမ္မတို့ကို ကောက်ပြ၍၊ (ခ) အရ တရား၏သစ္စာကိုသာ ဖော်ပြခဲ့ပါ။

၅။ အောက်ပါပုဂ္ဂိုလ်တို့အား သုတ္တန္တမာတိကာအရ ဖြစ်နိုင်သောတရားများကို အသီးသီး ကောက်ပြခဲ့ပါ။

(က) ဣန္ဒြေ ၆-ပါးတို့ကို စောင့်စည်းသောပုဂ္ဂိုလ်၊

(ခ) ဣန္ဒြေ ၆-ပါးတို့ကို မစောင့်စည်းသောပုဂ္ဂိုလ်၊

(ဂ) သတိမေ့လျော့တတ်သော ပုဂ္ဂိုလ်။

၆။ ဒုတိယနယနိဒ္ဒေသ၌ စိတ္တာ ဓမ္မာ, စေတသိကာ ဓမ္မာဟု ဟောသင့် မဟောသင့် အကြောင်း

ပြ၍ ဖြေဆိုပြီးလျှင်၊ တတိယနယဉ် နိဗ္ဗာန်ကိုသာ ယေ စွဲရသော ဟောပုဒ်ကိုလည်း ပုစ္ဆာ ဝိသဇ္ဇနာ ပြည့်စုံစွာ ထုတ်ခဲ့ပါ။

၇။ တတိယနယ, ပဉ္စမနယတို့၌ မပါဝင်နိုင်သော ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ထုတ်ပြ၍၊ အောက်ပါ ပါဠိတော်ကို ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ။

ဧကေဝါကာရ ဘဝေ ဧကေန ခန္ဓေန ဒွိဟာယတနေဟိ ဒွိဟိဓာတူဟိ သင်္ဂဟိတော။

၈။ ဒသမနယ နိဒ္ဒေသ၏ အကျဉ်းဥဒါန်းစဉ် ဂါထာကို ပါဠိမျှသာ ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၈ (၁၉၇၇) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ (က) စုတိ, ပဋိသန္ဓေ။

(ခ) နိဗ္ဗာန်။

(ဂ) ရူပါရုံကြဉ်သော ဩဠာရိကရုပ် ကောဒသ။

(ဃ) စိတ်– ၈၉၊ စေ– ၅၂၊ သုခုမရုပ်– ၁၆၊ နိဗ္ဗာန်။

၂။ **သုခုမရုပ် ကိုးခု၊ တစ်ဆယ့်တစ်ခု–** သုခုမရုပ်သည် ၁၆–ခု ရှိသော်လည်း ဝိညတ်ဒွေ လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာတို့ ကမ္မဇရုပ်တွင် မပါဝင်၍ သုခုမ (ကမ္မဇ)ရုပ်သည် ၉–ခုမျှ သာဖြစ်သည်။

၄င်းသုခုမရုပ် ၉–ခုတွင် ကမ္မဇရုပ်တို့၏ ဌီ, ဘင် ဖြစ်၍ မကင်းသင့်သော ဇရတာနှင့် အနိစ္စ

တာကို ထည့်သွင်းလျှင် သုခုမရုပ် ၁၁–ခု ရ၏။

**ပြီးပြီးသော အကြောင်းတစ်စိတ်–** အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်ကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် မြဲသောအားဖြင့် ဝိပါက် ကဋတ္တာရုပ်တို့၌ ဖြစ်ကုန်လတ္တံ့၊ ထိုကြောင့် တစ်စိတ်အားဖြင့် ပြီးသောအကြောင်းရှိသည် မည်ကုန်၏၊ အကြောင်းသာပြီး၍ အကျိုးမပြီးသေးသဖြင့် မပြီးသောကြောင့် တစ်စိတ်အားဖြင့် ပြီးသောအကြောင်း ရှိကုန်၏။

၃။ ဟေတု ဟေတု, ဥတ္တမဟေတု, ပစ္စယဟေတု, သာဓာရဏဟေတု အားဖြင့် ၄–ပါး။

အရင်းခံမူလဖြစ်သော ဟိတ် ၆–ပါးကို ရည်ရွယ်၍ ဟောသောကြောင့် ဤ၌ ဟေတု ဟေတုကို လိုအပ်သည်။

(ဒုက်မှတ်များကို ထုတ်ပါ။)

၄။ (က) ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ။

(ခ) လောကီကုသိုလ် သတ္တရသ, လောကီဝိပါက် ဗာတ္တိံသ, ကြိယာ ဝီသ, စေတသိက် အဋ္ဌတ္တိံသ, ဒေါသမူဒွေ, မောဟမူဒွေ၌ မောဟ, ရုပ်– ၂၈။

သစ္စာကား ဒုက္ခသစ္စာ ဖြစ်သည်။

၅။ ထင်ရှားပြီ။

၆။ ဒုတိယနယ နိဒ္ဒေသ၌ ခန္ဓာတူ အာယတနကွဲ ဓာတ်ကွဲသော ရုပ်တစ်စိတ်ရသော ပုဒ်မျိုးနှင့် ခန္ဓာ, အာယတနတူ ဓာတ်ကွဲသော စိတ်တစ်စိတ်ရသောပုဒ်မျိုးကိုသာ ဟောသည်၊ စိတ္တာ ဓမ္မာ စေတသိကာ ဓမ္မာဟု ဟောလျှင် ခန္ဓာ အာယတန ဓာတ် သုံးမျိုးလုံး ကွဲသောကြောင့် မဟောသင့်ပါ။

စိတ္တသဟဘူဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ အာယတနသင်္ဂဟေန

အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ။

တေ ဓမ္မာ ကတိဟိ အသင်္ဂဟိတာ၊ တေ ဓမ္မာ န ကေဟိစိ ခန္ဓေဟိ ဧကေနာယတနေန ဧကောယ ဓာတုယာ သင်္ဂဟိတာ။

၇။ **တတိယနယ–** ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဥပပတ္တိဘဝ။
**ပဉ္စမနယ–** ဥပပတ္တိဘဝ, ကာမဘဝ, ရူပဘဝ, သညီဘဝ, ပဉ္စဝေါကာရဘဝ။
(အနက်ထင်ရှားပြီ။)

၈။ ထင်ရှားပြီ။

❦ ❦ ❦ ❦

## ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ဓမ္မာတိကာဘာသာ

မေးခွန်းလွှာ

၁။ ပါတိမောက္ခ ဥဒ္ဒိသေယျဉ် ဥဒ္ဒိသေယျ–အရ ဘုရားကိုလည်းကောင်း, သံဃာကိုလည်းကောင်း တစ်မျိုးမျိုးကို ယူခဲ့ပါလျှင် ပါတိမောက္ခအရ ယူရမည့် ပါတိမောက်ကို ဖော်ပြ၍၊ သိမ်၏ တိဝိဓသမ္ပတ္တိအရကိုလည်း ထုတ်ပြခဲ့ပါ။

၂။ ကုသာဝဟာရဖြင့် ခိုးယူခြင်းမျိုး၌ အကယ်၍ မိမိခိုးလိုသောစိတ်ဖြင့် လဲလှယ်၍ယူခဲ့သော စာရေးတံမဲပစ္စည်းသည် မိမိ၏စာရေးတံမဲပစ္စည်းထက် တန်ဖိုးနည်းပါမူ ပါရာဇိကသို့ ရောက်, မရောက် ဆုံးဖြတ်၍၊ ပါရာဇိကသို့ ကျရောက်ခဲ့သော် အဘယ်အချိန်အခါတွင် ကျရောက်မည်ကိုလည်း ဖြေဆိုခဲ့ပါ။

၃။ ယခုကာလ ဆောက်လုပ်ထားသော ရေနံ့သုတ်သစ်သားကျောင်းတို့၌ ကုဋိကာရသိက္ခာပုဒ်ဖြင့် ပြုကျင့်ဖွယ် လို, မလို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ကုလဒူသကသိက္ခာပုဒ်၌ နဂရံဝါ–ဟု မဆိုခြင်း၏ အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ပထမ ကထိနသိက္ခာပုဒ်နှင့် တတိယ ကထိနသိက္ခာပုဒ် နှစ်ခုတို့၏အထူးကို ဖော်ပြ၍၊ စီဝရကာလနှင့် အကာလစီဝရတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

၅။ သပ္ပါဏကဝဂ် ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၆။ ဘိက္ခုနီသံဃာဒိသေသ် တေရသမသိက္ခာပုဒ်လာ သံသဋ္ဌဘိက္ခုနီမတို့အား အခြားသော ဘိက္ခုနီမတို့က တိုက်တွန်းပုံပြ စကားရပ်တို့ကို ပြည့်စုံစွာအနက်ယောဇနာခဲ့ပါ။

၇။ ရေသနုပ်သက်န်း၏အလျား, အနံ့ပမာဏကို ပကတိပုရိသတို့၏ အတိုင်းအတာဖြင့် ဖော်ပြ၍၊ အာရာမနှင့် ဥယျာနတို့၏အထူးကိုလည်း ဖြေဆိုခဲ့ပါ။

၈။ "ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ"၌ ဆ–သချာ၏ သချေယျကို ဖော်ပြ၍၊ တလအရပ်နှင့် သမ္ဗာဓအရပ်များကိုလည်း ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ ဘုရားကိုယူလျှင် ဩဝါဒပါတိမောက်။

သံဃာကိုယူလျှင် အာဏာပါတိမောက်။

## တိဝိဓသမ္ပတ္တိ

နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိအားဖြင့် ၃-ပါး။

တိဝိဓသမ္ပတ္တိယုတ္တာတိ နိမိတ္တသမ္ပတ္တိယာ ပရိသာသမ္ပတ္တိယာ ကမ္မဝါစာသမ္ပတ္တိယာ ယုတ္တာ။ (ကင်္ခါ)

၂။ ပါရာဇိကသို့ ရောက်ပါသည်။

မိမိအတွက် စာရေးတံမဲကို ပထမယူမှု ယူရာ၌လည်းကောင်း, ချရာ၌လည်းကောင်း အာပတ်မသင့်သေး။

သူတစ်ပါးအတွက် စာရေးတံမဲကို ယူရာ၌ ကြွကာမျှဖြင့် ပါရာဇိကကျ၏။

သူတစ်ပါးအတွက် စာရေးတံမဲကို ပထမယူမှု ယူရာ၌လည်းကောင်း, ချရာ၌လည်းကောင်း, မိမိအတွက် စာရေးတံမဲ ကောက်ယူရာ၌လည်းကောင်း အာပတ်မသင့်သေး။

သူတစ်ပါးအဖို့၌ချလျှင် လက်မှလွတ်ကာမျှဖြင့် ပါရာဇိက ကျသည်။

၃။ ဥလ္လိတ္တ, အဝလိတ္တ, ဥလ္လိတ္တာဝလိတ္တ ကုဋီမျိုးမဟုတ်သောကြောင့် ပြုကျင့်ဖွယ် မလိုပါ။

ဂါမ-၌ နဂရကို သွင်းယူနိုင်သောကြောင့် နဂရံ ဝါ-ဟု သီးခြား မဆိုပါ။

၄။ **အထူး**

ပထမ ကထိနသိက္ခာပုဒ်၌ ၁၀–ရက်လွန်လျှင် အာပတ်သင့်သည်။

တတိယ ကထိနသိက္ခာပုဒ်၌ တစ်လလွန်လျှင် အာပတ်သင့်သည်။

ဤသို့ ထူးသည်။

ကေဝလံ ဟိ တတ္ထ ဒသာဟာတိက္ကမော၊ ဣဓ မာသာတိက္ကမောတိ အယံ ဝိသေသော။

(ကခီ)

**စီဝရကာလ**

ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လ။

ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့အထိ ၅–လသည် စီဝရကာလမည်၏။

**အကာလစီဝရ**

ကထိန်မခင်းလျှင် တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ၁၁–လ။

ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် ၁–ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ၇–လသည် အကာလစီဝရ မည်၏။

၅။ ၆။ ထင်ရှားပြီ။

၇။ အလျား ၉–တောင်၊ အနံ ၄–တောင့် ၁–ထွာ။

**အာရာမ ဉယျာန**

လူအများတို့၏ ပျော်မွေ့ဖို့ရန် ပြုလုပ်ထားသော အရံ (ခြံ) ကို အာရာမဟု ခေါ်၏။

လူအများတို့ ပျော်မွေ့ဖို့ရန် အထူးပြုလုပ်အပ်သော သစ်သီးပန်း ဥယျာဉ်ကို ဥယျာန–ဟု ခေါ်သည်။

၈။ **ဆ သရုပ်**

ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇန သိက္ခာပုဒ်။

**တလ–** ပဿာဝမဂ်အပြင်သည် တလမည်၏။

မုတ္တကရဏဿ တလ ဃာတကေ။ (ကခ်ီ)

လက်ကတီးကြား, ပဿာဝမဂ်အပြင်သည် သမ္ဘာဓ။

သမ္ဘာဓေတိ ပဋိစ္ဆန္နောကာသေ၊ ဥပကစ္ဆကေသု စ မုတ္တကရဏေစာတိ အတ္ထော။ (ကခ်ီ)

* * * * *

## ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါတို့တွင် (က) ကို ပုဒ်ဖြတ်၍၊ (ခ)ကို ပုဒ်စပ်ပြီးလျှင်၊ (ဂ)ကို ရူပသိဒ္ဓိအလိုကျ သန္ဓိရုပ်ကျဉ်းတွက်ပြခဲ့ပါ။

(က) ဝမောဒုဒန္တာနံ၊ ဧတိမာသံ၊ သယေ စ။

(ခ) ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ ယံယဒေဝ၊ သံယာစိကာယ။

(ဂ) သာရတ္တော။

၂။ သေသတော လောပံ ဂသိပိ သုတ်လာ သေသ၏အပါဒ်နိသုတ်တို့ကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင်၊ ဂစ္ဆတိ ကို နာမ်ရုပ်, အာချာတ်ရုပ် အကျဉ်းနှစ်မျိုး တွက်ပြခဲ့ပါ။

၃။ ပိတာဒီန မသိမ္ဟိ–သုတ်၌ အသိမ္ဟိဟု ဆိုရခြင်းကို ပြယုဂ်နှင့်တကွ ဖော်ပြ၍၊ ပိတုသဒ္ဒါကိုလည်း နာ, သ, သ္မိ ဝိဘတ်တို့ဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

၄။ သုဒ္ဓကတ္တားနှင့် ဟေတုကတ္တားတို့၏ ခြားနားချက်ကို ပြယုဂ်ထုတ်၍ ရှင်းပြပြီးလျှင်၊ အောက်ပါတို့သည် မည်သည့်အနက်၌ မည်သည့်ဝိဘတ် သက်ထားသည်ကို ဆိုင်ရာသုတ်နှင့်ယှဉ်တွဲဖော်ပြခဲ့ပါ။

ရာဇိနော၊ အဂ္ဂိနော၊ ဂုဏဝတိ၊ ပထေသု ဂစ္ဆန္တိ။

၅။ ဥဘော တပ္ပုရိသာ–သုတ်၌ တပ္ပုရိသဒ္ဒါနှင့်တူပုံကို ရူပသိဒ္ဓိနှင့်အညီ ဖြေဆို၍၊ အောက်ပါတို့ကိုလည်း ဝိဂ္ဂြဟ်ခင်း၍ သမာသ်အမည် ပေးခဲ့ပါ။

စတုဒ္ဒိသော၊ ဂေါဝိန္ဒော၊ သဋ္ဌာယတနံ၊ သောတာပန္နော။

၆။ မာယူန မာဂမော ဌာနေသုတ်ကို ဝုတ္တိ, ဥဒါဟရဏ်ဆုံးအောင် ပါဠိသက်သက်ရေး၍၊ အောက်ပါတို့ကိုလည်း ဝိဂ္ဂဟနှင့်တကွ ပဒ, အတ္ထ, ပစ္စယ ခွဲပြခဲ့ပါ။

ကနိဋ္ဌော၊ မေဓိယော၊ ဘာဏုမာ၊ နေပုညံ။

၇။ အောက်ပါတို့တွင် (က) ကို ဓာတ်, ဝိဘတ်၊ (ခ) ကို ဓာတ်, ပစ္စည်းခွဲပြ၍၊ ကိတ်ကျမ်း တတိယပိုင်း အဆုံးသုတ်၏ ဝုတ္တိကိုသာ အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

(က) အဇ္ဈော့စ္ဆိ၊ ဣစ္ဆတေ၊ ကာဟသိ။

(ခ) ပရိဋ္ဌာဟော၊ မလ္လံ။

၈။ ကေသေသနှစ်မျိုးကို ပြယုဂ်ထုတ်၍ ရှင်းပြပြီးလျှင်၊ အောက်ပါပေယျာလကိုလည်း ပုဒ်စစ်ကျမ်းလာအတိုင်း ဆိုရိုးကျ ရေးခဲ့ပါ။

# ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ॥ ကစ္စည်းသဒ္ဒါဘာသာ
## အဖြေလွှာ

၁။ (က) ဝံ + ဩ + ဥ + အန္တာနံ။

ဓေတာ + က္လမာသံ။

သဟ + ယေ စ။

(ခ) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ယညဒေဝ။ သညာစိကာယ။

(ဂ) သံ+ရတ္တော္ဟု ပုဒ်ဖြတ်၊ ဗျဥ္ဇနေ စ ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ ဒုတိယပိုင်း ဒီဃံ ဖြင့် ရ–အက္ခရာကြောင့် သံ ဥပသာရ၏ အဆုံး အ–ကို အာ ဒီဃ ပြု၊ သာရတ္တော ပြီး၏။

၂။ သိ, သော, သျာ စ, သခတော ဂသေ ဝါ, ဃတေ စ စသောသုတ်တို့ ဖြစ်သည်။

သိ သော သျာ စ, သခတော ဂသေဝါ ဃတေစာတိ ဝေမာဒီဟိ နိဒ္ဒိဋ္ဌေဟိ အညော သေ သောနာမ။

**နာမ်ရုပ်–** ဂစ္ဆတိ ဂစ္ဆန္တေ တည်၊ သိမ် သက်၊ သေသေသုန္တုဝ ဖြင့် န္တု ငဲ့၊ တောတိတာ သ သ္မိံ နာသု ဖြင့် ဝိဘတ်နှင့်တကွ တိ ပြု၊ ပြီး၏။

**အာချာတ်ရုပ်–** ဂမု–ဂတိမှ ဓာတ်အမည်မှည့်၊ ဓာတွန်ချေ၊ တိ သက်၊ ဘူဝါဒိတော အ ဖြင့် အ ပစ္စည်းသက်၊ ဂမိဿန္တော စ္ဆော ဝါ သဗ္ဗာသု ဖြင့် စ္ဆ–ပြု၊ စ္ဆ–ကပ်၊ ပြီး၏။

၃။ မာတိတော, ပိတိတော, ဒုဟိတိတော စသည်တို့၌ တော ပစ္စည်းကြောင့် ဉ–ကို က္လ–ပြုရခြင်း အကျိုးရှိသည်။

**ပဒမာလာ**

**နာ–** ပိတုနာ၊ ပိတရာ။

**သ–** ပိတု, ပိတုနော, ပိတုဿ။

**သ္မိ–** ပိတရိ။

၄။ အဟိနာ ဒဋ္ဌော နရော ၌ အဟိနာသည် ကိုယ်တိုင်ကိုက်ခြင်း ကြိယာကို ပြီးစေတတ်သည် ဖြစ်၍ ဟိတ်နှင့် မရောမယှက် သက်သက်သော သုဒ္ဓကတ္တားမည်၏။

သာမိကော ဒါသံ ကမ္မံ ကာရေတိ ၌ သာမိကောသည် အလုပ်လုပ်တတ်သော ကျွန် ဟူသော ကတ္တား တစ်ပါးကို ပြုစေတတ်, စေခိုင်းတတ်သည်ဖြစ်၍ ကျွန်၏ ပြုလုပ်ခြင်းကြိယာကို ပြီးစေခြင်း၏ အကြောင်းဖြစ်သောကြောင့် ဟေတုကတ္တားမည်၏။

**သုတ်, အနက်, ဝိဘတ်**

**ရာဇိနော–** သမ္ပဒါနေ စ ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီ သ ဝိဘတ်။

**အဂ္ဂိနာ–** ကရဏေ တတိယာဖြင့် ကရိုဏ်းအနက်၌ တတိယာ နာ ဝိဘတ်။

**ဂုဏဝတိ–** ဩကာသေသတ္တမီဖြင့် ဩကာသအနက်၌ သတ္တမီ သ္မိံ ဝိဘတ်။

**ပထေသု ဂစ္ဆန္တိ–** ကမ္မ ကရဏ နိမိတ္တတ္ထေသု သတ္တမီ ဖြင့် ကရိုဏ်းအနက်၌ သတ္တမီ သု ဝိဘတ်။

**မှတ်ချက်။** ။ ရာဇိနော, အဂ္ဂိနာ, ဂုဏဝတိ တို့၌ စပ်ဖို့ရာ တွဲဖက်ပုဒ် မပါခြင်းကြောင့် ဝတ္တိစ္ဆာ နုဗ္ဗိကာ သဒ္ဒပ္ပဝတ္တိဟူသည်နှင့်အညီ ဝတ္တိစ္ဆာအားဖြင့် အနက် ဝိဘတ် သုတ်တို့ကို ပြထားခြင်း ဖြစ်သည်။

၅။ တဿ ပုရိသော တပ္ပုရိသော (ထိုမင်း၏ အချင်းယောကျ်ား)ဟူရာ၌ တ–ဟူသော ရှေ့ပုဒ်

၏ အနက် မပြဌာန်း၊ ပုရိသော ဟူသော နောက်ပုဒ်၏ အနက်သာ ပြဌာန်းသည်။

ဤသို့ တပ္ပုရိသသဒ္ဒါသည် နောက်ပုဒ်အနက် ပြဌာန်းသကဲ့သို့ ကမ္မဓာရည်း, ဒိဂုသမာသ် တို့သည်လည်း နောက်ပုဒ်အနက်ပြဌာန်းခြင်းအားဖြင့် တပ္ပုရိသ သဒ္ဒါနှင့်တူကြသည်။

## ဝိဂြိုဟ်

**စတုဒ္ဒိသော–** စတဿော ဒိသာ ယဿ သောယံ စတုဒ္ဒိသော (ဗဟုဗ္ဗီဟိ)
**ဂေါဝိန္ဒော–** ဂေါဏာနံ ဣန္ဒော ဂေါဝိန္ဒော။ (တပ္ပုရိသ်)
**သဠာယတနံ–** ဆ အာယတနာနိ သဠာယတနံ။ (ဒိဂု)
**သောတာပန္နော–** သောတံ အာပန္နော သောတာပန္နော။ (တပ္ပုရိသ်)

၆။ ပါဠိထင်ရှားပြီ။
ဝိသေသေန ယုဝါတိ ကနိဋ္ဌော (ယုဝပုဒ် ဝိသေသအနက် ဣဋ္ဌ ပစ္စည်း)
ဝိသေသေန မေဓာဝီတိ မေဓိယော (မေဓာဝီပုဒ် ဝိသေသအနက် ဣယ ပစ္စည်း)
ဘာဂျ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ ဘာဂျမာ (ဘာဂျပုဒ် အဿတ္ထိ အနက် မန္တု ပစ္စည်း)
နိပုနဿ ဘာဝေါ နေပုညံ (နိပုနပုဒ် ဘာဝအနက် ဏျ ပစ္စည်း)

၇။ (က) အာပုဗ္ဗ–ကုသ+ဤ။
ယဇ+တေ။
ကရ+ဿတိ။
(ခ) ပရိပုဗ္ဗ–ဒဟ+ဏ။
မထ+လ ပစ္စည်း။

၈။ ပုဒ်စစ်ထင်ရှားပြီ။

**မှတ်ချက်။** ။ ပထမလတ်တန်း ပြဋ္ဌာန်းချက်၌ ကာရကအထိသာ ပါရှိသည်။

* * * * *

## ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ အကုသိုလ် သောမနဿဖြစ်ကြောင်းတရားများကို ဖော်ပြပြီးလျှင်၊ လောဘမူ၌ယှဉ်သော မောဟနှင့် မောဟမူ၌ယှဉ်သော မောဟတို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။

၂။ ဝေဒနာသည် အနုဘဝနဘေဒအားဖြင့် သုံးပါးပြားသည်ဖြစ်ပါလျက် ဣန္ဒြိယဘေဒအားဖြင့် ငါးပါးပြားရခြင်းအကြောင်းကို ဖော်ပြ၍၊ နိယတာ နိယတ နှစ်မည်ရသော စေတသိက်နှင့် ယှဉ်ရာစိတ်တို့ကိုလည်း ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၃။ သင်္ခတတရားချင်းတူညီပါလျက် အဘယ့်ကြောင့် စိတ်သက်မှာတို၍ ရုပ်သက်မှာ ရှည်ရသည်ကို ဌီကာလာအတိုင်း ရှင်းပြပြီးလျှင်၊ ဆတ္တိံ သတိ တထာ တိဏိ စသောဂါထာ၌ ဆတ္တိံ သ, တိဏိ, ဧကတ္တိံ သ, ဒသဓာ, နဝဓာ အရတို့ကိုလည်း အသီးသီးကောက်ပြခဲ့ပါ။

၄။ ကာမာဝစရကံတို့တွင် ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သောကံကို သင်္ဂဟပါဠိသာဓကပြ၍ ဖြေဆိုပြီးလျှင်၊ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ (က) ပဋိသန္ဓေအခါ အကျိုးပေးနိုင်သော စိတ္တုပ္ပါဒ်, ဘုံ၊ (ခ) ပဝတ္တိအခါ အကျိုးပေးနိုင်သော စိတ္တုပ္ပါဒ်, ဘုံ တို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ တတော ပရံ ဘဝင်္ဂပါတော ဝ ဟောတိ–ဟူသော စကားမျှကို မဆိုမူ၍ အပွနာဝသာနေ–ဟု ထပ်ဆင့်ဆိုရကြောင်းကို ရှင်းပြ၍၊ မိဿကသင်္ဂဟတွင် မပါဝင်နိုင်သော ပရမတ္ထတရားစုကို

လည်း စုံလင်စွာထုတ်ပြခဲ့ပါ။

၆။ အနိပ္ဖန္နရုပ်တို့၏ ဒွါသတ္တတိအရတွင် မပါဝင်နိုင်ခြင်း၏ အကြောင်းကို သင်္ဂဟပါဠိ အထောက်ပြ ဖြေဆိုပြ၍၊ အောက်ပါတို့ကိုလည်း အသီးသီးကောက်ပြခဲ့ပါ။

(က) အာသဝသာမည်၍ နီဝရဏမမည်သောတရား၊

(ခ) နီဝရဏသာမည်၍ အာသဝမမည်သောတရား၊

(ဂ) နှစ်ပါးစုံ မည်သောတရား၊

(ဃ) နှစ်ပါးစုံ မမည်သောတရား၊

၇။ ကြွန္ဒြိယ ပစ္စည်း၏ သရူပဘေဒပြပါဠ်ကို ပါဠိမှျ ရေးခဲ့ပါ။

၈။ ပဋိစ္စသမုပ္ပါဒနည်း၊ ပဋ္ဌာနနည်း နှစ်မျိုးတို့၏ အထူးပြ ပါဌ်ကိုသာ တိကျစွာ အနက်ယော ဇနာခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ **သောမနဿဖြစ်ကြောင်း**

၁။ သဘာဝ ပရိကပ္ပ ကြွဿာရုံဖြစ်ခြင်း၊

၂။ သောမနဿ ပဋိသန္ဓေနေခြင်း၊

၃။ မနက်နဲသောသဘောရှိခြင်း၊

**ထူးခြားဟန်**

လောဘမူစိတ်၌ ယှဉ်သောမောဟသည် လောဘဟူသော ယှဉ်ဘက်ဟိတ်တစ်ပါးရှိ၍

လွတ်လွတ်လပ်လပ် တွေဝေခွင့်မရ၊ တွေဝေရုံမျှသာ ဖြစ်၏။

မောဟမူဠ ယှဉ်သော မောဟကား ယှဉ်ဘက်ဟိတ်တစ်ပါးမှ မရှိ၍ လွတ်လွတ်လပ်လပ် အားဖြင့် အလွန်တွေဝေသည်၊ ဤသို့ ထူးသည်။

၂။ ကာယိကသာတ, မနသိကသာတ အပြားအားဖြင့် သုခ ၂-မျိုးပြားသောကြောင့်လည်းကောင်း၊ ကာယိကအသာတ, စေတသိကအသာတအားဖြင့် ဒုက္ခ ၂-မျိုးပြားသောကြောင့်လည်းကောင်း ဝေဒနာ ၃-ပါးက ၅-ပါးပြားရသည်။

နိယတာ နိယတအမည်ရသော ဝိရတီစေတသိက်နှင့်ယှဉ်ရာစိတ်ကား မဟာကုသိုလ်နှင့် လောကုတ္တရာ ဖြစ်သည်။

ထိုတွင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးသည် ဓ-ဒွါရ၌ဖြစ်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးသည် ဓ-ဒွါရ၌ဖြစ်၍ လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

လောကုတ္တရာစိတ်သည် မနောဒွါရ၌သာဖြစ်၍ နိဗ္ဗာန်ကို ဧကန် အာရုံပြုသည်။

၃။ နာမ်တရား၏အာရုံကို ယူမှုကိစ္စသည် စိတ္တက္ခဏတစ်ချက်ခန့်ကာလဖြင့် ပြီးသောကြောင့် နာမ်တရားသည် အချုပ်မြန်၏၊ ထို့ကြောင့် အသက်တိုသည်။

အာရုံအဖြစ်ဖြင့် အယူခံရသော ရုပ်တရား၏ ကိစ္စသည် စိတ္တက္ခဏ ၁၇-ချက်ခန့်ကြာမှ ပြီးသောကြောင့် ရုပ်တရားသည် ဖြည်းနှေးသောချုပ်ခြင်းရှိ၏၊ ထို့ကြောင့် အသက်ရှည်သည်။

အရူပံ လဟုပရိဏာမံ၊ ရူပံ ဂရုပရိဏာမံ၊ ဂါဟက ဂါဟေတဗ္ဗဘာဝသာ တံ တံ ခဏဝသေန နိပ္ဖန္နတော။

**ဆတ္တိံသ**

| | |
|---|---|
| ဒွေပဉ္စဝိညာဉ် | ၁၀–ပါး၊ |
| အပုညာဇော | ၂၆–ပါး၊ |
| ပေါင်း | ၃၆–ပါး။ |

**တိံသ**

| | |
|---|---|
| မနောဓာတ် | ၃–ခု။ |

**ကေတ္တိံသ**

| | |
|---|---|
| သောမနဿသန္တီရဏ | ၁–ခု၊ |
| ဝုဋ္ဌော | ၁–ခု၊ |
| ကာမဇော | ၂၉–ခု၊ |
| ပေါင်း | ၃၁–ခု။ |

**ဒသဓာ**

| | |
|---|---|
| ဥပေက္ခာသန္တီရဏ | ၂–ခု၊ |
| မဟာဝိပါက် | ၈–ခု၊ |
| ပေါင်း | ၁၀–ခု။ |

**နဝဓာ**

| | |
|---|---|
| မဟဂ္ဂုတ်ဝိပါက် | ၉–ခု။ |

၄။ ဥဒ္ဓစ္စ စေတနာသည် ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သည်။

**သာဓက။** ။ ဧတ္ထာ ကုသလကမ္မ မုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိ။ (ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။)

(က) မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ကာမသုဂတိ ၇–ဘုံ။

(ခ) မဟာဝိပါက် ၈–ခု စိတ္တုပ္ပါဒ်၊ အဟိတ်ကုသလဝိပါက် ၈–ခု စိတ္တုပ္ပါဒ် ပေါင်း ၁၆–ပါး၊ ကာမ ၁၁–ဘုံ၊ ရူပ ၁၅–ဘုံ။

၅။ "တတော ပရံ ဘဝင်္ဂပါတော ဝ ဟောတိ"ဟူသော စကားမျှကိုသာဆိုလျှင် လေးကြိမ်မြောက် ငါးကြိမ်မြောက် ဖြစ်သော အပ္ပနာနောင် ဘဝင်သာ ကျတော့သည်၊ မဂ်နောင် ဖိုလ်စိတ် မဖြစ်ဟုလည်းကောင်း၊ သမာပတ္တိဝီထိ၌ ဈာန်စိတ် ဖိုလ်စိတ်တို့ အဖန်တလဲလဲ မဖြစ်ဟုလည်းကောင်း မှတ်ယူမည်စိုးသောကြောင့် "အပ္ပနာ ဝသာနေ"ဟု ထပ်၍ဆိုသည်။

## မိဿကသင်္ဂဟတွင် မပါဝင်သော ပရမတ်

| | |
|---|---|
| သညာ, မနသိကာရ, အဓိမောက္ခဟူသော အညသမာန်းစေတသိက် | ၃–ပါး၊ |
| ဥဒ္ဓစ္စ, မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာဟူသော အကုသိုလ်စေတသိက် | ၈–ပါး၊ |
| တတြမဇ္ဈတ္တတာစသော သောဘနသာဓာရဏစေတသိက် | ၁၃–ပါး၊ |
| အပ္ပမညာစေတသိက် | ၂–ပါး၊ |
| ပေါင်း စေတသိက်ပရမတ် | ၂၆–ပါး။ |
| အနိန္ဒြိယရုပ်ဟူသော ရုပ်ပရမတ် | ၈–ပါး၊ |
| နိဗ္ဗာန်ပရမတ် | ၁–ပါး၊ |

၆။ "ဝတ္ထုဓမ္မာ သလက္ခဏာ" ကိုထောက်၍ မိမိတို့ ကိစ္စလက္ခဏာအားဖြင့် အထည်ကိုယ်ဒြပ် ရှိသော တရားများသာ ဒွါသတ္တတိအရတွင် ပါဝင်နိုင်သောကြောင့် လည်းကောင်း၊ "ဣတိ စ အဋ္ဌာရသ ဝိဓမ္ပေတံ ရူပံ သဘာဝ ရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ သမ္မသနရူပန္တိ စ" ၌ "သဘာဝရူပံ

သလက္ခဏရုပ် ရုပရုပ်” တို့ကို ထောက်၍ နိပ္ဖန္နရုပ်များသာ သဘောလက္ခဏာ ထင်ရှားရှိသော ရုပ်စစ်များဖြစ်၍ အနိပ္ဖန္နရုပ်များသည် သဘောလက္ခဏာ ထင်ရှားရှိသော ရုပ်စစ်မဟုတ်သောကြောင့်လည်းကောင်း ဒွါသတ္တတိအရတွင် အနိပ္ဖန္နရုပ်များ မပါဝင်နိုင်ပါ။

(က) ဒိဋ္ဌိ။

(ခ) ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။

(ဂ) လောဘ, မောဟ။

(ဃ) ကြွင်းတရားများ။

၇။ ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ အရူပီနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနန္တိ စ တိဝိဓော ဟောတိ ဣန္ဒြိယပစ္စယော။

၈။ ထင်ရှားပြီ။

* * * * *

# ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ ယေ ဝါ ပန အဗျာကတမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ အဗျာကတာတိ ၌ ဝိဘင်းထုတ်၍ ကောဋ္ဌာသတင်ပြခဲ့ပါ။

၂။ ယေ ဝါ ပန နာမမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ နာမာတိ ၌ ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

၃။ ခန္ဓယမက ပဏ္ဏတ္တိဝါရဥဒ္ဒေသ ပဒသောဓနမူလစက္ကဝါရ အနုလုံ ပစ္စနိက်၌ မူလစသည်အားဖြင့် မည်မျှရှိကြောင်း ပြဆိုပြီးလျှင်၊ အောက်ပါတို့ကို ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

(က) ရူပံ ခန္ဓောတိ။

(ခ) ခန္ဓာ ရူပက္ခန္ဓောတိ။

၄။ ယဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ သညာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထာတိ ကို ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

၅။ အာယတနယမက ပဒသောဓနဝါရ၌ ဟောသော ကာယနှင့် သဒ္ဒါယတနဝါရ၌ ဟောသော ကာယတို့၏ အထူးကို ထုတ်နုတ်ဖော်ပြ၍၊ ဓမ္မော ဓမ္မာယတနန္တိ ၌ ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

၆။ ယဿ ဝါ ပန ယတ္ထ ဓမ္မာယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ ကို ဝိဘင်းထုတ်၍၊ တစ်ဘက်ရကိုသာ ကောက်ပြခဲ့ပါ။

၇။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ ကို ဝိဘင်းထုတ်၍ ပေါ်လွင်စွာအနက်ပေးခဲ့ပါ။

၈။ ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ ၌ ဝိဘင်းကိုသာ ထုတ်ပြခဲ့ပါ။

# ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ ထင်ရှားပြီ။ (နှာ– ၃၃)

၂။ ထင်ရှားပြီ။ (နှာ– ၃၆)

၃။ မူလ– ၁၀၊ ယမက– ၄၀၊ ပုစ္ဆာ– ၈၀၊ အတ္ထ– ၁၆၀။
(က) (ခ) ထင်ရှားပြီ။ (နှာ– ၆၃)

၄။ ထင်ရှားပြီ။ (နှာ– ၇၉)

၅။ **ကာယအထူး**

ပဒသောဓနေ၌ ဟောအပ်သော ကာယအရကား စိတ်– ၈၉၊ စေတသိက်– ၅၂၊ နိဗ္ဗာန်ဟု ဆိုအပ်သော နာမကာယ၊ ကာယာယတနမှတစ်ပါး ရုပ် သတ္တဝီသဟု ဆိုအပ်သော ရူပကာယ၊ ဆင်အပေါင်း, မြင်းအပေါင်းအစရှိသော ပညတ္တိကာယ ရ၏။

သုဒ္ဓါယတန၌ ဟောသောကာယအရကား အာယတနထိုက်သော စိတ်– ၈၉၊ စေ– ၅၂၊ နိဗ္ဗာန်ဟု ဆိုအပ်သော နာမကာယ၊ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော ရူပကာယ ရ၏၊ ဤသို့ထူးသည်။
(ဝိဘင်းအရကောက် ထင်ရှားပြီ။) (နှာ– ၁၁၃)

၆။ ထင်ရှားပြီ။ (နှာ– ၁၄၇)

၇။ ထင်ရှားပြီ။ (နှာ- ၂၂၅)

၈။ ထင်ရှားပြီ။ (နှာ- ၂၄၅)

* * * * *

## ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ဝါတွင်းသုံးလပတ်လုံး တရားဟောတော်မူရာ၌ လျှင်မြန်ပုံကို ပုဂ္ဂလာနုရူပ အားလျော်စွာ ဖော်ပြ၍၊ မာတိကာဟူ၍ ခေါ် ဆိုရကြောင်းကိုလည်းကောင်း, မာတိကာ၏အရ တရားကိုယ်ကိုလည်းကောင်း တိကျစွာ ဖြေဆိုခဲ့ပါ။

၂။ ပီတိတိက်ကို ဟောတော်မူရခြင်း၏ အကြောင်းကို ရှင်းပြပြီးလျှင်၊ ပီတိသဟဂတာဓမ္မာနှင့် အာစယဂါမိနော ဓမ္မာ နှစ်ပုဒ်လုံးအရတူ တရားများကိုလည်း ကောက်ပြခဲ့ပါ။

၃။ ဘာဝနာယ ပဟာတဗ္ဗ အဟေတုကဓမ္မများကို ကုန်စင်အောင် ကောက်ပြ၍၊ အဇ္ဈတ္တတိက်၌ အဇ္ဈတ္တပဒ္ဓဘေဒနှင့် ဣဓာဓိပ္ပေတ အဇ္ဈတ္တတို့ကို တိကျစွာ ညွှန်ပြခဲ့ပါ။

၄။ ရုပ်ပရမတ္ထမှ ကောက်ယူရသော ဒုကပဒများနှင့် နိဗ္ဗာန်ကိုသာ ကောက်ယူရသော ဒုကပဒများကို ကုန်စင်အောင် ဖော်ပြပြီးလျှင်၊ ဩဃဂေါစ္ဆကဥ္စ ဩဃနှင့်လည်း မယှဉ်, ဩဃလည်း မမည်, ဩဃလည်း မဖြစ်နိုင်သော မ–သုံးလုံးကျေ တရားစုတို့ကို ကုန်စင်အောင် ကောက်ပြခဲ့ပါ။

၅။ အောက်ပါပုဂ္ဂိုလ်တို့အား ဖြစ်နိုင်သောတရားစုတို့ကို အသီးသီးကောက်ပြခဲ့ပါ။

(က) အကြောင်းဟုတ်ရာ လူလိမ္မာ၊

(ခ) ကောင်းသောအမှု မွေ့လျော်ပြု၊
(ဂ) နှုတ်ချိုလျှင် သျှိုတစ်ပါး၊
(ဃ) သတိလွတ်ကင်း လူ့ဖြင်း၊
၆။ ဓာတုကထာ ဥဒ္ဒေသလာ ပရိဒေ၀ကို ဆိုရိုးကျရေး၍၊ အောက်ပါ ပါဠိတော်တို့ကိုလည်း ပေါ်လွင်အောင် အနက်ယောဇနာခဲ့ပါ။
(က) ဝိပါကာ ဓမ္မာ စတူဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတာ၊
(ခ) သုခသဟဂတာ ဓမ္မာ တီဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ တီဟိ ဓာတူဟိ သင်္ဂဟိတာ၊
၇။ သတ္တမနယနိဒ္ဒေသ အကျဉ်းဥဒါန်းစဉ်ဂါထာ၌ ဖဿပဉ္စမာအရ တရားစုတို့ကို ရေတွက်ပြ၍၊ ၎င်းသတ္တမနယ အဓိမောက္ခေန ယေ ဓမ္မာ၌ ယေ ၏အစွဲ ၂–ချက်ကွဲပြားချက်ကိုသာ ထင်ရှားအောင် စွဲပြခဲ့ပါ။
၈။ ဒသမနယ နိဒ္ဒေသ၌ မပါဝင်နိုင်သော ပဋိစ္စသမုပ္ပါဒတရားစုတို့ကို ထုတ်ပြပြီးလျှင်၊ ရူပဘဝေန ယေ ဓမ္မာ ဟောပုဒ်ကိုလည်း ဒသမနယနှင့်အညီ ပုစ္ဆာ ဝိသဇ္ဇနာ အစုံ ပါဠိတော်မျှ ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၃၉ (၁၉၇၈) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း॥ ॥ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ လူသာမာန်တို့၏ စကားတစ်ခွန်းသည် အရှင်အာနန္ဒာ ၈–ခွန်းနှင့် ညီမျှ၏၊ အရှင်အာနန္ဒာ တစ်ခွန်းသည် ဘုရားရှင် ၁၆–ခွန်းနှင့် ညီမျှ၏၊ ဤနည်းအားဖြင့် လူသာမန်တို့ စကားတစ်ခွန်းပြော နေချိန်ဝယ် ဘုရားရှင်သည် (၁×၈×၁၆) ၁၂၈–ခွန်း မိန့်ကြားပြီး ဖြစ်သည်။

* *လူများတစ်ခွန်း၊ ရှစ်ခွန်း အာနန်၊ အာနန် တစ်ခွန်း၊ ခြောက်ခွန်း ဆယ်တန်၊ တရာ့နှစ်ဆယ်၊ ရှစ်သွယ် ပေါင်းရန်၊ တို့ဘုရား၊ တရားဟောပုံမြန်။*

## မာတိကာခေါ်ကြောင်း

အမိနှင့် တူသောကြောင့်လည်းကောင်း၊ ရေမြောင်းနှင့် တူသောကြောင့်လည်းကောင်း မာတိကာဟု ခေါ်သည်။

**မာတိကာအရ–** ကုသလာ ဓမ္မာ စသော အကျဉ်းဥဒ္ဒေသသည် မာတိကာမည်၏။

မာတိကာတိ ဥဒ္ဒေသော၊ သော ဟိ နိဒ္ဒေသပဒါနံ ဇနနီဌာနေ ဌိတတ္တာ မာတာ ဝိယာတိ “မာတိကာ” တိ ဝုစ္စတိ။ (ဝိမတိ)

၂။ ပီတိ, သုခတို့၏သဘောအထူးကို သိနိုင်ခဲ့သည်ဖြစ်၍ ၄င်းအထူးကို ပြလိုသောကြောင့် ပီတိတိက်ကို ဟောသည်။

ပီတိ, သုခါနံ ဒုဗ္ဗိညေယျ နာနတ္တာနံ နာနတ္တဒဿနတ္ထံ အယံတိကော ဝုတ္တော။

(မူလဋီကာ)

မှတ်ချက်။ ။ အဋ္ဌကထာနည်းကို ရှေ့၌ ပြခဲ့ပြီ။

**အရတူတရား–** လောဘမူ သောမနဿ ၄–ပါး၊ မဟာကုသိုလ် သောမနဿ ၄–ပါး၊ ရူပကုသိုလ် ပ, ဒု, တစျာန် ၃–ပါး။

ပီတိ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ် စေတသိက် ဆ စတ္တာလီသ။

၃။ ဘာဝနာယ ပဟာတဗ္ဗ အဟေတုကဓမ္မ အရကား ဥဒ္ဓစ္စသဟဂုတ်၌ မောဟဖြစ်သည်။

**မှတ်ချက်။** ။ ဘာဝနာယ ပဟာတဗ္ဗဖြစ်ခြင်း, အဟေတုကဖြစ်ခြင်း ဤအင်္ဂါနှစ်ချက်နှင့် ညှိ၍ ကောက်သည်။

"ဓမ္မများကို ကုန်စင်အောင် ကောက်ပြ၍" ဟူသော ပုစ္ဆာစကားကို ထောက်လျှင် မောဟ တစ်ခုတည်းသာမကဟု ထင်စရာရှိ၏၊ သို့သော် ဘာဝနာယ ပဟာတဗ္ဗတရားထဲတွင် အဟေတုက ဖြစ်သော တရားသည် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟတစ်ခုတည်းသာ ရှိသည်။

ဘာဝနာယ ပဟာတဗ္ဗ ဟေတုက မဟုတ်သောတရားဟု ယူဆလျှင်ကား ဒိဋ္ဌိဂတသမ္ပယုတ် – ၄၊ ဝိစိကိစ္ဆာ– ၁၊ ကုသိုလ်– ၂၁၊ ဝိပါက် – ၃၆၊ ကြိယာ – ၂၀၊ (မာန, ဒေါစတုက်ကြဉ်) စေတသိက်– ၄၇၊ ဥဒ္ဓစ္စ၌ မောဟ၊ ရုပ်– ၂၈၊ နိဗ္ဗာန် ရ၏။

**အဇ္ဈတ္တဒုကဘေဒ**

၁။ ဂေါစရဇ္ဈတ္တ၊ ၂။ နိယကဇ္ဈတ္တ၊ ၃။ ဝိသယဇ္ဈတ္တ၊ ၄။ အဇ္ဈတ္တဇ္ဈတ္တ အားဖြင့် ၄–ပါး။

**ဣဓာဓိပ္ပေတ–** နိယကဇ္ဈတ္တကို လိုအပ်သည်။

၄။ **ရုပ်သာရသော ဒုကပဒ–** သနိဒဿနာ ဓမ္မာ, သပ္ပဋိဃာ ဓမ္မာ, ရူပိနော ဓမ္မာ, ဥပါဒါ ဓမ္မာ။

**နိဗ္ဗာန်သာရသော ဒုကပဒ–** အပ္ပစ္စယာ ဓမ္မာ, အသင်္ခတာ ဓမ္မာ။

**မ သုံးလုံးကျေ တရား–** ကုသိုလ်– ၂၁၊ ဝိပါက်– ၃၆၊ ကြိယာ – ၂၀၊ စေ– ၃၈၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

**မှတ်ချက်။** ။ ဩဃ မမည်နှင့် ဩဃ မဖြစ်သည် အတူတူဖြစ်နေ၏၊ ဩဃလည်း မဖြစ်နိုင် ဆိုသောစကားသည် အာရုံမဖြစ်နိုင်ကို ဆိုလိုဟန်တူသည်၊ "အာရုံမဖြစ်နိုင်"ဟု ယူလျှင် လောကုတ္တရာ– ၈၊ စေ– ၃၆၊ နိဗ္ဗာန် ရ၏၊ ဤသို့ယူမှ "မ သုံးလုံးကျေ" ဟူသော စကားနှင့် သင့်လျော်ပေမည်။

၅။ ၆။ ထင်ရှားပြီ။

၇။ **ဖဿပဉ္စမာ–** ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်။
(ယေ အစွဲကို ၁၃၂၉, ၁၃၃၁, ၁၃၃၄, ၁၃၃၆–ခု အဖြေတို့၌ ရှု။)

၈။ **မပါဝင်သော ပဋိစ္စသမုပ္ပါဒ်–** သဠာယတန, နာမရူပ, ဥပပတ္တိဘဝ, ကာမဘဝ, သညီဘဝ, ပဉ္စဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏ အားဖြင့် ၉–ပုဒ်။
(ပါဠိ၌ထင်ရှားပြီ။)

# ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ
## မေးခွန်းလွှာ

၁။ အစ္ဆရာပေါ်သထောအရ နေ့၏အစွမ်းအားဖြင့် ယူရမည့်ဥပုသ်၊ ပယ်ရမည့်ဥပုသ်နေ့ကို ထုတ်ပြ၍၊ သာမဂ္ဂီပဝါရဏာနေ့များကိုလည်း ရေတွက်ပြခဲ့ပါ။

၂။ ဘိက္ခုပါတိမောက် တတိယပါရာဇိကသိက္ခာပုဒ်လာ ပါဏ၊ ပါဏာတိပါတ၊ ပါဏာတိပါတီ တို့၏ အရကို ကောက်ပြ၍၊ တတိယပါရာဇိက သိက္ခာပုဒ်၌ ပရိယာယကထာဖြင့် အာပတ်မှ လွတ် မလွတ် သာဓကပြ၍ ဖြေဆိုခဲ့ပါ။

၃။ ဘိက္ခုပါတိမောက် သံဃာဒိသေသ် ဒုတိယ တတိယ စတုတ္ထ သိက္ခာပုဒ်တို့၌ ပါရှိသော မာတုဂါမတို့၏အထူးကို ရေး၍၊ သဉ္စရိတ္တသိက္ခာပုဒ်လာ "ဇာယတ္တနေဝါ ဇာရတ္တနေဝါ"၌ ယောကျ်ား၏အလိုကို ဖော်ပြခဲ့ပါ။

၄။ နိသီဒိုင်အခင်းသစ်ကို ပြုလုပ်လိုသောရဟန်း၏ ပြုလုပ်ရမည့်အစီအစဉ်ကို ပါဠိတော်လာ တိုင်း ပေါ်လွင်ထင်ရှားအောင် ရေးသား၍၊ ယင်းအစီအရင်ကို မလိုက်နာပါက သင့်နိုင်မည့်အာပတ် ကိုလည်း သိက္ခာပုဒ်ညွှန်၍ ဖော်ပြခဲ့ပါ။

၅။ ဘိက္ခုနီမနှင့်တိုင်ပင်၍ ခရီးသွားခွင့်ပြုရာ အခါသမယကို ဖော်ပြပြီးလျှင်၊ ပရိမဏ္ဍလဝဂ်လာ "သုပ္ပဋိစ္ဆန္န"၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင် ရေးသားခဲ့ပါ။

၆။ သုဒ္ဓပါစိတ် သဟဓမ္မိကဝဂ်လာ ဥပဿုတိသိက္ခာပုဒ်ကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၇။ ဘိက္ခုနီပါရာဇိက ဥက္ခိတ္တာနုဝတ္တိကာသိက္ခာပုဒ်၌ ဘိက္ခုနီမတို့က ဥက္ခိတ္တာ နုဝတ္တိကာ ဘိက္ခုနီမအား ဆိုဆုံးမပုံပြ စကားရပ်ကိုသာ အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

၈။ အောက်ပါဘိက္ခုနီမတို့အား သင့်ရောက်နိုင်သောအာပတ်များကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲ၍ ဖြေဆိုခဲ့ပါ။

(က) သပိတ်စုဆောင်းသော ဘိက္ခုနီမ၊
(ခ) အကာလစီဝရကို ကာလစီဝရဟု ဆောက်တည်၍ ဝေဖန်သော ဘိက္ခုနီမ၊
(ဂ) မိုင်းငင်၍ လူမှုကိစ္စကို ဆောင်ရွက်သော ဘိက္ခုနီမ၊
(ဃ) ရဟန်းယောက်ျား ရှိသည်ကို သိလျက် အရံတွင်းသို့ဝင်သော ဘိက္ခုနီမ၊
(င) ဂိုဏ်းဂဏကို ဆဲရေးသော ဘိက္ခုနီမ၊

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ ပန္နရသီ ဥပုသ်နေ့ကို ယူရမည်။

စာတုဒ္ဒသီ၊ သာမဂ္ဂီဥပုသ်နေ့တို့ကို ပယ်ရမည်။

မှတ်ချက်။ ။ ပုစ္ဆာက၏အာဘောဂ ဖြစ်လောက်ရာကို ရည်ရွယ်၍ ဖြေထားခြင်းဖြစ်သည်၊ အမှန်မှာ ပန္နရသော မပါဘဲ အဇ္ဇုပေါသထော သက်သက်ချည်းဖြင့် ဥပုသ်နေ့ကိုယူ၍ ဥပုသ်နေ့ မဟုတ်သော နေ့များကို ပယ်ရမည်၊ ပန္နရသော ပါမှသာ 'အဇ္ဇုပေါသထော ပန္နရသော'ပါဠိဖြင့် ပန္နရသီဥပုသ်နေ့ကိုယူ၍ စာတုဒ္ဒသီ၊ သာမဂ္ဂီဥပုသ်နေ့တို့ကို ပယ်မြစ်သည်။

ပန္နရသောတိ ဣမိနာ အညံ ဥပေါသထဒိဝသံ ပဋိက္ခိပတိ။ (ပန္နရသောဟူသော ဤပါဠိဖြင့် ပန္နရသီမှအခြားသော စာတုဒ္ဒသီ၊ သာမဂ္ဂီဥပုသ်နေ့ကို ပယ်မြစ်၏)

အဇ္ဇုပေါသထောတိ ဝစနေန အနုပေါသထဒိဝသော ပဋိက္ခိတ္တော။ (အဇ္ဇုပေါသထော ဟူသော သဒ္ဒါဖြင့် ဥပုသ်နေ့ မဟုတ်သောနေ့ကို ပယ်မြစ်၏) (ကင်္ခါ)

## သာမဂ္ဂီ ပဝါရဏာနေ့များ

သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ပကတိ စာရိတ္တ ပဝါရဏာနေ့ ၃-ရက်မှတစ်ပါး သံဃာညီညွတ်ရာနေ့များ ဖြစ်သည်။

၂။ **ပါဏ–** ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ။

**ပါဏာတိပါတ–** ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ပယောဂကို ဖြစ်စေတတ်သော စေတနာ၊ (သတ်ကြောင်းစေတနာ)

**ပါဏာတိပါတီ–** သတ်ကြောင်းစေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။

**ပါဏောတိ–** ဝေါဟာရတော သတ္တော၊ ပရမတ္ထတော ဇီဝိတိန္ဒြိယံ။

**ပါဏာတိပါတောတိ–** တာယ စေတနာယ ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂံ သမုဋ္ဌာပေတိ၊ သာ စေတနာ။

**ပါဏာတိပါတီတိ–** ဝုတ္တစေတနာယ သမင်္ဂီပုဂ္ဂလော။ (ကခ်ီ)

'မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ' ကိုထောက်၍ ပရိယာယကထာဖြင့် အာပတ်မှ မလွတ်ပါ။

သံဝဏ္ဏေယျာတိ ဝစနတော ပန ဣဓ ပရိယာယ ကထာယပိ န မုစ္စတိ။ (ကခ်ီ)

၃။ **မာတုဂါမအထူး**

**ဒုတိယသံဃာဒိသေသ်–** ယနေ့မွေးဖွားသည်မှစ၍ အသက်ရှင်ဆဲဖြစ်သော မာတုဂါမ။

**တတိယသံဃာဒိသေသ်–** ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လကို မှတ်သားနိုင်သော မာတုဂါမ။

**စတုတ္ထသံဃာဒိသေသ်–** ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လကို မှတ်သားနိုင်သော မာတုဂါမ။

**ယောကျာ်း၏အလို–** အမြဲမယားဖြစ်စေလိုခြင်း၊ ခေတ္တခဏ ပေါင်းဖော်အပ်သော အပျော်မယား ဖြစ်စေလိုခြင်း။

ပုရိသဿေဝ မတိ ဣတ္ထိယာ အာရောစေန္တော ဇာယတ္တနေဝ အာရောစေတိ၊ နိဗ္ဗဒ္ဓဘရိယ ဘာဝေ ဇာရတ္တနေဝ မိစ္ဆာစာရဘာဝေ။ (ကခ်ဳ)

၄။ **ပြုလုပ်ရမည့်အစီအစဉ်**

နိသီဒိုင်အခင်းသစ် ပြုလုပ်လိုသော ရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား၏ လက်သန်းထွာ ပမာဏဖြစ်သောအရပ်ကို ဖြတ်၍ယူပြီးလျှင် အဆင်းပျက်စီးအောင် ပြုခြင်းငှာ အခင်းသစ်၌ စပ်၍ ပြုလုပ်ရမည်။

နိသီဒနသန္ထတ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

၅။ **သမယ**

လမ်းသည်–

၁။ သတ္ထမဂနီယ (အဖော်ကုန်သည်အပေါင်းနှင့် အတူတကွ သွားသင့်ရာအခါ)

၂။ သာသင်္ကသမ္မတ (ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ)

၃။ သပ္ပဋိဘယ (ဘေးရန်နှင့်တကွ ဖြစ်သောအခါ)

**သုပ္ပဋိစ္ဆန္န**

အနားပတ်သီးကို အနားပတ်ကွင်း၌တပ်၍ အလျားအနားပတ်စွန်းဖြင့် လည်ပင်းကို ဖုံးအုပ်၍ အနားနှစ်ဘက်တို့ကို အညီအမျှပြု၍ လိပ်ပြီးလျှင် လက်ကောက်ဝတ်တိုင်အောင် ဖုံးအုပ်ခြင်းသည် သုပ္ပဋိစ္ဆန္န မည်သည်။ (ကခ်ဳ)

၆။ ပါဠိထင်ရှားပြီ။

၇။ အနက်ထင်ရှားပြီ။

၈။ (က) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ခ) အကာလစီဝရဘာဇနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ဂ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) အာရာမပဝိသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(င) ဂဏပရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

* * * * *

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ–သုတ်၌ ဝဂ္ဂန္တအရ မ, ကိုယူခဲ့သော် ဝဂ္ဂေအရ ဖြစ်သင့်သော နိမိတ်ကို ဖော်ပြ၍၊ အောက်ပါတို့တွင် (က) ကို ပဒစ္ဆေဒပြု၍၊ (ခ) ကို ပဒသမ္ဗန္ဓ ပြုခဲ့ပါ။

(က) သြနဒ္ဓါ၊ ယာဝဉ္စိဓ၊ ဥပါဟန်၊

(ခ) နိပ္ပတ္တိ၊ အဘိကန္တတရော၊

၂။ ပသညဿ စ၊ ပတော ယာ–သုတ်တို့မှ ပ,တို့၏ ခြားနားဟန်ကို ပြယုဂ်နှင့်တကွ ရှင်းပြပြီးလျှင်၊ အဂ္ဂိနိ, မုဒ္ဓနိတို့ကို နာမ်ရုပ်အကျဉ်း တွက်ပြခဲ့ပါ။

၃။ သဗ္ဗဿိ မသေ ဝါ–သုတ်ဖြင့် စီရင်နိုင်သော လိင်ကို အကြောင်းနှင့်တကွ ညွှန်ပြ၍၊ လိင်သုံးပါးဟော စတုသဒ္ဒါကို ပထမာ ဒုတိယာ ဝိဘတ်တို့ဖြင့် ပဒမာလာ စဉ်ခဲ့ပါ။

၄။ အနန္တဉာဏော–၌ ငုပ်နေသော သမာသ်များကို ဝါကျနှင့်တကွ ဖော်ပြ၍၊ အောက်ပါတို့သည် မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ မည်သည့်ဝိဘတ် သက်ထားသည်တို့ကိုလည်း ဖော်ပြခဲ့ပါ။

(က) ကသ္မာ ဟေတုနာ။

(ခ) ဒုဟယတိ ဒိသာနံ။

(ဂ) ဘူမိသု မနုဿာ စရန္တိ။

၅။ ဇာတာဒီန မိမိယာ စ–သုတ်၌ စ သဒ္ဒါ၏ အကျိုးပြပါဠိကို ရေး၍၊ အောက်ပါတို့ကို တခွိတ်ဝါကျစုံ ခင်းပြခဲ့ပါ။

မာယူရော၊ မာလီ၊ ပဋ္ဌဒသိ၊ ပဒသော။

၆။ "ကောသာ ဝိဓ္ဓျတိ ကုဠရံ" ကို ကာရကမဇ္ဈ၊ ကြိယာမဇ္ဈပေါ် လွင်အောင် အနက်ယောဇနာ၍၊ ဓာတုနိဒ္ဒိ၌ ပစ္စည်းများကို သဒ္ဒါကြီး သာဓကပြ၍ ရေတွက်ခဲ့ပါ။

၇။ သဗ္ဗတော ဏျွတ္တာဝိ ဝါ–သုတ်ဖြင့် သက်အပ်သော ပစ္စည်းများကို သာဓနညွှန်ပြ၍၊ အောက်ပါတို့ကိုလည်း ဓာတု၊ ပစ္စယတို့ဖြင့် ဝေဖန်ခဲ့ပါ။

(က) ယောဂေါ၊

(ခ) ဂါရယှံ၊

(ဂ) ယိဋ္ဌော၊

၈။ ဒွိလိင်သုံးမျိုး၏သရုပ်ကို ပုဒ်စစ်လာအတိုင်း ဖော်ပြလျက် အောက်ပါပယျာလကိုလည်း ဖော်ထုတ်ခဲ့ပါ။

ထိုလိင်္ဂတွသည်လည်း ။လ။ သံသဌလိင်္ဂတွ မည်၏။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ **ဖြစ်သင့်သောနိမိတ်–** ပဝဂ်အက္ခရာ ငါးလုံး။

(က) အဝ + နဒ္ဓါ။ ယာဝ + စ + ဣဓ။ ဥပ + အာဟနံ။

(ခ) နိပ္ပတ္တိ၊ အဘိက္ကန္တတရော။

၂။ ပသညသဿစ–၌ ပ–မည်သော ဣဝဏ်။

ရတျာ၊ ပုထဗျာ။

ပတောယာ–၌ ပ–မည်သော ဣဝဏ် ဥ–ဝဏ်။

ရတ္တိယာ၊ ဣတ္ထိယာ၊ ဓေနုယာ၊ ဝဓုယာ။

**နာမ်ရုပ်အကျဉ်း**

အဂ္ဂိနိ ကို အဂ္ဂိ သဒ္ဒါတည်၊ သိ–သက်၊ အဂ္ဂိဿိနိ ဖြင့် ဣနိ–ပြု၊ သိချေ၊ အဂ္ဂိနိ ပြီး၏။

မုဒ္ဓနိ–ကို မုဒ္ဓ သဒ္ဒါတည်၊ သ္မိံ သက်၊ ဗြဟ္မတော တုသ္မိံ နိ၌ တု–ဖြင့် သ္မိံ ကို နိ–ပြု၊ မုဒ္ဓနိ ပြီး၏။

၃။ **စီရင်နိုင်သောလိင်**

အာပစ္စယန္တပုဒ်ဖြင့် မညွှန်ပြခြင်းကြောင့်လည်းကောင်း၊ သဗ္ဗတ္ထဟူ၍ မဆိုသောကြောင့်လည်းကောင်း ဣတ္ထိလိင် မဟုတ်သော ပုလ္လိင်၊ နပုလ္လိင်၌ စီရင်သည်။

**ဣတ္ထိလိင် စတသဒ္ဒါ**

ပထမာ– စတဿော၊ ဒုတိယာ– စတဿော၊

**ပုလ္လိင် စတုသဒ္ဒါ**

ပထမာ- စတ္တာရော၊ စတုရော။ ဒုတိယာ- စတ္တာရော၊ စတုရော။

**နပုလ္လိင် စတုသဒ္ဒါ**

ပထမာ- စတ္တာရိ။ ဒုတိယာ- စတ္တာရိ။

၄။ **အနန္တညာဏော**

နသ္သ အန္တော အနန္တော (အစိတ်ဗဟုဗ္ဗီဟိ)

အနန္တံ ဉာဏံ ယဿ တထာဂတဿ သောယံ အနန္တညာဏော (အပေါင်း ဗဟုဗ္ဗီဟိ)

**မှတ်ချက်။** ။ ငုပ်နေသော သမာသ်များဟု ဆိုသော်လည်း အတွင်းငုပ်နေသော သမာသ်ကား တစ်ခုတည်းသာ ဖြစ်သည်။

(က) ကာရကတ္တေ စ သုတ်ဖြင့် ကာရကအနက်၌ ပဉ္စမီဧကဝုစ် သွာဝိဘတ်။

(ခ) သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီဧကဝုစ် သဝိဘတ်သက်။

(ဂ) ဩကာသေသတ္တမီဖြင့် ဩကာသအနက်၌ သတ္တမီ ဗဟုဝုစ် သုဝိဘတ်။

၅။ ပါဠိထင်ရှားပြီ။

**တဒ္ဓိတ်ဝါကျ**

မယူရာနံ့ သမူဟော မာယူရော၊

မာလာ ယဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ မာလီ၊

ပဉ္စဒသန္နံ့ ပူရဏီ ပဉ္စဒသီ၊

ပဒေန ဝိဘာဂေန ပဒသော။

၆။ **ကာရကမဥ္ဇူ**

ဣတော– ဤအရပ်မှ၊ ကောသာ– တကောသမှ၊ ကုဋ္ဌရံ– ဆင်ကို၊ ဝိဇ္ဈတိ– ပစ်၏။

**ကြိယာမဥ္ဇူ**

ဣတော– ဤအရပ်မှ၊ ကုဋ္ဌရံ– ဆင်ကို၊ ဝိဇ္ဈိတွာ– ပစ်ပြီး၍၊ ကောသာ– တကောသမှ၊ ဝိဇ္ဈတိ– ပစ်ပြန်၏။

**ဓာတုနိဒ္ဒိဋ္ဌပစ္စည်းများ–** (၁၉၆၃–ခုနှစ် အဖြေ့ရှု)

**သာဓက။** ။ ဓာတုပစ္စယေဟိ ဝိဘတ္တိယော၊
ဓာတုနိဒ္ဒိဋ္ဌေဟိ ပစ္စယေပိ ခါဒိကာရိတန္တေ ဟိ။

၇။ **အ–ပစ္စည်း–** သာဓန ၇–ပါးလုံး၊

ဏွု–တု–အာဝီ–ကတ္တုသာဓန၊

ယသ္မာဒပေတိတိသုတ္တေ ဘယဂ္ဂဟဏေန သေသ သာဓနေပိ အ ပစ္စယာ။ (ရူပသိဒ္ဓိ)

(အ၊ ဏွု၊ တု၊ အာဝီ ပစ္စည်းများသည် အညေကိတ်အရ ကိတ်ပစ္စည်းများဖြစ်၍ ကတ္တာရိကိတ်နှင့်အညီ ကတ္တုသာဓန၌ သက်သည်၊ သို့သော် ယသ္မာ ဒပေတိသုတ်၌ ဘော အနက်ဟော ဘယ သဒ္ဒါဖြင့် ကတ္တုသာဓနမှ ကြွင်းသော သာဓနတို့၌လည်း အ–ပစ္စည်း သက်သေးသည်။)

* *သာဓနများစွာ၊ အ–သက်ရာ၊ ကတ္တာဏွုတာဝီ။*

(က) ယုဇ ဓာတ်– ဏ ပစ္စည်း၊

(ခ) ဂရဟ ဓာတ် – ဏျ ပစ္စည်း၊

(ဂ) ယဇ ဓာတ်– တ ပစ္စည်း၊

၈။ ပုဒ်စစ်ထင်ရှားပြီ။

# ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ရွှေကိုးသာသည်ကို ကြားရသဖြင့် လာဘ်ရလိမ့်မည်ဟု သဘောအားဖြင့် ထက်မြက်၊ သူတစ်ပါးတို့၏ စွက်ဖက်မှုမပါဘဲ ယုံကြည်ဝမ်းသာလျက်ရှိသောသူ၏ သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်၏ အမည်ကို ဖော်ပြ၍၊ လောဘစသောစိတ်တို့၏ အကုသိုလ်အမည်ရခြင်း၏ အကြောင်းကို ဥပမာဆောင် ထင်အောင်ပြခဲ့ပါ။

၂။ မဟာဝိပါက်စိတ်တို့၌ အပ္ပမညာ မယှဉ်နိုင်ခြင်း၏ အကြောင်းကိုပြဆို၍၊ အောက်ပါ ဒွေသဒ္ဒါ၊ ဆ သဒ္ဒါတို့၏ သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

အဋ္ဌသဋ္ဌိ တထာ ဒွေစ၊ နဝါ စ ဒွေ၊ ဆ စိတ္တာနိမဟဂ္ဂတေ၊ ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ။

၃။ မဂ်တရားကို ရရှိပြီးနောက် ဖိုလ်တရားရရှိရန် ကြိုးစားအားထုတ်ယူရသည်ဟု ပြောဆိုသော စကားများ မှန်သည်, မှားသည် ဤနှစ်လီတို့ကို သင်္ဂဟသာဓကပြ၍ ဆုံးဖြတ်ပြီးလျှင်၊ တစ်ကြိမ်တည်းသာ စောနိုင်သော ဇောတို့ကိုလည်း သာဓကဖြင့် ထုတ်ဆောင်ခဲ့ပါ။

၄။ အပါယ်သတ္တဝါတို့၏သန္တာန်၌ သောမနဿဘဝင်စိတ်များ ကျနိုင်, မကျနိုင် သင်္ဂဟသာဓက ထောက်ဆဖြေဆို၍၊ နာမ်ဘွင်များရှိသကဲ့သို့ ရုပ်ဘွင်များလည်း ရှိနိုင်ပါသလော သင်္ဂဟ သာဓကပြ၍ ဖြေဆိုခဲ့ပါ။

၅။ နိရောဓသမာပတ်ဝင်စားပုံ၊ နိရောဓသမာပတ်မှ ထပုံပြ ပါဠိကို ပြည့်စုံအောင် ရေးသားခဲ့ပါ။

၆။ ပဋိစ္စသမုပ္ပါဒ်နည်းမည်ပုံပြ ပါဠိကို မှန်ကန်အောင် အနက်ပေးခဲ့ပါ။

၇။ ရူပဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ကမ္မသမုဋ္ဌာနရုပ်ကလာပ်တို့၏ အမည်ကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ မိစ္ဆာသမာဓိဟူသည် အဘယ်နည်း၊ ၄င်း၏တရားကိုယ်ကို အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၈။ အောက်ပါပညတ်တို့၏ အမည်များကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ ပဋ္ဌာနနိမိတ်၏ 'ဝတ္ထုဓမ္မဝိမုတ္တိတ ပညတ္တိသင်္ဂါတ' ဖြစ်ရပုံကိုလည်း ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

(က) ကုတ္တိသဒ္ဒေါ။

(ခ) ရာဇ ပုတ္တော။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် (လောဘမူ ပထမစိတ်)

**အကုသိုလ်အမည်ရကြောင်း**

မိတ်ဆွေ၏ ဆန့်ကျင်ဘက် ရန်သူကို အမိတ္တဟု ဆိုသကဲ့သို့ ပယ်တတ်သော ကုသိုလ်၏ အပယ်ခံအဖြစ်ဖြင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ်မည်သည်။

၂။ မဟာဝိပါက်စိတ်သည် ကာမကို ကေန်အာရုံပြုသောကြောင့်လည်းကောင်း၊ အပ္ပမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုသောကြောင့်လည်းကောင်း အာရုံကွဲပြားသည်ဖြစ်၍ ကောလမ္ဗဏ မဖြစ်သောကြောင့် မဟာဝိပါက်စိတ်၌ အပ္ပမညာ မယှဉ်ပါ။

**ဒွေ အရ**

တထာဒွေစ ၌ ဒွေ အရ– သောမနဿသန္တီရဏနှင့် ဝုဋ္ဌော။

နဝါစ ဒွေ ၌ ဒွေ အရ– ဥပေက္ခာသန္တီရဏ ၂–ပါး။

**ဆ အရ**

**ဆစိတ္တာနိ မဟဂ္ဂတေ ဌ ဆ အရ–** ဝိညာဏဉ္စာယတနစိတ် ၃–ခု၊
နေဝသညာ နာသညာယတနစိတ် ၃–ခု။

**ဆစွေတိ ဌ ဆ အရ**

မဟာကြိယာ ဉာဏသမ္ပယုတ် ၄–ခု၊ ကြိယာအဘိညာဉ်၊ ဝုဋ္ဌော။

၃။ မှားပါသည်။

**သာဓက။** ။ စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေ စိတ္တက္ခဏိကာ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ။

**တစ်ကြိမ်သာစောသောဇော**

၁။ အဘိညာဉ်ဇော၊

၂။ မဂ်ဇော၊

၃။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇော။

**သာဓက။** ။ အဘိညာဇဝနာနိ စ သဗ္ဗထာပိ ကေဝါရမေဝ ဇဝန္တိ။
စတ္တာရော ပန မဂ္ဂုပါဒါ ကေစိတ္တက္ခဏိကာ။
မဂ္ဂါဘိညာ သကိံ မတာ။
ဝုဋ္ဌာန ကာလေ စ အနာဂါမိ ဖလံ ဝါ၊
အရဟတ္တဖလံ ဝါ ယထာရဟမေက ဝါရံ ဥပ္ပဇ္ဇိတွာ။

၄။ အပါယ်သတ္တဝါတို့၏ သန္တာန်၌ သောမနဿ ဘဝင်စိတ်များ မကျနိုင်ပါ။

**သာဓက။** ။ တတ္ထ အကုသလ ဝိပါကော ပေက္ခာသဟဂတသန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိဟုတွာ တတော ပရံ ဘဝင်္ဂ, ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။

ပဋိသန္ဓိ ဘဝင်္ဂ၊ တထာ စဝန မာနသံ။

ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ။

**ရုပ်ဘဝင်–** အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ၊ တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေစ ရူပမေဝ ပဝတ္တိတွာ နိရုဇ္ဈတိ–ကိုထောက်၍ အသညသတ်ဗြဟ္မာတို့၏ ပဝတ္တိအခါ ဖြစ်သော ဇီဝိတနဝကကလာပ်ရုပ်သည် ဘဝင်ကိစ္စတပ်သည်။

ရူပမေဝ ဘဝင်္ဂစုတိဝသေန ပဝတ္တိတွာ။ (ဋီ)

၅။ ပါဠိထင်ရှားပြီ။ (ကမ္မဋ္ဌာန်းပိုင်း သမာပတ္တိ ဘေဒလာ ဒုတိယ တတိယ ပုဒ်တို့ကို ရေးရမည်။)

၆။ တဗ္ဗာဝဘာဝီဘာဝါကာရ မတ္တော ပလက္ခိတော ပဋိစ္စသမုပ္ပါဒ နယော ပါဠိ၏ အနက်ကို ရေးပါ။

၇။ ဘုရားဖူးခြင်း၊ တရားနာခြင်း အကျိုးများ ရှိသင့်သောကြောင့် စက္ခု သောတ ကလာပ် ၂–စည်းကို လည်းကောင်း၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏မှီရာ တည်ရာ ဖြစ်သင့်သောကြောင့် ဝတ္ထုဒသကကလာပ်ကိုလည်းကောင်း၊ ကာယဒသကကလာပ် မရှိခြင်းကြောင့် ကာယဒသက ကလာပ်အစား ဇီဝိတ နဝကကလာပ်ကိုလည်းကောင်း ဤကလာပ် ၄–စည်းကို ရပါသည်။

## မိစ္ဆာသမာဓိ

ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁–ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် မိစ္ဆာသမာဓိ မည်၏။

အထောက်။ ။ တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န ဂစ္ဆတိ။

၈။ (က) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊

(ခ) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊

**ဝတ္ထုဓမ္မဝိမုတ္တိတ ပညတ္တိသဒ္ဒါတ**

ပဋိဘာဂနိမိတ်သည် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကဲ့သို့ မြေဝန်း မြေဝိုင်း အဌကလာပ်ရုပ် ပရမတ္ထတရား မဟုတ်၊ အထည်ကိုယ် ဒြပ်မရှိသဖြင့် ပရမတ္ထဓမ္မမှ လွတ်သောကြောင့် ဝတ္ထုဓမ္မ ဝိမုတ္တိတ ဖြစ်ရသည်။

ပရမတ္ထ အထည်ကိုယ် ဝတ္ထုဒြပ်နှင့်အလားတူစွာ ဘာဝနာသညာ၏ အစွမ်းကြောင့် ယောဂီပုဂ္ဂိုလ်၏ စိတ်ထဲမှာ ထင်မြင်လာသော ပညတ်တစ်မျိုးသာဖြစ်၍ ပညတ္တိသဒ္ဒါတဟု ဆိုရသည်။

* * * * *

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါ (က) ကိုအနက်ရေး၍၊ (ခ) ကို ဆိုရိုးကျ ပေယျာလ ဖော်ပြခဲ့ပါ။

(က) ယေ ကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာတိ။

(ခ) မူလနယကို ဟောတော်မူသည်၏ အခြားမဲ့၌ ။လ။ သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။

၂။ အောက်ပါတို့၏ တရားကိုယ်များကို ကောက်ပြခဲ့ပါ။

(က) အဗျာကတသာမည်၍ အဗျာကတမူလ မမည်သောတရား၊

(ခ) အဗျာကတမူလသာမည်၍ အဗျာကတ မမည်သောတရား၊

(ဂ) အဗျာကတမူလနှင့် တူသောမူလရှိသောတရား။

၃။ သညာအမျိုးအစား မည်မျှရှိသည်ကို ဖော်ပြ၍၊ (က) ရူပက္ခန္ဓာသာ ဖြစ်ဆဲပုဂ္ဂိုလ်နှင့်၊ (ခ) ဝိညာဏက္ခန္ဓာသာ ဖြစ်ဆဲပုဂ္ဂိုလ်တို့ကိုလည်း သိသာရုံ ကောက်ပြခဲ့ပါ။

၄။ အောက်ပါတို့ကို ဝိဘင်းထုတ်၍ ပဋိလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏အရကိုသာ ကောက်ပြခဲ့ပါ။

(က) ယဿ ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။

(ခ) ယဿ ဝါ ပန ယတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတိ၊ တဿ တတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတီတိ။

၅။ ရသ ၄–မျိုးတို့၏အမည်နှင့် တရားကိုယ်များကို ပြည့်စုံစွာ ဖော်ပြ၍၊ 'ဓမ္မော ဓမ္မာယတနန္တိ' နှင့် 'ဓမ္မော အာယတနန္တိ'ဟူသော ပုစ္ဆာတို့၌ ပါဝင်သော 'ဓမ္မော' နှစ်ခုတို့၏ အရကိုလည်း ကောက်ပြခဲ့ပါ။

၆။ အောက်ပါ (က) (ခ) တို့တွင် (က) ကို ဝိဘင်းထုတ်၍ အရကောက်ပြီးလျှင်၊ (ခ) ကို ဝိဘင်းမျှထုတ်ခဲ့ပါ။

(က) ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ သောတာယတနံ ဥပ္ပဇ္ဇိဿတီတိ။

(ခ) ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ သောတာယတနံ နိရုဇ္ဈတီတိ
ယဿ ဝါ ပန သောတာယတနံ နိရုဇ္ဈတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

၇။ သစ္စာမထိုက်သော နိရောဓနှင့် သစ္စာထိုက်သော နိရောဓတို့ကို ဆိုရိုးကျအတိုင်း ဖော်ပြ၍၊ သစ္စာထိုက်သော နိရောဓကို အဘယ်ကြောင့် ပဝတ္တိဝါရ၌ ဟောတော်မမူပါသနည်း။

၈။ အောက်ပါ (က) (ခ) ပြ ပါဠိတော်တို့ကို ဝိဘင်းမျှ ထုတ်ပြခဲ့ပါ။(အရကောက်ရန်မလို)

(က) ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ။

(ခ) ယဿ ဝါ ပန မဂ္ဂသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတီတိ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလက်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ (က) ယေ ကေစိ– ခပ်သိမ်းကုန်သော၊ ကုသလမူလေန– ကုသိုလ်ဟု ဆိုအပ်သော မူလနှင့်၊ ဝါ–အားဖြင့်၊ ဧကမူလာ– တူသောမူလရှိကုန်သော၊ ဓမ္မာ– တို့သည်၊ သန္တိ– ရှိကုန်၏၊ သဗ္ဗေ– ခပ်သိမ်းကုန်သော၊ တေ ဓမ္မာ– တို့သည်၊ ကုသလမူလေန– ကုသိုလ်ဟု ဆိုအပ်သော မူလ အားဖြင့်၊ အညမညမူလာ– တစ်ပါးသည် တစ်ပါး၏မူလဟု ဆိုအပ်သော မူလမည်ကုန်သလော၊ ဝါ– မူလရှိကုန်သလော၊ ဣတိ– ပုစ္ဆာယံ ဤသို့သော အမေးတော်သည်၊ သတိ– ရှိလတ်သော်။

(ခ) ပေယျာလ ထင်ရှားပြီ။

၂။ (က) ဝိပါက်– ၃၆၊ ကြိယာ– ၂၀၊ (အဗျာကတမူ ၃–ခုမှတစ်ပါး) စေတသိက်– ၃၅၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

(ခ) မရှိ။

(ဂ) သဟိတ်ဝိပါက်– ၂၁၊ သဟိတ်ကြိယာ– ၁၇၊ စေတသိက်– ၃၈၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ (အရူပဝိပါက် ၄–ခု, ရဟန္တာတို့ စုတိကြဉ်သော) သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

၃။ ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာ။

သညာနနလက္ခဏာရှိသော သညာက္ခန္ဓာ။

(က) အသညသတ် ဥပပဇ္ဇန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်။

(ခ) အရူပ ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဌာန်ပုဂ္ဂိုလ် ၃–ယောက်။

၄။ (က) (ခ) ထင်ရှားပြီ။

၅။ **အဇ္ဈတ္တရသ–** ဖိုလ်စိတ် ၄–ခု စိတ္တုပ္ပါဒ်၊ တစ်နည်း ကုသိုလ် အကုသိုလ်အစရှိသော ပရမတ္ထ။

**ဓမ္မရသ–** မဂ် ၄–ခု စိတ္တုပ္ပါဒ်၊ တစ်နည်း ကုသလာဓမ္မာ အစရှိသော ဝစီဘေဒ သဒ္ဒ။

**ဝိမုတ္တိရသ–** နိဗ္ဗာန်။

**ရသာယတန–** ရသာရုံ။

**ဓမ္မော ၂–ခုအရ**

**ဓမ္မော ဓမ္မာယတနံ၌ ဓမ္မ အရ–**

ဓမ္မာယတနမှတစ်ပါး စိတ်– ၈၉၊ သြဠာရိကရုပ်– ၁၂ ဟု ဆိုအပ်သော ပရမတ္ထဓမ္မ၊ ဆင်အပေါင်း မြင်းအပေါင်း အစရှိသော အပေါင်းဖြစ်သော ပညတ္တိဓမ္မ၊ ဓမ္မာယတန ရ၏။ (ဝါ) စိတ်– ၈၉၊ စေ– ၅၂၊ ရုပ်– ၂၈၊ နိဗ္ဗာန်ဟု ဆိုအပ်သော ပရမတ္ထဓမ္မ၊ အပေါင်းဖြစ်သော ပညတ္တိဓမ္မ ရ၏။

**ဓမ္မော အာယတနန္တိ၌ ဓမ္မ အရ–**

ဓမ္မာယတနနှင့်တကွ ပရမတ္ထဓမ္မသာ ရ၏။ (အပေါင်းဖြစ်သော ပညတ္တိဓမ္မ မရ။)

၆။ (က) သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ (တစ်ဘက်ရ)

ဣတရေသံ သစက္ခုကာနံ တေသံ တတ္ထ။ (နှစ်ဘက်ရ)

ရူပါဝစရ ပဥ္စမဈာန် ပဋိသန္ဓေ ၁–ခု၊ စေ– ၃၀၊ ကမ္မဇကလာပ် ၄–စည်းတို့၏ ဉပ္ပါဒက္ခဏ

သမင်္ဂီဟု ဆိုအပ်သော သုဒ္ဓါဝါသ ဥပပဇ္ဇန္တဖြစ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံ။

ပဉ္စဝေါကာရ ပဋိသန္ဓေ– ၁၅၊ စေ– ၃၅၊ ကမ္မဇကလာပ် ၃–စည်း, ၇–စည်း, ၄–စည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သစက္ခုကပဉ္စဝေါကာရဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ် ၄–ယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်တို့အား သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ ၂၁–ဘုံလည်း ရ၏။ သံသယကား နောက်သာရ၏။

(ခ) နော။ (အနုလောမ)
နော။ (ပဋိလောမ)

၇။ **သစ္စာမထိုက်သော နိရောဓ**

ကာမကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော တဒင်္ဂနိရောဓ၊

မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏ၏ အဘာဝဟု ဆိုအပ်သော ဝိက္ခမ္ဘန နိရောဓ၊

မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော သမုစ္ဆေဒနိရောဓ၊

ဖိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော ပဋိပဿဒ္ဓိနိရောဓ၊

စိတ်, စေတသိက်တို့၏ ဘင်ဟုဆိုအပ်သော ခဏနိရောဓ အစရှိသော နိရောဓသာမည၊

**သစ္စာထိုက်သောနိရောဓ–** နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာ။

**မဟောကြောင်း**

နိဗ္ဗာန်တရားသည်ကား ဥပါဒ်, ဌီ, ဘင် ခဏတ္တယ မရှိရကား ဥပ္ပန္နတိဟူ၍လည်းကောင်း, နိရုဇ္ဈတိဟူ၍လည်းကောင်း မဟောအပ်၊ ပဝတ္တိဝါရသည်လည်း ဥပ္ပါဒဝါရ နိရောဓဝါရကို ဟောသည် ဖြစ်သောကြောင့် နိရောဓသစ္စာကို ပဝတ္တိဝါရ၌ ဟောတော်မမူ။

၈။ ထင်ရှားပြီ။

* * * * *

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ ဥပါဒိန္နတိက်၌ တဏှာ ဒိဋ္ဌိတို့ကပ်ပုံကို ရေးပြီးလျှင်၊ အောက်ပါတရားများကိုလည်း ကောက်ပြခဲ့ပါ။

(က) ဥပါဒါနိယသာဖြစ်၍ ဥပါဒိန္န မဖြစ်သောတရား၊

(ခ) ဥပါဒိန္န ဥပါဒါနိယ နှစ်ပါးစုံဖြစ်သောတရား၊

၂။ ကျင့်ဆဲ ကျင့်ပြီး ပုဂ္ဂိုလ်တို့၏သန္တာန်၌ အဘယ်တရားများ ကိန်းနိုင်ပါသနည်း၊ မာတိကာ သာဓကပြ၍ ကောက်ပြခဲ့ပါ။

၃။ န ဥပေက္ခာ သဟဂတ ဓမ္မများကို ကောက်ပြီးလျှင်၊ အနုပ္ပန္နာ ဓမ္မာ၊ ဥပ္ပါဒိနော ဓမ္မာ ဟူသော ပါဠိတော်များကိုလည်း အဓိပ္ပါယ်ပေါ် လွင်အောင် အနက်ပေးခဲ့ပါ။

၄။ နီဝရဏဝိပ္ပယုတ္တ အဗျာကတ ဓမ္မများကို ကောက်ပြ၍၊ ဂေါစ္ဆကနှင့်ဒုက်တို့၏ ထူးခြားချက်ကိုလည်း ညွှန်ပြခဲ့ပါ။

၅။ သုတ္တန္တိက မာတိကာ၌လာသော "ဒိဋ္ဌိ" အမျိုးအစားတို့ကို ထုတ်ပြ၍၊ အောက်ပါပုဂ္ဂိုလ်တို့အား ရနိုင်သည့်တရားစုကိုလည်း သာဓကဖြင့် ထင်ရှားစေခဲ့ပါ။

(က) မိတ်ဆွေဆိုးယုတ်၊ ဂုဏ်ညှိုးပုပ်၊

(ခ) မိတ်ဆွေကောင်းလျှင်၊ နိဗ္ဗာန်ဝင်၊

၆။ ပဋိစ္စသမုပ္ပါဒ်ဝယ် အင်္ဂါအားဖြင့် ရေတွက်ရာ၌ သောက စသည်မပါဝင်ရကြောင်းကို ရှင်းပြပြီးလျှင်၊ အောက်ပါတို့ကိုလည်း တရားကိုယ်မျှသာ ကောက်ပြခဲ့ပါ။

(က) ဒုက္ခနှင့် ဒုက္ခိန္ဒြေ။

(ခ) ဒေါမနဿနှင့် ဒေါမနဿိန္ဒြေ။

၇။ ဆဋ္ဌနယ၌ အကျဉ်းဆောင်ပုဒ်စုကို ရေးပြီးလျှင်၊ "စက္ခုဝိညာဏ ဓာတုယာ ယေဓမ္မာ"ကိုလည်း သတ္တမ၊ နဝမ နယတို့နှင့်အညီ ယေ ၏ အစွဲများကိုသာ ကွဲပြားအောင် ဖော်ပြခဲ့ပါ။

၈။ အဋ္ဌမနယ ဥဒ္ဒါန်းစဉ်ဂါထာ၌ "ပဌမန္တ ရေ သတ္တစ"ဝယ် ပဌမအရနှင့် သတ္တသရုပ်များကို ဖော်ပြပြီးလျှင်၊ သတ္တမနယနိဒ္ဒေသအကျဉ်း ဥဒ္ဒါန်းစဉ်ဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၀ (၁၉၇၉) ခုနှစ်၊ ပဌမပြန်စာမေးပွဲ

## ပဌမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ တဏှာ ဒိဋ္ဌိတို့ အာရုံပြုသည်ကို တဏှာ ဒိဋ္ဌိသို့ ကပ်သည်ဟု ဆိုသည်။

(က) အကုသိုလ်– ၁၂၊ လောကီကုသိုလ်– ၁၇၊ ကြိယာ– ၂၀၊ စေ– ၅၂၊ စိတ္တဇရုပ်– ၁၇၊ ဥတုဇရုပ်– ၁၅၊ အာဟာရဇရုပ်– ၁၄။

(ခ) လောကီဝိပါက်– ၃၂၊ စေ– ၃၅၊ ကမ္မဇရုပ်– ၂၀။

၂။ သေက္ခာ ဓမ္မာကို ထောက်၍ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ်– ၇၊ စေ– ၃၆ ကိန်းပါသည်။

အသေက္ခာ ဓမ္မာကိုထောက်၍ ကျင့်ပြီး အသေက္ခဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ အရဟတ္တဖိုလ်စိတ် ၁–ခု၊ စေ– ၃၆ ကိန်းပါသည်။

၃။ သုခသဟဂုတ်စိတ် ၆၃–ခု၊ ဒုက္ခသဟဂုတ်စိတ် ၃–ခု၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်– ၅၁–ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၅၅–ခု ၌ ရှိသော ဥပေက္ခာဝေဒနာ ၅၅–ခု၊ ရုပ် ၂၈–ခု၊ နိဗ္ဗာန်။

(အနက်ထင်ရှားပြီ။)

၄။ ဝိပါက်စိတ်– ၃၆၊ ကြိယာစိတ်– ၂၀၊ စေ– ၃၈၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

**ဂေါစ္ဆကနှင့် ဒုက်တို့၏ခြားနားချက်**

ဂေါစ္ဆက၌ ပါဝင်သမျှသော ဒုက်တို့သည် သဒ္ဒါ, အနက်အားဖြင့် အချင်းချင်းဆက်သွယ်မှု ရှိကြ၏။

စူဠန္တရစသော ဒုက်တို့၌ ပါဝင်သော ဒုက်တို့မူကား ထိုကဲ့သို့ အချင်းချင်းဆက်သွယ်မှု မရှိကြချေ၊ အသီးသီးသာ ဖြစ်ကြ၏၊ ဤသို့ ဂေါစ္ဆကနှင့် ဒုက်တို့ ထူးခြားကြသည်။

၅။ ဘဝဒိဋ္ဌိ၊ ဝိဘဝဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အန္တဝါဒိဋ္ဌိ၊ အနန္တဝါဒိဋ္ဌိ၊ ပုဗ္ဗန္တာနုဒိဋ္ဌိ၊ အပရန္တာနုဒိဋ္ဌိ။ (၈–ပါး)

(က) အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူ–၈၊ မောဟမူ– ၂၊ စေ– ၂၃။

(ခ) အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်– ၈၊ မဟာကြိယာ –၈၊ ဝိရတီ အပ္ပမညာကြဉ် စေ– ၃၃။

၆။ ဇရာ, မရဏနှင့် အနိစ္စလက္ခဏာတူသောကြောင့်လည်းကောင်း, ဇာတိ၏အကျိုးဆက် ဖြစ်

သောကြောင့်လည်းကောင်း ဇရာ, မရဏ၌ အကျုံးဝင်ပြီးဖြစ်၍ "သောက" စသည် မပါဝင်ပါ။

(က) ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်။

(ခ) ဒေါသမူဒွေး၌ ရှိသော ဝေဒနာစေတသိက်။

၇။ အကျဉ်းဆောင်ပုဒ် ထင်ရှားပြီ။

**ယေအစွဲ**

**သတ္တမနယ–** သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊

**နဝမနယ–** သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊

မှတ်ချက်။ ။ ပုစ္ဆာ၌ ကွဲပြားအောင် ဆိုသော်လည်း မကွဲပြားပါ။

**တစ်နည်း**

**သတ္တမနယ–** ပထမယေအရ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊ ဒုတိယ ယေအရ ဆဝိညာဏဓာတ် စိတ္တုပ္ပါဒ်၊ ရုပ်၊ နိဗ္ဗာန်။

**နဝမနယ–** ပထမယေအရ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ခု၊ ဒုတိယ ယေအရ စက္ခုဝိညာဏဓာတ်။

၈။ **ပထမအရ–** စူဠနိဒ္ဒေသ ရဒုက်ကိုရသည်။

**သတ္တသရုပ်–** သပ္ပစ္စယပဒ၊ သင်္ခတပဒ၊ အနိဒဿနပဒ၊ အပ္ပဋိဃပဒ၊ အရူပီပဒ၊ ကေနစိဝိညေယျပဒ၊ န ကေနစိဝိညေယျပဒ။

(ဥဒါန်းစဉ် ဂါထာ ထင်ရှားပြီ။)

# ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

မေးခွန်းလွှာ

၁။ နဝ၊ မဇ္ဈိမ၊ ထေရ၊ မဟာထေရ ဂုဏ်ထူးရသည့် ရဟန်းအား ဝါဖြင့်ပိုင်းခြားပြဆို၍၊ အနုပ္ပန္န ပညတ်တို့၏ သဘောသွားကို ရထိုက်သောပုဂ္ဂိုလ်နှင့်တကွ ထင်ရှားအောင် ဖြေဆိုပါ။

၂။ အဘယ်ကဲ့သို့သော ရဟန်းကို ဥမ္မတ္တကရဟန်းဟု ခေါ်ပါသနည်း ဖြေရှင်း၍၊ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ "တတော အပရေန (လ) ဘိက္ခုစ ဒေါသံ ပတိဋ္ဌာတိ" ဖြင့် သူတစ်ပါးတို့ မေးစိစစ်မှ အာပတ်သင့်သည်ဟူသော အဓိပ္ပါယ်ကို ပြသည်မဟုတ်ပါလော၊ အဘယ်ကို ပြလို၍ ထားပါသနည်း။

၃။ မပြည့်စုံ မလုံလောက်သော အကာလစီဝရကို ဘယ်လိုစိတ်ထားဖြင့် ဘယ်နှစ်ရက်ထား နိုင်သည်ကို ဖော်ပြ၍၊ ဘောဇဉ်ငါးပါးကို မမှားအောင် ရေတွက်ခဲ့ပါ။

၄။ မဟလ္လကဝိဟာရကို ဆောက်လုပ်သောရဟန်းသည် တံခါးဘောင်၊ တံခါး၍က်၊ အမိုးတို့ကို အဘယ်သို့ စီစဉ်ရသည်ကို ဖော်ပြ၍၊ အဘယ်အလို့ငှာ စီရင်အပ်သော မုန့်ကို ပူဝ (ပူပ)မုန့်၊ မန္ထမုန့် ဟု ခေါ်ပါသနည်း။

၅။ ဘေဒနက ပါစိတ်အာပတ်သင့်သော သိက္ခာပုဒ်ကို အနက်မစွက် ပါဠိသက်သက်မျှ ရေးခဲ့ပါ။

၆။ ဘိက္ခုပါတိမောက် မဟာနိဂုံးလာ အမှာအထားစကားရပ်ကို အနက်ပေးခဲ့ပါ။

၇။ လသုဏဝဂ် နဝမသိက္ခာပုဒ်လာ ဟရိတနှင့် သေခိယပါဒုကဝဂ်လာ ဟရိတ အထူးတို့ကို ဖော်ပြ၍၊ ပဝါရဏာကို ဘိက္ခုနီမများ ဘယ်နှစ်ကြိမ် ပြုရပါသနည်း။

၈။ (က) ထီးဆောင်းသော ဘိက္ခုနီ၊

(ခ) ထီးဆောင်း, ဖိနပ်စီးသော ဘိက္ခုနီ၊

(ဃ) ထီးဆောင်းသောဘိက္ခု၊

(ဃ) လက်ပတ်နာရီပတ်သော ဘိက္ခုနှင့် ဘိက္ခုနီတို့၏ အာပတ်ကို ဖော်ပြပါ။

(တစ်ပုဒ်လျှင် ၁၀-မှတ်စီ)

## ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ဒွေမာတိကာဘာသာ

အဖြေလွှာ

၁။ **နဝ–** ငါးဝါမကြွယ် သီတင်းငယ်၊
**မဇ္ဈိမ–** ငါးဝါမှ ကိုးဝါအထိ၊
**ထေရ–** ဆယ်ဝါမှ ဆယ့်ကိုးဝါအထိ၊
**မဟာထေရ–** နှစ်ဆယ်ဝါမှ အထက်၊

**အနုပ္ပန္နပညတ်**

အပြစ်မဖြစ်ပေါ်မီ ပညတ်အပ်သော ပညတ်သည် အနုပ္ပန္နပညတ်မည်၏၊ ထို အနုပ္ပန္နပညတ်သည် ဂရုဓံ ရှစ်ပါးကို ခံယူသည်၏အစွမ်းအားဖြင့် ဘိက္ခုနီမတို့၌သာ လာသည်၊ အခြား၌မရှိ။

၂။ **ဥမ္မတ္တကရဟန်း**

သည်းခြေ၏အစွမ်းအားဖြင့် ဆေးကုသ၍ မရနိုင်လောက်အောင် ရူးသွပ်ခြင်းသို့ရောက်သော ရဟန်းသည် ဥမ္မတ္တကမည်၏။

**တတောအာပရေန**

သူတစ်ပါးတို့ မေးစိစစ်မှ အာပတ်သင့်သည်ဟူသော အဓိပ္ပါယ်ကို ပြသည်မဟုတ်ပါ။ အမူလကအဖြစ် ထင်ရှားရာကာလကို ပြလို၍ (ဝါ) ပြခြင်းအကျိုးငှာ တတော အပရေန

စသည်ကို မိန်ဆိုခြင်း ဖြစ်သည်၊ အာပတ်မှာကား စွပ်စွဲရာခဏ၌ပင် သင့်ရောက်ပြီးဖြစ်သည်။

ဣဒဥ္စ အမူလကံဘာဝဿ ပါကဋကာလ ဒဿနတ္ထံ ဝုတ္တံ၊ အာပတ္တိ ပန အနုဒ္ဓံသိတက္ခဏေယေဝ အာပဇ္ဇတိ။ (ကခ်ါ)

၃။ သက်ိန်းလျာပုဆိုး ရနိုးခြင်းရှိခဲ့သော် မပြည့်စုံ မလုံလောက်သော သင်္ကန်း၏ ပြည့်စုံလုံလောက်ရန် ရည်ရွယ်၍ တစ်လအတိုင်းအရှည်ရှိသော ကာလပတ်လုံး ထားနိုင်သည်။

မာသပရမံ တေနဘိက္ခုနာ တံ စီဝရံ နိက္ခိပိတဗ္ဗံ ဦနဿပါရိပူရိယာ သတိယာ ပစ္စာသာယ။

(ပါတိမောက်)

**ဘောဇဥ်ငါးပါး**

၁။ ဩဒန– ထမင်း၊

၂။ ကုမ္မာသ–မုယောမုန့်၊

၃။ သတ္တု– မုန့်လုံး၊

၄။ မစ္ဆော– ငါး၊

၅။ မံသ– အသား၊

*ထမင်း၊ သားငါး၊ မုန့်လုံးများ၊ အခြားမရောမုန့်။*

၄။ **စီရင်ပုံ**

တံခါးဘောင်၏ နှစ်တောင့်ထွာအရပ်တိုင်အောင် တံခါးရွက်, တံခါးဘောင်တို့ကို မလှုပ်ရှားအောင် ထားခြင်းဌာလည်းကောင်း၊ လေသာပြူတင်းပေါက် တံခါးရွက်တို့ကို ခိုင်မြဲအောင် ပြုခြင်းဌာလည်းကောင်း၊ အဖန်ဖန်အထပ်ထပ် ကိုယ်တိုင်မူလည်း လိမ်းကျံရမည်၊ သူတစ်ပါးကိုမူလည်း လိမ်းကျံစေရမည်၊ အမိုး၏ နှစ်ဆင့်သုံးဆင့်လည်၍ မိုးခြင်းကို စိမ်းစိုသော ကောက်ပဲမရှိရာအရပ်၌ ရပ်တည်လျက် စီမံရမည်။

**ပူဝ–** လက်ဆောင်အလို့ငှာ စီရင်အပ်သော မုန့်ကြွက်ကျစ် စသော မုန့်။
**မန္တ–** ရိက္ခာအလို့ငှာ စီရင်အပ်သော မုန့်၊ နှမ်းဆန်အစရှိသော မုန့်။

၅။ ပါဠိထင်ရှားပြီ။

၆။ တွေ့ကာ စသောပါဠိကို အနက်ပေးလေ။

၇။ **ဟာရိတ**

သေခိယသိက္ခာပုဒ်လာ အသက်မသေ ရှင်ဆဲဖြစ်သော စိမ်းစိုသော မြက်သစ်ပင်အားလုံးသည် ဟာရိတမည်၏။ လသုဏဝဂ် နဝမသိက္ခာပုဒ်၌ လယ်၌လည်းကောင်း, အုန်းခြံ စသည်၌လည်းကောင်း အမှတ်မထား တစ်ပါးပါးသောအရပ်၌ စိုက်ပျိုးအပ်သော စိမ်းစိုသောအရပ်ဌာနသည် ဟာရိတ မည်၏။

**ပဝါရဏာအကြိမ်**

ဘိက္ခုနီသံဃာ၌ တစ်ကြိမ်၊ ဘိက္ခုသံဃာ၌ တစ်ကြိမ် ပေါင်း နှစ်ကြိမ် ပြုရပါသည်။

၈။ (က) ဒုက္ကဋ်၊
(ခ) ပါစိတ်၊
(ဂ) ဒုက္ကဋ်၊
(ဃ) ဘိက္ခုအား ဒုက္ကဋ်၊ ဘိက္ခုနီအား ပါစိတ်။

* * * * *

# ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါတို့တွင် (က) ကိုပုဒ်ဖြတ်၍၊ (ခ) ကို ပုဒ်စပ်ပြီးလျှင်၊ (ဂ) ကို နာမ်ရုပ်အကျဉ်း တွက်ပြခဲ့ပါ။

(က) သမ္မဒညာ၊ ပဋ္ဌက္ကိ၊ (ခ) ဝိအဓိအဂ္ဂ၊ အဝအာဂမန်၊ အနုအစ္ဆရိယံ၊ (ဂ) အတြဇော။

၂။ ဒုတိယပိုင်း ဒီဃံသုတ်ဝယ် ယူရမည့်ဒီဃသရကို သဒ္ဒါကြီး ယုတ္တိပြ၍ ဖြေဆိုပြီးလျှင်၊ ယမေ ဒန္တသာဒေသောသုတ်၌ နိမိတ်ဖြစ်သော သရကို ရူ အလိုကျ ဖော်ပြခဲ့ပါ။

၃။ အောက်ပါသုတ်တို့၌ ပါသော စ သဒ္ဒါ၏ အကျိုးပြုပါဌ်ကို ပြယုဂ်ပါမကျန် ရေး၍၊ မာတု သဒ္ဒါကို ယော၊ နာ၊ သ ဝိဘတ်တို့ဖြင့် ပဒမာလာ စဉ်ပြခဲ့ပါ။

(က) အဝမှိ စ၊ (ခ) သုဟိနာသု စ။

၄။ အောက်ပါတို့ကို အနက်ပေး၍ မည်သည့်အနက်၌ မည်သည့်ဝိဘတ် သက်ထားသည်ကို လည်း သက်ဆိုင်ရာသုတ်ဖြင့် ညွှန်ပြခဲ့ပါ။

(က) အပိဿု မံ အဂ္ဂိဝေဿန တိဿော ဥပမာ ပဋိဘံသု။

(ခ) ကုသလော တွံ ရထဿ အင်္ဂပစ္စင်္ဂါနံ။

(ဂ) အဿဝနတာယ ဓမ္မဿ ပရိဟာယန္တိ။

(ဃ) ကုစ္ဆရော ဒန္တေသု ဟညတေ။

(င) ဒုဒ္ဒါသု အာဂတော။

၅။ သမာသ်စပ်ရခြင်းအကျိုးနှင့် သမုစ္စည်းဟု အမည်ရသော်လည်း ဒွန်သမာသ် မဖြစ်နိုင်သော သမုစ္စည်းတို့ကို ဖော်ပြခဲ့ပါ။

၆။ "သဒ္ဒါမှာလိင် ဉာဏ်ဖြင့်ချိန် ကဝိန်ခေါ် လောက်စေ" ဟူ[illegible] သော[illegible]ားအရ "ဆတ္တာပါဟန်"

ပြယုဂ်၌ တစ်ပုဒ်ချင်း၏ လိင်, ပုဒ်ပြီးလိင်တို့ကို ဖော်ပြ၍၊ အောက်ပါပုဒ်တို့၏ ပဒ၊ အတ္ထ၊ ပစ္စယ တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(က) အင်္ဂုလိကော၊ (ခ) ကပ္ပိယော၊ (ဂ) သီတာလု။

၇။ မာ သဒ္ဒါနှင့်ယှဉ်ရာ သဗ္ဗကာလ၌ သက်သောဝိဘတ်တို့ကို သာဓကခိုင်လုံစွာဖြင့် ထုတ်ပြ၍၊ အောက်ပါတို့ကိုလည်း ဓာတု, ပစ္စယတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

(က) ဝိနာယကော၊ (ခ) ဩကော၊ (ဂ) ယာဝေါ။

၈။ တိလိင်၏သရုပ်ကို ပုဒ်စစ်လာအတိုင်း ဖော်ပြ၍၊ ပုရိသော မဂ္ဂ ဂစ္ဆတိ၌ ကာရကဖြစ်ပုံကို လည်း မုချ၊ ဥပစာအားဖြင့် ဖော်ပြခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ ကစ္စည်းသဒ္ဒါဘာသာ

အဖြေလွှာ

၁။ (က) သမ္မာ + အညာ၊ ပတိ + အဂ္ဂိ၊

(ခ) ဝိဇ္ဈုဂ္ဂိ၊ အဝယာဂမနံ၊ အနုဋ္ဌရိယံ၊

(ဂ) အတ္တဇ သဒ္ဒါတည်၊ သ္မာနာသုတ်ပိုဖြင့် (တစ်နည်း) တတော သဒ္ဒါပိုဖြင့် အတ္တ၏ အဆုံး တ်–ကို ရ–ပြု၊ သိသက်၊ သော ဖြင့် သိ–ကို ဩ–ပြု၊ ခွင်း, ချေ, ကပ်၊ အတြဇော ပြီး၏။

၂။ ကွစာ သဝဏ္ဏော လုတ္တေသုတ်ဖြင့် အသဝဏ္ဏဖြစ်သော ဇ ဩ ဒီဃ သရတို့ကို ယူပြီးဖြစ်သော ကြောင့် ဒီဃံ သုတ်၌ အာ ဤ ဦ သဝဏ္ဏ ဒီဃသရ သုံးလုံးကိုသာ ယူရမည်။

ဌာနာသန္တဝသေန ရဿသရာနံ သဝဏ္ဏာဒီယော။ (ရူ)

**နိမိတ်သရ**

အ–သရကိုသာ ယူရမည်။

အ–ကာရေ မေ တေ ယေ သဒ္ဒါဒိသေဿဝါယံ ဝိဓိ။ (ရူ)

၃။ ပါဠိထင်ရှားပြီ။

**ပဒမာလာ**

**ယော–** မာတရော၊

**နာ–** မာတရာ၊ မာတုယာ၊ မတျာ၊

**သ–** မာတု၊ မာတုဿ၊ မာတုယာ၊ မတျာ။

၄။ အနက်ထင်ရှားပြီ။

(က) ကွစိဒုတိယာ ဆဋ္ဌီနမတ္တေဖြင့် ဆဋ္ဌီအနက်၌ ဒုတိယာ အံဝိဘတ်။

(ခ) ဆဋ္ဌီစဖြင့် သတ္တမီအနက်၌ ဆဋ္ဌီဗဟုဝုစ် နံဝိဘတ်။

(ဂ) ဒုတိယာပဉ္စမီနဉ္စဖြင့် ဒုတိယာအနက်၌ ဆဋ္ဌီ ဧကဝုစ် သဝိဘတ်။

(ဃ) ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီဖြင့် နိမိတ်အနက်၌ သတ္တမီဗဟုဝုစ် သုဝိဘတ်။

(င) ကာလဘာဝေသု စ ဖြင့် ဘာဝေနဘာဝ လက္ခဏအနက်၌ သတ္တမီ ဗဟုဝုစ် သုဝိဘတ်။

၅။ **သမာသ်စပ်ရကျိုး**

၁။ တစ်ပုဒ်တည်း ဖြစ်ရခြင်း၊

၂။ ဝိဘတ်တစ်ခုတည်း ဖြစ်ရခြင်း၊

## ဒွန်သမာသ်မဖြစ်သော သမုစ္စည်း

ကေဝလသမုစ္စည်း၊ အန္ဝာစည်းအားဖြင့် ၂–မျိုး၊

ကေဝလသမုစ္စယော အန္ဝာစယောစ သမာသော န ဘဝတိ ကြိယာသာပေက္ခတ္တာ နာမာနံ အညမညံ အယုတ္တတ္တာ ဘာဝတော။ (ရူပသိဒ္ဓိ)

၆။ **သဒ္ဒါမှာလိင်**

ဆတ္ထာသဒ္ဒါ နပုလ္လိင်၊

ဥပါဟနာသဒ္ဒါ ဣတ္ထိလိင်၊

ဆတ္တုပါဟနံဟု ပုဒ်ပြီးသောအခါ နပုလ္လိင်၊

(က) အင်္ဂုလိပုဒ် ဝဟာတိအနက် ဏိက ပစ္စည်း၊

(ခ) ကပ္ပပုဒ် အဿတ္ထိအနက် ဣယ ပစ္စည်း၊

(ဂ) သီတပုဒ် တဗ္ဗဟုလအနက် အာလု ပစ္စည်း၊

၇။ **မာ ယော ဂေ သဗ္ဗကာလေ စ**

ဟိယျတ္တနီ အဇ္ဇတနီ ဣစ္စေတာ ဝိဘတ္တိယော ယဒါ မာယောဂေ တဒါ သဗ္ဗကာလေစ ဟောန္တိကိုထောက်၍ ဟိယျတ္တနီ၊ အဇ္ဇတနီဝိဘတ်။

စဂ္ဂဟဏေန ပဉ္စမိဝိဘတ္တိပိ ဟောတိ ကိုထောက်၍ ပဉ္စမိဝိဘတ်များ ဖြစ်သည်။

(က) ဝိပုဗ္ဗ နီ ဓာတ်– ဏျွ ပစ္စည်း၊

(ခ) ဥစဓာတ် ဏ ပစ္စည်း၊

(ဂ) ယဇဓာတ် ဏ ပစ္စည်း၊

၈။ ပုဒ်စစ်ထင်ရှားပြီ။

# ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
# ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

မေးခွန်းလွှာ

၁။ ဉာဏသမ္ပယုတ်စိတ်ဖြစ်ရန် လိုအပ်သောအင်္ဂါရပ်တို့ကို ဖော်ပြပြီးလျှင်၊ သဗ္ဗာကုသလသာ တရဏဟု ဆိုပြီးဖြစ်ပါလျက် သဗ္ဗေသုပိဟု ထပ်၍ဆိုရခြင်းအကျိုးကိုလည်း ဖြေဆိုခဲ့ပါ။

၂။ နိယတာ နိယတ နှစ်မည်ရသော စေတသိက်တို့ကို ထုတ်ပြ၍၊ ၎င်းတို့ ယှဉ်ရာစိတ်တို့ကို လည်း ဒွါရ, အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၃။ ရုံခါဝီထိ၌ အကျုံးဝင်၍ ရုံခါ ဝီထိမှလွတ်သော စိတ်တို့ကို ဖော်ပြပြီးလျှင်၊ ကာမဇောတို့ အနည်းဆုံး စောနိုင်ခွင့်ရှိသော အကြိမ်ကိုလည်း ဝီထိနှင့်တကွ ဖော်ပြခဲ့ပါ။

၄။ အထက်ဆုံးဖြစ်သော နတ်ပြည်၌ (က) ပုဂ္ဂိုလ်၊ (ခ) ပဋိသန္ဓေ၊ (ဂ) ပဝတ္တိစိတ်၊ (ဃ) ပဋိသန္ဓေအခါရုပ်၊ (င) ပဝတ္တိအခါရုပ်၊ (စ) အသက်အပိုင်းအခြားတို့ကို ပြည့်စုံအောင် ထုတ်ပြခဲ့ပါ။

၅။ သခ်တတရားချင်းတူပါလျက် အဘယ်ကြောင့် စိတ်သက်မှာတို့၍ ရုပ်သက်မှာ ရှည်ရသည် ကိုလည်း ဋီကာလာအတိုင်း ရှင်းပြပြီး၊ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တာဋ္ဌ ၌ ကမ္မနိမိတ်၊ ဂတိ နိမိတ် နှစ်ပါးလုံးကိုပင် "ဆဒွါရဂ္ဂဟိတံ" ချည်း မှတ်ရမည်လော၊ ရှင်းပြပါ။

၆။ ဝိပဿနာ ရှုပွားနေသော ပုထုဇဉ်များ ပစ္စက္ခအားဖြင့် နိဗ္ဗာန်ကို မြင်နိုင်, မမြင်နိုင် သာဓက ပြ၍ ဖြေကြားပြီးလျှင်၊ (က) သစ်ခက်လှုပ်ရာ၌ ပါဝင်သော ရုပ်ပေါင်း၊ (ခ) လူသေကောင်၌ ပါဝင်သော ရုပ်ပေါင်းတို့ကိုလည်း ဖော်ပြပါ။

၇။ ဒုဝိဓာ ဒွယံ ဒွယဿ နဝဓာ၌ နဝ-သရုပ်ကို ဖော်ပြ၍၊ ဣန္ဒြိယပစ္စည်း၏ သရုပ်ပြပါဌ်ကို ပါဠိသက်သက်ရေးခဲ့ပါ။

၈။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်နေသော အာရဒ္ဓ ဝိပဿက ယောဂီပုဂ္ဂိုလ်သန္တာန်၌ ဉာဏ်

၁၀–ပါးတို့တွင် အဘယ်ဉာဏ်များအထိ ရောက်နေပြီဟု သင်္ဂဟထောက်၍ ဖြေဆိုပြီးလျှင်၊ ယင်း သာဓကပါဠိကိုလည်း အနက်ယောဇနာခဲ့ပါ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

## ပထမလတ်တန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

အဖြေလွှာ

၁။ **လိုအပ်သောအင်္ဂါရပ်**

၁။ ပညာကို ဖြစ်စေတတ်သော ကံကို ဆည်းပူးခြင်း၊

၂။ အနှောင့်အယှက်ကင်းသော ဗြဟ္မာဘုံ၌ ဖြစ်ခြင်း၊

၃။ ဣန္ဒြေရင့်ကျက်ခြင်း၊

၄။ ကိလေသာတို့မှ ဝေးခြင်း၊

ဤသည်တို့သည် ဉာဏသမ္ပယုတ်စိတ်ဖြစ်ရန် လိုအပ်သောအင်္ဂါရပ်များ ဖြစ်သည်။

**သဗ္ဗေသုပိ–ဟု ထပ်ဆိုရကျိုး**

သဗ္ဗာကုသလသာဓာရဏ အဖြစ်ကိုပင် ပိုမိုပြီးပြည့်စုံစေခြင်းငှာ သဗ္ဗေသုပိ စသည်ကို ထပ်၍ ဆိုရသည်။

သဗ္ဗာကုသလသာဓာရဏတာတိ ဝတွာ တဒေဝ သမတ္ထေတုံ "သဗ္ဗေသုပီ" တျာဒိဝုတ္တံ။

၂။ ဝိရတီစေတသိက်များ ဖြစ်သည်။

## ဒွါရ–အာရုံ

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် ၆–ဒွါရ၌ ဖြစ်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်။

မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်သည် ၆–ဒွါရ၌ဖြစ်၍ လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသည်။

လောကုတ္တရာစိတ်သည် မနောဒွါရ၌သာဖြစ်၍ နိဗ္ဗာန်ကို ဧကန်အာရုံပြုသည်။

၃။ ဥပေက္ခာသန္တီရဏ ၂–ပါး။

မဟာဝိပါက်စိတ် ၈–ပါး။

ဥပေက္ခာသဟဂတသန္တီရဏ မဟာဝိပါကာနိ ဆဒွါရိကာနိစေဝ ဒွါရဝိမုတ္တာနိစ။

**အနည်းဆုံးအကြိမ်–** နှ၊ ဒ၊ မ၊ ဥ၊ နှ၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင်။

ဖော်ပြပါ တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ ဥပစာရသမာဓိ– ကာမာဝစရဇောတို့သည် ၃–ကြိမ်သာ စောပါသည်။

တတ္ထ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မောပစာရာ နုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ။

၄။ (က) ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၈–ယောက်။

* *အပါယ်မှာ ဒု၊ လူ, စတု မှာ၊ ဒု–မပါ၊ ထက်ဖြာ ငါးနတ်၊ ဒု, သု လပ်။*

(ခ) မဟာဝိပါက်စိတ် ၈–ပါး။

မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗထာပိ ကာမသုဂတိယံ ပဋိသန္ဓိ ဘဝင် စုတိဝသေန ပဝတ္တန္တိ၊

(ဂ) မဟဂ္ဂုတ်ဝိပါက် ၉–ခုကြဉ် စိတ်– ၈၀၊

(ဃ) သဒ္ဒကြဉ် နိပ္ဖန္နရုပ် ၁၇–ခု၊ အာကာသဓာတ် ၁–ခု၊ ဥပစယ, သန္တတိ–၂–ခု။

**မှတ်ချက်။** ။ ပဋိသန္ဓေအခါ မရသော ၈–ပါးကို ကြဉ်ထားခြင်းဖြစ်သည်။

(င) ရုပ် ၂၈–ပါး၊

(စ) ကိုးရာနှစ်ဆယ့်တစ်ကုဋေ ခြောက်သန်း။

၅။ အာရုံကိုယူတတ်သောစိတ်သည် စိတ္တက္ခဏတစ်ချက်၏ အစွမ်းဖြင့် လျင်သောအဖြစ် ပြီးသောကြောင့် စိတ်သက်မှာ တိုပါသည်။

အာရုံအဖြစ် ယူအပ်သောရုပ်သည် စိတ္တက္ခဏ ၁၇–ချက်၏ အစွမ်းအားဖြင့် နုံနှေးလေးကန်စွာ ဖြစ်သဖြင့် ရုပ်မှာ အသက်ရှည်ပါသည်။

ဆဒ္ဒါရဂ္ဂဟိတံ ချည်း မမှတ်ရပါ။

ကမ္မနိမိတ်သည် ဆဒ္ဒါရဂ္ဂဟိတ။

ဂတိနိမိတ်သည် ဆဋ္ဌဒွါရဂ္ဂဟိတ (မနောဒွါရဂ္ဂဟိတ)

၆။ ပုထုဇဉ်များ ပစ္စက္ခအားဖြင့် နိဗ္ဗာန်ကို မမြင်နိုင်ပါ။

**သာဓက။** ။ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ (ပ) နိဗ္ဗာနန္တိ ပဝုစ္စတိ။

(က) အဝိနိဗ္ဘောဂရုပ် ၈–ခုနှင့်သဒ္ဒ၊

(ခ) အဝိနိဗ္ဘောဂရုပ် ၈–ခုနှင့်သဒ္ဒ၊

## ၇။ နဝသရုပ်

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

**ပါဠိ–** ပဉ္စပသာဒါ ပဉ္စန္နံ ဝိညာဏာနံ၊ ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ၊ အရူပိနော ဣန္ဒြိယာ သဟဇာတာနံ နာမရူပါနန္တိ တိဝိဓော ဟောတိ ဣန္ဒြိယ ပစ္စယော။

၈။ သမ္မသနညာဏ်နှင့် ဥဒယဗ္ဗယညာဏ် ရှေ့ပိုင်းထိရောက်နေပါပြီ။

အထောက်။ ။ သမ္မသနညာဏေန လက္ခဏတ္တယံ သမ္မသန္တဿ။

တေ သေ့ဝ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗယညာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ–

ဩဘာသောပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။

သုခံဉာဏမုပဋ္ဌာနံ၊ မုပေက္ခာ စ နိကန္တိစေ တိ။

* * * * *

## ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလတ်တန်း။ ။ ယမကဘာသာ

မေးခွန်းလွှာ

၁။ အောက်ပါပေယျာလကို ဆိုရိုးကျ ဖော်ပြပြီးလျှင်၊ ယေ ကေစိ နာမာ ဓမ္မာအရ နိဗ္ဗာန်တရားလည်းပါဝင်ခဲ့ရာ စိတ် စေတသိက် နာမ်နှင့် နိဗ္ဗာန်နာမ်တို့၏ မတူခြားနားပုံကိုလည်း ဖော်ပြခဲ့ပါ။

ဥဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ။လ။ မူလမူလကနယအားဖြင့် ၄–ပါးအပြားရှိ၏။

၂။ အကုသလပဒ၊ အညမညမူလယမက ပဋိလောမပုစ္ဆာ၏ ဝိသဇ္ဇနာကို ဖော်ထုတ်လျက် အရကောက်ပြီးလျှင်၊ အောက်ပါတရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

(က) အကုသိုလ်လည်းမည် အကုသိုလ်မူလလည်းရှိသော တရား၊

(ခ) အကုသိုလ်လည်းမည် အကုသိုလ်မူလလည်း မည်သော တရား၊

၃။ အောက်ပါ (က) (ခ) ပါဠိတော်တို့ကို ဝိဘင်းသက်သက်မျှထုတ်ပြ၍၊ (ခ)အရကို ဆိုနည်း

ကျကျ ကောက်ပြခဲ့ပါ။

(က) ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တတ္ထ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ။

(ခ) ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ။

၄။ ဤယမိုက်ကျမ်း၌ အမေးလေးထွေ၊ အဖြေငါးပါး၊ ဝိဘင်းကားခြောက် ဟု ဆိုကြရာ ထိုအမေး အဖြေ ဝိဘင်းတို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

၅။ အောက်ပါတို့ကို ဝိဘင်းထုတ်ပြီးလျှင်၊ ပဋိလောမတစ်ဘက်ရကိုသာ ကောက်ပြခဲ့ပါ။

(က) ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ၊ တဿ ကာယာယတနံ ဥပ္ပဇ္ဇတီတိ။

(ခ) ယဿ ဝါ ပန ကာယာယတနံ ဥပ္ပဇ္ဇတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇတီတိ။

၆။ အောက်ပါတို့ကို ဝိဘင်းထုတ်ပြပြီးလျှင် (ခ) ၏အရကိုသာ ကောက်ပြခဲ့ပါ။

(က) ယဿ ယတ္ထ စက္ခာယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇိတ္ထာတိ။

(ခ) ယဿ စက္ခာယတနံ နိရုဇ္ဈိဿတိ၊ တဿ သောတာယတနံ နိရုဇ္ဈိဿတီတိ။

၇။ မဂ္ဂေါ မဂ္ဂသစ္စန္တိကို ဝိဘင်းမျှထုတ်ပြ၍၊ မဂ္ဂသာမညာ၊ မဂ္ဂသစ္စာတို့ကိုလည်း ခွဲခြားခဲ့ပါ။

၈။ အောက်ပါ ပုစ္ဆာပါဠိတို့ကို ဝိသဇ္ဇနာပါဠိမျှသာ ထုတ်ပြခဲ့ပါ။

(က) ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထာတိ။

(ခ) ယဿ ဝါ ပန သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

# ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ ယမကဘာသာ

အဖြေလွှာ

၁။ ပေယျာလ ထင်ရှားပြီ။

**ခြားနားပုံ**

စိတ်, စေတသိက်တရားတို့သည် မိမိတို့လည်း အာရုံသို့ ညွှတ်တတ်သောကြောင့်လည်းကောင်း, အာရမ္မဏိကတရားတို့ကိုလည်း မိမိသို့ ညွှတ်စေတတ်သောကြောင့်လည်းကောင်း နာမ် မည်၏။

နိဗ္ဗာန်သည်ကား အာရမ္မဏိကဖြစ်သော မဂ် ဖိုလ် အစရှိသော စိတ်, စေတသိက်တရားတို့ကို မိမိသို့ ညွှတ်စေတတ်သောကြောင့်သာ နာမ်မည်၏။

၂။ **ဝိသဇ္ဇ နာ–** အာမန္တာ။

**အရ–** မောဟမူဒွေး၌ မောဟကြဉ်သော အကုသလမူ ၃–ခု။

(က) အကုသိုလ်– ၁၂၊ မောဟမူဒွေး၌ မောဟကြဉ် စေတသိက်– ၂၇။

(ခ) အကုသလမူ – ၃ ခု။

၃။ (က) ထင်ရှားပြီ။

(ခ) အရကောက်လာ ကောဋ္ဌာသတင်ပုံအတိုင်းကောက်။

| | | | | |
|---|---|---|---|---|
| ၄။ | | **အမေး-၄** | **အဖြေ-၅** | **ဝိဘင်း-၆** |
| | ၁။ | ပုရေပဉ္စာ | ပါဠိဂတိဝိသဇ္ဇနာ | ပါဠိဂတိဝိဘင်း၊ |
| | ၂။ | ပစ္ဆာပဉ္စာ | ပဋိဝစနဝိသဇ္ဇနာ | အာမန္တာဝိဘင်း၊ |
| | ၃။ | ပရိပုဏ္ဏပဉ္စာ | သရူပဒဿနဝိသဇ္ဇနာ | တစ်ဘက်ရဝိဘင်း၊ |
| | | ॥ | ॥ | နှစ်ဘက်ရဝိဘင်း၊ |
| | ၄။ | မောဃပဉ္စာ | ပဋိက္ခေပဝိသဇ္ဇနာ | နတ္ထိဝိဘင်း၊ |
| | | ॥ | ပဋိသေဓဝိသဇ္ဇနာ | နောဝိဘင်း၊ |

၅။ (က) ထင်ရှားပြီ။ (နှာ-၁၂၂)
(ခ) ထင်ရှားပြီ။ (နှာ-၁၂၂)

၆။ (က) ထင်ရှားပြီ။ (နှာ-၁၃၃)
(ခ) ထင်ရှားပြီ။ (နှာ-၁၆၇)

၇။ ထင်ရှားပြီ။ (နှာ-၂၁၀)

၈။ (က) ထင်ရှားပြီ။ (နှာ-၂၃၆)
(ခ) ထင်ရှားပြီ။ (နှာ-၂၃၆)

* * * * *

# ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ

# ပထမလတ်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

မေးခွန်းလွှာ

၁။ အဗျာကတာ ဓမ္မာ ၌ (က) ဟောအပ်ပြီးသောတရား၊ (ခ) မဟောရသေးသောတရားများကို ခွဲခြားကောက်ပြ၍၊ ၆၆–ခုမြောက် တိကပဒကိုလည်း အရမျှသာ ကောက်ပြခဲ့ပါ။

၂။ အာစယဂါမီ အပစယဂါမီ ပုဒ်တို့၌ အရတို့ကို ကောက်ပြ၍၊ (က) ပရိတ္တာရုပ် ကေန်၊ (ခ) ပရိတ္တာရုပ်နာမ် ကေန် အာရုံပြုသည့်တရားစုကိုလည်း ကောက်ပြခဲ့ပါ။

၃။ ကိလေသာ စေဝ ဓမ္မာ သံကိလိဋ္ဌာ စ ပါဠိကို အနက်မှန်အောင် ယောဇနာပြီးလျှင်၊ အောက်ပါတို့ကိုလည်း ကောက်ပြခဲ့ပါ။

(က) အာသဝသာမည်၍ အာသဝနှင့် မယှဉ်သောတရား၊

(ခ) သံယောဇဉ်သာမည်၍ သံယောဇဉ်နှင့်မယှဉ်သောတရား၊

၄။ ဂန္ထဂေါစ္ဆက ၌ မိဿကဒုက်တို့၏ ဒုက်မုတ်တို့ကို မမှားအောင် ကောက်ပြခဲ့ပါ။

၅။ ပစ္စုပ္ပန် သံသရာကျိုးနှစ်ဖြာကို ကောင်းစွာမြင်သိ ပညာရှိပုဂ္ဂိုလ်၏ သန္တာန်၌ ရှိရမည့်တရားစုနှင့် (က) အဖြူတရား၊ (ခ) အမည်းတရား၊ (ဂ) အဖြူအမည်းမှ လွတ်သောတရားစုကိုလည်း သုတ္တန္တိကမာတိကာ သာဓကဖြင့် ဖြေရှင်းခဲ့ပါ။

၆။ ဆင္ဂ ှ ၊ သ ၌ ပဋိစ္စသမုပ္ပါဒ နိဒ္ဒေသမှ ပါဝင်သည့်ဟောပုဒ် ဓမ္မသမူဟ ကို ဖော်ပြ၍၊ တေရသမ နယ ာကျဉ်းဥဒါန်းစဉ် ပါဠိကိုလည်း ရေးခဲ့ပါ။

၇။ ပိဋ္ဌိဒုကေသု ဆ ၌ ဆ–၏သရုပ်ကို ထုတ်ပြ၍၊ ဒသမနယ၌ ရူပဘဝေန ယေ ဓမ္မာ ဟောပုဒ်ဝယ် ပနှင့်ဒု ယေဓမ္မာ၏ အစွဲမျှကိုသာ ဖော်ပြခဲ့ပါ။

၈။ တေရသမနယ နိဒ္ဒေသ၌ အကျဉ်းဆောင်ပုဒ်စုကို ဖော်ပြ၍၊ အောက်ပါတို့ကိုလည်း အနက်ပေးခဲ့ပါ။

ဣစ္စေ တေ သတ္တစတ္တာလီသ ဓမ္မာ။
သမုဒ္ဓေဒေ န လဗ္ဘန္တိ၊ မောဃပုဗ္ဗကေ န စ။

(တစ်ပုဒ်လျှင် ၁၀–မှတ်စီ)

## ၁၃၄၁ (၁၉၈၀) ခုနှစ်၊ ပထမပြန်စာမေးပွဲ
## ပထမလက်တန်း။ ။ မာတိကာ ဓာတုကထာဘာသာ

အဖြေလွှာ

၁။ (က) ကုသိုလ် အကုသိုလ်၊

(ခ) ဝိပါက် ကြိယာ ရုပ် နိဗ္ဗာန်၊

**အရကောက်–** အနိဒဿန အပ္ပဋိဃာဓမ္မာ အရဖြစ်သော စိတ်–၈၉၊ စေ– ၅၂၊ သုခုမရုပ်– ၁၆၊ နိဗ္ဗာန်။

၂။ **အာစယဂါမိဒုက် ဂါမိအရ–** အကုသိုလ်– ၁၂၊ လောကီကုသိုလ်– ၁၇၊ စေ– ၅၂။

**အပစယဂါမိဒုက် ဂါမိအရ–** လောကုတ္တရာစိတ်– ၈၊ စေတသိက်– ၃၆၊ နိဗ္ဗာန်။

(က) ဒွေပဉ္စဝိညာဏ်– ၁၀၊ မနောဓာတ် ၃–ခု၊ ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်းစေတသိက်– ၁၀။

(ခ) ဝိညာဏဉ္စာယတနစိတ် ၃–ခု၊ နေဝသညာနာသညာယတနစိတ် ၃–ခု၊ လောကုတ္တရာစိတ်– ၈၊ စေတသိက်– ၃၆။

၃။ အနက်ထင်ရှားပြီ။

(က) ဒေါသမူဒွေး၊ မောဟမူဒွေး၌ မောဟ၊
(ခ) ဥဒ္ဓစ္စသဟဂုတ်စိတ်၌ မောဟ၊

၄။ **ဂန္ထ ဂန္ထနိယဒုက်မုတ်–** လောကုတ္တရာစိတ်– ၈၊ စေ– ၃၆၊ နိဗ္ဗာန်။

## ဂန္ထ ဂန္ထသမ္ပယုတ္တဒုက်မုတ်

မောဟမူဒွေး၊ ကုသိုလ်– ၂၁၊ ဝိပါက်– ၃၆၊ ကြိယာ– ၂၀၊ (လောတြို၊ ဒေါစတုက်၊ ထိန၊ မိဒ္ဓကြဉ်) စေတသိက်– ၄၃၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု၌ ရှိသော လောဘ၊ ဒေါသမူဒွေး၌ ဒေါသ၊ ရုပ် – ၂၈၊ နိဗ္ဗာန်။

## ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက်မုတ်

လောဘမူစိတ်– ၈၊ ဒေါသမူဒွေး၊ (ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခု၌ ရှိသော လောဘ၊ ဒေါသမူဒွေး၌ ဒေါသ၊ ဝိစိကိစ္ဆာကြဉ်) စေတသိက်– ၂၅။

၅။ **ပဏ္ဍိတာ ဓမ္မာ–** ကုသိုလ်– ၂၁၊ စေတသိက်– ၃၈။
(က) ကုသိုလ်– ၂၁၊ စေတသိက်– ၃၈။ (သုက္ကာ ဓမ္မာ)
(ခ) အကုသိုလ်– ၁၂၊ စေတသိက်– ၂၇။ (ကဏှာ ဓမ္မာ)
(ဂ) ဝိပါက်စိတ်– ၃၆၊ ကြိယာစိတ်– ၂၀၊ စေတသိက်– ၃၈၊ ရုပ်– ၂၈၊ နိဗ္ဗာန်။

၆။ **ဓမ္မ သမူဟ–** နာမ်ရုပ်၊ သဠာယတန၊ ဉပပတ္တိဘဝ၊ ကာမဘဝ၊ သညီဘဝ၊ ပဉ္စဝေါကာရဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဤ ၉–ပုဒ်မှ ကြွင်းသော ၁၉–ခုသော ပဋိစ္စသမုပ္ပါဒ်။
(ဥဒါန်းစဉ် ပါဠိ ထင်ရှားပြီ။)

၇။ **ဆ သရုပ်–** သဝိတက္ကပဒ၊ သဝိစာရပဒ၊ သပ္ပီတိကပဒ၊ ပီတိသဟဂတပဒ၊ သုခသဟဂတပဒ၊ ဥပေက္ခာသဟဂတပဒ။

**ဃ အစွဲ**

**ပ ဃ–** ကာမဘဝ အရူပဘဝဟု ဆိုအပ်သော စိတ်, စေတသိက်, ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာစိတ္တုပ္ပါဒ်။

**ဒု ဃ–** ရူပဘဝ။

၈။ **အကျဉ်းဆောင်ပုဒ်–** ရူ၊ အ။

(အနက်ထင်ရှားပြီ။)

✉ ✉ ✉ ✉

ဤစာအုပ်၌–

ပထမလတ်တန်းဆိုင်ရာ

၁။ ပြဋ္ဌာန်းချက်များ

၂။ ပြဋ္ဌာန်းကျမ်းစာများ

၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ

၄။ ဘာသာစုံ မေးခွန်းများ

၅။ ဘာသာစုံ အဖြေများ

စသည် စသည်ဖြင့် ပို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တန်ဆာဆင်၍ ဖော်ပြထားသည်။

**ဖြန့်ချိရေး**

စာပေထိန်းသိမ်းရေးအဖွဲ့

ရွှာမပရိယတ္တိစာသင်တိုက်

သံမဏိစက်ရုံလမ်း၊ ရွှာမ

အင်းစိန်